The VOICE Daily
WorldCup Special

Monday , June 9, 2018

ကမ္ဘာ့ဖလား ဇာတ်ညွှန်း

စာ 22

HOT LINE : Tel: 01 - 250596~7, 01 - 401416, 09 426249400, 01 - 8398565, 01 - 8398571, 09 261431008~9, 01 - 642678, 02 - 72580~4, 09 91008417, 067 - 8108089, 081 - 200571, 09 260632525, 09 252337733

အင်ဖန်တီနိုရဲ့အလောင်းအစား (သို့မဟုတ်) VAR
စာ 25

ပျော်တာလည်းပျော် လေးသံလည်း နားထောင်
စာ 24

၂၀၁၈ ကမ္ဘာ့ဖလား၏ ပုရောဟိတ်များ
စာ 15

အခေါ်၊ အပြော အပြင်း၊ အပျော့တွေကို သတိထား
စာ 19

'ဂိုး…' ဆိုသော အသံများ ညီ၊ မညီ
စာ 20

ကမ္ဘာ့ဖလား သို့မဟုတ် ရုရှားအတွက် အခွင့်အလမ်း
စာ 21

ရုရှားမြေက ကမ္ဘာ့ဖလားပြိုင်ပွဲကြီး

လာမယ့်ဇွန်လ ၁၄ ရက်နေ့ကိုရောက်ရင် ရုရှားနိုင်ငံမှာ ၂၁ကြိမ်မြောက် ကမ္ဘာ့ဖလားပြိုင်ပွဲကြီး ကျင်းပတော့မှာပဲဖြစ်ပါတယ်။ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးဟာ ဥရောပတိုက်နဲ့ဝေးကွာနေခဲ့တာ ၁၂ နှစ် ကြာမြင့်ခဲ့ပါပြီ။ ဒါဟာ ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲနောက်ပိုင်း ဥရောပမြေမှာ ပထမဆုံးအကြိမ် ပြန်လည်ကျင်းပတဲ့ကမ္ဘာ့ဖလားပြိုင်ပွဲပါပဲ။ အဲ့ဒါထက် ပိုပြီးထူးခြားတာက အရှေ့ဥရောပနိုင်ငံတစ်ခုမှာ ပထမဆုံးအကြိမ်ကျင်းပတဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲဖြစ်နေခြင်းပဲဖြစ်ပါတယ်။ ဇွန်လ ၁၄ ရက်ကနေ ဇူလိုင်လ ၁၅ ရက်နေ့အထိ ကျင်းပမယ့်ဒီပြိုင်ပွဲကြီးကို ခြေစစ်ပွဲအောင်မြင်လာတဲ့အသင်း ၃၁ သင်းကို အိမ်ရှင်ရုရှားအသင်းနဲ့ပေါင်းစည်းလို့ စုစုပေါင်းအသင်းအရေအတွက် ၃၂ သင်းနဲ့ကျင်းပသွားမှာဖြစ်ပါတယ်။ ပြိုင်ပွဲကို မြို့ကြီး ၁၁ ခုမှာရှိတဲ့ ဘောလုံးကွင်း ၁၂ ခုမှာ ကျင်းပသွားဖို့ ရုရှားနိုင်ငံက စီစဉ်ထားပြီး ပြိုင်ပွဲအဖွင့်နဲ့ အပိတ်ပွဲစဉ်တွေကို မော်စကိုမြို့မှာရှိတဲ့ လုဇ်နီကီဘောလုံးကွင်းကြီးမှာ ကျင်းပသွားမှာပါ။

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ ပါဝင်ကစားမည့် အသင်း ၃၂ သင်း၏ အပြီးသတ်လူစာရင်းများ

ကမ္ဘာ့ဖလားပြိုင်ပွဲပါဝင်ကစားမယ့်အသင်းတွေဟာ ပြီးခဲ့တဲ့ ဇွန်လ ၄ ရက်နေ့က ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ဆီကို အပြီးသတ် ၂၃ ဦးလူစာရင်းတွေ ကိုယ်စီကိုယ်ငှ တင်သွင်းလိုက်ကြရပြီပဲဖြစ်ပါတယ်။ အီဂျစ်နည်းပြ ဟက်တာကူးပါးဟာ တိုက်စစ်မှူး ဆာလားဟ်ကို ပြိုင်ပွဲအမီ ကြံ့ခိုင်မှုပြည့်ဝလာလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ အပြီးသတ်လူစာရင်းထဲ ထည့်သွင်းခေါ်ယူလာခဲ့သလို ဘယ်လ်ဂျီယံနည်းပြ မာတီနက်ဇ်ကလည်း ဒဏ်ရာရနေတဲ့ ကွမ်ပနီနေရာမှာ အခြားကစားသမားတစ်ဦး အစားမထိုးဘဲ သူ့ကိုသာ ခေါ်ယူလာခဲ့ပါတယ်။ အာဂျင်တီးနားတိုက်စစ်မှူး အိုင်ကာဒီ၊ ဂျာမနီတိုက်စစ်တောင်ပံကစားသမား လီရွိုင်းဆာနေ၊ စပိန်နောက်ခံလူ မားကို့စ်အလွန်ဆိုနဲ့ ပေါ်တူဂီ တိုက်စစ်မှူး အီဒါးတို့ကတော့ ကမ္ဘာ့ဖလားပြိုင်ပွဲ ပါဝင်ကစားခွင့်နဲ့ အံ့ဩသင့်ဖွယ် လွဲချော်ခဲ့ကြရသူတွေပါ။ အသင်းပေါင်း ၃၂ သင်း ပါဝင်ယှဉ်ပြိုင်မှာဖြစ်လို့ ရုရှားမြေဆီ ရောက်ရှိလို့လာမယ့် စုစုပေါင်း ကစားသမားအရေအတွက်က ၇၃၆ ဦး ရှိပါလိမ့်မယ်။ အပြီးသတ်လူစာရင်းတွေကိုကြည့်လိုက်တာနဲ့ ဘယ်အသင်းက အရန်ကစားသမားအင်အား တောင့်တယ်၊ ဘယ်အသင်းက ပွဲအလှည့်အပြောင်းဖန်တီးပေးနိုင်စွမ်းရှိသူ ကစားသမားအရေအတွက် ပါဝင်မှုနှုန်း မြင့်မားတယ်ဆိုတာကို သိရှိနိုင်မှာဖြစ်လို့ ဘောလုံးပွဲကြိုက်သူ ပရိသတ်တွေအတွက် ဒီလူစာရင်းတွေဟာ တစ်ဖက်တစ်လမ်းက အထောက်အပံ့ကောင်းတွေ ကျိန်းသေဖြစ်လာမှာပါ။

Group A

ရုရှား (အိမ်ရှင်)

ဂိုး - အကင်ဖိဗ် (စီအက်စ်ကေအေမော်စကို)၊ ဂါဘူလော့ဗ် (ဘရူဂေး)၊ လူနက်ဗ်(ဇင်းနစ်)

နောက်တန်း - ဂရာနတ်(ရှာဘင်ကာဇန်)၊ ကူဒါယာရှော့ဗ်(ရှာဘင်ကာဇန်)၊ ကူတီပေါ့ဗ် (စပါး တပ်မော်စကို)၊ ဆင်မ်ယိုနော့ဗ် (အက်ခ်မတ်ဂရော့ဇ်နီ)၊ ဆမော်လ်နီကော့ဗ် (ဇင်းနစ်)၊ ဖာနန်ဒက်စ် (စီအက်စ်ကေအေမော်စကို)၊ အက်ဂ်နာရှီဗစ်ချ် (စီအက်စ်ကေအေမော်စကို)

ကွင်းလယ် - ဂါဇင်စကီး(ခရတ်စ်နိုဒါ)၊ ဇာဂိုအက်ဗ်(စီအက်စ်ကေအေမော်စကို)၊ ဂိုလိုဗင်(စီအက်စ်ကေအေမော်စကို)၊ အီရိုခင် (ဇင်းနစ်)၊ ဇာကော့ဗ်(ဇင်းနစ်)၊ ကပ်ဇ်ယာအက်ဗ် (ဇင်းနစ်)၊ ဇော့ဘ်နင် (စပါးတပ်မော်စကို)၊ ဆာမီဒေါ့ဗ် (စပါးတပ်မော်စကို)၊ အန်တွန် မီရန်ချပ်ခ် (လိုကိုမိုးတစ်မော်စကို)၊ ချီရီရှက်ဗ် (ဗီလာရီးရဲလ်)

တိုက်စစ် - ဇူးဘား (အာဆင်နယ်တူလာ)၊ အလက်ဇိုင် မီရန်ချပ်ခ် (လိုကိုမိုးတစ်မော်စကို)၊ ဆမိုလော့ဗ် (ခရတ်စ်နိုဒါ)

နည်းပြ - ချာချီဆော့ဗ်(ရုရှား)၊
အသင်းခေါင်းဆောင် - အကင်ဖိဗ်

ဆော်ဒီအာရေဗျ

ဂိုး - အယ်လ်မိုဆိုင်လင်းမ်(အယ်လ်အာလီ)၊ အယ်လ်မာယွပ်ဖ်(အယ်လ်ဟီလယ်လ်)၊ အယ်လ်အိုဝိုင်းစ်(အယ်လ်အာလီ)

နောက်တန်း - အယ်လ်ဟာဘီ (အယ်လ်အာလီ)၊ အယ်လ်ရှာရာနီ (အယ်လ်ဟီလယ်လ်)၊ အိုဆမာ ဟော်ဆာဝီ (အယ်လ်ဟီလယ်လ်)၊ အိုမာဟော်ဆာဝီ (အယ်လ်နတ်စ်ဆာ)၊ မိုတာဇ် ဟော်ဆာဝီ(အယ်လ်အာလီ)၊ အယ်လ်ဘူလာယီ(အယ်လ်ဟီလယ်လ်)၊ အယ်လ်ဘူယောက်ဒ်(အယ်လ်ဟီလယ်လ်)

ကွင်းလယ် - အိုတိုက်ဖ် (အယ်လ်ဟီလယ်လ်)၊ အယ်လ်ဖာရတ်ဂျ် (အယ်လ်ဟီလယ်လ်)၊ ကန်နို (အယ်လ်ဟီလယ်လ်)၊ အတ်ဘ်ဒူးလား အယ်လ်ခိုင်ဘာရီ(အယ်လ်ရှာဘတ်ဘ်)၊ အယ်လ်မိုကာဝီ (အယ်လ်အာလီ)၊ အတ်ဘ်ဒူးမာလစ်ဒ် အယ်လ်ခိုင်ဘာရီ (အယ်လ်ဟီလယ်လ်)၊ ဘာဟီဘာရီ (အယ်လ်ရှာဘတ်ဘ်)၊ အယ်လ်ဒေါ်ဆာရီ (အယ်လ်ဟီလယ်လ်)၊ အယ်လ်ဂျပ်စ်ဆင်း(အယ်လ်အာလီ)၊ အယ်လ်ရှားရီ (အယ်လ်နတ်စ်ဆာ)၊ အယ်လ်မူဝေါလ်လတ်ဒ် (အယ်လ်အစ်တီဟတ်ဒ်)

တိုက်စစ် - အက်စ်ဆီရီ(အယ်လ်အာလီ)၊ အယ်လ်ဆာလာဝီ (အယ်လ်နတ်စ်ဆာ)

နည်းပြ - အန်တိုနီယို ပစ်ဇီ (အာဂျင်တီးနား)၊
အသင်းခေါင်းဆောင် - အိုဆမာဟော်ဆာဝီ

အီဂျစ်

ဂိုး - အယ်လ်ဟာဒရီ (အယ်လ်တာဝန်း)၊ အယ်လ်ရှီနာဝီ (အယ်လ်အာလီ)၊ အက်ခ်ရာမီ (အယ်လ်အာလီ)

နောက်တန်း - ဖာသီ (အယ်လ်အာလီ)၊ ဆာမီယာ (အယ်လ်အာလီ)၊ အတ်ရှိရတ်ဖ်(အယ်လ်အာလီ)၊ ဟီဂါဇီ(ဝက်စ်ဘရွန်း)၊ အလီဂါဘား(ဝက်စ်ဘရွန်း)၊ အယ်လ်မိုဟာမာဒီ (အက်စတွန်ဗီလာ)၊ အက်ဘ်ဒယ်လ်ရှာဖီ (အယ်လ်ဖာတားဟ်)၊ အိုမာဂါဘား (လော့စ်အိန်ဂျလိစ်အက်ဖ်စီ)၊ ဟမ်းဒီ (ဇမာလက်ခ်)

ကွင်းလယ် - အယ်လ်နန်နီ(အာဆင်နယ်)၊ ဟာမက်ဒ် (ဇမာလက်ခ်)၊ မော်ဆေး (ဝီဂန်)၊ ရာဗတ်ခ် (အယ်လ်ရိုဒ်)၊ အယ်လ်ဆာအိဒ် (အယ်လ်အာလီ)၊ ဟာဆန်း (ကာဆင်းမ်ပါဆာ)၊ ဆိုဘီး (စတုတ်စီးတီး)၊ ဝါးဒါး (အက်ထရိုမီတော့စ်)၊ အက်ဘ်ဒယ်လ်မိုနိမ်း (အယ်လ်အစ်တီဟတ်ဒ်)

တိုက်စစ် - ဆာလားဟ် (လီဗာပူး)၊ မိုဆင်း (အယ်လ်အာလီ)

နည်းပြ - ဟက်တာကူးပါး (အာဂျင်တီးနား)၊
အသင်းခေါင်းဆောင် - အယ်လ်ဟာဒရီ

ဥရုဂွေး

ဂိုး - မူဆလီရာ (ဂါလာတာစာရေး)၊ မာတင်ဆေးလ်ဗား (ပတ်စ်ကိုဒဂါးမား)၊ ကမ်ပါနာ (အင်ဒီပန်ဒီယန်တီ)

နောက်တန်း - ဂိုဒင် (အက်သလက်တီကို)၊ ကိုအာတက်စ် (စပို့တင်းလစ္စဘွန်း)၊ ဂျီမီနက်ဇ် (အက်သလက်တီကို)၊ ဗီရိုင်းရာ (ပေါ်တို)၊ ဂတ်စ်တွန်ဆေးလ်ဗား (အင်ဒီပန်ဒီယန်တီ)၊ ကာဆီရက်စ် (လာဇီယို)၊ ဗာရီလာ (ပီနာရောလ်)

ကွင်းလယ် - နန်ဒက်ဇ် (ဘိုကာဂျူနီယာ)၊ တော်ရိုင်းရာ (ဆမ်ဒိုးရီးယား)၊ ဗီစီနို (အင်တာမီလန်)၊ ဗယ်လ်ဗာဒီ (ရီးရဲလ်မက်ဒရစ်)၊ ဘင်တန်ကာ (ဂျူဗင်တပ်)၊ ကားလို့စ်ဆန်းချက်ဇ် (မွန်တာရေး)၊ အာရတ်စ်ကေးတာ (ခရူဇီရို)၊ လာဇော့တ် (ဂျီနိုအာ)၊ ရိုဒရီဂွက်ဇ် (ပီနာရောလ်)၊ အာရီတာဗစ္စကာယာ (မွန်တာရေး)၊ လိုဒိုင်းရို (ဆီယက်တယ်လ်ဆောင်းဒါးစ်)၊ ရာမီရက်ဇ်(ဆမ်ဒိုးရီးယား)

တိုက်စစ် - စတူအာနီ (ဂျီရိုနာ)၊ ဂိုမက်ဇ် (ဆဲလ်တာဗီဂို)၊ ကာဗာနီ (ပီအက်စ်ဂျီ)၊ ဆွာရက်ဇ် (ဘာစီလိုနာ)

နည်းပြ - အော်စကာ တာဘာရက်ဇ် (ဥရုဂွေး)၊
အသင်းခေါင်းဆောင် - ဂိုဒင်

Group B

ပေါ်တူဂီ

ဂိုး - အန်တိုနီလိုပက်စ် (လိုင်ယွန်)၊ ပါထရီစီယို (စပို့တင်း လစ္စဘွန်း)၊ ဘီတို(ဂရေ့ဇ်တီပီ)

နောက်တန်း - ဘရူနိုအဲလ်ပက်စ် (ရိန်းဂျားစ်)၊ ဆိုအာရက်စ် (ဆောက်သမ်တန်)၊ ဖွန်တီ (ဒါလီယန်ယီဖန်း)၊ မာရီယို ရူအီ (နာပိုလီ)၊ ပီပီ (ဘက်ဆစ်တပ်)၊ ဂွါရိုင်းရို (ဒေါ့မွန်)၊ ဗီရိုင်းရာ (ပေါ်တို)၊ ရှာဘင်ဒီးယားစ် (ဘင်ဖီကာ)

ကွင်းလယ် - အက်ဒရီယန်ဆေးလ်ဗား(လက်စတာ)၊ ဘရူနိုဖာနန်ဒက်စ် (စပို့တင်းလစ္စဘွန်း)၊ ဂျောင်မာရီယို (ဝက်စ်ဟမ်း)၊ မော်တင်ညို (မိုနာကို)၊ မန်နျူရယ်လ် ဖာနန်ဒက်စ် (လိုကိုမိုးတစ်မော်စကို)၊ ဝီလျံ ကာဗယ်လ်ဟို (စပို့တင်းလစ္စဘွန်း)၊ ဘာနန်ဒိုဆေးလ်ဗား (မန်စီးတီး)

တိုက်စစ် - စီရော်နယ်ဒို (ရီးရဲလ်မက်ဒရစ်)၊ အန်ဒရေးဆေးလ်ဗား (အေစီမီလန်)၊ ဂျယ်လ်ဆန်မာတင်းစ် (စပို့တင်းလစ္စဘွန်း)၊ ဂွဲဒက်စ်(ဗလင်စီယာ)၊ ကွာရက်စ်မာ (ဘက်ဆစ်တပ်)

နည်းပြ - ဖာနန်ဒို ဆန်းတို့စ် (ပေါ်တူဂီ)၊
အသင်းခေါင်းဆောင် - စီရော်နယ်ဒို

စပိန်

ဂိုး - ဒီဂီယာ (မန်စီးတီး)၊ ရေးနား(နာပိုလီ)၊ အာရီဇာဘာလာဂါ (ချဲလ်ဆီး)

နောက်တန်း - ကာဟာဂျယ်လ် (ရီးရဲလ်မက်ဒရစ်)၊ အော့ဒ်ရီအိုဇိုလာ (ဆိုစီဒက်)၊ ပီကေး (ဘာစီလိုနာ)၊ ရာမို့စ် (ရီးရဲလ်မက်ဒရစ်)၊ နာချို (ရီးရဲလ်မက်ဒရစ်)၊ အက်ဇ်ပီလီကူအီတာ (ချယ်လ်ဆီး)၊ ဂျော်ဒီအယ်လ်ဘာ (ဘာစီလိုနာ)၊ မွန်ရီရယ်လ် (အာဆင်နယ်)

ကွင်းလယ် - ဘတ်စ်ကွက်စ် (ဘာစီလိုနာ)၊ ဆောလ်နီဂွက်ဇ် (အက်သလက်တီကို)၊ ကိုကီ (အက်သလက်တီကို)၊ အယ်လ်ကန်တာရာ (ဘိုင်ယန်မြူးနစ်)၊ အင်နီယေစတာ (ဘာစီလိုနာ)၊ ဒေးဗစ်ဆေးလ်ဗား (မန်စီးတီး)

တိုက်စစ် - အစ္စကို (ရီးရဲလ်မက်ဒရစ်)၊ ဗတ်ဇ်ကွက်ဇ် (ရီးရဲလ်မက်ဒရစ်)၊ အက်စ်ပတ်စ် (ဆဲလ်တာဗီဂို)၊ ဒီယေဂိုကော်စတာ (အက်သလက်တီကို)၊ ရိုဒရီဂို (ဗလင်စီယာ)

နည်းပြ - လိုပီတီဂွီ(စပိန်)၊
အသင်းခေါင်းဆောင် - ရာမို့စ်

အီရန်

ဂိုး - ဘိုင်ရန်ဗန်း (ပါဆီပိုလစ်)၊ မာဇာဟီရီ (ဇော့ဘ်အေဟန်)၊ အေဘက်ဇာဒါးဟ် (မာရီတီမို)

နောက်တန်း - ဂိုလီဇာဒါးဟ် (ဆိုင်းပါ)၊ ဟော့စ်ဆိုင်းနီ (အက်စ်တက်ဂျ်လယ်လ်)၊ မိုဟာမ်းမာဒီ (အက်ခ်မတ်ဂရော့ဇ်နီ)၊ ခန်ဇာဒက် (ပါဒီဒက်)၊ ပူရာလီဂန်ဂျီ (အယ်လ်ဆတ်ဒ်)၊ မွန်တာဇီရီ (အက်စ်တက်ဂျ်လယ်လ်)၊ ရီဇာအီမ်း (အော့စ်တင်ဒီ)၊ ချက်စ်မီ (အက်စ်တက်ဂျ်လယ်လ်)

ကွင်းလယ် - ဟာဂျီဆာဖီ (အိုလံပီယာကော့စ်)၊ အန်ဆာရီဖားဒ် (အိုလံပီယာကော့စ်)၊ ရှိုဂျိုင်အီ (အေအီးကေအေသင်)၊ တိုရာဘီ (ဆိုင်းပါ)၊ အက်ဘ်ရာဟီမီ (အက်စ်တက်ဂျ်လယ်လ်)၊ အီဇာတိုလာဟီ (အမ်းကာပန်း)

တိုက်စစ် - ဂျာဟန်းဘတ်ခ်ရှ် (အယ်လ်ခမာ)၊ ဒီဂျာဂါးဟ် (နော်တင်ဟမ်)၊ တာရီမီ (အယ်လ်ဂါရာဖာ)၊ ဂူးချန်နက်ဂျ်ဟက်ဒ် (ဟီရန်ဗင်း)၊ ဂေါ့ဟ်ဒေါ့စ် (အော့စ်တာဆန်းဒ်)၊ အက်ဇ်မွန်း(ရှာဘင်ကာဇန်)၊ အေမီရီ(ပါဆီပိုလစ်)

နည်းပြ - ကားလို့စ်ကွီရော့ဇ်(ပေါ်တူဂီ)၊
အသင်းခေါင်းဆောင် - ဒီဂျာဂါးဟ်

မော်ရိုကို

ဂိုး - အယ်လ်ကာဂျီအီ(နျူမန်စီယာ)၊ ဘိုအန်နျူး (ဂျီရိုနာ)၊ တတ်ဂျ်နာအူတီ (အစ်တီဟတ်ဒ်တန်ဂျား)

နောက်တန်း - ဘီနာတီးယား (ဂျူဗင်တပ်)၊ ရှီမိန်းဆာအစ် (ဝုလ်ဗာဟမ်တန်)၊ မန်နျူရယ်လ် ဒါကော့စ်တာ (ဘာဆက်ခ်ဆီဟာ)၊ ဒီရား (ဗီနာဘာချီ)၊ ဟာကီမီ (ရီးရဲလ်မက်ဒရစ်)၊ မင်ဒိုးလ်(လိုင်လီ)

ကွင်းလယ် - ဘော့စ်ဆူဖာ (အယ်လ်ဂျာဇီရာ)၊ အယ်လ်အာမာဒီ (ဖီယင်နူ)၊ ဘင်နတ်စ်ဆာ (ကာအန်)၊ ဆော့ဖ်ယန်အမ်ရာဘတ် (ဖီယင်နူ)၊ ဘယ်လ်ဟန်ဒါ (ဂါလာတာစာရေး)၊ ဖာဂျား (ဂီတာဖေး)၊ ဖာရစ် (ရှော်ကေး)

တိုက်စစ် - ဘူးတာဘစ် (မာလတ်ယာစပေါ်)၊ ဘူဟက်ဒ်ဒေါ့ဇ် (စိန့်ပေါ်လီ)၊ အယ်လ်ကာဘီ (ရီနေဆွန်းဘာကိန်း)၊ နော်ဒင်းအမ်ရာဘတ် (လီဂါနက်စ်)၊ ကာစီလာ (စတန်းဒက်လီဂီ)၊ ဇိုင်ယက်ချ် (အေဂျက်)၊ အန်နီဆေးရီ(မာလာဂါ)

နည်းပြ - ဟာဗီးရီနတ်ဒ်(ပြင်သစ်)၊
အသင်းခေါင်းဆောင် - ဘီနာတီးယား

Group C

ပြင်သစ်

ဂိုး - အယ်လ်လိုရစ် (စပါး)၊ မန်ဒန်ဒါ (မာဆေး)၊ အေရီအိုလာ(ပီအက်စ်ဂျီ)

နောက်တန်း - ဟာနန်ဒက်ဇ် (အက်သလက်တီကို)၊ ကင်မ်ပင်ဘီ (ပီအက်စ်ဂျီ)၊ မင်ဒီ (မန်စီးတီး)၊ ပါးဗားဒ် (စတုဂတ်)၊ ရာမီ (မာဆေး)၊ ဆီဒီဘီ (မိုနာကို)၊ အမ်တီတီ (ဘာစီလိုနာ)၊ ဗာရာနေး (ရီးရဲလ်မက်ဒရစ်)

ကွင်းလယ် - ကန်တီ (ချယ်လ်ဆီး)၊ မာတွီဒီ (ဂျူဗင်တပ်)၊ အန်ဇွန်ဇီ (ဆီဗီလာ)၊ ပေါ့ဂ်ဘာ (မန်ယူ)၊ တိုလစ်ဆို (ဘိုင်ယန်မြူးနစ်)

တိုက်စစ် - ဂျီရွဒ် (ချယ်လ်ဆီး)၊ ဂရစ်ဇ်မန်း (အက်သလက်တီကို)၊ ဖာကီရာ (လိုင်ယွန်)၊ ဒမ်ဘီလီ (ဘာစီလိုနာ)၊ သောမတ်စ်လီမာ (မိုနာကို)၊ အမ်ဘတ်ပေ (ပီအက်စ်ဂျီ)၊ သော်အူဗင် (မာဆေး)

နည်းပြ - ဒက်စ်ချမ့် (ပြင်သစ်)၊
အသင်းခေါင်းဆောင် - အယ်လ်လိုရစ်

ဩစတြေးလျ

ဂိုး - မတ်ရိုင်ယန် (ဘရိုက်တန်)၊ ဗူကိုဗစ် (ဂျန့်ခ်)၊ ဘရတ်ဒ်ဂျုံးစ် (ဖီယင်နူ)

နောက်တန်း - ဘီဟစ်ချ် (ဘာဆာစပေါ်)၊ ဒီဂျီနက်ဒ် (ယိုကိုဟားမား မာရီနော့စ်)၊ ဂျာမန်း (ဆူဝန်ဘလူးဝင်းစ်)၊ မီရီဒစ် (မီဝေါလ်)၊ ရစ္စဒွန် (အနောက်ဆစ်ဒနီ)၊ ဆိန်းစ်ဘူရီ (ဂရတ်စ်ဟော့ပါးစ်)

ကွင်းလယ် - ဂျီဒီနတ်ဒ် (အက်စတွန်ဗီလာ)၊ အာဗင်း (ဟားလ်စီးတီး)၊ ရော်ဘီခရုးစ် (ဘိုချမ်)၊ လူအွန်ဂို (ကျူပီအာ)၊ မီလီဂန် (အယ်လ်အာလီ)၊ အာရွန်မွိုင်း (ဟတ်ဒါးစဖီးလ်)၊ ရိုဂျစ်(ဆဲလ်တစ်)

တိုက်စစ် - တင်မ်ကာဟေးလ် (မီဝေါလ်)၊ တိုမီဂျူရစ် (လူဆာနီ)၊ လက်ကီ (ဟာသာဘာလင်)၊ နတ်ဘ်ဘောက် (အူရာဝါရက်ဒိုင်းမွန်းစ်)၊ ပီထရာတော့စ် (နယူးကာဆယ်ဂျက်စ်)၊ အာဇာနီ (မဲလ်ဘုန်းစီးတီး)၊ မက်လာရင်(ဟီဘားနီးယန်း)

နည်းပြ - ဗန်မားဝစ်ဂျ် (နယ်သာလန်)၊
အသင်းခေါင်းဆောင် - ဂျီဒီနတ်ဒ်

ပီရူး

ဂိုး - ဂယ်လီဆေး (ဗီရာခရုဇ်)၊ ကာဗယ်လ်လို (ယူတီစီ)၊ ကာစီဒါ (မြူနီစပယ်လ်)

နောက်တန်း - အက်ဒ်ဗင်ကူလာ (လိုဘော့စ်)၊ အေရာအူဂျို (အေလိုင်ယန်ဇာလီမာ)၊ ကော်ဗို (ယူနီဗာဆီတာရီယို)၊ လိုယိုလာ (မဲလ်ဂါး)၊ ခရစ္စတီယန်ရာမို့စ် (ဗီရာခရုဇ်)၊ အယ်လ်ဘာတို ရိုဒရီဂွက်ဇ် (ဂျူနီယာ)၊ ဆန်တာမာရီးယား (ပျူဘလာ)၊ ထရူးကို (ဗလာမင်ဂို)

ကွင်းလယ် - အေကွီနို (လိုဘော့စ်)၊ ကာတာဂျီနာ (ဗီရာခရုဇ်)၊ ကူအီဗာ (ဆော်ပေါလို)၊ ဗလိုရက်စ် (အယ်လ်ဘော့ဂ်)၊ ဟာတာဒို (ဂွီမာရေ့စ်)၊ အန်ဒီဗိုလို (ပေါ့တ်လန်းတင်းဘားစ်)၊ တာပီရာ (ဖီယင်နူ)၊ ယိုတန်း (အော်လန်ဒိုစီးတီး)

တိုက်စစ် - ကာရီလ်လို (ဝက်ဖို့ဒ်)၊ ရှအီဒီးယားဇ် (မိုရီလီယာ)၊ ဖာဗန် (လိုကိုမိုးတစ်)၊ ဂွါရဲရိုး (ဖလာမင်ဂို)

နည်းပြ - ရီကာဒို ဂါရီကာ (အာဂျင်တီးနား)၊
အသင်းခေါင်းဆောင် - ဂွါရဲရိုး

ဒိန်းမတ်

ဂိုး - ရှမိုက်ကယ် (လက်စတာ)၊ လော့စ်ဆယ်လ် (ဟတ်ဒါးစဖီးလ်)၊ ရွန်နော်(ဘရွန်ဘီ)၊ ကက်စပါရှမိုက်ကယ်(လက်စတာ)

နောက်တန်း - ခရစ္စတင်းဆင် (ချယ်လ်ဆီး)၊ ဒဲလ်စ်ဂါးဒ်(ဘရန့်ဖို့ဒ်)၊ ဗက်စ်တားဂတ်ဒ် (မိုချင်ဂလက်ဘတ်)၊ လာဆင် (အူဒီးနီးစ်)၊ နတ်ဒ်ဆင် (အစ်ဆွစ်ချ်)၊ ဂျော်ဂျင်ဆင် (ဟတ်ဒါးစဖီးလ်)၊ ဆိုင်မွန်ဂျား (ဆီဗီလာ)

ကွင်းလယ် - အီရစ်ခ်ဆန် (စပါး)၊ ရှုဟုန်း (အေဂျက်)၊ လီရာဂျား (ဘော်ဒိုး)၊ ခရန်းဒေလီ (ဒီပို့တီဗို)၊ ဒီလာနေး (ဝါဒါဘရီမင်)၊ ဝီလျံဗစ် (ကိုပင်ဟေဂင်)

တိုက်စစ် - ကော်နဲလီးယပ်စ် (အတ္တလန္တာ)၊ ဒေါလ်ဘတ်ဂျ် (အေဂျက်)၊ ဘရိုတ်ဝိတ် (ဘော်ဒိုး)၊ ဂျော်ဂျင်ဆင် (ဖီယင်နူ)၊ ဆစ္စတို (ဆဲလ်တာဗီဂို)၊ ဖစ်ချား (ကိုပင်ဟေဂင်)၊ ပေါလ်ဆင် (လိုက်ပ်ဇစ်ဂျ်)

နည်းပြ - အိတ်ဂျ်ဟာရိုင်ဒီ (နော်ဝေ)၊
အသင်းခေါင်းဆောင် - ဆိုင်မွန်ဂျား

Group D

အာဂျင်တီးနား

ဂိုး - ရိုမီယို (မန်ယူ)၊ ကာဘယ်လ်လီရို (ချယ်လ်ဆီး)၊ အာမာနီ (ရေးဗားပလိတ်)

နောက်တန်း - မာကာဒို (ဆီဗီလာ)၊ အန်ဆယ်လ်ဒီ (တိုရီနို)၊ အော့တာမင်ဒီ (မန်စီးတီး)၊ မာဇီယို (ရိုးမား)၊ ရိုဂျို (မန်ယူ)၊ တက်ဂ်လီယာဗီကို (အေဂျက်)၊ အေကူနာ (စပို့တင်းလစ္စဘွန်း)

ကွင်းလယ် - မာရှေယာနို (ဟီဘိုင်းချိုင်းနားဖော်ကျွန်း)၊ ဆယ်လ်ဗီယို (ဘင်ဖီကာ)၊ ဘစ်ဂလီယာ (အေစီမီလန်)၊ လိုဆယ်လ်ဆို (ပီအက်စ်ဂျီ)၊ ဘာနီဂါ (ဆီဗီလာ)၊ လန်ဇီနီ (ဝက်စ်ဟမ်း)၊ မီဇာ (အင်ဒီပန်ဒီယန်တီ)၊ ဒီမာရီယာ (ပီအက်စ်ဂျီ)၊ ပါဗွန် (ဘိုကာဂျူနီယာ)

တိုက်စစ် - မက်ဆီ (ဘာစီလိုနာ)၊ ဒိုင်ဘာလာ (ဂျူဗင်တပ်)၊ ဟီဂူအင် (ဂျူဗင်တပ်)၊ အဂူရို (မန်စီးတီး)

နည်းပြ - ဂျော့ချ်ဆမ်ပါအိုလီ (အာဂျင်တီးနား)၊
အသင်းခေါင်းဆောင် - မက်ဆီ

အိုက်စလန်

ဂိုး - ဟောလ်ဒေါ်ဆန် (ရန်ဒါးစ်)၊ ရှူနားစ်ဆန် (နော့ဒ်ဂျဲလန်း)၊ ရှုရန်း (ရေ့စ်ကယ်လ်ဒီ)

နောက်တန်း - အာနာဆန် (အဘာဒင်း)၊ အိုင်းဂျော့ဖ်ဆန် (လက်ဗ်စကီး ဆိုဖီယာ)၊ ဂျီဆလာဆန် (ဆန်းဒ်ဟောဆန်)၊ အင်ဂါဆန် (ရော့စ်တော့ဗ်)၊ မတ်ဂျုနတ်စ်ဆန် (ဘရစ္စတိုးစီးတီး)၊ ဆေးဗားစ်ဆန် (ဗာလား)၊ ရတ်ဂ်နာ ဆီဂတ်ဒ်ဆန် (ရော့စ်တော့ဗ်)၊ ဆကူလာဆန် (လိုကီရင်)

ကွင်းလယ် - ဘီဂျာနာဆင် (အက်စတွန်ဗီလာ)၊ ဖရစ်ဒ်ဂျွန်းစ်ဆင် (ဖယ်လာရင်ဂါ)၊ ဂျိုဟန်း ဂတ်ဒ်မန်းစ်ဆန် (ဘန်လေ)၊ ဂန်းနားစ်ဆင် (ကာဒစ်ဖ်)၊ ဟောလ်ဖရက်ဒ်ဆင် (အူဒီးနီးစ်)၊ ဂိုင်းလ်ဖီ ဆီဂတ်ဒ်ဆန် (အဲဗာတန်)၊ ဆလူလာဆင် (ကာရာဘတ်ခ်စပေါ်)၊ ထရူစတာဆင် (မယ်လ်မို)

တိုက်စစ် - ဘော့ဒ်ဗားစ်ဆင် (ရက်ဒင်း)၊ ဖင်းဘိုဂါဆင် (အော့စ်ဘတ်)၊ အဲလ်ဘတ် ဂတ်ဒ်မန်းဆင် (ပီအက်စ်ဗီ)၊ ဆီဂါး ဒါဆင် (ရော့စ်တော့ဗ်)

နည်းပြ - ဟောလ်ဂရင်းမ်ဆန် (အိုက်စလန်)၊
အသင်းခေါင်းဆောင် - ဂန်းနားစ်ဆင်

ခရိုအေးရှား

ဂိုး - ဆူဘာဆစ် (မိုနာကို)၊ ကာလီနစ် (ဂျန့်)၊ လီဗာကိုဗစ် (ဒိုင်နမိုဇာဂရက်)

နောက်တန်း - ကော်လူကာ (လိုကိုမိုးတစ်မော်စကို)၊ ဗီဒါး (ဘက်ဆစ်တပ်)၊ ဆထရီနစ် (ဆမ်ဒိုးရီးယား)၊ လော့ဗ်ရန် (လီဗာပူး)၊ ဗာဆာလစ်ဂျ်ကို (အက်သလက်တီကို)၊ ပီဗာရစ် (ဒိုင်နမိုကိဗ်)၊ ဂျက်ဒ်ဗတ်ဂျ် (လေဗာကူဆင်)၊ ကာလီတာကား (ဆဲလ်ဘတ်)

ကွင်းလယ် - မိုဒရစ် (ရီးရဲလ်မက်ဒရစ်)၊ ရာကီတစ် (ဘာစီလိုနာ)၊ ကိုဗာဆစ် (ရီးရဲလ်မက်ဒရစ်)၊ ဘာဒီလက်ဂျ် (ဖီအိုရင်တီးနား)၊ ဘရိုဇိုဗစ် (အင်တာမီလန်)၊ ဘရာဒါရစ် (ရီဂျီကာ)

တိုက်စစ် - မန်ဇူကစ် (ဂျူဗင်တပ်)၊ ပီရီဆစ် (အင်တာမီလန်)၊ ကာလီနစ် (အေစီမီလန်)၊ ကရာမာရစ် (ဟော့ဖ်ဖန်ဟိမ်း)၊ ပီဂျာကာ (ရှော့ကေး)၊ ရီဘစ် (အိန်းထရစ်ချ်)

နည်းပြ - ဇလတ်ကို ဒါလစ် (ခရိုအေးရှား)၊
အသင်းခေါင်းဆောင် - မိုဒရစ်



နိုင်ဂျီးရီးယား

ဂိုး - အီဇင်ဝါ (အင်ယင်းဘာ)၊ အက်ခ်ပီယီ (ချစ်ပ်ပါးယူနိုက်တက်)၊ အူဇိုဟို (ဒီပို့တီဗို)

နောက်တန်း - ထရစ်အီကောင်း (ဘာဆာစပေါ်)၊ အက်ဘ်ဒူးလာဟီ (ဘာဆာစပေါ်)၊ ဘာလိုဂန်း (ဘရိုက်တန်)၊ အိုမီရူအို (ချယ်လ်ဆီး)၊ အိုင်ဒိုဝူး (အမ်းကာပန်း)၊ အေဝါဇီမ်း (ပေါ်တို)၊ အီချိုင်းဂျိုင်းလ် (ဘရူဂျက်စ်)၊ အီဘူးအီဟီ (ဘင်ဖီကာ)

ကွင်းလယ် - မီခေးလ် (တီယန်ကျင်းတီဒါး)၊ အိုနာဇီ (ထရက်ဇွန်စပေါ်)၊ အိုဂူး (ဟာပိုးလ်ဘီယာရှီဗာ)၊ အန်ဒီဒီ (လက်စတာ)၊ အီတီဘို (ဗိုင်ရင်ဆီ)၊ ဂျိုအယ်လ်အိုဘီ (တိုရီနို)

တိုက်စစ် - အစ်ဂ်ဟာလို (ချန်ချွန်းယာတိုင်း)၊ မူဆာ (လက်စတာ)၊ အီဟီယာနာချို (လက်စတာ)၊ အိုင်ဝိုဘီ (အာဆင်နယ်)၊ နဝန့်ခ်ဝို (ခရိုတုန်း)၊ မိုဆက်စ် (ချယ်လ်ဆီး)

နည်းပြ - ဂျာနော့တ်ရော (ဂျာမနီ)၊
အသင်းခေါင်းဆောင် - မီခေးလ်

Group E

ဘရာဇီး

ဂိုး - အေလီဆန် (ရိုးမား)၊ ကတ်စ်ဆီယို (ကိုရင်သီယန်)၊ အီဒါဆင် (မန်စီးတီး)

နောက်တန်း - ဒါနီလို (မန်စီးတီး)၊ ဖက်ဂ်နာ (ကိုရင်သီယန်)၊ မာဆယ်လို (ရီးရဲလ်မက်ဒရစ်)၊ ဖီလစ်ပီလူးဝစ္စ (အက်သလက်တီကို)၊ မီရန်ဒါ (အင်တာမီလန်)၊ မာကွင်ဟို့စ် (ပီအက်စ်ဂျီ)၊ သီယာဂိုဆေးလ်ဗား (ပီအက်စ်ဂျီ)၊ ဂျီရိုမဲလ် (ဂရီမီယို)

ကွင်းလယ် - ကာဆီမီရို (ရီးရဲလ်မက်ဒရစ်)၊ ဖာနန်ဒင်ညို (မန်စီးတီး)၊ ပေါ်လင်ညို (ဘာစီလိုနာ)၊ အော်ဂတ်စ်တို (ဘေဂျင်းဂူအန်)၊ ဖရက်ဒ် (မန်ယူ)၊ ကော်တင်ညို (ဘာစီလိုနာ)၊ ဝီလျံ (ချယ်လ်ဆီး)

တိုက်စစ် - နေမာ (ပီအက်စ်ဂျီ)၊ ဂါဘရီရယ်လ်ဂျီးဆပ်စ် (မန်စီးတီး)၊ ဖာမီနို (လီဗာပူး)၊ ဒေါက်ဂလပ်စ်ကော်စတာ (ဂျူဗင်တပ်)၊ တိုင်ဆန် (ရှက်တာဒိုးနက်)

နည်းပြ - တီတီ (ဘရာဇီး)၊
အသင်းခေါင်းဆောင် - အတည်တကျခန့်အပ်ခြင်း မရှိသေး

ဆွစ်ဇာလန်

ဂိုး - ဘူအာကီ (ဒေါ့မွန်)၊ အမ်ဗိုဂို (လိုက်ပ်ဇစ်ဂျ်)၊ ဆွမ်းမား (မိုချင်ဂလက်ဘတ်)

နောက်တန်း - အေကန်ဂျီ (ဒေါ့မွန်)၊ ဂျူရူး (အန်တယ်လ်ယာစပေါ်)၊ အယ်လ်ဗီဒီ (မိုချင်ဂလက်ဘတ်)၊ မိုက်ကယ်လန်းဂျ် (ဘာသယ်)၊ လစ်ခ်ျစတိန်နာ (အာဆင်နယ်)၊ မူဘာန်းဒ်ဂျီ (တူးလော့စ်)၊ ရီကာဒိုရိုဒရီဂွက်ဇ် (အေစီမီလန်)၊ ဆက်ရှား (ဒီပို့တီဗို)

ကွင်းလယ် - ဘာရမီ (အူဒီးနီးစ်)၊ ရှာကီရီ (စတုတ်စီးတီး)၊ ဇာခါ (အာဆင်နယ်)၊ ဒီဇီမိုင်လီ (ဘိုလော့ဂ်နာ)၊ ဖာနန်ဒက်စ် (ဖရန့်ဖတ်)၊ ဖရူးလား (အတ္တလန္တာ)၊ ဇာကာရီယာ (ဒေါ့မွန်)၊ ဇူးဘား (ဟော့ဖ်ဖန်ဟိမ်း)

တိုက်စစ် - ဒါးမစ် (မိုချင်ဂလက်ဘတ်)၊ အမ်ဘိုလို (ရှော့ကေး)၊ ဂါဗရာနိုဗစ် (ဒိုင်နမိုဇာဂရက်)၊ ဆီဖီရိုဗစ် (ဘင်ဖီကာ)

နည်းပြ - ပက်ကိုဗစ် (ဘော့စနီးယား)၊
အသင်းခေါင်းဆောင် - လစ်ခ်ျစတိန်နာ

ကော်စတာရီကာ

ဂိုး - ကေလာနားဗတ်စ် (ရီးရဲလ်မက်ဒရစ်)၊ ပမ်းဘာတွန် (အေလာဂျူလင်ဆီ)၊ မိုရိုင်းရာ (ဟီရီဒိုင်ယာနို)

နောက်တန်း - ဂမ်းဘိုအာ (ဆဲလ်တစ်)၊ အီယန်စမစ် (နော်ကိုပင်း)၊ မာတာရီတာ (နယူးယောက်စီးတီး)၊ အိုဗိုင်းဒို (ဆန်းဒါးလန်း)၊ ဒူအာတီ (အက်စ်ပန်ညိုလ်)၊ ဂွန်ဇာလက်ဇ် (ဘိုလော့ဂ်နာ)၊ ကယ်လ်ဗို (မင်နီဆိုတာယူနိုက်တက်)၊ ဝပ်စ်တန် (ဗင်ကူးဗားဝိုက်ကပ်)၊ အေကော့စ်တာ (ရီအိုနီဂရိုး အေဂွီလတ်စ်)

ကွင်းလယ် - ဂတ်ဇ်မန်း (ပေါ့တ်လန်းတင်းမ်ဘားစ်)၊ တီဂျီဒါ (လော်ဆိန်း)၊ ဘော်ဂျက်စ် (ဒီပို့တီဗို)၊ အေဇိုဗိုင်ဇာ (ဟီရီဒိုင်အာနို)၊ ဝေါလေ့စ် (နယူးယောက်စီးတီး)၊ ဘိုလာနော့စ် (ဆာပရစ်ဆာ)၊ ဘရိုင်ယန်ရှစ် (စပို့တင်းလစ္စဘွန်း)

တိုက်စစ် - ကိုလင်းဒရက်စ် (ဆာပရစ်ဆာ)၊ ဂျိုအယ်လ်ကမ့်ဘဲလ် (ဘက်တစ်)၊ ဗီနီဂတ်စ် (ဆာပရစ်ဆာ)၊ ယူရီနာ (လော့စ်အိန်ဂျလိစ် အက်ဖ်စီ)

နည်းပြ - အော်စကာ ရာမီရက်ဇ် (ကော်စတာရီကာ)၊
အသင်းခေါင်းဆောင် - ဘရိုင်ယန်ရှစ်

ဆားဘီးယား

ဂိုး - စတော့ဂျ်ကိုဗစ် (ပါတီဇန်ဘဲလ်ဂရိတ်)၊ ရတ်ဂျ်ကိုဗစ် (မက္ကာဘီတဲလ်အဗစ်)၊ ဒီမီထရိုဗစ် (အိုင်ဘား)

နောက်တန်း - ကိုလာရော့ဗ် (ရိုးမား)၊ အိုင်ဗန်နိုဗစ် (ဇင်းနစ်)၊ ရှုကာဗီနာ (ဗီလာရီးရဲလ်)၊ ရိုခ်စ် (ရက်ဒ်စတားဘဲလ်ဂရိတ်)၊ စပါဂျစ် (အန်ဒါလက်ချ်)၊ ဗဲလ်ဂျ်ကိုဗစ် (ဝါဒါဘရီမင်)၊ တိုဆစ် (ဘက်ဆစ်တပ်)၊ မီလင်ကိုဗစ် (ဖီအိုရင်တီးနား)

ကွင်းလယ် - မာတစ် (မန်ယူ)၊ မီလီဗိုဂျ်ဗစ် (ခရစ္စတယ်ပဲလေ့စ်)၊ ဂရူဂျစ် (ကာဒစ်ဖ်)၊ တာဒစ် (ဆောက်သမ်တန်)၊ ဇစ်ပ်ကိုဗစ် (ဘင်ဖီကာ)၊ ကော့စ်တစ် (ဟမ်းဘတ်)၊ ရာဒွန်ဂျစ် (ရက်ဒ်စတားဘဲလ်ဂရိတ်)၊ ဆာဗစ် (လာဇီယို)၊ လာဂျာဂျစ် (တိုရီနို)

တိုက်စစ် - မီထရိုဗစ် (ဖူလ်ဟမ်)၊ ပရီဂျိုဗစ် (ပီအေအိုကေ)၊ ဂျိုဗစ် (ဖရန့်ဖတ်)

နည်းပြ - ကရတ်စ်တာဂျစ် (ဆားဘီးယား)၊
အသင်းခေါင်းဆောင် - ကိုလာရော့ဗ်

TEAM SQUADS

Group F



ဂျာမနီ (လက်ရှိချန်ပီယံ)

ဂိုး - နွူအာ (ဘိုင်ယန်မြူးနစ်)၊ တာစတီဂန် (ဘာစီလိုနာ)၊ ကီဗင်ထရပ် (ပီအက်စ်ဂျီ)

နောက်တန်း - ပလတ်တင်ဟတ် (ဟာသာဘာလင်)၊ ဟက်တာ (ကိုလုံး)၊ ဂျင်တာ (မိုချင်ဂလက်ဘာတ်)၊ ဟမ်မဲလ် (ဘိုင်ယန်မြူးနစ်)၊ ဆူးလီ (ဘိုင်ယန်မြူးနစ်)၊ ရူဒီဂျာ (ချယ်လ်ဆီး)၊ ဘိုအာတန် (ဘိုင်ယန်မြူးနစ်)၊ ကင်းမ်မစ်ချ် (ဘိုင်ယန်မြူးနစ်)

ကွင်းလယ် - ဒီဒီရာ (ဂျူဗင်တပ်)၊ ဒရက်ဇလာ (ပီအက်စ်ဂျီ)၊ တိုနီခရုစ် (ရီးရဲလ်မက်ဒရစ်)၊ အိုဇေးလ် (အာဆင်နယ်)၊ ရူဒီ (ဘိုင်ယန်မြူးနစ်)၊ ဂျူလီယန်ဘရန့်တ် (လေဗာကူဆင်)၊ ဂန်ဒိုဂန် (မန်စီးတီး)၊ ဂိုရက်ဇ်ကာ (ရှော့ကေး)၊ မာကိုရူးစ် (ဒေါ့မွန်)

တိုက်စစ် - တီမိုဝါနာ (လိုက်ပ်ဇစ်ဂျ်)၊ မာရီယိုဂိုမက်ဇ် (စတုဂတ်)၊ သောမတ်စ်မူလာ (ဘိုင်ယန်မြူးနစ်)

နည်းပြ - ဂျိုအာချင်လိုး (ဂျာမနီ)၊
အသင်းခေါင်းဆောင် - နွူအာ

မက္ကဆီကို

ဂိုး - အိုချိုအာ (စတန်းဒက်လီဂီ)၊ တာလာဗီရာ (တိုလူကာ)၊ ကိုရိုနာ (ခရုဇ်အေဇူးလ်)

နောက်တန်း - ဆယ်လ်စီဒို (ဖရန့်ဖတ်)၊ ရီယက်စ် (ပေါ်တို)၊ မိုရီနို (ဆိုစီဒက်)၊ အေယာလာ (တိုက်ဂရီးစ်)၊ အယ်လ်ဗာရက်ဇ် (အမေရိက)၊ လာယွန်း (ဆီဗီလာ)၊ ဂယ်လ်လာဒို (ပူးမတ်စ်)

ကွင်းလယ် - မားကွက်ဇ် (အက်တ်လတ်စ်)၊ ဟက်တာ ဟာရီရာ (ပေါ်တို)၊ ဂျိုနသန် ဒေါ့စ်ဆန်းတို့စ် (အယ်လ်အေဂလက်ဆီ)၊ ဖာဘီယန် (ဖရန့်ဖတ်)

တိုက်စစ် - ဂျီအိုဗန်နီ ဒေါ့စ်ဆန်းတို့စ် (အယ်လ်အေဂလက်ဆီ)၊ ဟာနန်ဒက်ဇ် (ဝက်စ်ဟမ်း)၊ ပီရယ်လ်တာ (အမေရိက)၊ ကားလို့စ်ဗီလာ (အယ်လ်အေဂလက်ဆီ)၊ အေကွီနို (တိုက်ဂရက်စ်)၊ လိုဇာနို (ပီအက်စ်ဗီ)

နည်းပြ - ဟွမ်ကားလို့စ် အိုဆိုရီယို (ကိုလံဘီယာ)၊
အသင်းခေါင်းဆောင် - ရာဖေးလ်မားကွက်ဇ်

ဆွီဒင်

ဂိုး - အော်လ်ဆင် (ကိုပင်ဟေဂင်)၊ နော့ဒ်ဖက်ဒ် (ဆွမ်ဆီး)၊ ဂျွန်ဆင် (ဂူအင်ဂမ့်)

နောက်တန်း - ဂရန့်ဗစ် (ခရတ်စ်နိုဒါ)၊ လင်ဒီလော့ဖ် (မန်ယူ)၊ လတ်စ်တစ်ဂျ် (ဆဲလ်တစ်)၊ အော်ဂတ်စ်တင်ဆန် (ဝါဒါဘရီမင်)၊ ဂျန်းစ်ဆန် (လိဒ်စ်ယူနိုက်တက်)၊ ခရပ်ဖ် (ဘိုလော့ဂ်နာ)၊ ဟီလန်ဒါ (ဘိုလော့ဂ်နာ)၊ အော်လ်ဆန် (ဆွမ်ဆီး)

ကွင်းလယ် - လာဆန် (ဟားလ်စီးတီး)၊ ဆဗင်ဆန် (ဆီယက်တယ်လ်ဆောင်းဒါးစ်)၊ အက်ခ်ဒယ်လ် (ဟမ်းဘတ်)၊ ဖော့စ်ဘတ်ဂျ် (လိုက်ပ်ဇစ်ဂျ်)၊ ကလေးစ်ဆန် (ခရတ်စ်နိုဒါ)၊ ဒါးမတ်ဇ် (တူးလော့စ်)၊ ရှိဒင်း (ခရိုတုန်း)၊ ဟေးလ်ဂျီမတ်ဒ် (ဂျီနိုအာ)

တိုက်စစ် - မားကပ်စ်ဘတ်ဂျ် (အယ်လ်အိန်း)၊ ဂွီဒက်တီ (အလာဗက်စ်)၊ ကိုင်ဆီ-သီလင်း (ဝါးစ်လန်းဒ် ဘီဗီရင်)၊ တွိုင်ဗိုနင် (တူးလော့စ်)

နည်းပြ - ဂျန်းနီ အန်ဒါးစ်ဆင် (ဆွီဒင်)၊
အသင်းခေါင်းဆောင် - ဂရန့်ဗစ်

တောင်ကိုရီးယား

ဂိုး - ကင်မ်ဆောင်ဂျူး (ဗစ်ဆယ်လ်ကိုဘီ)၊ ကင်မ်ဂျင်ဟောင် (ခရီဇိုအိုဆာကာ)၊ ချိုဟောင်ဝူး (ဒေဂူးအက်ဖ်စီ)

နောက်တန်း - ကင်မ်ယန်းဂွန် (ဂွမ်ဇူးအဲဟားဂရန်ဒီ)၊ ဂျန်ဟောင်ဆူး (အက်ဖ်စီတိုကျို)၊ ဂျန်ဆောင်ဟွန်း (ဆာဂန်တိုဆူး)၊ ယန်ယောင်ဆန်း (ဆောင်နန်းအက်ဖ်စီ)၊ အိုဘန်းဆပ်ခ် (ဂျီဂျူးယူနိုက်တက်)၊ ကင်မ်မင်ဝူး (ဆန်းဂျူဆန်းမူ)၊ ဂိုယိုဟန် (အက်ဖ်စီဆိုးလ်)၊ လီယောင် (ဂျီအွန်ဘတ်ခ်ဟွန်ဒိုင်း)

ကွင်းလယ် - ကီဆောင်ယောင်း (ဆွမ်ဆီး)၊ ဂျန်ဝူးယန်း (ဗစ်ဆယ်လ်ကိုဘီ)၊ ဂျူဆီဂျောင် (အေဆန်းမူဂန်းဂွါ)၊ ကိုဂျာချိုင် (အော့စ်ဘတ်)၊ လီဂျေးဆန်း (ဂျီအွန်ဘတ်ခ်ဟွန်ဒိုင်း)၊ လီဆောင်းဝူး (ဟဲလပ်စ်ဗီရိုနာ)၊ မွန်းဆောင်မင်း (အင်ချွန်းယူနိုက်တက်)

တိုက်စစ် - ကင်မ်ရှင်ဝွတ်ဒ် (ဂျီအွန်ဘတ်ခ်ဟွန်ဒိုင်း)၊ ဆွန်ဟောင်မင်း (စပါး)၊ ဟောင်ဟီးချန် (ဆဲလ်ဘတ်)

နည်းပြ - ရှင်တေယောင် (တောင်ကိုရီးယား)၊
အသင်းခေါင်းဆောင် - ကီဆောင်ယောင်း

Group G

အင်္ဂလန်

ဂိုး - ပစ်ခ်ဖို့ဒ် (အဲဗာတန်)၊ ဘတ်လန်း (စတုတ်စီးတီး)၊ နစ်ခ်ပုပ် (ဘန်လေ)

နောက်တန်း - ကိုင်လီဝေါကာ (မန်စီးတီး)၊ ဂျွန်စတုန်းစ် (မန်စီးတီး)၊ မာဂွီရေး (လက်စတာ)၊ ထရစ်ပီယာ (စပါး)၊ ဒန်နီရို့စ် (စပါး)၊ အက်ရှ်လေယန်း (မန်ယူ)၊ ဖီးလ်ဂျုံးစ် (မန်ယူ)၊ ဂယ်ရီကာဟေးလ် (ချယ်လ်ဆီး)၊ အလက်ဇန္ဒားအာနိုးလ် (လီဗာပူး)

ကွင်းလယ် - အီရစ်ဒီယာ (စပါး)၊ အယ်လ်လီ (စပါး)၊ လင်းဂတ်ဒ် (မန်ယူ)၊ ဟန်ဒါဆန် (လီဗာပူး)၊ လော့ဖ်တပ်စ်ချိခ် (ခရစ္စတယ်ပဲလေ့စ်)၊ ဖေဘီယန်ဒဲလ်ဖ် (မန်စီးတီး)

တိုက်စစ် - ဗာဒီ (လက်စတာ)၊ ရတ်ရှ်ဖို့ဒ် (မန်ယူ)၊ စတာလင်း (မန်စီးတီး)၊ ဟယ်ရီကိန်း (စပါး)၊ ဝဲလ်ဘက်ခ် (အာဆင်နယ်)

နည်းပြ - ဆောက်ဂိတ် (အင်္ဂလန်)၊
အသင်းခေါင်းဆောင် - ဟယ်ရီကိန်း

ဘယ်လ်ဂျီယံ

ဂိုး - ကတ်စ်တီးလ် (ဝုဖ်ဘတ်)၊ ကော်တွာ (ချယ်လ်ဆီး)၊ မစ်ဂ်နိုလက် (လီဗာပူး)

နောက်တန်း - အယ်လ်ဒါဝိုင်ရဲလ် (စပါး)၊ ဘိုယာတာ (ဆဲလ်တစ်)၊ ဒင်ဒွန့်ကာ (အန်ဒါလက်ချ်)၊ ကွမ်ပနီ (မန်စီးတီး)၊ ဗာမေလန် (ဘာစီလိုနာ)၊ ဗာတွန်ဂန် (စပါး)

ကွင်းလယ် - ကာရတ်စ်ကို (ဒါလီယန်ယင်ဖန်း)၊ ချတ်ဒ်လီ (ဝက်စ်ဘရွန်း)၊ ဒီဘရိုင်နေး (မန်စီးတီး)၊ ဒမ်ဘီလီ (စပါး)၊ ဖယ်လိုင်နီ (မန်ယူ)၊ ဂျာနူဇတ်ဂျ် (ဆိုစီဒက်)၊ တိုင်းလီမန်းစ် (မိုနာကို)၊ ဝစ်ဆယ်လ် (တီယန်ကျင်းကွမ်ဂျီယန်)၊ မူနီယာ (ပီအက်စ်ဂျီ)

တိုက်စစ် - ဘတ်ရှွာယီ (ဒေါ့မွန်)၊ အီဒင်ဟားဇတ် (ချယ်လ်ဆီး)၊ သော်ဂန်ဟားဇတ် (မိုချင်ဂလက်ဘာတ်)၊ လုကာကု (မန်ယူ)၊ မာတင်းစ် (နာပိုလီ)

နည်းပြ - မာတီနက်ဇ် (စပိန်)၊
အသင်းခေါင်းဆောင် - အီဒင်ဟားဇတ်

ပနားမား

ဂိုး - ကယ်လ်ဒါရွန် (ချော်ရီလ်လို)၊ ပီနီဒို (ဒိုင်နမိုဘူခါရက်)၊ အဲလက်စ် ရှိဒရီဂွက်ဇ် (ဆန်ဖရန်ဆစ္စကို)

နောက်တန်း - ဘာလွိုင်း (မြူနီစပယ်)၊ ကမ်းမင်းစ် (ဆန်ဂျို့စ် အတ်သ်ကွစ်)၊ အီရစ်ဒ်ဒေးဗစ် (ဒူနတ်ဂျ်စကာ)၊ အက်စ်ကိုဘာ (ဆန်မီဂွဲလီတို)၊ မူရီလို (နယူးယောက်ဒ်ရက်ဘူးလ်)၊ မာချာဒို (ဟောက်စတန်ဒိုင်နမို)၊ အိုဗယ်လ်လီ (အိုလင်မ်ပီယာ)၊ ရှိမန်တောရက်စ် (ဆီယက်တယ်လ်ဆောင်းဒါးစ်)

ကွင်းလယ် - ဘာစီနတ်စ် (ကာဗီတာလီရော့စ်)၊ အာမန်ဒိုကူးပါး (ယူနီဗာဆီဒတ်ဒီချီလီ)၊ ဂိုဒွိုင်း (ဆန်ဟိုဆေးအတ်သ်ကွစ်)၊ ဂါဘရီရယ်လ် ဂိုမက်ဇ် (အက်သလက်တီကို ဘူကာရာမန်ဂါ)၊ ပီမန်းတယ်လ် (ပလာဇာ အေမာဒေါ)၊ ကွင်တီရို (ယူနီဗာဆီတာရီယို)၊ ဟိုဆေးလူးဝစ္စ ရိုဒရီဂွက်ဇ် (ဂဟင့်တ်)

တိုက်စစ် - အာရိုယို (အေလာဂျူးလန်ဆီ)၊ အစ္စမေးလ် ဒီးယားဇ် (ဒီပို့တီဗို)၊ ဘလားစ်ပီရက်ဇ် (မြူနီစပယ်)၊ တီဂျာဒါ (စပေါ့တ်ဘိုင်းစ်)၊ ဂါဘရီရယ်လ်တောရက်စ် (ဟွာချီပါတို)

နည်းပြ - ဒါရီယိုဂိုမက်ဇ် (ကိုလံဘီယာ)၊
အသင်းခေါင်းဆောင် - ရိုမန်တောရက်စ်

တူနီးရှား

ဂိုး - အယ်လ်မက်သ်လူသီ (အယ်လ်ဘာတင်)၊ မူအက်ဇ်ဟာဆန် (ချာတီအူရော့ဒ်)၊ မူစတာဖာ (အယ်လ်ရှာဘတ်ဘ်)

နောက်တန်း - ဟမ်းဒီ (ဇမာလက်ဒ်)၊ ဒိုင်လွန်ဘရွန်း (ဂျန့်)၊ ဘီဒူအီ (အီတွိုင်လီ)၊ ဘီနာလူအာနီ (လက်စတာ)၊ ဆယမ်း ဘင်ယူဆက်ဖ် (ကာဆင်းမ်ပါဆာ)၊ မီရီအာ (ဆဖာဇင်း)၊ ဟက်ဒ်ဒါဒီ (ဒီဂျွန်)၊ မားလိုအားလ် (အယ်လ်အာလီ)

ကွင်းလယ် - ဆဒီရီ (မောင့်ပဲလီယာ)၊ ဘင်အေမိုး (အယ်လ်အာလီ)၊ ချားလာလီ (အက်စ်ပီရန့်စ်)၊ ဆတ်စ်ဆီ (အယ်လ်နတ်စ်ဆာ)၊ အာမက်ခါလီ (ကလပ်အာဖရိကိန်း)၊ အယ်လ်ခါအူအီ (ထရိုယက်စ်)

တိုက်စစ် - ဖာခီရီဒိုင်း ဘင်ယူအက်ဖ် (အယ်လ်အက်တီဖတ်)၊ ဘာဒရီ (အက်စ်ပီရန့်စ်)၊ ဆရာဗီ (နိုက်စ်)၊ ခါဇရီ (ရန်းနက်စ်)၊ ဆလီတီ (ဒီဂျွန်)၊ ဆာဘားခါလီဖာ (ကလပ်အာဖရိကိန်း)

နည်းပြ - နဘီးလ်မာလော (တူနီးရှား)၊
အသင်းခေါင်းဆောင် - ခါဇရီ

Group H

ပိုလန်

ဂိုး - ဘိုင်အယ်လ်ဂေါ်စကီး (အစ်ဆွစ်ချ်)၊ ဖေဘီယန်စကီး (ဆွမ်ဆီး)၊ ဆက်ဇနီ (ဂျူဗင်တပ်)

နောက်တန်း - ဘက်ဒ်နာရက်ဒ် (ဆောက်သမ်တန်)၊ ဘီရက်စ်ဇင်းစကီး (ဆမ်ဒိုးရီးယား)၊ ဆီအိုနက်ဒ် (ဆီဗယ်လ်)၊ ဂျီလစ်ခ်ဒ် (မိုနာကို)၊ ပစ်ဇက်ဒ် (ဒေါ့မွန်)၊ ဂျီဒါဇက်ဂျ်ဆက်ဒ် (လီဂီယာဝါဆော)၊ ပတ်ဇ်ဒန် (လီဂီယာဝါဆော)

ကွင်းလယ် - ဘလက်ဇီကောစကီး (ဝုဖ်ဘတ်)၊ ဂိုရယ်လ်စကီး (လူဒိုဂိုရက်စ်)၊ ဂရိုဆစ်ကီ (ဟားလ်စီးတီး)၊ ကရိုင်ချိုဝစ်ခ် (ဝက်စ်ဘရွန်း)၊ ကာဇာဝါ (ဂေါ်နစ်ခ်)၊ လီနက်တီ (ဆမ်ဒိုးရီးယား)၊ ပက်စ်ဇကို (လီချီယာဒန့်ခ်)၊ ရိုင်းဘတ်စ် (လိုကိုမိုးတစ်မော်စကို)၊ ဇိုင်လင်စကီး (နာပိုလီ)

တိုက်စစ် - ကောင်နက်ကီ (ဆမ်ဒိုးရီးယား)၊ လီဝန်ဒေါစကီး (ဘိုင်ယန်မြူးနစ်)၊ မီလစ်ခ် (နာပိုလီ)၊ တီအိုဒေါ်ဆက်ဒ် (အန်ဒါလက်ချ်)

နည်းပြ - အဒမ် နာဝေါလ်ကာ (ပိုလန်)၊
အသင်းခေါင်းဆောင် - လီဝန်ဒေါစကီး

ဆီနီဂေါ

ဂိုး - ဒိုင်အယ်လ်လို (ရန်းနက်စ်)၊ ဂိုမစ် (ဆီပယ်လ်)၊ အန်ဒီရာယီ (ဟိုရိုယာ)

နောက်တန်း - ဆာလီအူဆစ် (ပလင်မီယန်နက်စ်)၊ ဂတ်စ်ဆာမား (အန်တယ်လ်ယာစပေါ်)၊ ကူလီဘာလေ (နာပိုလီ)၊ အမ်ဘော့ဂျ် (အန်ဒါလက်ချ်)၊ ဆာဘာလီ (ဘော်ဒိုး)၊ ဆာလစ်ဖ်ဆာနေး (ဟန်နိုဗာ)၊ ဝါဂွီး (အူပင်)

ကွင်းလယ် - ဂွီယီ (အဲဗာတန်)၊ ကူယာတီ (ဝက်စ်ဟမ်း)၊ အေလီအူနီ အန်ဒီယာယီ (စတုတ်စီးတီး)၊ အယ်လ်ဖရက်ဒ် အန်ဒီယာယီ (ဝုလ်ဗာဟမ်တ်)၊ အန်ဒိုယီ (ဘာမင်ဂမ်)၊ အစ္စမိုင်လာဆားရ် (ရန်းနက်စ်)

တိုက်စစ် - ဒီအော့ဖ် (စတုတ်စီးတီး)၊ ကီတာ (မိုနာကို)၊ ကိုနာတီ (အေမိန်းစ်)၊ မာနေး (လီဗာပူး)၊ အမ်ဘာယီနိုင်း (တိုရီနို)၊ ဆာခို (ရန်းနက်စ်)၊ ဖော့စ်ဆာဆော (ဘာဆာစပေါ်)

နည်းပြ - အေလီအူ ဆစ်ဆေး (ဆီနီဂေါ)၊
အသင်းခေါင်းဆောင် - ကူယာတီ

ကိုလံဘီယာ

ဂိုး - အော့စ်ပီနာ (အာဆင်နယ်)၊ ဗားဂတ်စ် (ဒီပို့တီဗိုကာလီ)၊ ကူအာဒရာဒို (ဝမ့်စ်ကယ်လ်ဒတ်စ်)

နောက်တန်း - ဇာပါတာ (အေစီမီလန်)၊ ဒါဗင်ဆင်ဆန်းချက်ဇ် (စပါး)၊ အေရီအတ်စ် (ပီအက်စ်ဗီ)၊ မူရီလ်လို (ပါချူကာ)၊ ဖာဘရာ (ဘိုကာဂျူနီယာ)၊ မိုဂျီကာ (ဂျီရိုနာ)၊ မီနာ (ဘာစီလိုနာ)

ကွင်းလယ် - ဘာရီအော့စ် (ဘိုကာဂျူနီယာ)၊ ကားလို့စ်ဆန်းချက်ဇ် (အက်စ်ပန်ညို)၊ လာမာ (လီဗန်တေး)၊ အစ်ဇ်ကွီအာဒို (ဘရိုက်တန်)၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ် (ဘိုင်ယန်မြူးနစ်)၊ အေဂွီလာ (ဒီပို့တီဗိုကာလီ)၊ ယူရီဘ် (ကလပ်အမေရိကာ)၊ ကွင်တီရို (ရေးဗားပလိတ်)၊ ကွာဒရာဒို (ဂျူဗင်တပ်)

တိုက်စစ် - ဖယ်လ်ကာအို (မိုနာကို)၊ ဘော်ဂျာ (ပါးလ်မေးရပ်စ်)၊ လူးဝစ္စ မူရီရယ်လ် (ဆီဗီလာ)၊ ဘက်ကာ (ဗီလာရီးရဲလ်)

နည်းပြ - ဟိုဆေးပီကာမန် (အာဂျင်တီးနား)၊
အသင်းခေါင်းဆောင် - ဖယ်လ်ကာအို

ဂျပန်

ဂိုး - ကာဝါရှီးမား (မက်ဇ်)၊ ဟီဂါရှီဂူချီ (ဂမ်ဘာအိုဆာကာ)၊ နာကာမူရာ (ကာရှီးမားရေးဆိုးလ်)

နောက်တန်း - နာဂါတိုမို (ဂါလာတာစာရေး)၊ မာကီနို (အူရာဝါရက်ဒ်)၊ အန်ဒို (အူရာဝါရက်ဒ်)၊ ယိုရှီဒါ (ဆောက်သမ်တန်)၊ ဟီရိုကီ ဆာကိုင်း (မာဆေး)၊ ဂိုတိုကူ ဆာကိုင်း (ဟမ်းဘတ်)၊ ရှိုဂျီ (ကာရှီးမားအန်တလာ)၊ အီဒါး (ကာရှီးမားအန်တလာ)

ကွင်းလယ် - ဟာဆီဘီ (ဖရန့်ဖတ်)၊ ဟွန်ဒါ (ပါချူကာ)၊ အင်အူအီ (အိုင်ဘား)၊ ကာဂါဝါ (ဒေါ့မွန်)၊ ယာမာဂူချီ (ဆီရီဇိုအိုဆာကာ)၊ ဟာရာဂူချီ (ဒပ်ဆယ်လ်ဒေါ့ဖ်)၊ အူဆာမီ (ဒပ်ဆယ်လ်ဒေါ့ဖ်)၊ ရှီဘာဆာကီး (ဂီတာဖေး)၊ အိုရှီးမား (ကာဝါဆာကီ ဖရွန်တေးလ်)

တိုက်စစ် - အိုကာဇာကီ (လက်စတာ)၊ အိုဆာကို (ဝါဒါဘရီမင်)၊ မူတို (မိန့်ဇ်)

နည်းပြ - အေကီရာ နီရှီနို (ဂျပန်)၊
အသင်းခေါင်းဆောင် - ဟာဆီဘီ

FOOTBALL
BUNDLE
Pizza Hut
BUY 2
REGULAR
16,000 mmk
Get Free
Garlic Bread
4pcs
(or)
Mushroom
Soup
ရွေးချယ်နိုင်သော အရသာ (၆) မျိုး
Pepperoni & Cheese,Hawaiian Paradise,
Chicken Supreme,Super Supreme, Veggie Supreme,
BBQ Chicken
"Available for Take Away and Delivery "
www.food2u.com.mm
Food2u
FOOD DELIVERY
PH : 09 977 202015
Terms & Conditions:
Service charge and commercial tax may apply. Pictures are for reference only. This promotion cannot be used
with other offers or promotions.

ဥရုဂွေးနဲ့အတူ အိမ်ရှင်နောက်တစ်ဆင့်တက်မယ့် အုပ်စု(က)ရဲ့ဇာတာ

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု (က) သုံးသပ်ချက်

အိမ်ရှင်ရုရှားပါတဲ့ ဒီအုပ်စုဟာ ကမ္ဘာ့ဖလားသမိုင်းတစ်လျှောက်မှာ အားအနည်းဆုံးအုပ်စုလို့တောင် ဆိုနိုင်ပါတယ်။ ကျန်အုပ်စုတွေနဲ့ယှဉ်ရင် အချောင်ဆုံးအုပ်စုတစ်ခုဖြစ်နေပြီး ၂၀၁၄ ကမ္ဘာ့ဖလားတုန်းက ရုရှား၊ အယ်လ်ဂျီးရီးယား၊ ဘယ်လ်ဂျီယံနဲ့ တောင်ကိုရီးယားတို့ပါတဲ့ အုပ်စုနဲ့တောင် နှိုင်းယှဉ်နိုင်ပါတယ်။ အိမ်ရှင်ရုရှား၊ ဆော်ဒီအာရေဗျ၊ အီဂျစ်နဲ့ ဥရုဂွေးတို့ပါဝင်နေတဲ့ ဒီအုပ်စုဟာ အိမ်ရှင်ကို နောက်တစ်ဆင့်တက်နိုင်အောင် အလေးပေးရေးဆွဲထားတဲ့ အုပ်စုလို့ဆိုနိုင်ပြီး အတောင့်တင်းဆုံးအသင်းဆိုလို့ ဥရုဂွေးတစ်သင်းတည်းသာ ပါဝင်ပါတယ်။

ရုရှား

အိမ်ရှင်အလေးသာစေတဲ့ ဒီအုပ်စုမှာ ရုရှားအနေနဲ့ မဲအိုး ၂မှာ အကောင်းဆုံးအသင်းဖြစ်တဲ့ ဥရုဂွေးနဲ့ထိပ်တိုက်တွေ့ခဲ့ရတာဖြစ်ပေမယ့် မဲအိုး ၃က အလယ်အလတ်အသင်းဖြစ်တဲ့ အီဂျစ်နဲ့တွေ့ဆုံခဲ့တာကတော့ မဆိုးလှပါဘူး။ သမိုင်းတစ်လျှောက်မှာ ကမ္ဘာ့ဖလားကို ၁၁ကြိမ်ပါဝင်ကစားခွင့်ရထားတဲ့ ရုရှားဟာ ၇ကြိမ်မှာ ဆိုဗီယက်အနေနဲ့ ယှဉ်ပြိုင်ခဲ့တာဖြစ်ပြီး ၂၀၁၀ အိမ်ရှင်တောင်အာဖရိကလို အုပ်စုအဆင့်ကထွက်ရမလား၊ ၂၀၀၂အိမ်ရှင်တောင်ကိုရီးယားလို ဆီမီးဖိုင်နယ်အထိ တက်နိုင်မလားဆိုတာ စောင့်ကြည့်ချင်စရာကောင်းနေပါတယ်။

ဆိုဗီယက်ပြည်ထောင်စုပြိုကွဲခဲ့ပြီးနောက်ပိုင်း ကမ္ဘာ့ဖလားနောက်ဆုံးအဆင့်ကို လေးကြိမ်မြောက်ကစားခွင့်ရမယ့် ရုရှားဟာ ၂၀၁၄ပြိုင်ပွဲမှာတုန်းက ဘယ်လ်ဂျီယံကိုရှုံး၊ တောင်ကိုရီးယားနဲ့ အယ်လ်ဂျီးရီးယားကို သရေကျခဲ့ကာ အုပ်စုအဆင့်နဲ့ ကျေနပ်ခဲ့ရတာပါ။ ရုရှားအနေနဲ့ အုပ်စုအဆင့်ကိုကျော်လွှန်နိုင်တဲ့သမိုင်းမှတ်တမ်းမရှိခဲ့ပေမယ့် ဒီတစ်ကြိမ်မှာတော့ အုပ်စုအနေအထားအရ မှတ်တမ်းသစ်ရေးထိုးနိုင်မယ့် အခွင့်အရေးရှိနေပါတယ်။ သူတို့ဟာ ယူရို ၂၀၁၆မှာလည်း အင်္ဂလန်နဲ့ပွဲမှာသာ သရေတစ်မှတ်ရခဲ့တာဖြစ်ပြီး အုပ်စုအဆင့်နဲ့ပဲကျေနပ်ခဲ့ရပါတယ်။

ရုရှားကိုဦးဆောင်လာမှာက ပွဲပေါင်း ၁၀၀ကျော်ကစားထားတဲ့ ဂိုးသမားအကင်ဖိဗ်ဖြစ်ပြီး CSKA မော်စကိုက ဒီဇာဂေါ့၊ ဗီလာရီးရဲလ်က ချီရီရှက်ဗ်၊ ဇင်းနစ်က ကိုကိုရင်နဲ့ ဇာကော့ဗ်တို့ကတော့ အိမ်ရှင်အသင်းမှာ စောင့်ကြည့်ရမယ့်ကစားသမားတွေဖြစ်ပါတယ်။ ကမ္ဘာ့ဖလားအကြို ကွန်ဖက်ဒရေးရှင်းဖလားမှာ နယူးဇီလန်တစ်သင်းတည်းကိုသာ အနိုင်ရခဲ့ပြီး ပေါ်တူဂီနဲ့ မက္ကဆီကိုတို့ကို အရေးနိမ့်ကာ အုပ်စုတတိယနေရာသာရခဲ့တဲ့ ရုရှားအနေနဲ့ အုပ်စုအဆင့်ကို ကျော်ဖြတ်ဖို့ဆိုရင် ဒုတိယနေရာအတွက် အီဂျစ်၊ ဆော်ဒီတို့ကို အနိုင်ကစားဖို့လိုအပ်ပါတယ်။ ဒီနှစ်ပွဲမှာ တစ်ပွဲခြေချော်လက်ချော်ဖြစ်ခဲ့မယ်ဆိုရင်တော့ ရုရှားအနေနဲ့ ပထမဆုံးအကြိမ် အုပ်စုအဆင့်ကိုကျော်လွှန်ခွင့်အိပ်မက်ကို ဆုံးရှုံးသွားရမှာ သေချာသလောက်ပါပဲ။

ဥရုဂွေး

ဂန္ထဝင်နည်းပြတာဘာရက်ဇ်ဟာ ဥရုဂွေးကို လေးကြိမ်မြောက်ကမ္ဘာ့ဖလားကစားခွင့်ရရှိစေခဲ့သူဖြစ်ပြီး သမိုင်းတစ်လျှောက်မှာ ကမ္ဘာ့ချန်ပီယံဆုကို နှစ်ကြိမ်တိုင်ရရှိထားတဲ့ ဥရုဂွေးအတွက် တတိယမြောက်ဆုဖလားကိုရယူပေးနိုင်မှာလားဆိုတာ စိတ်ဝင်စားစရာပါ။ ကမ္ဘာ့ဖလားကို သမိုင်းတစ်လျှောက်မှာ ၁၃ကြိမ်ပါဝင်ကစားခွင့်ရထားတဲ့ ဥရုဂွေးဟာ ၁၉၃၀နဲ့ ၁၉၅၀ခုနှစ်တွေမှာ ချန်ပီယံဖြစ်ခဲ့တာဖြစ်ပြီး ၂၀၁၄ ကမ္ဘာ့ဖလားမှာတော့ ၁၆သင်းအဆင့်အထိရောက်ခဲ့ပါတယ်။ ခြေစစ်ပွဲအဆင့်မှာ အစောဆုံးခြေစစ်ပွဲအောင်ခဲ့တဲ့ ဘရာဇီးပြီးရင် ဒုတိယနေရာနဲ့ခြေစစ်ပွဲအောင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။

ဥရောပအခြေစိုက်ကစားသမားကောင်းတွေ အမြောက်အမြားရှိနေခြင်းက အုပ်စု(က)မှာ ဥရုဂွေးကို အုပ်စုဗိုလ်ဖြစ်မယ့်အသင်းအဖြစ်သတ်မှတ်စေဖို့ အဓိကအကြောင်းရင်းဖြစ်ပါတယ်။ တိုက်စစ်မှာ ဆွာရက်ဇ်နဲ့ ကာဗာနီတို့လို ထိပ်တန်းတိုက်စစ်မှူးတွေရှိနေပြီး ဆော်ဒီလိုအသင်းနဲ့ တစ်အုပ်စုတည်းကျရောက်နေတဲ့အတွက် ဒီတိုက်စစ်မှူးနှစ်ဦးအနေနဲ့ ရွှေဖိနပ်ဆုရယူနိုင်မယ့်အခွင့်အရေးတောင်ရှိနေတယ်လို့ ခန့်မှန်းထားကြပါတယ်။ ခံစစ်ကိုကြည့်ရင်လည်း မနှစ်က လာလီဂါ ၃၈ပွဲမှာ ၂၂ဂိုးသာပေးထားရတဲ့ အက်သလက်တီကိုရဲ့ခံစစ်က ဂိုဒင်နဲ့ ဂျီမီနက်ဇ်ဦးဆောင်နေတာကြောင့် ခံစစ်တောင့်တင်းမှုကလည်း ဥရုဂွေးလက်နက်တစ်ခုလို့ဆိုရမှာပါ။

ဘာစီလိုနာရဲ့ထိပ်တန်းတိုက်စစ်မှူးဆွာရက်ဇ်၊ လီဂူးရဲ့ဂိုးသွင်းဘုရင်ကာဗာနီတို့အပြင် အင်တာမီလန်က ဗီဆီနို၊ ဂျူဗင်တပ်က ဘန်တန်

ကာတို့ကိုလည်း စောင့်ကြည့်ရမှာဖြစ်ပါတယ်။ အိမ်ရှင်နဲ့ တစ်အုပ်စုတည်းကျခဲ့လို့ အုပ်စုအဆင့်မှာ ပွဲချောင်နေပေမယ့် ဥရုဂွေးအနေနဲ့ ၁၆ သင်းအဆင့်မှာ တစ်ဖက်အုပ်စု(ခ)က စပိန် ဒါမှမဟုတ် ပေါ်တူဂီနဲ့ရင်ဆိုင်ရဖွယ်ရှိနေတာကြောင့် အုပ်စုပွဲတွေကို အခြေအနေကြည့်ပြီး ကစားသွားနိုင်ပါတယ်။ တရုတ်ဖိတ်ခေါ်ဖလားမှာ ချက်နဲ့ဝေးလတို့ကိုအနိုင်ကစားထားတဲ့ ဥရုဂွေးအနေနဲ့ အုပ်စုအဆင့်ကိုမကျော်နိုင်စရာအကြောင်းမရှိပါဘူး။

အီဂျစ်

အတွေ့အကြုံများပြားတဲ့ အာဂျင်တီးနားလူမျိုးနည်းပြဟက်တာကူးပါးဦးဆောင်ပြီး လီဗာပူးနဲ့အတူ ခြေစွမ်းပြကစားနေတဲ့ ဆာလားဟ်ကြောင့် ဒီနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အီဂျစ်အသင်းရဲ့အနေအထားကို အတော်လေးမျှော်လင့်ထားကြပါတယ်။ သမိုင်းတစ်လျှောက်မှာ ကမ္ဘာ့ဖလားကို သုံးကြိမ်သာယှဉ်ပြိုင်ခွင့်ရခဲ့တာဖြစ်ပြီး ဒုတိယအကြိမ်ကျင်းပတဲ့ ၁၉၃၄ကမ္ဘာ့ဖလားမှာ ပထမအဆင့်၊ ဒုတိယမြောက်နဲ့ နောက်ဆုံးပါဝင်ကစားခွင့်ရခဲ့တဲ့ ၁၉၉၀ကမ္ဘာ့ဖလားမှာ အုပ်စုအဆင့်တွေနဲ့ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။ အဓိက,ကစားသမားဆာလားဟ်ကြောင့် အီဂျစ်အပေါ်မျှော်လင့်ချက်ကြီးမားခဲ့ကြပေမယ့် ချန်ပီယံလိဂ်ဗိုလ်လုပွဲက ဒဏ်ရာအခြေအနေကြောင့် ဆာလားဟ်အနေနဲ့ အုပ်စုပွဲတွေကို ကြံ့ခိုင်မှုအပြည့်နဲ့ ကစားနိုင်ပါ့မလားဆိုတာကတော့ သံသယဖြစ်စရာပါပဲ။

အီဂျစ်အနေနဲ့ ဆာလားဟ်ကစားနိုင်ဖို့ မျှော်လင့်ချက်ရှိထားတယ်ဆိုပေမယ့် သူသာ မကစားနိုင်ခဲ့ဘူးဆိုရင် လက်ရှိလူစာရင်းအရ အုပ်စုအဆင့်ကိုကျော်လွှန်နိုင်ဖို့ဆိုတာ အီဂျစ်အတွက် အခက်တွေ့သွားနိုင်တာအမှန်ပါပဲ။ အီဂျစ်အနေနဲ့ ပေါ်တူဂီနဲ့ခြေစမ်းပွဲမှာ ၂-၁နဲ့သာကပ်ရှုံးခဲ့တယ်ဆိုပေမယ့် ခြေစစ်ပွဲမအောင်တဲ့ ဂရိကို ၁-၀နဲ့ရှုံးခဲ့တဲ့အပြင် ကူဝိတ်ကိုပါ တစ်ဂိုးစီသရေသာကစားနိုင်ခဲ့တဲ့အတွက် အီဂျစ်ရဲ့ခြေစွမ်းက ဆာလားဟ်မပါရင် ရေမြေသာသာပဲလို့ဆိုရမှာပါ။ အာဆင်နယ်က အယ်လ်နန်နီအပြင် အင်္ဂလိပ်ကလပ်တွေဖြစ်တဲ့ ဝက်စ်ဘရွန်း၊ အက်စတွန်ဗီလာနဲ့ ဝီဂန်တို့လိုအသင်းတွေက ကစားသမားတွေပါဝင်လာမှာဖြစ်ပေမယ့် အီဂျစ်ရဲ့လူအင်အားက အတော်လေးအားနည်းပါတယ်။

အီဂျစ်အနေနဲ့ ဆာလားဟ်ဒဏ်ရာပြဿနာရှိနေချိန်မှာ ၂၀၁၇ အာဖရိကနိုင်ငံများဖလားဗိုလ်လုပွဲမှာ ကင်မရွန်းဘက်ကိုဂိုးသွင်းယူပေးခဲ့တဲ့ အယ်လ်နန်နီကိုပဲအားထားရမှာဖြစ်ပြီး စတုတ်စီးတီးကွင်းလယ်လူဆိုဘီးကလည်း အရေးပါလာနိုင်ပါတယ်။ အီဂျစ်ဟာ အာဖရိကချန်ပီယံဆုကို ခုနစ်ကြိမ်တိုင်ရခဲ့ပေမယ့် ကမ္ဘာ့ဖလားသမိုင်းမှာတော့ နိုင်ပွဲတစ်ပွဲမှမရ ဖူးသေးပါဘူး။ နောက်ဆုံးကစားခဲ့တဲ့ ၁၉၉၀ကမ္ဘာ့ဖလားမှာ အင်္ဂလန်၊ နယ်သာလန်၊ အိုင်ယာလန်တို့နဲ့ တစ်အုပ်စုတည်းကျခဲ့ပြီး အင်္ဂလန်နဲ့မကစားခင် အဖွင့်နှစ်ပွဲမှာ သရေပွဲတွေရခဲ့တဲ့ အီဂျစ်အနေနဲ့ နာမည်ကြီးကစားသမားတွေမပါဘဲ ဘယ်လိုစွမ်းဆောင်သွားမလဲဆိုတာ စောင့်ကြည့်ရမှာပါ။

ဆော်ဒီအာရေဗျ

ချီလီအသင်းကို ခြေစစ်ပွဲအောင်မြင်အောင် မစွမ်းဆောင်ပေးနိုင်ခဲ့ပေမယ့် အာဂျင်တီးနားလူမျိုးနည်းပြပစ်ဇီဟာ ဆော်ဒီအာရေဗျနဲ့အတူ ကမ္ဘာ့ဖလားပွဲကို ပါဝင်ယှဉ်ပြိုင်ဦးမှာဖြစ်ပါတယ်။ နယ်သာလန်လူမျိုးနည်းပြဗန်မားဝစ်ဂ်ျမရှိတဲ့နောက်မှာ အာဂျင်တီးနားသား ဘော်ဇာကခေတ္တတာဝန်ယူခဲ့ပေမယ့် တစ်လသာကြာမြင့်ခဲ့ပါတယ်။ ဒီနောက်မှာတော့ အတွေ့အကြုံများပြားတဲ့ ပစ်ဇီကို နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့တာဖြစ်ပါတယ်။ ပစ်ဇီဟာ ချီလီကို ၂၀၁၆ ကိုပါအမေရိကဖလားရယူပေးခဲ့သူဖြစ်ပြီး ၂၀၁၇ ကွန်ဖက်ဒရေးရှင်းဖလားမှာလည်း ဗိုလ်လုပွဲအထိ တက်နိုင်အောင်စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်ပါတယ်။

ဆော်ဒီအသင်းဟာ အာရှဇုန်ခြေစစ်ပွဲ တတိယအဆင့်မှာ ဂျပန်အသင်းနောက်ကနေ ဒုတိယနေရာနဲ့ တိုက်ရိုက်ခြေစစ်ပွဲအောင်ခဲ့တာဖြစ်ပြီး ဩစတြေးလျလိုအသင်းကိုနောက်ကောက်ချကာ ဒုတိယနေရာရယူနိုင်ခဲ့တာက ချီးကျူးရမှာဖြစ်ပါတယ်။ သမိုင်းတစ်လျှောက်မှာ ကမ္ဘာ့ဖလားပြိုင်ပွဲကို ငါးကြိမ်ကစားခဲ့ဖူးတဲ့ဆော်ဒီဟာ ၁၉၉၄ပြိုင်ပွဲမှာတုန်းက သူတို့အတွက် အမြင့်ဆုံးအောင်မြင်မှုဖြစ်တဲ့ ၁၆သင်းအဆင့်အထိတက်ရောက်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ၁၉၉၄နောက်ပိုင်းမှာ အုပ်စုအဆင့်နဲ့ပဲ ဆက်တိုက်ကျေနပ်ခဲ့ရပြီး ၂၀၁၀နဲ့ ၂၀၁၄မှာ ခြေစစ်ပွဲမအောင်ခဲ့တဲ့ ဆော်ဒီအနေနဲ့ ဒီနှစ်မှာလည်း အုပ်စုအဆင့်ကိုကျော်လွှန်ဖို့ဆိုတာ ဖြစ်နိုင်ခြေနည်းပါးလွန်းတာအမှန်ပါပဲ။

စာမျက်နှာ 7 သို့

အိုင်ဘာနီယန်ဒါဘီက အုပ်စုဗိုလ်နေရာကိုဆုံးဖြတ်မယ့် အုပ်စု (ခ) စီးချင်း

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု (ခ) သုံးသပ်ချက်

အကြိတ်အနယ်ဖြစ်လာနိုင်တဲ့အုပ်စုတွေထဲမှာအပါအဝင်ဖြစ်ပြီး ပုံမှန်အားဖြင့် အိုင်ဘာနီယန်ကျွန်းဆွယ်က ဒါဘီပြိုင်ဘက်တွေဖြစ်တဲ့ စပိန်နဲ့ ပေါ်တူဂီတို့ပဲ နောက်တစ်ဆင့်တက်သွားဖို့ အလားအလာများပါတယ်။ ဒါပေမဲ့ ကမ္ဘာ့အဆင့် ၄၂ နေရာမှာရှိနေပြီး အုပ်စုတွင်းမှာ အဆင့်အနိမ့်ဆုံးဖြစ်နေပေမယ့် ဘယ်လ်ဟန်ဒါ၊ ဘီနာတီယာတို့လိုကစားသမားတွေ ဦးဆောင်လာမယ့်မော်ရိုကိုနဲ့ မန်ယူလက်ထောက်နည်းပြဟောင်းကွီးရော့ဇ် ဦးဆောင်လာမယ့် အီရန်တို့ကလည်း ရုန်းကန်လာဖို့ရှိနေလို့ အကြိတ်အနယ်ရှိတဲ့ အုပ်စုတစ်ခုဖြစ်လာနိုင်ပါတယ်။ အသင်းလေးသင်းစလုံးရဲ့ခြေစစ်ပွဲ နောက်ဆုံးအဆင့် စုစုပေါင်းသွင်းဂိုးက ၈၉ဂိုးအထိရှိခဲ့တဲ့အပြင် ပေးဂိုးလည်း ကိုးဂိုးသာရှိခဲ့လို့ အကျပ်ဆုံးအုပ်စုလို့တောင် ခေါ်ဆိုကြပါတယ်။

စပိန်

၂၀၁၀ ချန်ပီယံဟောင်း စပိန်အသင်းအနေနဲ့ ၂၀၁၄ပြိုင်ပွဲမှာတုန်းက အုပ်စုအဆင့်ကထွက်ခဲ့ရတာကို ဒီနှစ်မှာ ပြန်လည်ချေဖျက်ဖို့ကြိုးစားလာမှာသေချာပါတယ်။ လွန်ခဲ့တဲ့လေးနှစ်တုန်းက ဘရာဇီးမှာရုန်းကန်ခဲ့ရပေမယ့် ဒီတစ်ကြိမ်မှာတော့ စပိန်တို့ခြေစွမ်းကောင်းနေပြီး ခြေစစ်ပွဲအဆင့် ၁၀ပွဲကစားခဲ့ရာမှာ ကိုးပွဲအနိုင်ရခဲ့သလို သွင်းဂိုးလည်း ၃၆ဂိုးအထိ သွင်းယူနိုင်ခဲ့ပါတယ်။ စပိန်အနေနဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲကို ၁၄ကြိမ်မြောက် ကစားခွင့်ရမှာဖြစ်ပါတယ်။

စပိန်အသင်းမှာ စိတ်ဝင်စားဖို့အကောင်းဆုံးအချက်က ချယ်လ်ဆီးမှာ ခြေစွမ်းမပြနိုင်လို့ ချန်လှပ်ခံခဲ့ရတဲ့မိုရာတာနဲ့ သူ့နေရာမှာ အဓိကတိုက်စစ်မှူးဖြစ်လာတဲ့ ဒီယေဂိုကော်စတာတို့ပဲဖြစ်ပါတယ်။ စပိန်အသင်းမှာ ကမ္ဘာ့ချန်ပီယံဖြစ်ဖူးတဲ့ကစားသမားတွေဆိုလို့ အင်နီယေစတာ၊ ပီကေး၊ ရာမို့စ်နဲ့ ဒေးဗစ်ဆေးလ်ဗားတို့သာကျန်ရှိတော့မှာဖြစ်ပြီး သွေးသစ်လောင်းထားတဲ့ ကစားသမားတွေနဲ့ ပွဲထွက်လာမှာဖြစ်ပါတယ်။

စပိန်ရဲ့အဓိကလက်နက်က ကွင်းလယ်နဲ့ တိုက်စစ်အင်အားလို့ ဆိုနေကြပေမယ့် ခြေစစ်ပွဲအဆင့်မှာ ပေးဂိုးသုံးဂိုးသာရှိခဲ့တဲ့ခံစစ်ပိုင်းကလည်း ဒီနှစ်ပြိုင်ပွဲမှာ ဗိုလ်စွဲဖို့ရေပန်းစားရခြင်းရဲ့အဓိကအကြောင်းရင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရာသီမှာ မန်ယူကို ဂိုးမပေးရတဲ့ပွဲ ၁၈ပွဲအထိရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ ဒီဂီယာကလည်း စပိန်အသင်းရဲ့အရေးပါတဲ့လက်နက်တစ်ခုအဖြစ် သုံးသပ်ထားကြပါတယ်။

၄-၃-၃ကစားကွက်ကို အခြေခံတဲ့ နည်းပြလိုပီတီဂွီရဲ့နည်းဗျူဟာမှာ ကွင်းလယ်ကစားသမားတွေနဲ့ တောင်ပံကစားသမားတွေက အရေးပါလာမှာဖြစ်ပြီး အင်နီယေစတာနဲ့ ဆေးလ်ဗားတို့ဦးဆောင်တဲ့ ကွင်းလယ်ပိုင်းကလည်း တောင့်တင်းမှုရှိပါတယ်။ စပိန်အနေနဲ့ အုပ်စုဗိုလ်နေရာရဖို့ ပွဲဦးထွက်ကစားရမယ့် ပေါ်တူဂီနဲ့ပွဲမှာ နိုင်ပွဲရထားဖို့လိုပါတယ်။

စပိန်လူစာရင်းမှာ ဖာဘရီဂတ်စ်၊ အလွန်ဆိုနဲ့ မိုရာတာတို့မပါပေမယ့် တောင့်တင်းတဲ့လူအင်အားကို ပိုင်ဆိုင်ထားဆဲဖြစ်လို့ အုပ်စုအဆင့်တက်ဖို့က မြေကြီးလက်ခတ်မလွဲဆိုပေမယ့် အုပ်စုဗိုလ်ဖြစ်ထားမှသာ အိမ်ရှင်ရုရှားပါတဲ့ အုပ်စု(က)က အုပ်စုဗိုလ်ဖြစ်လာနိုင်တဲ့ ဥရုဂွေးကိုရှောင်ရှားနိုင်မှာဖြစ်ပါတယ်။

ပေါ်တူဂီ

ယူရို ၂၀၁၆မှာ ဗိုလ်စွဲပြီး ဥရောပချန်ပီယံအဖြစ်နဲ့ ဒီပြိုင်ပွဲမှာယှဉ်ပြိုင်မယ့် ပေါ်တူဂီအသင်းဟာ ကမ္ဘာ့ဖလားမှာတော့ တစ်ကြိမ်တစ်ခါမှ ချန်ပီယံဖြစ်ဖူးခြင်းမရှိဘဲ အင်္ဂလန်မှာကျင်းပတဲ့ ၁၉၆၆ကမ္ဘာ့ဖလားမှာ တတိယနေရာရခဲ့ဖူးတာက အမြင့်ဆုံးအောင်မြင်မှုဖြစ်ပါတယ်။ ပေါ်တူဂီဟာလည်း စပိန်လိုပဲ ၂၀၁၄ကမ္ဘာ့ဖလားမှာ အုပ်စုအဆင့်နဲ့သာကျေနပ်ခဲ့ရတာဖြစ်ပြီး ဂျာမနီနဲ့ အမေရိကန်အသင်းတွေနောက်မှာ တတိယနေရာသာရခဲ့တာဖြစ်ပါတယ်။

ပေါ်တူဂီဟာ ခြေစစ်ပွဲအဆင့်မှာ ဆွစ်ဇာလန်နဲ့ ဟန်ဂေရီတို့ကို ကျော်လွန်ကာ အုပ်စုဗိုလ်အဖြစ် ခြေစစ်ပွဲအောင်ခဲ့တာဖြစ်ပြီး ယူရို ၂၀၁၆က အောင်မြင်မှုတွေကို အခုကမ္ဘာ့ဖလားမှာပါ ဆက်လက်ရယူနိုင်ဖို့ မျှော်

စာမျက်နှာ 8 သို့

စာ - 6 "ဥရုဂွေးနဲ့အတူ အိမ်ရှင်နောက်တစ်ဆင့်တက်မယ့် အုပ်စု(က)ရဲ့ဇာတာ" မှ အဆက်

ဆော်ဒီဟာ ပြည်တွင်းအခြေစိုက်ကစားသမားတွေကိုပဲ အခြေခံထားတာဖြစ်ပြီး လီဂါနက်စ်က အဲလ်ရှီဟီ၊ လီဗန်တေးက အဲလ်မူဝါလက်နဲ့ ဗီလာရီးရဲလ်က အဲလ်ဒေါ်ဆာဝီတို့ သုံးဦးတည်းသာ ပြည်ပအခြေစိုက်ကစားသမားတွေဖြစ်ပါတယ်။ ဆော်ဒီဟာ ၂၀၁၈ထဲမှာ ခြေစမ်းပွဲတွေ ဆက်တိုက်ကစားထားတာတွေ့ရပြီး ဘယ်လ်ဂျီယံကို ၄-၀၊ အီတလီကို ၂-၁တွေနဲ့ အရေးနိမ့်ထားပေမယ့် အယ်လ်ဂျီးရီးယားနဲ့ ဂရိတို့ကို ၂-၀ ဂိုးတွေနဲ့ အနိုင်ရထားပါတယ်။ အချောင်ဆုံးအုပ်စုတစ်ခုထဲကိုရောက်နေပေမယ့် ဆော်ဒီအသင်း အုပ်စုတက်ဖို့ဆိုတာကတော့ ရာခိုင်နှုန်းနည်းပါးလွန်းတယ်လို့ အားလုံးကခန့်မှန်းထားကြပါတယ်။ ■

သုံးသပ်ချက်

အုပ်စုအနေအထားအရ တောင်အမေရိကထိပ်သီးလည်းဖြစ်၊ ပြိုင်ပွဲအတွေ့အကြုံလည်းများပြားတဲ့ ဥရုဂွေးဟာ ဒီအုပ်စုမှာ အုပ်စုဗိုလ်ဖြစ်ဖို့ သေချာသလောက်ရှိနေပြီး ဒုတိယနေရာအတွက်တော့ အီဂျစ်နဲ့ အိမ်ရှင်ရုရှားတို့ အားပြိုင်ရဖို့ရှိနေပါတယ်။ ဒီလိုအခြေအနေမှာ အီဂျစ်က ဆာလားဟ်ကြွခိုင်မှုအပြည့်နဲ့ ကစားနိုင်ဖို့ မသေချာတာကြောင့် ရုရှားအတွက် အခွင့်အရေးရှိလာနိုင်ပါတယ်။ အားအနည်းဆုံးဆော်ဒီကတော့ အုပ်စုအဆင့်နဲ့သာ ကျေနပ်ရဖို့ ရာခိုင်နှုန်းများနေပါတယ်။

ပြင်သစ်အတွက် သွားလမ်းသာ၊ လာလမ်းဖြောင့်နေတဲ့ အုပ်စု (ဂ)

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု (ဂ) သုံးသပ်ချက်

အုပ်စု (ဂ) အတွင်းမှာ ရင်ဆိုင်ရမယ့်ပြိုင်ဘက်တွေဟာ သြစတြေးလျ၊ ပီရူး၊ ဒိန်းမတ်တို့ သုံးသင်းဖြစ်နေလို့ ပြင်သစ်အတွက် ကံကောင်းတာပါပဲ။ သြစတြေးလျ၊ ပီရူး၊ ဒိန်းမတ်တို့ရဲ့ထူးထူးခြားခြားတူညီနေတဲ့အချက်ကတော့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ၄ ကြိမ်စီကစားခဲ့ဖူးတဲ့ အတွေ့အကြုံတူညီနေတာဖြစ်ပြီး ပြင်သစ်နဲ့အတူ ၁၆ သင်းအဆင့်ကို ဘယ်အသင်းတက်လှမ်းသွားမလဲဆိုတာဟာ ဖြေရခက်တဲ့မေးခွန်းဖြစ်ပါတယ်။

ပြင်သစ်

ပြင်သစ်ဟာ လက်ရှိမျိုးဆက်အနေအထားအရ ၁၉၉၈ ကမ္ဘာ့ဖလားတုန်းကလိုမျိုး ချန်ပီယံဆုရဖို့ထိုက်တန်ပေမယ့် မရယူနိုင်သေးပါဘူး။ ၂၀၁၄ ကမ္ဘာ့ဖလားတုန်းက ကွာတားဖိုင်နယ်၊ ယူရို ၂၀၁၆တုန်းက ဒုတိယသာရခဲ့တဲ့အတွက် လမ်းတစ်ကမ်းအကွာရောက်နေပြီလို့တော့ ပြောနိုင်ပါတယ်။ ဒါကြောင့် အခုကမ္ဘာ့ဖလားပြိုင်ပွဲမှာ ရှိသမျှအစွမ်းအကုန်ထုတ်ပြရတော့မှာဖြစ်ပါတယ်။ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ၁၄ကြိမ်ကစားခဲ့ဖူးတဲ့ပြင်သစ်အတွက် ကံကောင်းတာကတော့ အုပ်စုအဆင့်ကို လွယ်လွယ်ကူကူ ကျော်ဖြတ်နိုင်မယ့်အနေအထားရှိနေတာဖြစ်ပြီး အုပ်စုဗိုလ်ဖြစ်ခဲ့မယ်ဆိုရင် ပြိုင်ပွဲလမ်းကြောင်းကလည်း လှနေပါတယ်။

၂၀၁၂မှာကတည်းက ကိုင်တွယ်ခဲ့တဲ့ နည်းပြဒက်စ်ချမ့်စ်ရဲ့ပြင်သစ်ဟာ ခြေစစ်ပွဲအဆင့်မှာတုန်းကတော့ ဆွီဒင်၊ နယ်သာလန်တို့ပါဝင်တဲ့ အုပ်စုမှာ ဒုတိယနေရာက ဆွီဒင်ကို လေးမှတ်ဖြတ်ကာ အုပ်စုဗိုလ်ဖြစ်ခဲ့တယ်ဆိုပေမယ့် အားရစရာသိပ်မကောင်းခဲ့တာက တိုက်စစ်ပိုင်းဖြစ်နေပါတယ်။ ဘီလာရုစ်၊ လူဇင်ဘတ်၊ ဘူဂေးရီးယားတို့လည်းပါဝင်တဲ့ အဲဒီအုပ်စုအဆင့်ခြေစစ်ပွဲ ၁၀ပွဲမှာ ၁၈ဂိုးသာသွင်းနိုင်ခဲ့တာဖြစ်ပြီး ဒီနှုန်းဟာ ဆွီဒင်ထက် ရှစ်ဂိုး၊ နယ်သာလန်ထက် သုံးဂိုးပိုနည်းနေတာပါ။ ခြေစစ်ပွဲအဆင့်တုန်းက အုပ်စုဗိုလ်ဖြစ်ခဲ့တဲ့အသင်းတွေမှာ ပေါ်တူဂီက ၃၂ဂိုး၊ ဂျာမနီက ၄၃ဂိုး၊ ဆားဘီးယားက ၂၀ဂိုး၊ ပိုလန်က ၂၈ဂိုး၊ အင်္ဂလန်က ၁၈ဂိုး၊ စပိန်က ၃၆ဂိုး၊ ဘယ်လ်ဂျီယံက ၄၃ဂိုး၊ အိုက်စလန်က ၁၆ဂိုးသွင်းခဲ့တဲ့အတွက် ပြင်သစ်ရဲ့ဂိုးသွင်းနှုန်းအားရစရာမရှိဘူးဆိုတာ မြင်သာနေပါတယ်။ ဒါပေမဲ့လည်း ခြေစစ်ပွဲတွေအပြီး ခြေစမ်းပွဲတွေမှာတော့ ပြင်သစ်တိုက်စစ်ဟာ တစ်ပွဲကို အနည်းဆုံး ၂ ဂိုးနှုန်း ဆက်တိုက်သွင်းခဲ့ပါတယ်။

တကယ်တော့ ပြင်သစ်ဟာ လက်ရှိအချိန်မှာ တိုက်စစ်အသားပေးတဲ့ကစားသမားကောင်းတွေ အပေါ်များဆုံးဖြစ်နေတာပါ။ ဘယ်လောက်တောင်ပေါနေသလဲဆိုရင် ကမ္ဘာ့ဖလားအတွက် လူရွေးချယ်ရာမှာ မာတီရယ်လ်၊ လာကာဇက်၊ ဘင်ယက်ဒါ၊ ဘင်ဇီမာတို့ကို ချန်လှပ်ခဲ့တာက သက်သေပါပဲ။ လက်ရှိရွေးချယ်ထားတဲ့လူစာရင်းမှာ တိုက်စစ်ပိုင်းအတွက် အမ်ဘတ်ပေ၊ ဂျီရုဒ်နဲ့ ဂရစ်ဇ်မန်းတို့က အဓိကဖြစ်ပြီး သူတို့အပြင် သော်အူဗင်၊ ဖာကီရာ၊ ဒမ်ဘီလီတို့လည်းရှိနေသေးတာကြောင့် အားရစရာကောင်းပါတယ်။ ကွင်းလယ်စုဖွဲ့မှုကြည့်ပြန်တော့လည်း ကမ္ဘာ့အဆင့်ကစားသမားတွေပိုင်ဆိုင်ထားတာကြောင့် ပြင်သစ်ဟာ ခြေစစ်ပွဲတုန်းက ဂိုးသွင်းနှုန်းကျဆင်းခဲ့တာတောင်မှ ကမ္ဘာ့ဖလားအတွက် ဗိုလ်စွဲဖို့ ရေပန်းစားမှုမှာ အဆင့်လေးနေရာ ရောက်နေတာဖြစ်ပါလိမ့်မယ်။

စာမျက်နှာ 9 သို့

စာ - 6 “အိုင်ဘာနီယန်ဒါဘီကအုပ်စုဗိုလ်နေရာကိုဆုံးဖြတ်မယ့် အုပ်စု (ခ) စီးချင်း” မှ အဆက်

လင့်နေပါတယ်။ ပေါ်တူဂီမှာ အဓိကအရေးပါလာမှာက စီရော်နယ်ဒိုပဲဖြစ်မယ်ဆိုတာ အငြင်းပွားစရာမလိုပေမယ့် သူဟာ ၂၀၀၆ပြိုင်ပွဲ နောက်ပိုင်းကမ္ဘာ့ဖလားပြိုင်ပွဲတိုင်းမှာ တစ်ဂိုးထက်ပိုပြီး ဂိုးသွင်းယူနိုင်ခြင်းမရှိတာ တွေ့ရပါတယ်။

စီရော်နယ်ဒိုအနေနဲ့ ပေါ်တူဂီရဲ့သမိုင်းတစ်လျှောက် ကမ္ဘာ့ဖလားဂိုးသွင်းဘုရင်ဖြစ်ပြီး ၁၉၆၆ကမ္ဘာ့ဖလားပြိုင်ပွဲတစ်ခုတည်းမှာ ကိုးဂိုးသွင်းယူထားတဲ့ အူစီဘီယိုကိုမီဖို့ ခုနစ်ဂိုးသွင်းယူဖို့လိုနေပါသေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ခြေစစ်ပွဲအဆင့်မှာ ပေါ်တူဂီအတွက် ၁၅ဂိုးအထိသွင်းယူပေးခဲ့တဲ့ စီရော်နယ်ဒိုဟာ အဓိက,ကစားသမားဖြစ်နေဦးမှာဖြစ်ပြီး သူနဲ့အတူစောင့်ကြည့်ရမယ့်ကစားသမားတွေကတော့ အန်ဒရေးဆေးလ်ဗားနဲ့ ဝီလျံကာဗယ်ဟိုတို့ပဲဖြစ်ပါတယ်။ ဆေးလ်ဗားဟာ စီရော်နယ်ဒိုနည်းတူ ခြေစစ်ပွဲကာလမှာ အရေးပါတဲ့ဂိုးတွေသွင်းယူပေးခဲ့သူဖြစ်ပြီး ကိုးဂိုးအထိသွင်းယူခဲ့သူဖြစ်ပါတယ်။

ပေါ်တူဂီရဲ့အဓိကအားနည်းချက်ဖြစ်လာနိုင်တာက ခံစစ်ပိုင်းဖြစ်နိုင်ပြီး အဓိက,ကစားသမားတွေဖြစ်တဲ့ ဖွန်တီ၊ ပီပီနဲ့ ဘရူနိုအဲလ်ဗက်စ်တို့အားလုံးဟာ အသက် ၃၅နှစ်ဝန်းကျင်တွေဖြစ်ကြပါတယ် ခံစစ်ကစားသမားတွေထဲမှာ အသက်အငယ်ဆုံးဆိုလို့ ၂၁နှစ်အရွယ် ဘင်ဇီကာက ရူဘန်ဒီယက်ဇ်ပဲ ပါဝင်ပါတယ်။ ခံစစ်ပိုင်းကိုအလေးထားပြီး တန်ပြန်တိုက်စစ်ကို အားသန်တဲ့ ပေါ်တူဂီနည်းပြဆန်းတိုစ်ရဲ့နည်းဗျူဟာက ယူရို ၂၀၁၆ ပြိုင်ပွဲမှာတုန်းက အလုပ်ဖြစ်ခဲ့ပေမယ့် ဒီတစ်ကြိမ်ကမ္ဘာ့ဖလားမှာ အသုံးဝင်ပါဦးမလားဆိုတာ စောင့်ကြည့်ရမှာပါ။

မော်ရိုကို

အာဖရိကထိပ်သီးမော်ရိုကိုအတွက် အခုတစ်ကြိမ်ဟာ ကမ္ဘာ့ဖလားပြိုင်ပွဲကို ငါးကြိမ်မြောက်ပါဝင်ကစားခွင့်ရခြင်းဖြစ်ပါတယ်။ ၁၉၇၆ အာဖရိကချန်ပီယံမော်ရိုကိုအသင်းကို အသင်းခေါင်းဆောင်အဖြစ် ဦးဆောင်လာမှာက ဂျူဗင်တပ်နောက်ခံလူဘီနာတီယာဖြစ်ပြီး ဆောက်သမ်တန်က ဘူဖယ်၊ ရီးရဲလ်က ဟာကာမီ၊ ဖီယင်နက အဲလ်အာမာဒီ၊ ဂလာတာစာရေးက ဘယ်လ်ဟန်ဒါတို့လို ဥရောပအခြေစိုက်ကစားသမားတွေ အများအပြားပါဝင်နေပါတယ်။

မော်ရိုကိုဟာ ခြေစစ်ပွဲအဆင့်မှာ ရှုံးပွဲတစ်ပွဲမှမရှိဘဲ ခြေစစ်ပွဲအောင်မြင်လာခဲ့တာဖြစ်ပြီး ဂိုးမရှိသရေပွဲ သုံးပွဲအထိရှိခဲ့လို့ ခံစစ်ကစားပုံနဲ့အတူ ခြေစစ်ပွဲအောင်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ မော်ရိုကိုအနေနဲ့ ၁၉၉၈ နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်ခဲ့တာဖြစ်ပြီး အုပ်စုအဆင့်ကိုကျော်ဖြတ်နိုင်တာလည်း တစ်ကြိမ်သာရှိခဲ့ဖူးပါတယ်။ ၁၉၈၆ ကမ္ဘာ့ဖလားမှာ ပိုလန်၊ အင်္ဂလန်၊ ပေါ်တူဂီတို့နဲ့ တစ်အုပ်စုတည်းကျရောက်ခဲ့စဉ်က နောက်တစ်ဆင့်တက်ခဲ့တာပါ။

ခြေစစ်ပွဲနောက်ဆုံးအဆင့်မှာ ၁၁ဂိုးသွင်းယူခဲ့ပြီး ပေးဂိုးလုံးဝမရှိခဲ့တဲ့မော်ရိုကိုအသင်းရဲ့အဓိကလက်နက်ကတော့ ဘီနာတီယာဦးဆောင်တဲ့ ခံစစ်ပိုင်းဖြစ်ပြီး ဒီအားသာချက်နဲ့ပဲ နောက်တစ်ဆင့်တက်ဖို့ကြိုးစားလာမှာဖြစ်ပါတယ်။ မော်ရိုကိုအနေနဲ့ ခြေစစ်ပွဲအောင်ပြီးတဲ့နောက် ခြေစမ်းပွဲတွေကစားရမှာလည်း ရှုံးပွဲလုံးဝမရှိခဲ့ဘဲ တောင်ကိုရီးယား၊ အိုင်ဇရီကိုစ်၊ ဆားဘီးယားနဲ့ ဆလိုဗက်ကီးယားတို့ကို အနိုင်ရထားတာကြောင့် ဖျက်မြင်းအဖြစ်နဲ့ အုပ်စုအဆင့်ကို မကျော်နိုင်ဘူးလို့ မပြောနိုင်ပါဘူး။

အီရန်

အီရန်အသင်းဟာလည်း မော်ရိုကိုလိုပဲ ကမ္ဘာ့ဖလားပြိုင်ပွဲကို ငါးကြိမ်မြောက်ကစားခွင့်ရမယ့်အသင်းဖြစ်ပြီး သူတို့ရဲ့ကမ္ဘာ့ဖလားသမိုင်းကြောင်းထဲက တစ်ခုတည်းသောနိုင်ပွဲကတော့ ၁၉၉၈ပြင်သစ်ကမ္ဘာ့ဖလားမှာ အမေရိကန်အသင်းကို ၂-၁နဲ့ အနိုင်ရခဲ့ခြင်းပဲဖြစ်ပါတယ်။ အီရန်ဟာ ခြေစစ်ပွဲအဆင့် ၁၀ ပွဲ ကစားခဲ့ရာမှာ ၂၂ မှတ်ရယူပြီး အုပ်စုဗိုလ်အဖြစ် ခြေစစ်ပွဲအောင်မြင်ခဲ့တာဖြစ်ပါတယ်။ အီရန်ဟာ တောင်ကိုရီးယားအပြင် ၂၀၂၂ကမ္ဘာ့ဖလားအိမ်ရှင်ကာတာပါဝင်တဲ့အုပ်စုမှာ ရှုံးပွဲလုံးဝမရှိဘဲ ခြေစစ်ပွဲအောင်မြင်ခဲ့တာဖြစ်ပါတယ်။

ပေါ်တူဂီကို အကောင်းဆုံးဦးဆောင်လာမှာက မန်ယူလက်ထောက်နည်းပြဟောင်း ကွီးရော့ဇ်ဖြစ်ပြီး ပေါ်တူဂီနည်းပြအဖြစ်နှစ်ကြိမ်၊ မန်ယူမှာ ဖာဂူဆန်လက်ထောက်အဖြစ် နှစ်ကြိမ်တာဝန်ယူခဲ့ဖူးတဲ့အပြင် ရီးရဲလ်၊

စပို့တင်းလစ္စဘွန်း၊ နယူးယော့ခ်၊ နာဂိုယာစတဲ့အသင်းတွေမှာလည်း နည်းပြအဖြစ် ကိုင်တွယ်ခဲ့ဖူးတဲ့ ကွီးရော့ဇ်ဟာ အီရန်နည်းပြဖြစ်နေခဲ့တာ ၂၀၁၁ ခုနှစ်ကတည်းကဖြစ်ပါတယ်။ ယူအေအီးနဲ့ တောင်အာဖရိကအသင်းတွေကိုလည်း တာဝန်ယူခဲ့ဖူးသူဖြစ်လို့ ကွီးရော့ဇ်ရဲ့အတွေ့အကြုံတွေနဲ့အတူ အီရန်အနေနဲ့ မထင်မှတ်တာတွေလုပ်ပြနိုင်မလားဆိုတာ စောင့်ကြည့်ရမှာပါ။

အီရန်ရဲ့အဓိက,ကစားသမားတွေက AEK အေသင်က အသင်းခေါင်းဆောင် ရှိုဂျာအီနဲ့ နော်တင်ဟမ်ဖောရက်စ်က ဒီဂျာဂါတို့ပဲဖြစ်မှာသေချာပေမယ့် ရူဘင်ကာဇန်က အက်ဇ်မွန်း၊ အယ်လ်ဂါရာဖာက တာရီမီနဲ့ အိုလံပီယာကော့စ်က ဟက်ဆာဖီတို့ကလည်း အရေးပါလာနိုင်ပါတယ်။ အထူးသဖြင့် အသက် ၂၃နှစ်အရွယ်သာရှိသေးပေမယ့် အီရန်အတွက် ၂၂ဂိုးအထိသွင်းယူထားတဲ့အပြင် ခြေစစ်ပွဲကာလမှာလည်း ခုနစ်ဂိုးသွင်းယူထားတဲ့ အက်ဇ်မွန်းက စောင့်ကြည့်ရမယ့်ကစားသမားဖြစ်ပါတယ်။ ■

သုံးသပ်ချက်

ဒီအုပ်စုမှာ ထိပ်ဆုံးနေရာတွေကိုရယူသွားဖို့ သေချာသလောက် ရှိနေတာက ထိပ်သီးအသင်းတွေဖြစ်တဲ့ စပိန်နဲ့ ပေါ်တူဂီတို့ပဲဖြစ်ပြီး နှစ်သင်းစလုံးဟာ ခြေစစ်ပွဲကာလမှာ သုံးဂိုးနဲ့ လေးဂိုးစီတွေသာ ဂိုးပေးခဲ့ရတာဖြစ်လို့ ဒီလိုခံစစ်တွေကိုကျော်ဖြတ်ပြီး အီရန်နဲ့မော်ရိုကိုတို့က ဂိုးသွင်းနိုင်ဖို့ဆိုတာ ဖြစ်နိုင်ချေနည်းလွန်းပါတယ်။ နောက်ဆုံးယူရိုပြိုင်ပွဲနှစ်ရပ်မှာ ချန်ပီယံဖြစ်ထားတဲ့ စပိန်နဲ့ပေါ်တူဂီတို့ပဲ နောက်တစ်ဆင့်တက်သွားမှာသေချာနေပြီး ဒီဂီယာကိုပိုင်ဆိုင်ထားတဲ့ စပိန်ကပေါ်တူဂီထက်နာတစ်ဖျားအသာနဲ့ အုပ်စုဗိုလ်နေရာကို ရယူသွားပါလိမ့်မယ်။ စီရော်နယ်ဒိုအတွက် နောက်ဆုံးဖြစ်ဖို့များတဲ့ ဒီနှစ်ကမ္ဘာ့ဖလားမှာ သူ့အနေနဲ့ ရွှေဖိနပ်ဆုကိုရနိုင်ဖို့ဆိုတာကလည်း မဖြစ်နိုင်သလောက်ပါပဲ။

ဩစတြေးလျ

ကမ္ဘာ့ဖလားကစားခဲ့ဖူးတဲ့ လေးကြိမ်မှာ ၂၀၀၆တစ်ကြိမ်ကလွဲရင် ကျန်သုံးကြိမ်မှာ အုပ်စုကနေလှည့်ပြန်ခဲ့ရတဲ့ ဩစတြေးလျအတွက် အခု ကမ္ဘာ့ဖလားဟာလည်း အုပ်စုကျွတ်ဖို့ခက်ခဲမယ့်ပြိုင်ပွဲဖြစ်ပါတယ်။ ဩစတြေးလျကို ကိုင်တွယ်နေတဲ့ နည်းပြဗန်မားဝစ်ဂျ်ဆိုတာ ၂၀၁၀ကမ္ဘာ့ဖလားတုန်းက နယ်သာလန်အသင်းကို ဗိုလ်လုပွဲရောက်အောင်ပို့ဆောင်ပေးခဲ့တဲ့နည်းပြဖြစ်တယ်ဆိုပေမယ့် 'ဝ' မရှိဘဲ 'ဝိ' လုပ်မရဆိုတဲ့အတိုင်းပဲ ဩစတြေးလျလိုအသင်းနဲ့တော့ ထူးထူးခြားခြားလုပ်ပြနိုင်ဖို့ မလွယ်ပါဘူး။ ဩစတြေးလျရဲ့ ခြေစွမ်းအဆင့်အတန်းဟာ ခြေစစ်ပွဲအဆင့်မှာကတည်းက ပေါ်လွင်ခဲ့ပြီး ကမ္ဘာ့ဖလားကစားခွင့်ရဖို့အတွက် အာရှဇုန်မှာ နောက်ဆုံးအဆင့်ခြေစစ်ပွဲအဖြစ် ဆီးရီးယားနဲ့ကစားခဲ့ရပြီး ဆီးရီးယားလိုအသင်းကိုတောင် အဝေးကွင်းမှာ ၁-၁၊ အိမ်ကွင်းမှာ အချိန်ပိုအထိကစားခဲ့ရတာ ဖြစ်ပါတယ်။ အဲဒီနောက်မှာလည်း ကွန်ကာကပ်ဇုန်က ဟွန်ဒူးရပ်စ်နဲ့ ခြေစစ်ပွဲထပ်ကစားခဲ့ရပြီး အဝေးကွင်းမှာ ၀-၀သရေကျကာ အိမ်ကွင်းမှာ ၃-၁နဲ့နိုင်ခဲ့တာကတော့ ပင်နယ်တီ နှစ်ဂိုးပါဝင်တာကြောင့်ဖြစ်ပါတယ်။ ပြောရမယ်ဆိုရင် ဩစတြေးလျဟာ ခြေစစ်ပွဲအောင်ဖို့တောင် ခက်ခက်ခဲခဲကြိုးပမ်းခဲ့ရတဲ့အတွက် တကယ့်ပြိုင်ပွဲကြီးမှာ အစွမ်းပြဖို့ဆိုတာ ဝေးလွန်းပါတယ်။

အသက် ၃၈နှစ်ရှိနေပြီဖြစ်တဲ့ တင်မ်ကာဟေးလ်၊ ၃၃နှစ်ရှိနေပြီဖြစ်တဲ့ ဂျီဒီနက်ခ်ိတို့ကို အဓိကအားကိုးနေရတာဖြစ်တဲ့ ဩစတြေးလျလူစာရင်းမှာ ဂိုးအများဆုံးသွင်းပေးထားတာဟာလည်း သူတို့နှစ်ဦးသာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဇန်နဝါရီလတုန်းကမှ ဩစတြေးလျကို စတင်ကိုင်တွယ်တာဖြစ်တဲ့ နည်းပြဗန်မားဝစ်ဂျ်အနေနဲ့လည်း အချိန်တိုအတွင်းမှာပဲ အဲဒီပြဿနာကိုဖြေရှင်းဖို့တော့ မဖြစ်နိုင်ဘူးထင်ပါတယ်။

ပီရူး

ပီရူးဟာလည်း ဩစတြေးလျလိုပဲ ကမ္ဘာ့ဖလားကို နောက်ဖေးပေါက်ကနေ ဝင်ခဲ့ရတာဖြစ်ပါတယ်။ တောင်အမေရိကဇုန်ခြေစစ်ပွဲတုန်းက အဆင့်ငါးနေရာမှာသာရပ်တည်နိုင်ခဲ့လို့ ပီရူးဟာ သမုဒ္ဒရာပိုင်းဇုန်က နယူးဇီလန်နဲ့ ထပ်ဆင့်ခြေစစ်ပွဲကစားခဲ့ရတာဖြစ်ပြီး ဒီခြေစစ်ပွဲမှာတော့ အဝေးကွင်း ၀-၀၊ အိမ်ကွင်း ၂-၀ရလဒ်နဲ့ ခြေစစ်ပွဲအောင်ခဲ့ပါတယ်။ ဒါကြောင့် ၃၆နှစ်ကြာဝေးကွာခဲ့ရတဲ့ကမ္ဘာ့ဖလားအိပ်မက်ကို ပြန်လည်အသက်သွင်းနိုင်ခဲ့တာဖြစ်ပါတယ်။ တောင်အမေရိကဇုန်မှာ ကိုပါအမေရိကချန်ပီယံ ချီလီကို ကျော်ဖြတ်နိုင်ခဲ့တဲ့ ပီရူးဟာ အရင်ကစားခဲ့ဖူးတဲ့ ကမ္ဘာ့ဖလားလေးကြိမ်တုန်းက နှစ်ကြိမ်မှာ အထင်ကြီးလောက်စရာခြေစွမ်းပြသနိုင်ခဲ့ပြီး ကွာတားဖိုင်နယ်အထိရောက်ရှိခဲ့ဖူးပါတယ်။

လက်ရှိအနေအထားအရ ပီရူးအတွက် အားတက်စရာဖြစ်စေတာကတော့ အဓိကတိုက်စစ်မှူး ဂွါရဲရိုး ပြန်လည်ပါဝင်လာမယ့်ကိစ္စဖြစ်ပါတယ်။ ပီရူးအသင်းသမိုင်းတစ်လျှောက် ဂိုးအများဆုံးသွင်းသူအဖြစ် ၃၂ ဂိုးသွင်းပေးထားတဲ့ အသင်းခေါင်းဆောင် ဂွါရဲရိုးဟာ ပြီးခဲ့တဲ့နှစ်တုန်းက တားမြစ်ဆေးပြဿနာကြောင့် ၁၄လပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရတာဖြစ်ပြီး အဲဒီပြစ်ဒဏ်အတွက် အဆင့်ဆင့်အယူခံဝင်ခဲ့ရာမှာ အခုတော့ နောက်ဆုံးအယူခံအောင်မြင်သွားခဲ့ပြီဖြစ်လို့ ကမ္ဘာ့ဖလားမှာပါဝင်ခွင့်ရသွားပါပြီ။ ဒါကြောင့် လက်ရှိလူစာရင်းအရ ပွဲအများဆုံးကစားထားပြီး ဂိုးအများဆုံး သွင်းထားသူ ဂွါရဲရိုးက တိုက်စစ်ကို ဦးဆောင်တော့မှာဖြစ်ပြီး သူနဲ့အတူ ၂၅ ဂိုးသွင်းထားသူ ဖာဖန်လည်းရှိနေလို့ ပီရူးအတွက် အားတက်စရာဖြစ် ပါတယ်။ တကယ်တမ်း လက်ရှိပီရူးလူစာရင်းမှာ ဂွါရဲရိုးနဲ့ ဖာဖန်ကလွဲရင် နာမည်ကြီးကစားသမားမရှိပေမယ့် အားလုံးဟာ နိုင်ငံတကာပွဲအတွေ့အကြုံရှိတဲ့ကစားသမားတွေဖြစ်နေတာဟာလည်း အားသာချက်လို့ ဆိုရမှာပါ။ ဒါကြောင့် ပြင်သစ်နောက်ကိုလိုက်မယ့် တစ်သင်းအဖြစ် ပီရူးကိုလည်းလျှော့တွက်ထားလို့ မရပါဘူး။

ဒိန်းမတ်

၁၉၉၈ကမ္ဘာ့ဖလားမှာ ကွာတားဖိုင်နယ်အထိရောက်အောင် စွမ်းဆောင်ပြခဲ့ဖူးတဲ့ ဒိန်းမတ်ဟာ ၂၀၀၂တုန်းကလည်း အုပ်စုအဆင့်ကို ကျော်ဖြတ်ပြနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၄ကမ္ဘာ့ဖလားနဲ့ ယူရို ၂၀၁၆မှာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိပေမယ့် အခုကမ္ဘာ့ဖလားအတွက် ခြေစစ်ပွဲအဆင့်မှာတော့ သူတို့ဟာ လျှော့တွက်လို့မရတဲ့အသင်းဖြစ်တယ်ဆိုတာကို ဒိန်းမတ် ပြသနိုင်ခဲ့ပါတယ်။ ပိုလန်ကို မကျော်ဖြတ်နိုင်လို့ အုပ်စုဒုတိယသာရခဲ့ပေမယ့် ၁၀ပွဲပေါင်း ဂိုး ၂၀သွင်းပြီး ၈ဂိုးသာပြန်ပေးခဲ့ရတဲ့အနေအထားဟာ မဆိုးလှပါဘူး။ ထပ်ဆင့်ခြေစစ်ပွဲကစားတဲ့အခါမှာဆိုရင်လည်း အိုင်ယာလန်ကို အိမ်ကွင်းမှာ ၀-၀ဖြစ်ခဲ့ပေမယ့် အဝေးကွင်းမှာ ၁-၅နဲ့အထိအနိုင်ရခဲ့တာကြောင့် ဒိန်းမတ်ရဲ့ခြေစစ်ပွဲအဆင့်သွင်းဂိုးအရေအတွက်ဟာ ၂၅ဂိုးအထိဖြစ်ခဲ့ပါတယ်။ ၁၂ပွဲပေါင်း ၂၅ဂိုးဆိုတာဟာ တစ်ပွဲပျမ်းမျှ ၂ဂိုးနှုန်းကျော်ပါတယ်။

တိုက်စစ်မှာ ဝါရင့်ကစားသမားတွေဖြစ်တဲ့ ဘန်တနာနဲ့ ဂျော်ဂျန်ဆန်အပြင် လူငယ်ခြေတက်တွေဖြစ်တဲ့ လိုက်ပ်ဇစ်ဂျ်က ပေါလ်ဆန်၊ အတ္တလန္တာက ကော်နီလီယက်စ်၊ ဘော်ဒိုးက ဘရိန်းဝိတ်၊ အေဂျက်က ဒိုလ်ဘာ့ဂ် တို့လည်းရှိနေလို့ အားရစရာဖြစ်နေပြီး ကွင်းလယ်မှာ အခရာအကျဆုံးကတော့ စပါးက အီရစ်ခ်ဆန်ဖြစ်ပါတယ်။ ရှားရှားပါးပါးလူမည်းဖြစ်တဲ့ ဆဲလ်တာဗီဂိုက ဆစ်တိုဟာလည်း တောင်ပံတိုက်စစ်အတွက် အရေးပါပါတယ်။ ခံစစ်ကိုကြည့်တော့လည်း ချယ်လ်ဆီးက ခရစ္စတင်ဆန်နဲ့ ဆီဗီလာက ဆိုင်မွန်ဂျားတို့အတွဲအဖက်ဟာ ဒိန်းမတ်ခံစစ်ကို တံတိုင်းပမာဖြစ်နေစေတာကြောင့် ဒိန်းမတ်ရဲ့အင်အားကို ပြင်သစ်တောင် သတိထားရမယ့် သဘောဖြစ်နေပါတယ်။ ■

သုံးသပ်ချက်

ဒိန်းမတ်၊ ဩစတြေးလျနဲ့ ပီရူးတို့သုံးသင်းစလုံးဟာ ကမ္ဘာ့ဖလားကို နောက်ဖေးပေါက်က ဝင်လာတဲ့အသင်းတွေဖြစ်လို့ ပြင်သစ်အတွက် အုပ်စုဗိုလ်ဖြစ်ဖို့က လွယ်လွယ်လေးပါ။ ပြင်သစ်နောက်လိုက်မယ့်အသင်းဆိုရင်တော့ လူအင်အားတောင့်တဲ့ ဒိန်းမတ်က ဖြစ်နိုင်ခြေများပါတယ်။

အားကစားပစ္စည်းအမျိုးမျိုးကို
လက်လီ / လက်ကား
ဈေးနှုန်းချိုသာစွာဖြင့်
ဝယ်ယူရရှိနိုင်ပါသည်။
Online ဝယ်ယူခြင်းအတွက် Delivery ရှိပါသည်။

KP sports

ဆိုင်လိပ်စာ ➤ အမှတ်(၂၉၃)၊ ဆရာစံလမ်းမကြီး၊ (၃၃)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်။
အိမ်လိပ်စာ ➤ အမှတ် (၁၀၄၄)၊ သင်းဝင်(၄)လမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်။ (နာရီစင်မှတ်တိုင်အနီး)
ဖုန်းနံပါတ် ➤ ၀၉-၅၄၀၀၉၆၅၊ ၀၉-၄၂၀၀၆၆၃၃၅၊ ၀၉-၅၀၃၃၄၆၅

အထင်နဲ့အမြင် တက်တက်စင်လွဲသွားနိုင်တဲ့ အုပ်စု (ဃ)

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု (ဃ) သုံးသပ်ချက်

အုပ်စု (ဃ) ကိုကြည့်လိုက်ရင် အာဂျင်တီးနားနဲ့ ခရိုအေးရှားကို ထင်းခနဲမြင်ရမှာဖြစ်ပြီး အာဂျင်တီးနားအတွက်တော့ အေးဆေးပဲလို့ ထင်စရာကောင်းပါတယ်။ ဒါပေမဲ့ အာဂျင်တီးနားဟာ ခြေစစ်ပွဲအောင်ဖို့ အသည်းအသန်ဖြစ်ခဲ့ရတာကို မေ့ထားလို့မရသလို ခရိုအေးရှားဆိုရင်လည်း ကမ္ဘာ့ဖလားကို နောက်ဖေးပေါက်ကနေဝင်ခဲ့ရတာဖြစ်ပါတယ်။ အထူးသဖြင့် အိုက်စလန်ရဲ့စုစည်းမှုအားကောင်းမွန်မှုနဲ့ နိုင်ဂျီးရီးယားရဲ့မာကျောမှုက အာဂျင်တီးနားနဲ့ ခရိုအေးရှားကို သေချာပေါက်အခက်အခဲဖြစ်စေနိုင်ပါတယ်။

အာဂျင်တီးနား

လက်ရှိအာဂျင်တီနားရဲ့မျိုးဆက်ဟာ အကောင်းဆုံးအနေအထားတစ်ရပ်မှာရှိနေပြီး မက်ဆီ၊ ဟီဂူအင်၊ အဂူရို၊ မာရှေယာနို၊ ဒီမာရီယာတို့နဲ့ အင်မတန်မြိုင်ဆိုင်လှပါတယ်။ ဒါပေမဲ့ မက်ဆီလိုကစားသမား ဦးဆောင်ပါဝင်တဲ့ ဒီမျိုးဆက်လက်ထက်မှာ အာဂျင်တီးနားဟာ အဓိကဆုဖလားတစ်ကြိမ်မှမရသေးတာကတော့ ဆိုးပါတယ်။ ကိုပါအမေရိကပြိုင်ပွဲနောက်ဆုံးငါးကြိမ်အနက် ဗိုလ်လုပွဲလေးကြိမ်တက်ခဲ့ပေမယ့် လေးကြိမ်စလုံး ဒုတိယ၊ ၂၀၁၄ကမ္ဘာ့ဖလားမှာ ဗိုလ်လုပွဲတက်တော့လည်း ဒုတိယသာဖြစ်ခဲ့တာကြောင့် ဒီမျိုးဆက်နဲ့ ဆုဖလားဟာ ကံမစပ်သလိုဖြစ်နေပါတယ်။ အသက်အရွယ်အနေအထားအရဆိုရင်တော့ အာဂျင်တီးနားလက်ရှိမျိုးဆက်အတွက် အခုကမ္ဘာ့ဖလားက နောက်ဆုံးအခွင့်အရေးဖြစ်နိုင်ပြီး ဒီတစ်ကြိမ်လွဲရင် မက်ဆီနဲ့တကွ နာမည်ကျော်ကစားသမားတော်တော်များများဟာ နိုင်ငံတကာကစားသမားဘဝကို ခေါင်းငုံ့ပြီးကျောခိုင်းရမှာဖြစ်ပါတယ်။ ဒီတော့ အခုကမ္ဘာ့ဖလားပြိုင်ပွဲဟာ အာဂျင်တီးနားနာမည်ကျော်တွေအတွက် ဂုဏ်သိက္ခာအရ အင်မတန် အရေးကြီးနေတယ်လို့ ဆိုရပါမယ်။

တကယ်တော့ အာဂျင်တီးနားဟာ တိုက်စစ်အင်အားအတောင့်ဆုံးအသင်းတစ်သင်းဖြစ်ပြီး ဒါကြောင့်လည်း အခုကမ္ဘာ့ဖလားမှာ ဘရာဇီး၊ ဂျာမနီ၊ စပိန်၊ ပြင်သစ်တို့ပြီးရင် ဗိုလ်စွဲဖို့ရေပန်းအစားဆုံးဖြစ်နေတာပါ။ ဗိုလ်စွဲဖို့ရေပန်းစားတဲ့အချက်တွေထဲမှာ ဗိုလ်လုပွဲအကြိမ်ကြိမ်တက်နိုင်ခဲ့တာလည်း အကြောင်းအရင်းတစ်ခုဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့လည်း အာဂျင်တီးနားဟာ လူများပြီးပွဲမစည်တဲ့အသင်းဖြစ်နေပြီး ဒါကို ခြေစစ်ပွဲအဆင့်မှာ မြင်တွေ့ခဲ့ရပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းဂိုးရရှိမှုနှုန်းဟာ မက်ဆီပါဝင်တဲ့အသင်းလို့တောင် ထင်စရာမရှိပါဘူး။ စုစုပေါင်း ၁၈ ပွဲမှာ ၁၉ ဂိုးသာ သွင်းနိုင်ခဲ့ပြီး ဒါဟာ ၄၁ဂိုးသွင်းခဲ့တဲ့ ဘရာဇီး၊ ၃၂ ဂိုးသွင်းခဲ့တဲ့ ဥရုဂွေး၊ ၂၇ ဂိုးသွင်းခဲ့တဲ့ ပီရူး၊ ၂၆ဂိုးစီသွင်းခဲ့တဲ့ ချီလီ၊ အီကွေဒေါတို့နဲ့ယှဉ်ရင် အင်မတန်မှနည်းနေပါတယ်။ တောင်အမေရိက ၁၀ သင်းထဲမှာ အာဂျင်တီးနားထက် သွင်းဂိုးနည်းတာဆိုလို့ ဘိုလီးဗီးယားတစ်သင်းသာရှိပြီး ဗင်နီဇွဲလား၊ ပါရာဂွေးတို့ဆိုရင် အာဂျင်တီးနားနဲ့တန်းတူအဖြစ် ၁၉ဂိုးစီသွင်းနိုင်ခဲ့ပါတယ်။ လက်ရှိလူရွေးချယ်ထားမှုမှာ တိုက်စစ်ပိုင်းအတွက် မက်ဆီ၊ ဟီဂူအင်၊ အဂူရိုနဲ့ ဒိုင်ဘာလာတို့ပါဝင်နေတယ်ဆိုပေမယ့် ကွင်းလယ်ပိုင်းကတော့ အခြားအသင်းကြီးတွေနဲ့ယှဉ်ရင် အနည်းငယ်နိမ့်ကျနေတဲ့အတွက် ချီလီနဲ့အတူ ကိုပါအမေရိကချန်ပီယံဖြစ်ခဲ့ဖူးတဲ့ နည်းပြဆမ်ပါအိုလိုအနေနဲ့ အာဂျင်တီးနားကို ဘယ်လိုအပြောင်းအလဲလုပ်ပေးမလဲဆိုတာ အဓိကစောင့်ကြည့်ရမှာပါ။

ခရိုအေးရှား

ကမ္ဘာ့ဖလားကို နောက်ဖေးပေါက်က ဝင်ခဲ့ရတဲ့အသင်းတွေထဲမှာ ခရိုအေးရှားလည်းပါဝင်ပါတယ်။ ခြေစစ်ပွဲအဆင့်တုန်းက အိုက်စလန်၊ ယူကရိန်း၊ တူရကီ၊ ဖင်လန်၊ ကိုဆိုဗိုတို့နဲ့ တစ်အုပ်စုတည်းကျရောက်ခဲ့တဲ့ ခရိုအေးရှားဟာ အစောပိုင်းတုန်းက အုပ်စုဗိုလ်အဖြစ်နဲ့ တိုက်ရိုက်ခြေစစ်ပွဲအောင်ဖို့ အခြေအနေကောင်းခဲ့ပေမယ့် နှောင်းပိုင်းကာလမှာ အိုက်စလန်နဲ့ တူရကီကို ရှုံးပြီး ဖင်လန်နဲ့သရေကျခဲ့လို့ အုပ်စုဗိုလ်နေရာကို အိုက်စလန်ထံ လွှဲပြောင်းပေးခဲ့ရပါတယ်။ ဒါပေမဲ့ ထပ်ဆင့်ခြေစစ်ပွဲမှာတော့ ဂရိကို အိမ်ကွင်း ၄-၁၊ အဝေးကွင်း ၀-၀ကစားနိုင်ခဲ့လို့ ခြေစစ်ပွဲအောင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ခြေစစ်ပွဲအဆင့်မှာ ခရိုအေးရှားကို ချီးကျူးချင်စရာဖြစ်ခဲ့တာက ခံစစ်ပိုင်းတောင့်တင်းမှုဖြစ်ပြီး အုပ်စုအဆင့် ၁၀ပွဲမှာ ၄ဂိုးသာပေးခဲ့ရတာဟာ ပေါ်တူဂီ၊ ဂျာမနီတို့နဲ့ တန်းတူအဆင့်ရှိတဲ့ခံစစ်မျိုးဖြစ်ပါတယ်။ အက်သလက်တီကိုက ဗာဆယ်ကို၊ လီဗာပူးက လိုဗရန်အပြင် ဝါရင့်တွေဖြစ်တဲ့ ကော်လူကာနဲ့ ဗီဒါတို့လည်းရှိနေလို့ ခံစစ်ပိုင်းက အားရစရာဖြစ်ပါတယ်။

ရာကီတစ်၊ မိုဒရစ်၊ ကိုဗာဆစ်၊ ဘရိုဇိုဗစ်တို့ရဲ့ကွင်းလယ်နဲ့ ပါရီဆစ်၊ ဂရာမာရစ်၊ ကာလီနစ်၊ မန်ဇူကစ်၊ ရာဘစ်၊ ပီဂျာကာတို့ရဲ့တိုက်စစ်ပိုင်းကလည်း အဆင့်အတန်းမြင့်မားပါတယ်။ ၁၉၉၈ကမ္ဘာ့ဖလားတုန်းက တတိယရခဲ့သလို အမြင့်ဆုံးအောင်မြင်ချင်ရင် ပထမဆုံးအနေနဲ့ သတိထားရမှာကတော့ ခြေစစ်ပွဲတုန်းကတွေ့ခဲ့တဲ့ အိုက်စလန်နဲ့ တစ်ကျော့ပြန်တွေ့ဆုံနေတာဖြစ်ပြီး ခြေစစ်ပွဲကလို အိုက်စလန်ကို မကျော်နိုင်ရင်တော့ ...။

အိုက်စလန်

အိုက်စလန်အတွက်ကတော့ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပထမဆုံးကစားခွင့်ရတာဖြစ်ပြီး ဒါကြောင့်လည်း အိုက်စလန်ဟာ ကမ္ဘာ့ဖလားသမိုင်းထဲမှာ အသေးငယ်ဆုံးနိုင်ငံအဖြစ် မှတ်တမ်းဝင်သွားခဲ့ပါပြီ။ တကယ်တော့ အိုက်စလန်ရဲ့မြင့်တက်မှုဟာ ယူရို ၂၀၁၆ခြေစစ်ပွဲကနေ စတင်တာဖြစ်ပြီး အဲဒီတုန်းက ချက်၊ တူရကီ၊ နယ်သာလန်တို့ပါဝင်တဲ့အုပ်စုကနေ ခြေစစ်ပွဲအောင်ခဲ့တဲ့ အိုက်စလန်ဟာ ပြိုင်ပွဲကြီးရောက်တော့လည်း ကွာတားဖိုင်နယ်အထိ တက်လှမ်းနိုင်ခဲ့တာပါ။ အိုက်စလန်နာမည်ကြီးခဲ့တာက ၁၆သင်းအဆင့်မှာ အင်္ဂလန်ကိုနိုင်ခဲ့တာပဲဖြစ်ပါတယ်။ ကမ္ဘာ့ဖလားအတွက် ခြေစစ်ပွဲယှဉ်ပြိုင်ရာမှာဆိုရင်လည်း အိုက်စလန်ဟာ ခရိုအေးရှားကိုကျော်ပြီး အုပ်စုဗိုလ်အဖြစ်နဲ့ ခြေစစ်ပွဲအောင်ခဲ့တာမို့ သူတို့ရဲ့ဆက်တိုက်မြင့်တက်မှုက အံ့သြစရာတောင်ဖြစ်နေပါတယ်။

အိုက်စလန်ရဲ့ဆက်တိုက်မြင့်တက်မှုမှာ နည်းပြလာဂါဘက်ခ်နဲ့ ဟယ်ဂရမ်ဆန်တို့ရဲ့ပူးပေါင်းကိုင်တွယ်မှုက အရေးပါခဲ့တဲ့ပြီး လာဂါဘက်ခ်က နည်းပြချုပ်၊ ဟယ်ဂရမ်ဆန်က လက်ထောက်နည်းပြအဖြစ်နဲ့ အိုက်စလန်ကို ကိုင်တွယ်ခဲ့တာပါ။ သူတို့နှစ်ဦးလက်ထက် အိုက်စလန်ဟာ ၂၀၁၄ကမ္ဘာ့ဖလားကတည်းက ခြေစစ်ပွဲအောင်ဖို့နီးစပ်ခဲ့ပြီး ယူရို ၂၀၁၆ ရောက်မှ လာဂါဘက်ခ်ထွက်ခွာသွားလို့ အိုက်စလန်ကို ဟယ်ဂရမ်ဆန်က နည်းပြချုပ်အဖြစ်တာဝန်ယူခဲ့ပါတယ်။ သူ့လက်ထက်မှာ အိုက်စလန်ဟာ ယူရိုခြေစစ်ပွဲအောင်၊ ပြိုင်ပွဲကြီးမှာ ကွာတားရောက်ကာ အခုနောက်ဆုံး ကမ္ဘာ့ဖလားခြေစစ်ပွဲပါ အောင်မြင်ခဲ့ပါတယ်။ ကစားသမား အင်အားပိုင်းအရ နာမည်အကြီးဆုံးအဖြစ် ဆီဂတ်ဆန်တစ်ဦးတည်းရှိပေမယ့်လည်း ဟယ်ဂရမ်ဆန်ကိုင်တွယ်တဲ့ အိုက်စလန်ရဲ့အားသာချက်က အသင်းလိုက်စုဖွဲ့အားကောင်းမွန်မှုဖြစ်လို့ လျှော့တွက်ထားလို့မရပါဘူး။

နိုင်ဂျီးရီးယား

ကမ္ဘာ့ဖလားသမိုင်းကြောင်းမှာ အာဖရိကအသင်းတွေအတွက် အောင်မြင်မှုမိုင်တိုင်ဆိုတာ မရှိခဲ့ပါဘူး။ ဒါပေမဲ့ အာဖရိကအသင်းတွေဟာ ဗိုလ်မစွဲဖူးတာကလွဲရင် မထင်မှတ်တာလုပ်ပြနိုင်စွမ်းရှိခဲ့တာကိုတော့ မေ့ထားလို့မရဘူးထင်ပါတယ်။ ၁၉၉၄၊ ၁၉၉၈၊ ၂၀၀၂၊ ၂၀၁၀နဲ့ ၂၀၁၄ပြိုင်ပွဲတွေမှာ ငါးကြိမ်ပါဝင်ကစားခဲ့ဖူးတဲ့ နိုင်ဂျီးရီးယားဟာ သုံးကြိမ်မှာ အုပ်စုကျော်ဖြတ်နိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၄ကမ္ဘာ့ဖလားတုန်းကဆိုရင် အုပ်စုတွင်းမှာ အခုတွေ့ရမယ့် အာဂျင်တီးနားအပြင် ဘော့စနီးယား၊ အီရန်တို့နဲ့တွေ့ခဲ့ပေမယ့် အုပ်စုကျော်ဖြတ်နိုင်ခဲ့တာကြောင့် အဖြည့်ခံအသင်းလို့ သတ်မှတ်ရင် မှားသွားပါလိမ့်မယ်။

အခုကမ္ဘာ့ဖလားအတွက် ခြေစစ်ပွဲတုန်းကဆိုရင်လည်း တတိယအဆင့်မှာ အစဉ်အလာရှိတဲ့ ကင်မရွန်းကို ကျော်ဖြတ်ပြီး အုပ်စုဗိုလ်နေရာရခဲ့တာဖြစ်ကာ တိုက်စစ်အကောင်းဆုံးလည်း ဖြစ်ခဲ့ပါတယ်။ အာဆင်နယ်က အိုင်ဝိုဘီ၊ လက်စတာက အီဟီရာနာချိုတို့အပြင် ဝါရင့်တိုက်စစ်မှူးမူဆာနဲ့ အင်ဟာလိုလည်းရှိနေတဲ့အတွက် နိုင်ဂျီးရီးယားတိုက်စစ်က အဆိပ်ရှိပါတယ်။ မော့ဆက်စ်၊ မီခေးလ်၊ အန်ဒီဒီတို့ပါဝင်တဲ့ ကွင်းလယ်ကလည်း အဆင့်နိမ့်တဲ့အထဲမှာမပါတာဝင်တာကြောင့် နိုင်ဂျီးရီးယားအနေနဲ့ ၁၆သင်းအဆင့်ကို မျှော်လင့်မယ်ဆိုလည်း မျှော်လင့်လို့ရပါတယ်။ ■

သုံးသပ်ချက်

အပေါ်ယံလျှပ်ကြည့်ရင် ဒီအုပ်စုမှာ အာဂျင်တီးနားနဲ့ ခရိုအေးရှားတို့ နောက်တစ်ဆင့်တက်မယ်လို့ တွေးလို့ရပါတယ်။ ဒါပေမဲ့လည်း ၂၀၁၄ ကမ္ဘာ့ဖလားခြေစစ်ပွဲကနေစပြီး တောက်လျှောက်တိုးတက်လာတဲ့ အိုက်စလန်ဟာ ပြီးခဲ့တဲ့ခြေစစ်ပွဲအဆင့်တုန်းက ခရိုအေးရှားကို နိုင်ဖူးပါတယ်။ နိုင်ဂျီးရီးယားဆိုရင်လည်း ၂၀၁၄ ကမ္ဘာ့ဖလားမှာ အာဂျင်တီးနားနဲ့တွေ့တုန်းက ၂-၃ နဲ့ အကြိတ်အနယ်ကစားပြခဲ့ဖူးသလို အုပ်စုကို သုံးကြိမ်ကျော်ဖြတ်နိုင်ခဲ့တဲ့ အစဉ်အလာကောင်းရှိပါတယ်။ ဒါကြောင့် ဒီအုပ်စုမှာ အုပ်စုဗိုလ်နေရာအတွက်တောင် အတော်လေး စဉ်းစားရကျပ်ပါတယ်။ ပုံမှန်အားဖြင့် အာဂျင်တီးနားနဲ့ ခရိုအေးရှားဖြစ်ဖို့များပေမယ့် သူတို့နှစ်သင်းအနေနဲ့ အမြင့်ဆုံးစွမ်းဆောင်ရည်မပြသနိုင်ရင်တော့ ဒီအုပ်စုမှာ အထင်နဲ့အမြင် တက်တက်စင်လွဲတာတွေ မြင်တွေ့ရနိုင်ပါတယ်။

ဆမ်ဘာတေးသံတွေ လွှမ်းခြုံထားမယ့် အုပ်စု (င) ဆီသို့ အကြည့်တစ်ချက်

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု (င) သုံးသပ်ချက်

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အုပ်စုတွေ မဲခွဲလိုက်ချိန်မှာ အုပ်စု(င)အတွင်း ကျရောက်သွားတာက ဘရာဇီး၊ ဆွစ်ဇာလန်၊ ဆားဘီးယားနဲ့ ကော်စတာရီကာတို့ပါပဲ။ အုပ်စုအခြေအနေကို အကြမ်းဖျင်းသုံးသပ်ရရင် ဘရာဇီးအတွက် အရမ်းကို လွယ်ကူလွန်းနေပြီး အုပ်စုဗိုလ်နေရာကို ကျိန်းသေ ရရှိသွားဖို့ ရှိနေပါတယ်။ ဆွစ်ဇာလန်နဲ့ ဆားဘီးယားတို့ ထိပ်တိုက်တွေ့တဲ့ပွဲမှာ အနိုင်ရတဲ့အသင်းက အုပ်စုဒုတိယနေရာကို ရယူနိုင်ဖို့ အခွင့်အလမ်း ကောင်းသွားမှာပါ။ ကော်စတာရီကာကတော့ ၂၀၁၄ ခုနှစ်တုန်းကလိုမျိုး နောက်တစ်ကြိမ် ထပ်လုပ်ပြနိုင်ဖို့ မလွယ်ကူလောက်ပါဘူး။

ဘရာဇီး

ဘရာဇီးကတော့ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ပွဲတိုင်းကျော် ဇာတ်လိုက်ပဲ ဖြစ်ပါတယ်။ ဘရာဇီးမပါတဲ့ ကမ္ဘာ့ဖလားဆိုတာဟာ တွေးကြည့်လိုက်ရုံနဲ့တင် သွေ့ခြောက်လွန်းလှတာ အမှန်ပါပဲ။ ဘရာဇီးဟာ ကျင်းပပြီးစီးခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲအကြိမ်ပေါင်း ၂၀ မှာ အကြိမ် ၂၀ လုံး ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ဗိုလ်လုပွဲ ခုနစ်ကြိမ် တက်ရောက်ကာ ငါးကြိမ် ချန်ပီယံဖြစ်ထားတဲ့အသင်းဖြစ်ပါတယ်။ ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းမှာ အအောင်မြင်ဆုံး အသင်းဆိုရင်လည်း မမှားပါဘူး။ ဘရာဇီးဟာ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲကို လွယ်လင့်တကူနဲ့ စောစောစီးစီးပဲ အောင်မြင်ခဲ့ပါတယ်။ အသင်းပေါင်း ၁၀ သင်းပါဝင်တဲ့ တောင်အမေရိကဇုန်မှာ ဘရာဇီးက ထိပ်ဆုံးနေရာကို ရယူလို့ ခြေစစ်ပွဲအောင်မြင်လာခဲ့တာဖြစ်ပါတယ်။ ခြေစစ်ပွဲ ၁၈ ပွဲမှာ သွင်းဂိုးပေါင်း ၄၁ ဂိုး ရယူနိုင်တဲ့အထိ အစွမ်းပြခဲ့တဲ့ ဘရာဇီးတိုက်စစ်စွမ်းဆောင်ရည်ကလည်း တကယ့်ကို အားရစရာပါပဲ။ နည်းပြတီတီရဲ့ ဦးဆောင်မှုအောက်မှာ ဘရာဇီးက အဆက်မပြတ် တိုးတက်နေပြီး အခုတစ်ကြိမ် ကမ္ဘာ့ဖလားပြိုင်ပွဲကြီးမှာ ခြောက်ကြိမ်မြောက် အဖြစ် ချန်ပီယံဆုဖလားကြီးကို ကိုင်မြှောက်သွားနိုင်ဖို့လည်း ရေပန်းစားနေပါတယ်။ ဘရာဇီးအသင်းအတွက် လူရွေးချယ်ရာမှာ ဒဏ်ရာပြဿနာကြောင့် ဝါရင့်နောက်ခံကစားသမားကြီး အဲလ်ဗက်စ်ကို ချန်လှပ်ထားခဲ့ရတာကလွဲလို့ ကျန်တဲ့ကစားသမား အစုံအလင်ကို နည်းပြတီတီက ထည့်သွင်းခေါ်ယူလာခဲ့ပါတယ်။ ဘရာဇီးရဲ့အားသာချက်က တိုက်စစ်နဲ့ ကွင်းလယ်အစုအဖွဲ့ပါပဲ။ အသက်အရွယ်အရ ကစားအားနဲ့ အတွေ့အကြုံ အကောင်းဆုံးပုံစံမှာ ရှိနေပြီဖြစ်တဲ့ ဘရာဇီးကွင်းလယ်နဲ့ တိုက်စစ်အစုအဖွဲ့ဟာ ပြိုင်ဘက်တိုင်းအတွက် ထိတ်လန့်ချင်စရာ ကောင်းလှပါတယ်။ တိုက်စစ်မှာ နေမာက အဓိကကစားသမားအဖြစ် ရှိနေမှာဖြစ်ပေမယ့် ဖာမင်ညိုနဲ့ ဂါဘရီရယ်လ်ဂျီးဆပ်စ်တို့အနက်က သူ့ကို ဘယ်သူနဲ့ပုံသေထားပြီး တွဲသုံးမယ်ဆိုတာက နည်းပြတီတီအတွက် ခေါင်းစားစရာပုစ္ဆာတစ်ပုဒ်ဖြစ်လာမှာပါ။ ဘရာဇီးရဲ့အားနည်းချက်က ခံစစ်မှာ ရှိနေပါတယ်။ အဓိကပွဲထွက်ကစားသမားဖြစ်လာနိုင်သူတွေထဲမှာ မာကွင်ဟိုစ်ကလွဲလို့ ကျန်တဲ့သူတွေက အသက်ကြီးလွန်းနေပါပြီ။ သီယာဂိုဆေးလ်ဗား၊ ဖိလစ်ပီလူးဝစ္စ၊ မာဆယ်လိုနဲ့ မီရန်ဒါတို့ဟာ အသက်အရွယ်အရ ပွဲချိန်ကြာလာရင် ကစားအားကျသွားတတ်လေ့ရှိလို့ ဒါကို နည်းပြတီတီ ဘယ်ပုံဘယ်နည်း ကိုင်တွယ်ဖြေရှင်းသွားမယ်ဆိုတာက စိတ်ဝင်စားဖို့ကောင်းလှပါတယ်။ ဘရာဇီးဟာ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အလေးအနက်ထားပြီး ပြင်ဆင်မှုတွေ ဆောင်ရွက်နေတာကလည်း အားရစရာပါပဲ။ ပြီးခဲ့တဲ့မတ်လက အိမ်ရှင် ရုရှား၊ လက်ရှိချန်ပီယံ ဂျာမနီတို့နဲ့ ဘရာဇီးက ခြေစမ်းခဲ့ပြီး နှစ်ပွဲလုံးကို ဘရာဇီးက ပေးဂိုးမဲ့ရလဒ်နဲ့ အနိုင်ယူနိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံးခြေစမ်းပွဲတွေမှာလည်း ခရိုအေးရှား၊ ဩစတြီးယားတို့လို ခြေစွမ်းမာတဲ့အသင်းတွေနဲ့ ကစားခဲ့လို့ ဘရာဇီးက ပြိုင်ပွဲအတွက် အတိုင်းအတာတစ်ရပ်အထိ အသင့်ဖြစ်တဲ့သဘောတွေ ရှိနေခဲ့ပါပြီ။

သုံးသပ်ချက်

ဒီအုပ်စုမှာ ပြိုင်ဘက်တိုင်းက ဘရာဇီးထက် ခေါင်းတစ်လုံးနိမ့်သလိုဖြစ်နေပါတယ်။ ဆားဘီးယားနဲ့ ဆွစ်ဇာလန်တို့ဟာ ကစားအားကောင်းမွန်ကြပေမယ့် ဘရာဇီးကို ဖိအားပေးနိုင်ဖို့က သိပ်မလွယ်လှပါဘူး။ ဘရာဇီးအတွက် အုပ်စုဗိုလ်နေရာက သေချာလွန်းခြင်းမက သေချာလွန်းလှပါတယ်။ ဆားဘီးယားနဲ့ ဆွစ်ဇာလန်တို့ အားပြိုင်ရမယ့်ပွဲစဉ်ဟာ အုပ်စုဒုတိယနေရာအတွက် အဆုံးအဖြတ်ပေးမယ့်ပွဲစဉ်ဖြစ်လာပါလိမ့်မယ်။ အုပ်စုဒုတိယနေရာကိုရယူပြီး ဘရာဇီးနဲ့အတူ နောက်တစ်ဆင့်လိုက်ပါသွားမှာက ဆွစ်ဇာလန်ဖြစ်လိမ့်မယ်လို့ ယူဆမိပါတယ်။

ဆွစ်ဇာလန်

ဆွစ်ဇာလန်ဟာ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ခြေစစ်ပွဲတွေကစားတော့ ပေါ်တူဂီရဲ့နောက်မှာ ရပ်တည်ပြီး အုပ်စုဒုတိယဖြစ်ခဲ့ပါတယ်။ ဒါကြောင့်ပဲ နောက်တစ်ဆင့်ဖြစ်တဲ့ Play-Offs ခြေစစ်ပွဲ ကစားပြီးမှ ဆွစ်ဇာလန်ဟာ ရုရှားမြေဆီ ချီတက်နိုင်ခဲ့တာပါ။ Play-Offs ခြေစစ်ပွဲမှာ ဆွစ်ဇာလန် အနိုင်ရခဲ့တာက မြောက်အိုင်ယာလန်ဖြစ်ပါတယ်။ ဆွစ်ဇာလန်ဟာ ကမ္ဘာ့ဖလားပြိုင်ပွဲကို နောက်ဆုံးလေးကြိမ်ဆက်တိုက် ခြေစစ်ပွဲအောင်မြင်လာခဲ့ခြင်းပါ။ ဒါပေမဲ့ အတိတ်ကာလတုန်းကလိုမျိုးတော့ ကမ္ဘာ့ဖလားမှာ ဆွစ်ဇာလန် ခြေမစွာတော့ပါဘူး။ ကိုယ့်မြေ ကိုယ့်ကွင်း ကိုယ့်ပရိသတ်ရှေ့မှောက်မှာကျင်းပတဲ့ ၁၉၅၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ကွာတားဖိုင်နယ်အဆင့် တက်ရောက်ခဲ့ပြီးတဲ့နောက်ပိုင်း ဆွစ်ဇာလန်က အုပ်စုနဲ့ ၁၆ သင်းရှုံးထွက်အဆင့်လောက်မှာတင်ပဲ ရှာလည်နေတော့တာပါ။ ဆွစ်ဇာလန်အသင်းကို လက်ရှိဦးဆောင်နေတဲ့ လာဇီယိုအသင်းနည်းပြဟောင်း ပက်ကိုဗစ်ဟာ အသင်းကို အသင်းလိုက်ကစားအားအပေါ် အခြေပြုပြီး အထိုင်ချထားပါတယ်။ ခြေစစ်ပွဲအဆင့်တွေကို ပြန်ပြောင်းငဲ့ကြည့်လိုက်ရင် ဆွစ်ဇာလန်အတွက် ဂိုးသွင်းယူပေးခဲ့သူ ကစားသမားအရေအတွက် စုစုပေါင်းက ၁၆ ဦးအထိ ရှိခဲ့တာကို တွေ့ရှိကြရမှာပါ။ ဂိုးအများဆုံးရယူပေးနိုင်ခဲ့သူ တိုက်စစ်မှူး ဆီဖီရိုဗစ်ရဲ့ သွင်းဂိုးအရေအတွက်ဆိုရင် လေးဂိုးတည်းသာ ရှိခဲ့ပါတယ်။ ဒီအုပ်စုမှာ ဘရာဇီးပြီးရင် ဒုတိယမြောက် လူအင်အားအတောင့်တင့်ဆုံးဟာ ဆွစ်ဇာလန်ပါပဲ။ မိုချင်ဂလက်ဘတ်ဂိုးသမား ယန်းဆွမ်မား၊ ဂျူဗင်တပ်နောက်ခံလူ လစ်ချ်စတိန်နာ၊ စတုတ်စီးတီးကွင်းလယ်လူ ရှာကွီရီ၊ အာဆင်နယ်ကွင်းလယ်လူ ဇာခါနဲ့ ဘင်ဖီကာတိုက်စစ်မှူး ဆီဖီရိုဗစ်တို့ဟာ ဆွစ်ဇာလန်ရဲ့အခြေခံအကျဆုံးသော အမာခံအစုအဖွဲ့ပဲဖြစ်ပါတယ်။ ယူရို ၂၀၁၆ ပြိုင်ပွဲကို ပါဝင်ကစားခဲ့တဲ့ ဒီကစားသမားအစုအဖွဲ့ဟာ ပြိုင်ပွဲကြီးအတွေ့အကြုံလည်း အတိုင်းအတာတစ်ရပ်အထိ ရှိလို့နေပါပြီ။ ဆွစ်ဇာလန်ဟာ ဘရာဇီးနဲ့အားပြိုင်ရမယ့် အုပ်စုအဖွင့်ပွဲစဉ်ကို သာမန်လောက်သာ ကစားသွားဖို့ရှိနေပြီး သူတို့ရဲ့ရည်မှန်းချက်က ဆားဘီးယားနဲ့ ကော်စတာရီကာကို အနိုင်ယူလို့ နောက်တစ်ဆင့်တက်နိုင်ရေးပဲဖြစ်ပါတယ်။

ကော်စတာရီကာ

ကော်စတာရီကာဟာ ကွန်ကာကပ်ဇုန်ရဲ့နောက်ဆုံးအဆင့်ခြေစစ်ပွဲမှာ မက္ကဆီကိုရဲ့နောက် ဒုတိယနေရာမှာ ရပ်တည်ပြီး ခြေစစ်ပွဲအောင်မြင်လာခဲ့တာပါ။ ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးငါးကြိမ်မှာ ကော်စတာရီကာ ခြေစစ်ပွဲ မအောင်မြင်ခဲ့တာဆိုလို့ ၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ တစ်ခုတည်းသာရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှာဆိုရင် ကော်စတာရီကာက အံ့ဩသင့်ဖွယ်ရာ ကော်ကောင်အသင်းတစ်သင်းအဖြစ် ခြေစွမ်းပြပြီး ကွာတားဖိုင်နယ်အဆင့်ထိတောင် ရောက်ရှိခဲ့တာပါ။ ဒါဟာ ကော်စတာရီကာလက်ရွေးစင်အသင်းသမိုင်းကြောင်းတစ်လျှောက်မှာ ကမ္ဘာ့ဖလားပြိုင်ပွဲနဲ့ပတ်သက်လို့ အမြင့်မားဆုံးအောင်မြင်မှုပါပဲ။ ရီးရဲလ်မက်ဒရစ်ဂိုးသမား ကေလာနားဗတ်စ်၊ စပို့တင်းလစ္စဘွန်းတိုက်စစ်မှူး ဘရိုင်ယန်ရုဇ်၊ ဘက်တစ်တိုက်စစ်မှူး ဂျိုအယ်လ်ကမ့်ဘဲလ်၊ လေ့ာစ်အိန်ဂျလိစ်တိုက်စစ်မှူး ယူရီနာနဲ့ ဆန်းဒါးလန်းနောက်ခံလူ အိုဗီဒိုတို့ဟာ ကော်စတာရီကာရဲ့အမာခံကစားသမားတွေ ဖြစ်ကြပါတယ်။ နည်းပြအော်စကာ ရာမီရက်ဇ်ဟာ အုပ်စုအခြေအနေအရ ခံစစ်ကိုအားပြုပြီး တန်ပြန်တိုက်စစ်တွေကတစ်ဆင့်သာ ပြိုင်ဘက်တွေကိုဖိအားပေးဖို့ ကြိုးပမ်းသွားမှာပါ။ ကမ္ဘာ့ဖလားပြိုင်ပွဲကို ငါးကြိမ်မြောက် ပါဝင်ကစားခွင့်ရတဲ့ ကော်စတာရီကာအတွက် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတုန်းက အင်္ဂလန်၊ ဥရုဂွေးနဲ့ အီတလီတို့ပါတဲ့အုပ်စုကို မော်ဆန်ဆန် ကျော်ဖြတ်ပြခဲ့သလိုမျိုး အခုတစ်ကြိမ်မှာ လုပ်ပြနိုင်ဖို့က သိပ်မလွယ်လှပါဘူး။ အထူးသဖြင့် ဘရာဇီးနဲ့ ဆွစ်ဇာလန်တို့ကို သူတင်ကိုယ်တင် ယှဉ်နိုင်ဖို့ဆိုတာဟာ ကော်စတာရီကာအတွက် ခက်လွန်းခြင်းမက ခက်လို့နေပါတယ်။

ဆားဘီးယား

ဆားဘီးယားဟာ ယူဂိုဆလားဗီးယား၊ ဆားဘီးယားနဲ့ မွန်တီနီဂရိုးစတဲ့ နိုင်ငံတွေအနေနဲ့ ခြေစစ်ပွဲအောင်မြင်ခဲ့တာတွေကိုပါ ထည့်တွက်မယ်ဆိုရင် ကမ္ဘာ့ဖလားပြိုင်ပွဲကို ၁၂ ကြိမ်မြောက်အဖြစ် ပါဝင်ကစားခွင့်ရရှိခြင်းပါပဲ။ ယူဂိုဆလားဗီးယားအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့စဉ်ကာလတွေက စတုတ္ထနေရာ ရယူနိုင်တဲ့အထိ အောင်မြင်ခဲ့တဲ့ ဆားဘီးယားဟာ ဆားဘီးယားနဲ့ မွန်တီနီဂရိုး၊ ဆားဘီးယား စသဖြင့် အဆင့်ဆင့် ခွဲထွက်လိုက်ပြီးတဲ့နောက်မှာ အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ခြင်း မရှိတော့ပါဘူး။ ဆားဘီးယားအဖြစ် သီးသန့်ရပ်တည်လိုက်အပြီးမှာ သူတို့အတွက် ဒါက ကမ္ဘာ့ဖလားပြိုင်ပွဲကို ဒုတိယအကြိမ်မြောက်အဖြစ် ပါဝင်ကစားခွင့်ရရှိခြင်းလည်းဖြစ်ပါတယ်။ ဆားဘီးယားဟာ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ခြေစစ်ပွဲယှဉ်ပြိုင်ရာမှာ အိုင်ယာလန်၊ ဝေလ၊ ဩစတြီးယား၊ ဂျော်ဂျီယာ၊ မော်လ်ဒိုဗာတို့နဲ့ တစ်အုပ်စုတည်း ကျရောက်ခဲ့ပြီး အုပ်စုဗိုလ်အဖြစ်နဲ့ ခြေစစ်ပွဲ တိုက်ရိုက်အောင်မြင်လာခဲ့တာပါ။ မတ်လအတွင်းက မော်ရိုကို၊ နိုင်ဂျီးရီးယားတို့လို တောင်အာဖရိကအသင်းတွေနဲ့ ဆားဘီးယားက ခြေစမ်းခဲ့ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲအကြိုကာလမှာတော့ သူတို့က ချီလီ၊ ဘိုလီးဗီးယားတို့လို တောင်အမေရိကအသင်းတွေနဲ့ ခြေစမ်းပွဲတွေ ကစားထားပြန်ပါတယ်။ မန်ယူကွင်းလယ်လူ မာတစ်နဲ့ ရိုးမားနောက်ခံလူ ကိုလာရော့ဗ်တို့က ဆားဘီးယားရဲ့ အဓိကကစားသမားတွေဖြစ်ကြပြီး ဆောက်သမ်တန်တိုက်စစ်တောင်ပံကစားသမား တာဒစ်၊ လာဇီယိုကွင်းလယ်လူ ဆာဗစ်၊ ဗလင်စီယာကွင်းလယ်လူ မတ်ခ်ဆီမိုဗစ်၊ တိုရီနိုကွင်းလယ်လူ လာဂျာဂျစ်နဲ့ ဖီအိုရင်တီးနားနောက်ခံလူ မီလင်ကိုဗစ်တို့က စောင့်ကြည့်ကြရမယ့်သူတွေပါ။ နည်းပြ ကရတ်စ်တာဂျစ်ဟာ ခြေစစ်ပွဲယှဉ်ပြိုင်ကစားခဲ့စဉ်ကအတိုင်း ကွင်းလယ်နဲ့ခံစစ်ကိုပဲ အားပြုသွားမှာပါ။ အုပ်စုအဖွင့်ပွဲစဉ်မှာ ကော်စတာရီကာကို အနိုင်ကစားနိုင်ခဲ့ရင်တော့ ဆားဘီးယားအတွက် နောက်တစ်ဆင့်တက်ရောက်နိုင်ရေးဟာ မျှော်လင့်ချက်ရောင်ခြည်သန်းလာနိုင်ပါတယ်။ ■

ချန်ပီယံအသင်းတွေ ရင်ဆိုင်နေရတဲ့ ကျိန်စာကို ဂျာမနီချေဖျက်ပြမယ့် အုပ်စု (စ) ဆီသို့

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု (စ) သုံးသပ်ချက်

အုပ်စု (စ) ဟာ သာမန်အနေနဲ့ကြည့်လိုက်ရင် ဂျာမနီနဲ့ ဆွီဒင်တို့အတွက် လွယ်သယောင် မှတ်ထင်ရပေမယ့် တကယ်တမ်း ကမောက်ကမရလဒ်တွေ အများဆုံးပေါ်ထွက်လာနိုင်တာက ဒီအုပ်စုဖြစ်လို့နေပါတယ်။ ကမ္ဘာ့ဖလားလက်ရှိချန်ပီယံအသင်းတွေ ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးလေးကြိမ်မှာ အုပ်စုအဆင့်ကနေပြီး သုံးကြိမ်လှည့်ပြန်ခဲ့ရပြီးပြီဖြစ်လို့ ဒီတစ်ကြိမ်မှာ အဲ့ဒီမှတ်တမ်းဆိုးကို သမိုင်းသင်ပုန်းချေပြဖို့ ဂျာမနီ ကြိုးပမ်းရမှာပါ။ မက္ကဆီကိုနဲ့ တောင်ကိုရီးယားတို့ကလည်း ခြေစွမ်းမာကျောတဲ့အသင်းတွေဖြစ်လို့ ဗုံလုံတစ်လှည့် ငါးပျံတစ်လှည့်အားပြိုင်မှုတွေ ဒီအုပ်စုမှာ ဖြစ်လာနိုင်ပါတယ်။

ဂျာမနီ

ဂျာမနီဟာ ကမ္ဘာ့ဖလားခြေစစ်ပွဲယှဉ်ပြိုင်ရာမှာ အိမ်ကွင်း အဝေးကွင်းပွဲစဉ် ၁၀ ပွဲလုံးကို ရာနှုန်းပြည့်အနိုင်ယူပြီး ခြေစစ်ပွဲအောင်မြင်လာခဲ့တဲ့ တစ်သင်းတည်းသောအသင်းဖြစ်ပါတယ်။ ဒီလိုမှတ်တမ်းကို ၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ခြေစစ်ပွဲယှဉ်ပြိုင်ရာမှာ စပိန်အသင်းက ပိုင်ဆိုင်ခဲ့ဖူးပြီး ပြိုင်ပွဲမှာလည်း ချန်ပီယံဖြစ်သွားခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ကြိမ်မှာ ပွဲစဉ် ၁၀ ပွဲလုံး အနိုင်ကစားပြီး ခြေစစ်ပွဲအောင်လာခဲ့တဲ့ ဂျာမနီဟာ စပိန်လိုမျိုး ချန်ပီယံဆုရတဲ့အထိ အောင်မြင်သွားလေမလား ဆိုတာက စိတ်ဝင်စားစရာပါပဲ။ ဂျာမနီဟာ တစ်ဦးချင်းထက် အသင်းလိုက်အားပြုပြီး ကစားတတ်လေ့ရှိပါတယ်။ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ခြေစစ်ပွဲတွေ ကစားခဲ့ရာမှာ ဂျာမနီက တစ်ပွဲပျမ်းမျှသွင်းဂိုးနှုန်း ၄ ဒသမ ၃ ဂိုးအထိ ရှိခဲ့ပြီး အသင်းအတွက် ဂိုးသွင်းယူပေးခဲ့သူ ကစားသမားအရေအတွက်ဟာ ၂၁ ဦး (ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိခဲ့တဲ့ ကစားသမားတစ်ဦး ပါဝင်သည်)တောင် ရှိခဲ့ပါတယ်။ ပြောရမယ်ဆိုရင် ဂျာမနီရဲ့ အားသာချက်က နေရာစုံမှာ ဂိုးရယူပေးနိုင်သူ ကစားသမားတွေ ရှိနေတာပါပဲ။ အနီးစပ်ဆုံးကစားခဲ့တဲ့ ၂၀၁၇ ခုနှစ် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲမှာလည်း ဂျာမနီက ချန်ပီယံဖြစ်ထားတာမို့ စိတ်ဝင်စားစရာပါ။ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲမှာ ချန်ပီယံဖြစ်တဲ့အသင်းတွေက ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဗိုလ်စွဲတတ်လေ့မရှိလို့ အဲ့ဒီကံကြမ္မာဆိုးဟာ ဂျာမနီဆီကိုလည်း အရိပ်ထိုးလာလေမလား စောင့်ကြည့်ကြရပါလိမ့်မယ်။ ဂျာမနီဟာ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခဲ့ပြီးတဲ့နောက် ဖိလစ်လမ်း၊ မာတီဆက်ကာ၊ ရှဝိန်းစတိုင်ဂါ၊ ကလိုဆေးနဲ့ ပိုဒေါလ်စကီးတို့လို ကစားသမားတွေကို လက်လွှတ်လိုက်ရပါတယ်။ ၂၀၁၈ ကမ္ဘာ့ဖလားမှာ မြင်တွေ့ရမှာက အနာဂတ်ဂျာမနီမျိုးဆက် အလောင်းအလျာတွေပါပဲ။ ဒီတစ်ကြိမ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဘိုအာတန်၊ အိုဇေးလ်၊ တီမိုဝါနာ၊ တိုနီခရူးစ်၊ ဟမ်းမဲလ်နဲ့ သောမတ်စ်မူလာတို့က ဂျာမနီအတွက် အရေးပါတဲ့ ကစားသမားတွေဖြစ်လာနိုင်ပါတယ်။ အသက် ၂၁ နှစ်အရွယ် လိုက်ပ်ဇစ်ဂျ်တိုက်စစ်မှူး တီမိုဝါနာဟာ ဂျာမနီလက်ရွေးစင်အသင်းကြီးကို ပွဲစဉ် ၁၀ ပွဲ ကိုယ်စားပြု ကစားခွင့်ရခဲ့ရာမှာ သွင်းဂိုး ခုနစ်ဂိုးအထိ ရယူပေးနိုင်ခဲ့လို့ သူရဲ့ဂိုးသွင်းအားက အသင်းအတွက် အားကိုးအားထားပြုစရာဖြစ်လာနိုင်ပါတယ်။ ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲနှစ်ကြိမ်မှာ တစ်ကြိမ်ကို ငါးဂိုးစီ ရယူပေးခဲ့တဲ့ သောမတ်စ်မူလာကလည်း နည်းပြဂျိုအာချင်လိုးအတွက် လက်ရုံးတစ်ဆူ ဖြစ်နေဆဲပါပဲ။ ဒီတစ်ကြိမ်မှာ သောမတ်စ်မူလာက သွင်းဂိုးခုနစ်ဂိုး ရယူလိုက်နိုင်မယ်ဆိုရင် ဂျာမနီလက်ရွေးစင်အသင်းသမိုင်းကြောင်းတစ်လျှောက် ကမ္ဘာ့ဖလားပြိုင်ပွဲကြီးအဆင့်မှာ စုစုပေါင်းသွင်းဂိုး အများဆုံးရယူနိုင်သူအဖြစ် မော်ကွန်းဝင်သွားတော့မှာဖြစ်ပါတယ်။ ဂျာမနီရဲ့အားသာချက်က စုစည်းအား ကောင်းမွန်တာဖြစ်ပြီး အားနည်းချက်ကတော့ ပြိုင်ပွဲကြီးအတွေ့အကြုံနုနယ်လွန်းတဲ့ သွေးသစ်ကစားသမားတွေ များလွန်းနေတာပါပဲ။

သုံးသပ်ချက်

ဂျာမနီဟာ အုပ်စုပထမနေရာကို ရယူနိုင်ဖို့ လိုအပ်ပါတယ်။ ဒီအုပ်စုက အုပ်စုပထမနဲ့ ဒုတိယအသင်းတွေဟာ ဘရာဇီးအသင်းပါရှိတဲ့ အုပ်စု (င) က အသင်းတွေနဲ့ နောက်တစ်ဆင့်မှာ တွေ့မှာဖြစ်လို့ ဘရာဇီးကိုရှောင်နိုင်အောင် ဂျာမနီက ကြိုးပမ်းရမှာပါ။ မက္ကဆီကို၊ ဆွီဒင်နဲ့ တောင်ကိုရီးယားတို့ဟာ ဂျာမနီသာ တကယ်တမ်း အင်တိုက်အားတိုက်ကစားရင် အနိုင်ရဖို့မခက်လောက်တဲ့ပြိုင်ဘက်တွေချည်းပါပဲ။ အုပ်စုဒုတိယနေရာအတွက်ကတော့ မက္ကဆီကိုနဲ့ ဆွီဒင်တို့ အားပြိုင်ရနိုင်ပါတယ်။ အုပ်စုအဆင့်ပွဲစဉ်တွေမှာ တိုက်စစ်ပီပီပြင်ပြင် ဖွင့်ကစားတတ်လေ့ရှိတဲ့ မက္ကဆီကိုဟာ ဂျာမနီနဲ့အတူ နောက်တစ်ဆင့်ဆီ လိုက်ပါသွားနိုင်ပါလိမ့်မယ်။

မက္ကဆီကို

မက္ကဆီကိုဟာ ကမ္ဘာ့ဖလားပြိုင်ပွဲကို ခုနစ်ကြိမ်ဆက်တိုက် ပါဝင်ကစားခွင့်ရရှိခြင်းပဲဖြစ်ပါတယ်။ ထူးခြားချက်တစ်ရပ်က အခုမတိုင်ခင် နောက်ဆုံးခြောက်ကြိမ်မှာ မက္ကဆီကိုက အုပ်စုအဆင့်ကို အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ခြင်းပါပဲ။ မက္ကဆီကိုဟာ ကွန်ကာကပ်ဖ်ရွှေဖလားဆုကို အသင်းသမိုင်းကြောင်းတစ်လျှောက် ၁၀ ကြိမ် ရယူနိုင်ခဲ့တဲ့အထိ အစဉ်အလာကြီးမားသလို ပါဝင်ယှဉ်ပြိုင်တဲ့ ပြိုင်ပွဲတိုင်းမှာလည်း ပြိုင်ဘက်တွေ လေးစားရလောက်အောင် ခြေစွမ်းပြနိုင်ခဲ့ပါတယ်။ မက္ကဆီကိုဟာ ကွန်ကာကပ်ဖ်ဇုန်ရဲ့နောက်ဆုံးအဆင့်ခြေစစ်ပွဲတွေကို ယှဉ်ပြိုင်ခဲ့ရာမှာ အရေးမပါတော့တဲ့ နောက်ဆုံးပွဲစဉ်တစ်ပွဲတည်းကိုသာ ရှုံးနိမ့်ခဲ့တာကြောင့် ထိုက်တန်စွာနဲ့ ခြေစစ်ပွဲအောင်မြင်လာခဲ့တဲ့အသင်းအဖြစ် အသိအမှတ်ပြုကြရမှာပါပဲ။ ဒီအုပ်စုမှာ မက္ကဆီကိုရဲ့ပစ်မှတ်က တောင်ကိုရီးယားကို အနိုင်ကစားပြီး ဂျာမနီနဲ့ ဆွီဒင်တို့ဆီက အမှတ်ခွဲယူကာ နောက်တစ်ဆင့်ဆီ ဆက်လက်တက်လှမ်းနိုင်ရေးပဲဖြစ်ပါတယ်။ မက္ကဆီကိုကို အုပ်စုအဆင့်ပွဲစဉ်တွေ ကစားတာနဲ့ပတ်သက်ပြီး သဘောကျမိတာက တိုက်စစ်ကို ရဲရဲတင်းတင်း ဖွင့်ကစားရဲတာပါပဲ။ တစ်ခါတစ်ရံမှာ မက္ကဆီကိုရဲ့ တိုက်စစ်ရှုန်းအားကြောင့် အသင်းကြီးတွေတောင် ဗျာများသွားရတာတွေရှိပါတယ်။ မက္ကဆီကိုဟာ ကမ္ဘာ့ဖလားအုပ်စုအဆင့်မှာ အီတလီ၊ နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ ပေါ်တူဂီ၊ ပြင်သစ်၊ ဥရုဂွေး၊ ဘရာဇီးနဲ့ ခရိုအေးရှားတို့လို အသင်းတွေကို ရင်ဆိုင်ခဲ့ဖူးလို့ ဒီတစ်ကြိမ်မှာလည်း သူတို့က ဘယ်ပြိုင်ဘက်ကိုမှ ရှိန်မနေလောက်ပါဘူး။ တိုက်စစ်ကစားသမား သုံးဦးဖြစ်တဲ့ ဟာနန်ဒက်ဇ်၊ ကားလို့စ်ဗီလာနဲ့ ကိုရိုနာတို့ဟာ မက္ကဆီကိုရဲ့အဓိကကျောရိုးဒေါက်တိုင်တွေဖြစ်ပါတယ်။ ဝက်စ်ဟမ်းတိုက်စစ်မှူး ဟာနန်ဒက်ဇ်ဆိုရင် အခုပြိုင်ပွဲမှာ သွင်းဂိုးနှစ်ဂိုး ရယူလိုက်နိုင်တာနဲ့တစ်ပြိုင်နက် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းကြောင်းတစ်လျှောက်မှာ မက္ကဆီကိုအသင်းအတွက် သွင်းဂိုးအများဆုံးရယူပေးနိုင်သူကစားသမားဖြစ်လာတော့မှာပါ။ မက္ကဆီကိုဟာ ကမ္ဘာ့ဖလားပြိုင်ပွဲ မစတင်ခင်မှာ စကော့တလန်၊ ဝေလ၊ ခရိုအေးရှား၊ အိုက်စလန်၊ ဒိန်းမတ်တို့နဲ့ ခြေစမ်းပွဲတွေ ယှဉ်ပြိုင်ထားလို့ ပြိုင်ပွဲအကြိုပြင်ဆင်မှုက အားရစရာကောင်းလှပါတယ်။ ကွင်းလယ်နဲ့ တိုက်စစ်စုဖွဲ့အားကောင်းမွန်ခြင်းက မက္ကဆီကိုရဲ့အားသာချက်ဖြစ်ပြီး ခံစစ်နဲ့ ဂိုးသမားနေရာမှာ အသက်အရွယ်ကြီးသူတွေ များလွန်းနေတာကတော့ မက္ကဆီကိုရဲ့အားနည်းချက်ပါပဲ။

ဆွီဒင်

ဆွီဒင်ဟာ ကမ္ဘာ့ဖလားပြိုင်ပွဲနဲ့ ၁၂ နှစ်ကြာ ဝေးကွာခဲ့ရခြင်းကို အဆုံးသတ်ပြီး ခြေစစ်ပွဲ ပြန်လည်အောင်မြင်လာခဲ့တာဖြစ်ပါတယ်။ ခြေစစ်ပွဲ အုပ်စုပတ်လည်ကစားချိန်မှာ ပြင်သစ်ရဲ့နောက်မှာ ရပ်တည်ပြီး အုပ်စုဒုတိယသာရခဲ့တဲ့အတွက် ဆွီဒင်က ထပ်ဆင့် Play-Offs ခြေစစ်ပွဲ ဆက်လက်ယှဉ်ပြိုင်ခဲ့ရပြီး ဒီ Play-Offs ခြေစစ်ပွဲမှာ အစဉ်အလာ ကြီးမားလှတဲ့ အီတလီကို နှစ်ကျော့ပေါင်းရလဒ် တစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ယူလို့ ဆွီဒင်က ခြေစစ်ပွဲအောင်မြင်လာခဲ့တာဖြစ်ပါတယ်။ အီတလီအတွက်တော့ ဆွီဒင်ကို အရေးနိမ့်လိုက်တာကြောင့် နှစ်ပေါင်းခြောက်ဆယ်အတွင်း ကမ္ဘာ့ဖလားပြိုင်ပွဲပါဝင်ကစားခွင့်နဲ့ ပထမဆုံးအကြိမ် လွဲချော်လိုက်ရပြီး အသင်းကိုလည်း အသစ်ပြင်ဆင်ဖွဲ့စည်းမှုတွေ ဆောင်ရွက်နေရပါပြီ။ ဆွီဒင်ဟာ ခြေစစ်ပွဲယှဉ်ပြိုင်ကစားခဲ့စဉ်က အုပ်စုဒုတိယသာရခဲ့ပေမယ့် သွင်းဂိုးအရေအတွက်ကတော့ ပြိုင်ဘက်အားလုံးထက် သာလွန်ခဲ့ပါတယ်။ အုပ်စုပတ်လည် ခြေစစ်ပွဲ ၁၀ ပွဲမှာ ဆွီဒင်ရယူနိုင်ခဲ့တဲ့ သွင်းဂိုးအရေအတွက်က ၂၆ ဂိုးအထိ ရှိခဲ့တာပါ။ ဒါပေမဲ့ အခုကစားရမယ့် ပြိုင်ပွဲကြီးအဆင့်မှာတော့ အီတလီနဲ့ Play-Offs ပွဲစဉ်ကစားခဲ့စဉ်ကလို ခံစစ်အားပြုပြီး တန်ပြန်တိုက်စစ်ကနေတစ်ဆင့် ဂိုးပေါက်ရှာဖွေမယ့် နည်းဗျူဟာကို နည်းပြ အန်ဒါးစ်ဆင်က အသုံးပြုလာနိုင်ပါတယ်။ ဆွီဒင်ရဲ့အဓိကကစားသမားတွေကတော့ မန်ယူနောက်ခံလူ လင်ဒီလော့ဖ်၊ လိုက်ပ်ဇစ်ဂျ် တိုက်စစ်တောင်ပံကစားသမား ဖော့စ်ဘတ်ဂ်ျနဲ့ တိုက်စစ်မှူး မားကပ်စ်ဘတ်ဂ်ျတို့ပါပဲ။ လင်ဒီလော့ဖ်ဟာ မိခင်ကလပ် မန်ယူဆီမှာ ပွဲထွက်ခွင့်ရဖို့ ရုန်းကန်နေရပေမယ့် ဆွီဒင်မှာတော့ အရေးပါသူတစ်ဦး အဖြစ် ရှိနေဆဲပါပဲ။ ခြေစစ်ပွဲအုပ်စုပတ်လည်အဆင့်မှာ ဆွီဒင်ခံစစ်ကြောင်းကို လင်ဒီလော့ဖ်က အကောင်းဆုံးသောဦးဆောင်မှုပေးနိုင်ခဲ့ပြီး ဆွီဒင်ရဲ့ပေးဂိုးအရေအတွက် ကိုးဂိုးတည်းသာရှိခဲ့ခြင်းမှာ သူက အရမ်းကို အခရာကျခဲ့ပါတယ်။ ဆွီဒင်ရဲ့အားနည်းချက်လို့ ဆိုရမှာကတော့ အပြီးသတ်လူစာရင်းထုတ်ပြန်ချိန်မှာ ဒဏ်ရာပြဿနာကြောင့် ကွင်းလယ်လူ ဂျိုဟန်းစ်ဆင်ကို ချန်ထားခဲ့ရခြင်းပါပဲ။ အီတလီကို တစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ရခဲ့တဲ့ Play-Offs ခြေစစ်ပွဲ ပထမအကျော့မှာ ဆွီဒင်အတွက် အဖိုးတန်အနိုင်ဂိုးကို သွင်းယူပေးခဲ့တာက ဂျိုဟန်းစ်ဆင်ပါ။ ဂျိုဟန်းစ်ဆင် မပါရှိခြင်းဟာ ဆွီဒင်ကွင်းလယ်ကို အတိုင်းအတာတစ်ရပ်အထိ အထိုင်ပျက်သွားစေမှာ ကျိန်းသေနေပါတယ်။ ကမ္ဘာ့ဖလားပြိုင်ပွဲအကြိုကာလမှာတော့ ဆွီဒင်ဟာ ချီလီ၊ ရိုမေးနီးယား၊ ဒိန်းမတ်၊ ပီရူးစတဲ့ အသင်းတွေနဲ့ ခြေစမ်းပွဲတွေယှဉ်ပြိုင်ပြီး ပြင်ဆင်မှုတွေ ဆောင်ရွက်ထားပါတယ်။

တောင်ကိုရီးယား

တောင်ကိုရီးယားဟာ ကမ္ဘာ့ဖလားပြိုင်ပွဲကို ကိုးကြိမ်ဆက်တိုက် ပါဝင်ကစားခွင့် ရရှိတာပါ။ ၂၀၀၂ ကမ္ဘာ့ဖလားပြိုင်ပွဲတုန်းက စတုတ္ထဆု ရယူနိုင်ခဲ့တာဟာ တောင်ကိုရီးယားအတွက် သမိုင်းကြောင်းတစ်လျှောက် အမြင့်မားဆုံးသော အောင်မြင်မှုပါပဲ။ အခုတစ်ကြိမ်မှာလည်း တောင်ကိုရီးယားက အုပ်စုဒုတိယနေရာကို ရယူပြီး နောက်တစ်ဆင့် တက်ရောက်ခွင့်ရနိုင်ဖို့ကို မျှော်လင့်နေပါတယ်။ တောင်ကိုရီးယားဟာ အာရှဇုန်ရဲ့နောက်ဆုံးအဆင့်ခြေစစ်ပွဲမှာ ပုံစံကောင်းတစ်ရပ်ရရှိခဲ့ခြင်း မရှိပါဘူး။ ကံကောင်းထောက်မလို့သာ အီရန်ရဲ့နောက် အုပ်စုဒုတိယအဖြစ် ရပ်တည်ပြီး ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်ခွင့်ကို တောင်ကိုရီးယားက ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဆီးရီးယားနဲ့ ဥဇဘက်ကစ္စတန်တို့သာ ခြေစစ်ပွဲအဆုံးအဖြတ်ပွဲစဉ်တွေမှာ ခြေမချော်ခဲ့ဘူးဆိုရင် တောင်ကိုရီးယားရဲ့ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်က မရေမရာဖြစ်သွားခဲ့မှာ ကျိန်းသေပါတယ်။ တောင်ကိုရီးယားဟာ ဥရောပလိဂ်တွေဆီမှာ ကစားသမားဘဝ ကျင်လည်ဖြတ်သန်းနေတဲ့ ဆွန်ဟောင်မင်း၊ ကီဆောင်ယောင်း၊ လီချန်ယန်း၊ ကိုဂျာချိုင်နဲ့ ဂျီဒေါင်ယောင်တို့ကို အားပြုပြီး အသင်းကို ပုံဖော်သွားမှာပါ။ နိုင်ငံလက်ရွေးစင်အသင်းအတွက် ပွဲစဉ်သုံးပွဲမှာ ပျမ်းမျှ တစ်ဂိုးနှုန်း သွင်းပေးတဲ့ ဆွန်ဟောင်မင်းဟာ တောင်ကိုရီးယားရဲ့နောက်တစ်ဆင့်တက်ရောက်ရေးမျှော်လင့်ချက်အတွက် အခရာကျသူဖြစ်လာမှာ ကျိန်းသေပါပဲ။ ပြိုင်ပွဲမတိုင်ခင်မှာ ဟွန်ဒူးရပ်စ်၊ ဘော့စနီးယား၊ ဘိုလီးဗီးယားတို့နဲ့ ခြေစမ်းပွဲတွေ ယှဉ်ပြိုင်ပြီး တောင်ကိုရီးယားက စစ်ပြင်ထားပါတယ်။ ■

အင်္ဂလန်နဲ့ ဘယ်လ်ဂျီယံတို့အားပြိုင်ကြမယ့် အုပ်စု (ဆ) အကြောင်း တစေ့တစောင်း

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု (ဆ) သုံးသပ်ချက်

အင်္ဂလန်အတွက် ဒီတစ်ကြိမ်မှာ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဆင့်မဲကျမှုက အနည်းငယ်အသက်ရှူချောင်သလို ရှိနေပါတယ်။ ဥရောပရဲ့မျိုးဆက်သစ် အင်အားစုကို ပိုင်ဆိုင်ထားတဲ့ ဘယ်လ်ဂျီယံနဲ့ သူတင်ကိုယ်တင် ယှဉ်ရမယ့်အခြေအနေမျိုး ဖြစ်နေပေမယ့် ပနားမား၊ တူနီးရှားစတဲ့ ပြိုင်ဘက်တွေကိုတော့ အင်္ဂလန် ကျိန်းသေအနိုင်ယူနိုင်ရမှာပါ။ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတုန်းက အုပ်စုအဆင့်နဲ့တင် ကျေနပ်လိုက်ရတဲ့ နာမည်ကြီးထမင်းငတ်အဖြစ်မျိုး မဖြစ်ရလေအောင် အင်္ဂလန် စွမ်းဆောင်ပြနိုင်လိမ့်မယ်လို့ အကောက်အယူပြုမိပါတယ်။

အင်္ဂလန်

နည်းပြ ဆောက်ဂိတ်ဟာ အင်္ဂလန်အသင်းကို ပြည်တွင်း အခြေစိုက်ကလပ်တွေက ကစားသမားတွေနဲ့ပဲ စုဖွဲ့ထားတာဖြစ်ပါတယ်။ လက်ရှိ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပြည်တွင်းကလပ်တွေက ကစားသမားတွေနဲ့ ဖွဲ့စည်းထားတဲ့အသင်းရယ်လို့ နှစ်သင်းတည်းသာ ရှိတာပါ။ အဲဒါကတော့ အင်္ဂလန်နဲ့ ဆော်ဒီအာရေဗျတို့ပါပဲ။ အင်္ဂလန်အသင်း ခေါင်းဆောင်သစ်ဟယ်ရီကိန်းက အင်္ဂလန်ဟာ ကမ္ဘာ့ချန်ပီယံဖြစ်နိုင်တယ်လို့ ကြုံးဝါးပြောဆိုနေပေမယ့် အဲ့ဒီလိုဖြစ်လာနိုင်ဖို့အရေးက လွယ်တော့ မလွယ်နိုင်လောက်ပါဘူး။ အထူးသဖြင့် အုပ်စုဗိုလ်နေရာရယူနိုင်ရေးဟာ အင်္ဂလန်အတွက် အရမ်းကို အရေးပါလွန်းနေပါတယ်။ အုပ်စုဗိုလ်အဖြစ်နဲ့ နောက်တစ်ဆင့်တက်နိုင်မှသာ ရှေ့လာမယ့်အဆင့်တွေက အင်္ဂလန်အတွက် အတိုင်းအတာတစ်ရပ်အထိ လွယ်ကူနိုင်မှာပါ။ အင်္ဂလန်ဟာ ကမ္ဘာ့ဖလားပြိုင်ပွဲ မစတင်ခင် ထင်ကြေးပေးခံရတဲ့အသင်းစာရင်းမှာ အမြဲတစေ ပါဝင်လေ့ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့လူစာရင်းကြောင့်ပါပဲ။ အင်္ဂလန်ရဲ့စာရွက်ပေါ်က လူစာရင်းဟာ ဘယ်ထိပ်သီး ပြိုင်ဘက်ကိုမဆို ယှဉ်နိုင်စွမ်း အပြည့်ရှိပါတယ်။ ဒါပေမဲ့ အမှန်တကယ်နင်လား ငါလား ကစားရပြီဆိုရင် သိပ်မစွံတော့တာက အင်္ဂလန်ရဲ့ရိုးရာပါပဲ။ အင်္ဂလန်လက်ရွေးစင် နောက်ခံကစားသမားဟောင်း ဖာဒီနန်ကတော့ လက်ရှိအင်္ဂလန်အသင်းဟာ အကောင်းဆုံးတိုက်စစ်သည် အကောင်းဆုံးခံစစ်ဆိုတဲ့ထုံးကို နှလုံးမူပြီး ပြိုင်ပွဲဝင်ရလိမ့်မယ်လို့ အကြံပြုထားပါတယ်။ ဖာဒီနန် အဲ့ဒီလိုတိုက်တွန်းရတဲ့ အကြောင်းရင်းကတော့ အင်္ဂလန်ဟာ ခံစစ်နဲ့ ဂိုးသမားနေရာတွေမှာ လစ်ဟာချက်တွေ၊ လိုအပ်ချက်တွေ ရှိနေလို့ပါပဲ။ ဂိုးသမားနေရာအတွက် နည်းပြဆောက်ဂိတ် ရွေးချယ်ခေါ်ယူလာခဲ့တဲ့ ပစ်ခ်ဖို့ဒ်၊ ဘတ်လန်းနဲ့ နစ်ခ်ပုပ်တို့ သုံးယောက်လုံးဟာ ပြိုင်ပွဲကြီးအတွေ့အကြုံ အရမ်းပဲ နည်းပါးလွန်းပါတယ်။ ဂယ်ရီကာဟေးလ်၊ ဒန်နီရိုစ့်၊ ထရစ်ပီယာ၊ အလက်ဇန္ဒားအာနိုး၊ မာဂွီရေး၊ အက်ရှ်လေယန်း၊ ဖီးလ်ဂျုံးစ်၊ ဂျွန်စတုန်းစ်၊ ကိုင်လီဝေါ်ကာနဲ့ ဖေဘီယန်ဒဲလ်ဖ်စတဲ့ အင်္ဂလန်ခံစစ်မှူးတွေထဲမှာလည်း တစ်ခုမဟုတ်တစ်ခု အမှားကျူးလွန်တတ်သူက ခပ်များများဖြစ်နေပါတယ်။ အင်္ဂလန်တိုက်စစ်မှာ အမှန်တကယ် လောက်လောက်လားလား အားကိုးရတာကလည်း ဟယ်ရီကိန်း တစ်ယောက်တည်းသာ ရှိတာပါ။ ကျန်တဲ့ကစားသမားတွေက ကျဉ်းထဲကျပ်ထဲ ရောက်သွားရင် အင်္ဂလန်အတွက် အမှန်တကယ် အလုပ်လုပ်ပေးနိုင်စွမ်းရှိသူတွေ မဟုတ်ကြပါဘူး။ ကမ္ဘာ့ဖလားပြိုင်ပွဲကြီး မစတင်ခင်မှာတော့ နယ်သာလန်၊ အီတလီ၊ နိုင်ဂျီးရီးယား၊ ကော်စတာရီကာတို့နဲ့ ခြေစမ်းပွဲတွေယှဉ်ပြိုင်ပြီး အသင်းကို ပြင်ဆင်ထားပါတယ်။

သုံးသပ်ချက်

အင်္ဂလန်အတွက် ဘယ်လ်ဂျီယံနဲ့ပွဲစဉ်ကသာ အကျပ်အတည်း တစ်ခုဖြစ်ဖို့ ရှိနေပါတယ်။ ပနားမားနဲ့ တူနီးရှားတို့ဆိုတာက အင်္ဂလန် စာဖွဲ့လောက်စရာပြိုင်ဘက်မျိုးတွေ မဟုတ်ပါဘူး။ အိမ်ဖြည့်အဆင့်သာရှိတဲ့ ပနားမားနဲ့ တူနီးရှားတို့ဟာ အရှက်တကွဲဂိုးပြတ်ရလဒ်တွေနဲ့ မရှုံးရင်ဘဲ ကျေနပ်ကြရပါလိမ့်မယ်။ အင်္ဂလန်နဲ့ ဘယ်လ်ဂျီယံတို့ရဲ့ပွဲစဉ်မှာ ရလဒ်ကောင်းတဲ့အသင်းက အုပ်စုဗိုလ်နေရာကိုရယူဖို့အခွင့်အလမ်းသာ သွားမှာပါ။

ဘယ်လ်ဂျီယံ

ဝီဂန်လိုအသင်းမျိုးကို အက်ဖ်အေဖလားပြိုင်ပွဲမှာ ချန်ပီယံဖြစ်အောင်အထိ ဦးဆောင်မှုပေးနိုင်ခဲ့တဲ့ နည်းပြ ရောဘတ်တို မာတီနက်ဇ်က ဘယ်လ်ဂျီယံကို ဦးဆောင်နေပါတယ်။ မာတီနက်ဇ်ရဲ့လက်ထောက်အဖြစ် တာဝန်ထမ်းဆောင်နေသူကတော့ အာဆင်နယ်တိုက်စစ်မှူးဟောင်း အွန်နရီပါ။ ဘယ်လ်ဂျီယံဟာလည်း ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်းတွေထဲမှာ သူ့ရဲ့ကစားသမားအင်အား တောင့်တင်းမှုကြောင့် ထင်မှတ်မထားတာတွေကို လုပ်ပြသွားနိုင်ခြေရှိတဲ့အသင်းအဖြစ် သတ်မှတ်ပေးခြင်းခံထားရပါတယ်။ ဘယ်လ်ဂျီယံဟာ အသင်းသမိုင်းကြောင်းတစ်လျှောက်မှာ ကမ္ဘာ့ဖလားပြိုင်ပွဲကို ၁၃ ကြိမ်မြောက်အဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိတာပါ။ ခြေစစ်ပွဲအဆင့်မှာ ဘယ်လ်ဂျီယံက ဂရိနဲ့ တစ်ဂိုးစီသရေကျတဲ့ ပွဲစဉ်တစ်ပွဲတည်းသာ ခြေချော်လက်ချော်ဖြစ်ခဲ့ပြီး ကျန်တဲ့ကိုးပွဲကို အလွတ်အကျွတ် အနိုင်ယူပြနိုင်ခဲ့ပါတယ်။ ခြေစစ်ပွဲ ၁၀ ပွဲမှာ ဘယ်လ်ဂျီယံက ၄၃ ဂိုးအထိ ရယူနိုင်ခဲ့ပြီး အဲ့ဒီသွင်းဂိုး ၄၃ ဂိုးအနက် ၁၁ ဂိုးကို မန်ယူတိုက်စစ်မှူး လုကာကုက တစ်ဦးတည်းဒိုင်ခံ သွင်းယူပေးခဲ့တာပါ။ ဗီအက်စ်ဗီအသင်းကို ကိုယ်စားပြုပြီး ကစားသမားဘဝဖြတ်သန်းနေတဲ့ နောက်ခံလူမူနီယာဆိုရင်လည်း အရေးကြုံလာရင် ခံစစ်ကနေ တိုက်စစ်အထိ လိုက်ပါပြီး ဘယ်လ်ဂျီယံအတွက် ဂိုးရယူပေးနိုင်စွမ်းရှိသူပါပဲ။ ခြေစစ်ပွဲကာလအတွင်း နောက်ခံကစားသမားတစ်ယောက်အနေနဲ့ အသင်းအတွက် မူနီယာရယူပေးခဲ့တဲ့ သွင်းဂိုးအရေအတွက်ဟာ ငါးဂိုးအထိ ရှိခဲ့ပါတယ်။ ဘယ်လ်ဂျီယံဟာ မန်ယူ၊ မန်စီးတီး ချယ်လ်ဆီးနဲ့ စပါးတို့ကို ကိုယ်စားပြုပြီး ကစားနေသူတွေကို အဓိကထားအားပြုပြီး အသင်းကို ပုံဖော်ထားတာပါ။ ၁၉၈၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတုန်းက စတုတ္ထဆု ရယူနိုင်ခဲ့တဲ့ အောင်မြင်မှုမျိုးကို ဘယ်လ်ဂျီယံက တစ်ကျော့ပြန်လည်ဆွတ်ခူးသွားနိုင်လေမလားဆိုတာဟာ စိတ်ဝင်စားစရာပါပဲ။ ဘယ်လ်ဂျီယံအသင်းရဲ့အခရာအကျဆုံး အစိတ်အပိုင်းကတော့ တိုက်စစ်စုဖွဲ့ထားမှုပဲဖြစ်ပါတယ်။ ဟားဇတ်၊ ဒီဘရိုင်နေးနဲ့ လုကာကုတို့ ခြေစွမ်းပြနိုင်ခြင်း၊ မပြနိုင်ခြင်းဟာ ဘယ်လ်ဂျီယံရဲ့ရလဒ်တွေအပေါ် ကျိန်းသေပေါက် သက်ရောက်မှာပါ။ ဘယ်လ်ဂျီယံအတွက် အားနည်းချက်ဖြစ်လာနိုင်တာက အပြီးသတ်လူစာရင်းထုတ်ပြန်ချိန်မှာ နိုင်ဂိုလန်ကို ချန်လှပ်ထားခဲ့ခြင်းပါပဲ။ ဘယ်လ်ဂျီယံကွင်းလယ်မှာ တစ်စုံတစ်ခုသော ချို့ယွင်းချက်တွေ ဖြစ်ပေါ်လာခဲ့ပြီဆိုရင် နည်းပြ မာတီနက်ဇ်ဟာ နိုင်ဂိုလန်တစ္ဆေ ခြောက်တာကို ကျိန်းသေခံရပါလိမ့်မယ်။

ပနားမား

ပနားမားဟာ အသင်းသမိုင်းကြောင်းတစ်လျှောက်မှာ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပထမဆုံးအကြိမ်အဖြစ် ပါဝင်ကစားခွင့်ရရှိခြင်းပါပဲ။ ပနားမားအသင်း ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်ခြင်းကို အစိုးရအာဏာပိုင်တွေက အများပြည်သူရုံးပိတ်ရက်တစ်ရက် သတ်မှတ်ပေးပြီးတော့တောင် ဂုဏ်ပြုခဲ့ပါတယ်။ ပနားမားဟာ ကွန်ကာကပ်ဖ်ဇုန်ရဲ့အင်အားကြီးအသင်းတစ်သင်းတော့ မဟုတ်ပါဘူး။ အမေရိကန်အသင်း ခြေချော်လွန်းခဲ့ခြင်းက ပနားမားကို ကောင်းစားသွားစေခဲ့တာပါ။ ကွန်ကာကပ်ဖ်ဇုန်ရဲ့ နောက်ဆုံးအဆင့်ခြေစစ်ပွဲတွေ ယှဉ်ပြိုင်ပြီးချိန်မှာ ပနားမားက အမေရိကန်ထက် ရမှတ်တစ်မှတ်အသာနဲ့ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခွင့်ကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါတောင်မှ ပနားမားဟာ ဟွန်ဒူးရပ်စ်နဲ့ အမှတ်တူညီနေခဲ့ပြီး သွင်းဂိုးကွာဟချက်အရ အသာစီးရခဲ့လို့ ကံကောင်းသွားခဲ့တာပါ။ ၂၀၀၉ ခုနှစ်တုန်းက ဗဟိုအမေရိကနိုင်ငံများဖလားဘောလုံးပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခဲ့ဖူးတဲ့ ပနားမားဟာ နောက်ဆုံးအဆင့်ခြေစစ်ပွဲတွေ ယှဉ်ပြိုင်ခဲ့ရာမှာ သွင်းဂိုးကိုးဂိုးပဲ ရယူနိုင်ခဲ့ပါတယ်။ ပနားမားရဲ့အားသာချက်ကတော့ ခံစစ်ကြောင်း ကျစ်လျစ်မာကျောမှုလို့ပဲ ညွှန်းဆိုကြရမှာပါ။ ဘာကြောင့်လဲဆိုတော့ နောက်ဆုံးအဆင့် ခြေစစ်ပွဲတွေမှာ ပြိုင်ဘက်တွေကို ပနားမား ဂိုးမပေးခဲ့ရတဲ့ ပွဲစဉ်အရေအတွက်ဟာ လေးပွဲအထိရှိခဲ့လို့ပါပဲ။ လက်ရွေးစင်အသင်းအတွက် ပွဲပေါင်း ၁၃၀ ကျော် ကစားခွင့်ရထားပြီးပြီဖြစ်တဲ့ ဂိုးသမားပီနီဒိုဟာ ပနားမားအတွက် အရေးပါတဲ့ ကစားသမားဖြစ်လာနိုင်ပါတယ်။ ခြေစစ်ပွဲတွေ ယှဉ်ပြိုင်ခဲ့စဉ်ကာလကလည်း သူ့ရဲ့စွမ်းစွမ်းတမံ ဂိုးပေါက်ကာကွယ်ပေးနိုင်ခဲ့မှုတွေကြောင့် ပနားမား သက်သာရာရခဲ့တဲ့ပွဲတွေဟာ ဒုနဲ့ဒေးပါပဲ။ ပြိုင်ပွဲကြီးအတွေ့အကြုံနည်းပါးလွန်းလှတဲ့ ပနားမားဆီမှာ အားသာချက်ဆိုတာက ရှားပါးလွန်းပြီး အားနည်းချက်ကသာ များပြားနေပါတယ်။

တူနီးရှား

တူနီးရှားဟာ အသင်းသမိုင်းကြောင်းတစ်လျှောက်မှာ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပဉ္စမအကြိမ်မြောက်အဖြစ် ပါဝင်ကစားခွင့် ရရှိခြင်းပါပဲ။ ခြေစစ်ပွဲအဆင့်ကို ရှုံးပွဲလုံးဝမရှိတဲ့မှတ်တမ်းနဲ့ ဖြတ်သန်းနိုင်ခဲ့တဲ့အသင်းတွေအနက်မှာ တူနီးရှားဟာလည်း တစ်သင်းအပါအဝင် ဖြစ်ပါတယ်။ ကွန်ဂို၊ လစ်ဗျားနဲ့ ဂီနီစတဲ့ ပြိုင်ဘက်တွေကိုကျော်ဖြတ်ပြီး တူနီးရှားက ခြေစစ်ပွဲအောင်မြင်လာခဲ့တာပါ။ ခြေစစ်ပွဲအဆင့်မှာ ပြိုင်ဘက်တွေကို လေးဂိုးသာ ပေးခဲ့ရလို့ ခံစစ်ကြောင်း တောင့်တင်းကျစ်လျစ်တဲ့အသင်းတွေစာရင်းမှာ တူနီးရှားကိုလည်း ထည့်သွင်းရမှာပါပဲ။ တူနီးရှားလက်ရွေးစင်အသင်းကို နည်းပြအဖြစ် ဦးဆောင်နေသူက လက်ရွေးစင်အသင်းကစားသမားဟောင်းတစ်ဦးဖြစ်သူ မာလူးလ်ဖြစ်ပါတယ်။ မာလူးလ်ဟာ ကစားသမားဘဝဖြတ်သန်းခဲ့စဉ်ကာလအတွင်း ဂျာမန်ကလပ် ဟန်နိုဗာကို နှစ်အတန်ကြာ ကိုယ်စားပြုခွင့်ရခဲ့သူပါ။ နိုင်ငံလက်ရွေးစင်အသင်းအတွက် မာလူးလ်က ပွဲစဉ် ၇၄ ပွဲ ကစားပေးခွင့်ရခဲ့ပြီး နည်းပြအဖြစ် သူတာဝန်ယူလိုက်ပြီးတဲ့နောက်မှာမှ တူနီးရှားက အတိတ်ကာလကလို တစ်ကျော့ပြန်လည် တိုးတက်လာခဲ့ပါတယ်။ ရန်းနက်စ်ကွင်းလယ်လူ ခါဇာရီ၊ မာဆေးနောက်ခံလူ အက်ဘ်ဒင်းနောနဲ့ အယ်လ်ဒူဟေးလ်တိုက်စစ်မှူး ဆတ်ခ်နီတို့ဟာ တူနီးရှားရဲ့အဓိကကစားသမားတွေပါပဲ။ အသင်းသမိုင်းကြောင်းတစ်လျှောက်မှာ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့အုပ်စုအဆင့်ကို ပထမဆုံးအကြိမ်ကျော်ဖြတ်ခွင့်ရနိုင်ဖို့ ရည်မှန်းနေပေမယ့် ဘယ်လ်ဂျီယံနဲ့ အင်္ဂလန်တို့ကို သူတင်ကိုယ်တင် ကစားနိုင်ဖို့ဆိုတာဟာ တူနီးရှားအတွက် ရေမှာအရုပ်ရေးရသလို ဖြစ်နေဆဲပဲဖြစ်ပါတယ်။ ■

2018 WORLD CUP GROUP (H)

ခြေစွမ်းညီတဲ့အသင်းသုံးသင်းရဲ့အားပြိုင်မှုနဲ့ စီးမျောကြရမယ့် အုပ်စု (ဇ) ညများ

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု (ဇ) သုံးသပ်ချက်

အုပ်စု (ဇ) မှာ ဂျပန်က လွဲရင် ကျန်တဲ့သုံးသင်းလုံးက မျှခြေရှိနေပါတယ်။ ဂျပန်ဟာ ပြိုင်ပွဲနားနီးမှ နည်းပြအပြောင်းအလဲလုပ်လိုက်တာကြောင့် တည်ငြိမ်တဲ့ အခြေအနေတစ်ရပ်ကနေ သွေဖယ်သွားပြီး ရှန်းကန်ရနိုင်တဲ့ အရိပ်အယောင်တွေ ဖြစ်ပေါ်နေပါပြီ။ မာနေးနဲ့ ကူလီဘာလေတို့လို ပါရမီရှင်တွေကို ပိုင်ဆိုင်ထားတဲ့ ဆီနီဂေါဟာ ၂၀၀၂ ခုနှစ်တုန်းကလို အစွမ်းပြသွားနိုင်လေမလား စောင့်ကြည့်ရမှာဖြစ်သလို ကစားသမားအင်အားတောင့်တဲ့ ပိုလန်နဲ့ ကိုလံဘီယာတို့က သူတို့လက်မှာရှိတဲ့ အရင်းအမြစ်တွေကို အကောင်းဆုံးအသုံးချသွားနိုင်လေမလားက စိတ်ဝင်စားစရာပါပဲ။

ဆီနီဂေါ

လွန်ခဲ့တဲ့ ၁၆ နှစ်တာကာလက အချိန်တစ်ခုကို မှတ်မိနေပါသေးတယ်။ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့အဖွင့်ပွဲကို ယှဉ်ပြိုင်ဖို့ သူတို့ရောက်လာခဲ့ကြပုံတွေကိုပေါ့။ အဲဒီကာလတုန်းက ပြိုင်ပွဲရဲ့အဖွင့်ပွဲစဉ်ကို လက်ရှိချန်ပီယံအသင်းက ကစားခွင့်ရတာဖြစ်လို့ ဆီနီဂေါဟာ ပြင်သစ်ကို ရင်ဆိုင်ခဲ့ရပါတယ်။ ဖွင့်လှစ်မှုဈေးကလည်း ပြင်းထန်လွန်းသလား မမေးပါနဲ့။ ချန်ပီယံပြင်သစ်က နှစ်ဂိုးပြတ်နဲ့ နိုင်ခဲ့ရင်တောင် အပြည့်အဝ နှစ်နာရမယ့် ဈေးပါ။ တကယ်တမ်း ကစားတော့ ပြင်သစ်ဟာ အနိုင်ကိုဘေးဖယ်၊ သရေနဲ့ဝေးကွာပြီး တစ်ဂိုး ဂိုးမရှိနဲ့ အရေးနိမ့်တာမျိုးပါ ဖြစ်သွားခဲ့ပါတယ်။ အဲ့ဒီမှာတင် ဆီနီဂေါကစားသမားတွေဟာ ကမ္ဘာ့ဘောလုံးဇာတ်ခုံမှာ နေ့ချင်းညချင်း အရှိန်အဝါကြီးသွားပြီး နာမည်ကြီးကလပ်အသင်းတွေက သူတို့ကို အလုအယက်ခေါ်ယူတာမျိုးတွေတောင် ဖြစ်လာခဲ့ပါလေတော့တယ်။ ဒါဟာ ဆီနီဂေါအတွက် လက်ရွေးစင်အသင်းသမိုင်းကြောင်းတစ်လျှောက်မှာ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဒုတိယအကြိမ်မြောက်အဖြစ် ပါဝင်ကစားခွင့်ရရှိခြင်းပါပဲ။ ဆီနီဂေါဟာ အာဖရိကဇုန်ရဲ့နောက်ဆုံးအဆင့်ခြေစစ်ပွဲတွေကို အမှားအယွင်းကင်းကင်းနဲ့ ဖြတ်ကျော်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲ ပါဝင်ကစားခွင့်ကို ထိုက်ထိုက်တန်တန် ရယူခဲ့တာပါ။

နောက်ဆုံးအဆင့်ခြေစစ်ပွဲ ခြောက်ပွဲမှာ လေးပွဲနိုင်၊ နှစ်ပွဲသရေ ရလဒ်ကိုရယူပြီး ဆီနီဂေါက ခြေစစ်ပွဲအောင်မြင်ခဲ့တာဖြစ်ပါတယ်။ ထူးခြားချက်တစ်ရပ်လို့ ပြောရမှာက တောင်အာဖရိကနဲ့ ယှဉ်ပြိုင်ခဲ့တဲ့ပွဲစဉ်မှာ ဆီနီဂေါဟာ ဒိုင်လူကြီးရဲ့ တရားမမျှတတဲ့ဆုံးဖြတ်ချက်ကြောင့် ရှုံးခဲ့ရတာပါပဲ။ ဒိုင်လူကြီး ဂျိုးဆက်ပ်လမ်ပရေးဟာ ဆီနီဂေါအသင်း လက်မထိတဲ့ဘောလုံးကို လက်ထိတယ်လို့ အတင်းသတ်မှတ်ပြီး တောင်အာဖရိကကို ပင်နယ်တီကန်ခွင့်ပေးလိုက်လို့ အဲ့ဒီပွဲမှာ ဆီနီဂေါက နှစ်ဂိုး တစ်ဂိုးနဲ့ အရေးနိမ့်ခဲ့ရပါတယ်။ အခြေအနေအရ အဲ့ဒီပွဲကိုသာ ပြန်ကန်ပွဲ ကစားခွင့်မရရင် ခြေစစ်ပွဲအောင်မြင်ရေးက မသေချာနိုင်တာမို့ ဆီနီဂေါဘောလုံးအဖွဲ့ချုပ်ဟာ တရားမျှတမှုရနိုင်ရေးအတွက် အထောက်အထားမျိုးစုံကို အာဖရိကဘောလုံးအဖွဲ့ချုပ်နဲ့ ဖီဖာတို့ဆီ ပေးပို့တိုက်ပွဲဝင်ခဲ့ပြီး အဆုံးသတ်မှာတော့ အောင်မြင်မှုလည်း ရခဲ့ပါတယ်။ ဖီဖာစည်းကမ်းထိန်းသိမ်းရေးကော်မတီဟာ တောင်အာဖရိကနဲ့ ဆီနီဂေါတို့ပွဲစဉ်ကို ပြန်ကန်ပွဲကစားဖို့ ခွင့်ပြုလိုက်တဲ့အပြင် လုပ်ပွဲဖန်တီးခဲ့တဲ့ ဒိုင်လူကြီး လမ်ပရေးကိုလည်း တစ်သက်တာပွဲပယ်ပြစ်ဒဏ်ချမှတ်ပြီး အရေးယူပစ်ခဲ့ပါတယ်။ ဆီနီဂေါအသင်းရဲ့အဓိကကစားသမားတွေလို့ ဆိုရမှာက တိုက်စစ်တောင်ပံကစားသမား မာနေး၊ နောက်ခံလူ ကူလီဘာလေနဲ့ စောင့်ကြည့်ရ

မယ့် တက်သစ်စ လူငယ်ကစားသမားစာရင်းမှာပါဝင်နေသူ ဘယ်လ်ဒီဒိုင်အိုတို့ပါပဲ။ ဆီနီဂေါအတွက် နောက်တစ်ဆင့်တက်ရေး အဆုံးအဖြတ်ပေးလာမှာက ပိုလန်၊ ကိုလံဘီယာတို့နဲ့ ယှဉ်ပြိုင်ကစားရမယ့်ပွဲစဉ်တွေပဲဖြစ်ပါတယ်။ အဲ့ဒီနှစ်သင်းအနက် တစ်သင်းကို အနိုင်ကစားလိုက်နိုင်ရင် ဆီနီဂေါဟာ နောက်တစ်ဆင့်တက်နိုင်ဖို့ အခြေအနေကောင်းသွားတော့မှာပါ။

စာမျက်နှာ 29 သို့

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲကို ခန့်မှန်းသုံးသပ်ပေးမည့် ပုရောဟိတ်များ

လင်းသစ်တည်ကြည်

၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပုရောဟိတ်တစ်ပါး ပေါ်ထွန်းခဲ့ပါတယ်။ သူခန့်မှန်းခဲ့တဲ့ ပွဲကြိုရလဒ်တွေက တကယ့်ကို ရက်ရက်စက်စက် မှန်ကန်ခဲ့တာပါ။ ဘယ်လောက်ထိအောင်လဲဆိုရင် "ဒီနေ့ ရေဘဝဲလေးက ဘယ်အသင်းပေးထားလဲဟေ့" လို့ မေးယူရလောက်တဲ့အထိပါပဲ။ ဟုတ်ပါတယ်။ ဂျာမနီနိုင်ငံ အိုဘာဟောဆန်မြို့ဆီက အဏ္ဏဝါပြတိုက်မှာ ဘဝကိုဖြတ်သန်းသွားခဲ့တဲ့ ရေဘဝဲလေး ပေါလ်ပါပဲ။ ပေါလ်ဟာ အသက်ရှင်သန်ခဲ့စဉ်ကာလအတွင်း ဘောလုံးပွဲပေါင်း ၁၄ ပွဲကို ခန့်မှန်းပေးခဲ့ပြီး အဲဒီပွဲစဉ် ၁၄ ပွဲမှာ ပေါလ်မှားခဲ့တာဆိုလို့ နှစ်ပွဲတည်းသာ ရှိခဲ့ပါတယ်။ ရာခိုင်နှုန်းအနေနဲ့ တွက်ချက်မယ်ဆိုရင် ပေါလ်ဟာ ခန့်မှန်းမှုပမာဏ ၈၅ ဒသမ ၇ ရာခိုင်နှုန်း မှန်ကန်ခဲ့တဲ့ ပရောဟိတ်သတ္တဝါလေးပါပဲ။ ဒါကြောင့်လည်း သူသေဆုံးသွားချိန်မှာ အိုဘာဟောဆန်အဏ္ဏဝါပြတိုက်က သူ့ပုံကို ရုပ်တုထုပြီး ဂုဏ်ပြုခဲ့တာဖြစ်ပါတယ်။ အဲဒီအချိန်ကနေစလို့ ကမ္ဘာ့ဖလားပြိုင်ပွဲတစ်ခုရောက်လာပြီဆိုတာနဲ့ ဘယ်လိုပုရောဟိတ်သတ္တဝါတွေ ပါလာမလဲကို ပရိသတ်တွေက မျှော်စောင့်လာကြတော့တာပါ။ ရုရှားနိုင်ငံမှာကျင်းပမယ့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) နဲ့ ရုရှားနိုင်ငံဆိုင်ရာ ပြိုင်ပွဲကျင်းပရေးကော်မတီတို့က ရွေးချယ်ထားတဲ့ ပုရောဟိတ်သတ္တဝါ သုံးကောင်ရှိပါတယ်။ သူတို့ကို ဖီဖာက ပြိုင်ပွဲရဲ့သံတမန်တွေအဖြစ်တောင် နေရာပေးအပ်ဂုဏ်ပြုထားတာပါ။

©视觉中国

(၁) ပထမဆုံးမိတ်ဆက်ပေးချင်တဲ့ ပုရောဟိတ်သတ္တဝါက ကြောင်ကြီး အာခီလီးစ်ပါပဲ။ အပြာရောင်မျက်လုံးနဲ့ အဖြူရောင်အမွေးတိုတွေကို ပိုင်ဆိုင်ထားတဲ့ တစ်နှစ်သားအရွယ် အာခီလီးစ်ကို ဆဋ္ဌအာရုံရှိထားတဲ့ သတ္တဝါအဖြစ် ဘောလုံးပရိသတ်များက လက်ခံထားကြပါတယ်။ ဘာကြောင့်လဲဆိုတော့ ၂၀၁၇ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲတုန်းက သူခန့်မှန်းခဲ့တဲ့ ပွဲစဉ်နှစ်ပွဲလုံးဟာ အမှန်တရားနဲ့ နီးစပ်ခဲ့လို့ပါပဲ။ ရုရှားကနေပြီး နယူးဇီလန်ကို အနိုင်ယူလိမ့်မယ်ဆိုတဲ့ပွဲဟာ အာခီလီးစ် ဟောကိန်းထုတ်တဲ့အတိုင်း အတိအကျဖြစ်ခဲ့ပြီး ဩစတြေးလျက ကင်မရွန်းကို နိုင်လိမ့်မယ်ဆိုတဲ့ပွဲမှာလည်း အောက်အသင်းဖြစ်တဲ့ ဩစတြေးလျက ကင်မရွန်းကို သရေခံကစားသွားခဲ့တာမို့ အာခီလီးစ်ကို ယုံကြည်သူတွေ အကျိုးများခဲ့ကြပြန်ပါတယ်။ ဒီတော့ ၂၀၁၈ ကမ္ဘာ့ဖလားမှာ အာခီလီးစ်က နာမည်ချွန်ထားရစ်ခဲ့နိုင်မယ့် ပုရောဟိတ် သတ္တဝါတစ်ကောင် ဖြစ်လာလေမလားကိုတော့ ရင်ခုန်စွာနဲ့ စောင့်ကြည့်ချင်စရာပါပဲ။ ထူးခြားချက်တစ်ရပ်လို့ဆိုရမှာက ကြောင်ကြီး အာခီလီးစ်ဟာ နားပင်းနေတဲ့ကြောင်တစ်ကောင် ဖြစ်နေတာပဲဖြစ်ပါတယ်။ ■

(၂) အာခီလီးစ်နည်းတူ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဟောကိန်းထုတ်ပေးမယ့် နောက်ထပ် ပုရောဟိတ် သတ္တဝါလေးကတော့ နီကာလို့အမည်ရတဲ့ ဝက်ဝံမလေးပါ။ နီကာရဲ့ဘဝဖြတ်သန်းခဲ့ရမှုက ချောမွေ့ဗာရာဏသီ မဟုတ်ပါဘူး။ ၂ နှစ်သားအရွယ်ရှိနေပြီဖြစ်တဲ့ ဝက်ဝံမလေး နီကာကို ချူကော့ကာဒေသမှာရှိတဲ့ ရာကိုင်ပီးရွာရဲ့အရှေ့ဖျားဆီမှာ ဒေသခံတွေက ရှာဖွေတွေ့ရှိခဲ့တာပါ။ တွေ့ရှိခဲ့စဉ်ကာလက နီကာရဲ့ အသက်ဟာ ရှစ်လအရွယ်ပဲ ရှိပါသေးတယ်။ တောရိုင်းတိရစ္ဆာန်တွေကို တရားမဝင်ဖမ်းဆီးသတ်ဖြတ်တဲ့ မုဆိုးတွေရဲ့လက်ချက်နဲ့ သူ့မိခင် ဝက်ဝံမကြီး သေဆုံးခဲ့ရအပြီးမှာ နီကာက လမ်းပျောက်ပြီး အစာရေစာငတ်ပြတ်နေခဲ့တာပါ။ ဒေသခံတွေက သူ့ကို တွေ့ရှိချိန်မှာ နီကာက ဒဏ်ရာ အနာတရလည်းဖြစ်လို့နေပါတယ်။ နီကာကိုတွေ့ရှိခဲ့တဲ့ ဒေသခံတွေဟာ သူမကို ရွာလေးဆီခေါ်ယူလာပြီး ဆေးကုသမှုတွေ၊ အစာကျွေးမှုတွေ ဂရုတစိုက်နဲ့ ဆောင်ရွက်ကာ အသက်ကယ်ခဲ့ကြတာပါ။ အဲဒီနောက်မှာတော့ ရုရှားစစ်တပ်ရဲ့စောင့်ရှောက်မှုနဲ့အတူ နီကာကို မော်စကို တိရစ္ဆာန်ရုံဆီ ပို့ဆောင်လိုက်ကြပါတယ်။ နီကာဆီမှာ ဆဋ္ဌအာရုံလို ခံစားမှုမျိုးရှိနေတယ်ဆိုတာကို စတင်အကဲခတ်မိခဲ့သူက သူ့ရဲ့လေ့ကျင့်ရေးမှူး အလက်ဇန္ဒား အီဂေါ်ရေ့ဗ်ပါ။ သူ့ကို ထားရှိတဲ့နေရာဆီ လူတွေရောက်လာတော့မယ့်အကြောင်းကို နီကာက အမြဲတစေ ကြိုသိနေတတ်တယ်လို့ အီဂေါ်ရေ့ဗ်က ပြောပါတယ်။ နီကာဟာ ဘောလုံးတွေနဲ့ ရေကူးရတာကို နှစ်သက်ပြီး အိပ်စက်ချိန်မှာတောင် ဘောလုံးတွေကို ခေါင်းအုံးအဖြစ် နီကာက သုံးတတ်လေ့ရှိပါတယ်။ မော်စကိုတိရစ္ဆာန်ရုံဟာ နီကာကို ပြီးခဲ့တဲ့ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲတုန်းက ပွဲထုတ်ခဲ့ပြီးပါပြီ။ မက္ကဆီကိုနဲ့ ပေါ်တူဂီတို့ ပွဲစဉ်မှာ နီကာက မက္ကဆီကို နိုင်မယ်လို့ မှန်းခဲ့ပြီး (တကယ်တော့ အဲဒီပွဲစဉ်ဟာ သရေနဲ့ အဆုံးသတ်သွားခဲ့ပါတယ်) ဂျာမနီနဲ့ ဩစတြေးလျတို့ပွဲမှာ ဂျာမနီနိုင်မယ် (အဲဒီပွဲကတော့ အတိအကျ မှန်ခဲ့ပါတယ်) လို့ ဟောကိန်းထုတ်ခဲ့ပါတယ်။ ဒါကြောင့်လည်း ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲကာလမှာ နီကာက ပရိသတ်အချစ်တော် ပုရောဟိတ်တစ်ပါး ဖြစ်လာလေမလားဆိုတာက စောင့်ကြည့်ချင်စရာပါပဲ။ ■

(၃) အခုတတိယမြောက်အဖြစ် နောက်ဆုံးမိတ်ဆက်ပေးမယ့် ပုရောဟိတ်သတ္တဝါကတော့ ရုရှားနိုင်ငံ ဆာမာရာမြို့မှာရှိတဲ့ ဆာမာရာတိရစ္ဆာန်ရုံဆီက ဆိတ်မလေး ဇာဘီယာကာပါပဲ။ ဇာဘီယာကာဟာ အရည်အချင်းစစ်စာမေးပွဲတွေကို အောင်မြင်ပြီးမှ အခုလိုမျိုး ကမ္ဘာ့ဖလားပွဲစဉ်ခန့်မှန်းမယ့် ပုရောဟိတ်ရာထူးကို ရရှိခဲ့တာဖြစ်ပါတယ်။ ဆာမာရာတိရစ္ဆာန်ရုံတာဝန်ရှိသူတွေဟာ ပထမအဆင့်ဆန်ခါတင်စာရင်း ထုတ်ပြန်ချိန်က အဲဒီစာရင်းမှာ သတ္တဝါခုနစ်ကောင် ပါဝင်ခဲ့ပါတယ်။ အဲဒီသတ္တဝါတွေကတော့ မျောက်ကလေး ဆိုင်မွန်၊ ကြက်မကြီး အိုင်ဆာဒိုရာ၊ မြေခွေးငယ် ရစ်ချတ်၊ ကုလားအုတ် လတ်ဇတ်၊ ဖျံကလေး ကိုကို၊ ဆိတ်မလေး ဇာဘီယာကာနဲ့ စပါးကြီးမြွေ မားဇစ်ခ်တို့ပါပဲ။ ဒီသတ္တဝါ ခုနစ်ကောင်ထဲကနေပြီး ပရိသတ်တွေရဲ့မဲပေးရွေးချယ်မှုနဲ့ နောက်ဆုံးအဆင့် ဆန်ခါတင်သုံးဦးစာရင်းကို ရွေးလိုက်တော့ ဆိတ်မလေး ဇာဘီယာကာ၊ မျောက်ကလေး ဆိုင်မွန်နဲ့ မြေခွေးငယ် ရစ်ချတ်တို့ ပါဝင်လာခဲ့ပါတယ်။ နောက်ဆုံးအဆင့်ဆန်ခါတင်စာရင်းမှာပါတဲ့ သတ္တဝါငယ်လေးသုံးကောင်ဟာ ပွဲစဉ်တွေကို ခန့်မှန်းအဖြေထုတ်ကာ အရည်အချင်းစစ်စာမေးပွဲ ဖြေခဲ့ကြရပြီး မှန်ကန်မှုအများဆုံးရှိခဲ့တဲ့ အသက်သုံးနှစ်အရွယ် ဆိတ်မလေး ဇာဘီယာကာက အဆုံးသတ်မှာ ဆာမာရာမြို့ရဲ့ကမ္ဘာ့ဖလားပြိုင်ပွဲ ခန့်မှန်းမှုကိုယ်စားလှယ် ဖြစ်ခွင့်ရသွားပါတော့တယ်။ ဇာဘီယာကာဟာ ဆာမာရာမြို့ဆီက ကော့စ်မော့စ်ဘောလုံးကွင်းကြီးမှာ ကျင်းပမယ့် ပွဲစဉ်ခြောက်ပွဲကိုပဲ ဟောကိန်းထုတ်ပေးသွားမှာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေကတော့ ဇွန်လ ၁၇ ရက်နေ့မှာ ကျင်းပမယ့် ကော်စတာရီကာနဲ့ ဆားဘီးယားပွဲစဉ်၊ ဇွန်လ ၂၁ ရက်နေ့မှာ ယှဉ်ပြိုင်မယ့် ဒိန်းမတ်နဲ့ ဩစတြေးလျပွဲစဉ်၊ ဇွန်လ ၂၅ ရက်နေ့မှာ ကစားမယ့် ဥရုဂွေးနဲ့ ရုရှားပွဲစဉ်၊ ဇွန်လ ၂၈ ရက်နေ့မှာ ကျင်းပမယ့် ဆီနီဂေါနဲ့ ကိုလံဘီယာပွဲစဉ်၊ ဇူလိုင်လ ၂ ရက်နေ့မှာ ယှဉ်ပြိုင်မယ့် ၁၆ သင်း ရှုံးထွက်အဆင့်ပွဲစဉ်နဲ့ ဇွန်လ ၇ ရက်နေ့မှာကစားမယ့် ကွာတားဖိုင်နယ်ပွဲစဉ်တွေပါပဲ။ ■

ဒီပုရောဟိတ်သတ္တဝါလေးတွေဟာ အစာခွက်တွေထဲမှာရှိတဲ့ အစာတွေကို စားသုံးပြီး ပွဲစဉ်တွေကို ခန့်မှန်းပေးသွားမှာဖြစ်ပါတယ်။ ယှဉ်ပြိုင်ကစားမယ့် အသင်းတွေနဲ့ သက်ဆိုင်တဲ့အမှတ်အသားတွေ ပါရှိတဲ့ အစာခွက်နှစ်ခွက်ရှိမှာဖြစ်ပြီး သတ္တဝါလေးတွေက ဘယ်အသင်းအတွက် သတ်မှတ်ထားတဲ့ခွက်ထဲက အစာကို စားသလဲအပေါ်မူတည်ပြီး ဟောကိန်းတွေကို ကြေညာပေးသွားမှာပါ။ သတ္တဝါလေးတွေ အစာရွေးချယ်စားတဲ့ ခွက်ရဲ့ပိုင်ရှင်အသင်းဟာ အနိုင်ရလဒ်ကို ရယူနိုင်မယ်ဆိုတဲ့သဘောဖြစ်ပါတယ်။ အာခီလီးစ်၊ နီကာနဲ့ ဇာဘီယာကာတို့ဟာ ဘောလုံးချစ်ပရိသတ်တွေအတွက် ကောင်းမွန်တဲ့ကံကြမ္မာတွေကို သယ်ဆောင်ပေးလာနိုင်စွမ်း ရှိပါ့မလားဆိုတာကတော့ စောင့်ကြည့်သွားကြရမှာပါပဲ။

၂၀၁၈ ကမ္ဘာ့ဖ

၂၀၁၈ကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စုများ

အုပ်စု(က)
ရုရှား(အိမ်ရှင်)
ဆော်ဒီအာရေဗျ
အီဂျစ်
ဥရုဂွေး

အုပ်စု(ဂ)
ပြင်သစ်
ဩစတြေးလျ
ပီရူး
ဒိန်းမတ်

အုပ်စု(င)
ဘရာဇီး
ဆွစ်ဇာလန်
ကော်စတာရီကာ
ဆားဘီးယား

အုပ်စု(ဆ)
ဘယ်လ်ဂျီယံ
ပနားမား
တူနီးရှား
အင်္ဂလန်

စဉ်	ပွဲချိန်	ပွဲစဉ်				နေရာ
၁၄-၆-၂၀၁၈(ကြာသပတေးနေ့)						
ပွဲစဉ်(၁)	ည ၉း၃၀ နာရီ	ရုရှား			ဆော်ဒီအာရေဗျ	လုဇ်နီကီကွင်း၊ မော်စကိုမြို့
၁၅-၆-၂၀၁၈(သောကြာနေ့)						
ပွဲစဉ်(၂)	ည ၆း၃၀ နာရီ	အီဂျစ်			ဥရုဂွေး	စင်ထရယ်လ်ကွင်း၊ ယီကာတီရင်ဘတ်ဂ်မြို့
ပွဲစဉ်(၃)	ည ၉း၃၀ နာရီ	မော်ရိုကို			အီရန်	ခရက်စ်တော့ဖ်စကီးကွင်း၊ စိန့်ပီတာစဘတ်မြို့
၁၆-၆-၂၀၁၈(စနေနေ့)						
ပွဲစဉ်(၄)	နံနက် ၀၀း၃၀ နာရီ	ပေါ်တူဂီ			စပိန်	ဖစ်ရှ်အိုလံပစ်ကွင်း၊ ဆိုချီမြို့
ပွဲစဉ်(၅)	ညနေ ၄း၃၀ နာရီ	ပြင်သစ်			ဩစတြေးလျ	ကာဇန်အရီနာကွင်း၊ ကာဇန်မြို့
ပွဲစဉ်(၆)	ည ၇း၃၀ နာရီ	အာဂျင်တီးနား			အိုက်စလန်	အော့ကရီတိုင်းအရီနာကွင်း၊ မော်စကိုမြို့
ပွဲစဉ်(၇)	ည ၁၀း၃၀ နာရီ	ပီရူး			ဒိန်းမတ်	မော်ဒိုဗီးယားအရီနာကွင်း၊ ဆရာန့်က်ခ်မြို့
၁၇-၆-၂၀၁၈(တနင်္ဂနွေနေ့)						
ပွဲစဉ်(၈)	နံနက် ၁း၃၀ နာရီ	ခရိုအေးရှား			နိုင်ဂျီးရီးယား	ကာလီနင်ဂရက်ကွင်း၊ ကာလီနင်ဂရက်မြို့
ပွဲစဉ်(၉)	ည ၆း၃၀ နာရီ	ကော်စတာရီကာ			ဆားဘီးယား	ကော့စ်မော့စ်အရီနာကွင်း၊ ဆာမာရာမြို့
ပွဲစဉ်(၁၀)	ည ၉း၃၀ နာရီ	ဂျာမနီ			မက္ကဆီကို	လုဇ်နီကီကွင်း၊ မော်စကိုမြို့
၁၈-၆-၂၀၁၈(တနင်္လာနေ့)						
ပွဲစဉ်(၁၁)	နံနက် ၀၀း၃၀ နာရီ	ဘရာဇီး			ဆွစ်ဇာလန်	ရော့စ်တော့ဗ်အရီနာကွင်း၊ ရော့စ်တော့ဗ်မြို့
ပွဲစဉ်(၁၂)	ည ၆း၃၀ နာရီ	ဆွီဒင်			တောင်ကိုရီးယား	နစ်ဇ်နီနော့ဗ်ဂိုရော့ဒ်ကွင်း၊ နစ်ဇ်နီနော့ဗ်ဂိုရော့ဒ်မြို့
ပွဲစဉ်(၁၃)	ည ၉း၃၀ နာရီ	ဘယ်လ်ဂျီယံ			ပနားမား	ဖစ်ရှ်အိုလံပစ်ကွင်း၊ဆိုချီမြို့
၁၉-၆-၂၀၁၈(အင်္ဂါနေ့)						
ပွဲစဉ်(၁၄)	နံနက် ၀၀း၃၀ နာရီ	တူနီးရှား			အင်္ဂလန်	ဗော်လ်ဂိုဂရတ်ဒ်အရီနာကွင်း၊ ဗော်လ်ဂိုဂရတ်ဒ်မြို့
ပွဲစဉ်(၁၅)	ည ၆း၃၀ နာရီ	ကိုလံဘီယာ			ဂျပန်	မော်ဒိုဗီးယားအရီနာကွင်း၊ ဆရာန့်က်ခ်မြို့
ပွဲစဉ်(၁၆)	ည ၉း၃၀ နာရီ	ပိုလန်			ဆီနီဂေါ	အော့ကရီတိုင်းအရီနာကွင်း၊ မော်စကိုမြို့
၂၀-၆-၂၀၁၈(ဗုဒ္ဓဟူးနေ့)						
ပွဲစဉ်(၁၇)	နံနက် ၀၀း၃၀ နာရီ	ရုရှား			အီဂျစ်	ခရက်စ်တော့ဖ်စကီးကွင်း၊ စိန့်ပီတာစဘတ်မြို့
ပွဲစဉ်(၁၈)	ည ၆း၃၀ နာရီ	ပေါ်တူဂီ			မော်ရိုကို	လုဇ်နီကီကွင်း၊ မော်စကိုမြို့
ပွဲစဉ်(၁၉)	ည ၉း၃၀ နာရီ	ဥရုဂွေး			ဆော်ဒီအာရေဗျ	ရော့စ်တော့ဗ်အရီနာကွင်း၊ ရော့စ်တော့ဗ်မြို့
၂၁-၆-၂၀၁၈(ကြာသပတေးနေ့)						
ပွဲစဉ်(၂၀)	နံနက် ၀၀း၃၀ နာရီ	အီရန်			စပိန်	ကာဇန်အရီနာကွင်း၊ ကာဇန်မြို့
ပွဲစဉ်(၂၁)	ည ၆း၃၀ နာရီ	ဒိန်းမတ်			ဩစတြေးလျ	ကော့စ်မော့စ်အရီနာကွင်း၊ ဆာမာရာမြို့
ပွဲစဉ်(၂၂)	ည ၉း၃၀ နာရီ	ပြင်သစ်			ပီရူး	စင်ထရယ်လ်ကွင်း၊ ယီကာတီရင်ဘတ်ဂ်မြို့

မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး (FDA) မှ ပထမဦးဆုံးအသိအမှတ်ပြု အရပ်ရှည်ဖြည့်စွက်အာဟာရ

အရပ်ပုလို့ စိတ်ညစ်နေတာလား?

" ၃လမှ၆လအတွင်း
သိသိသာသာအရပ်မြင့်မားလာစေမှာဖြစ်ပါတယ်"

အသက်(၁၃)နှစ်မှ(၃၀)အတွင်း ကျား၊မ မရွေးသောက်သုံးနိုင်ပါသည်

City Mart၊ Capital၊ စိန်ဂေဟာ၊ ဂမုန်းပွင့်၊ Super one နှင့်ဆေးဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

Height your LIFE UP !
HEIGHT XL
HEIGHT ENHANCEMENT FORMULA
Made in USA

Proudly Distributed by
Htut Myat Co.,Ltd

GMP FDA

Height XL Office
အမှတ်-၆၇၊ ပထမထပ်၊ စံရိပ်ငြိမ် ၅လမ်းထိပ်၊ အင်းစိန်လမ်းမကြီး၊
လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 09-5156033, 09-422493268

HEIGHT XL ကိုတစ်နေ့၂လုံးပုံမှန်သောက်သုံးလိုက်ပါ

ယား ပွဲစဉ်ဇယား

ုပ်စု(ခ)	အုပ်စု(ဃ)	အုပ်စု(စ)	အုပ်စု(ဇ)
ပေါ်တူဂီ	အာဂျင်တီးနား	ဂျာမနီ	ပိုလန်
စပိန်	အိုက်စလန်	မက္ကဆီကို	ဆီနီဂေါ
မော်ရိုကို	ခရိုအေးရှား	ဆွီဒင်	ကိုလံဘီယာ
အီရန်	နိုင်ဂျီးရီးယား	တောင်ကိုရီးယား	ဂျပန်

စဉ်	ပွဲချိန်	ပွဲစဉ်					နေရာ
၂၂-၆-၂၀၁၈(သောကြာနေ့)							
ပွဲစဉ်(၂၃)	နံနက် ၀၀း၃၀ နာရီ	အာဂျင်တီးနား		-		ခရိုအေးရှား	နစ်ဇ်နီနော့ဗ်ဂိုရော့ဒ်ကွင်း၊ နစ်ဇ်နီနော့ဗ်ဂိုရော့ဒ်မြို့
ပွဲစဉ်(၂၄)	ည ၆း၃၀ နာရီ	ဘရာဇီး		-		ကော်စတာရီကာ	ဒရက်စ်တော့ပ်စကီးကွင်း၊ စိန့်ပီတာစဘတ်မြို့
ပွဲစဉ်(၂၅)	ည ၉း၃၀ နာရီ	နိုင်ဂျီးရီးယား		-		အိုက်စလန်	ဗော်လ်ဂိုဂရတ်ဒ်အရီနာကွင်း၊ ဗော်လ်ဂိုဂရတ်ဒ်မြို့
၂၃-၈-၂၀၁၈(စနေနေ့)							
ပွဲစဉ်(၂၆)	နံနက် ၀၀း၃၀ နာရီ	ဆားဘီးယား		-		ဆွစ်ဇာလန်	ကာလီနင်ဂရက်ကွင်း၊ ကာလီနင်ဂရက်မြို့
ပွဲစဉ်(၂၇)	ည ၆း၃၀ နာရီ	ဘယ်လ်ဂျီယံ		-		တူနီးရှား	အော့ကရီတိုင်းအရီနာကွင်း၊ မော်စကိုမြို့
ပွဲစဉ်(၂၈)	ည ၉း၃၀ နာရီ	တောင်ကိုရီးယား		-		မက္ကဆီကို	ရော့စ်တော့ဗ်အရီနာကွင်း၊ ရော့စ်တော့ဗ်မြို့
၂၄-၈-၂၀၁၈(တနင်္ဂနွေနေ့)							
ပွဲစဉ်(၂၉)	နံနက် ၀၀း၃၀ နာရီ	ဂျာမနီ		-		ဆွီဒင်	ဖစ်ရှ်အိုလံပစ်ကွင်း၊ ဆိုချီမြို့
ပွဲစဉ်(၃၀)	ည ၆း၃၀ နာရီ	အင်္ဂလန်		-		ပနားမား	နစ်ဇ်နီနော့ဗ်ဂိုရော့ဒ်ကွင်း၊ နစ်ဇ်နီနော့ဗ်ဂိုရော့ဒ်မြို့
ပွဲစဉ်(၃၁)	ည ၉း၃၀ နာရီ	ဂျပန်		-		ဆီနီဂေါ	စင်ထရယ်လ်ကွင်း၊ ယီကာတီရင်ဘတ်ဂ်မြို့
၂၅-၈-၂၀၁၈(တနင်္လာနေ့)							
ပွဲစဉ်(၃၂)	နံနက် ၀၀း၃၀ နာရီ	ပိုလန်		-		ကိုလံဘီယာ	ကာဇန်အရီနာကွင်း၊ ကာဇန်မြို့
ပွဲစဉ်(၃၃)	ည ၈း၃၀ နာရီ	ဥရုဂွေး		-		ရုရှား	ကော့စ်မော့စ်အရီနာကွင်း၊ ဆာမာရာမြို့
ပွဲစဉ်(၃၄)	ည ၈း၃၀ နာရီ	ဆော်ဒီအာရေဗျ		-		အီဂျစ်	ဗော်လ်ဂိုဂရတ်ဒ်အရီနာကွင်း၊ ဗော်လ်ဂိုဂရတ်ဒ်မြို့
၂၆-၈-၂၀၁၈(အင်္ဂါနေ့)							
ပွဲစဉ်(၃၅)	နံနက် ၀၀း၃၀ နာရီ	အီရန်		-		ပေါ်တူဂီ	မော်ဒိုဗီးယားအရီနာကွင်း၊ ဆရာနက်ခ်မြို့
ပွဲစဉ်(၃၆)	နံနက် ၀၀း၃၀ နာရီ	စပိန်		-		မော်ရိုကို	ကာလီနင်ဂရက်ကွင်း၊ ကာလီနင်ဂရက်မြို့
ပွဲစဉ်(၃၇)	ည ၈း၃၀ နာရီ	ဒိန်းမတ်		-		ပြင်သစ်	လုဇ်နီကီကွင်း၊ မော်စကိုမြို့
ပွဲစဉ်(၃၈)	ည ၈း၃၀ နာရီ	ဩစတြေးလျ		-		ပီရူး	ဖစ်ရှ်အိုလံပစ်ကွင်း၊ ဆိုချီမြို့
၂၇-၆-၂၀၁၈(ဗုဒ္ဓဟူးနေ့)							
ပွဲစဉ်(၃၉)	နံနက် ၀၀း၃၀ နာရီ	နိုင်ဂျီးရီးယား		-		အာဂျင်တီးနား	ဒရက်စ်တော့ပ်စကီးကွင်း၊ စိန့်ပီတာစဘတ်မြို့
ပွဲစဉ်(၄၀)	နံနက် ၀၀း၃၀ နာရီ	အိုက်စလန်		-		ခရိုအေးရှား	ရော့စ်တော့ဗ်အရီနာကွင်း၊ ရော့စ်တော့ဗ်မြို့
ပွဲစဉ်(၄၁)	ည ၈း၃၀ နာရီ	တောင်ကိုရီးယား		-		ဂျာမနီ	ကာဇန်အရီနာကွင်း၊ ကာဇန်မြို့
ပွဲစဉ်(၄၂)	ည ၈း၃၀ နာရီ	မက္ကဆီကို		-		ဆွီဒင်	စင်ထရယ်လ်ကွင်း၊ ယီကာတီရင်ဘတ်ဂ်မြို့
၂၈-၆-၂၀၁၈(ကြာသပတေးနေ့)							
ပွဲစဉ်(၄၃)	နံနက် ၀၀း၃၀ နာရီ	ဆားဘီးယား		-		ဘရာဇီး	အော့ကရီတိုင်းအရီနာကွင်း၊ မော်စကိုမြို့
ပွဲစဉ်(၄၄)	နံနက် ၀၀း၃၀ နာရီ	ဆွစ်ဇာလန်		-		ကော်စတာရီကာ	နစ်ဇ်နီနော့ဗ်ဂိုရော့ဒ်ကွင်း၊ နစ်ဇ်နီနော့ဗ်ဂိုရော့ဒ်မြို့
ပွဲစဉ်(၄၅)	ည ၈း၃၀ နာရီ	ဆီနီဂေါ		-		ကိုလံဘီယာ	ကော့စ်မော့စ်အရီနာကွင်း၊ ဆာမာရာမြို့
ပွဲစဉ်(၄၆)	ည ၈း၃၀ နာရီ	ဂျပန်		-		ပိုလန်	ဗော်လ်ဂိုဂရတ်ဒ်အရီနာကွင်း၊ ဗော်လ်ဂိုဂရတ်ဒ်မြို့
၂၉-၆-၂၀၁၈(သောကြာနေ့)							
ပွဲစဉ်(၄၇)	နံနက် ၀၀း၃၀ နာရီ	အင်္ဂလန်		-		ဘယ်လ်ဂျီယံ	ကာလီနင်ဂရက်ကွင်း၊ ကာလီနင်ဂရက်မြို့
ပွဲစဉ်(၄၈)	နံနက် ၀၀း၃၀ နာရီ	ပနားမား		-		တူနီးရှား	မော်ဒိုဗီးယားအရီနာကွင်း၊ ဆရာနက်ခ်မြို့

ကစားသမားတွေရဲ့စားသောက်မှုပုံစံကို တင်းကျပ်ထားတဲ့ အင်္ဂလန်နည်းပြ ဆောက်ဂိတ်

အင်္ဂလန်နည်းပြဆောက်ဂိတ်ဟာ လာမယ့်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဆုဖလားမမှန်းဘဲ ဖိအားကင်းကင်းကစားသွားမယ်လို့ဆိုထားပေမယ့် ကစားသမားတွေရဲ့စားသောက်မှုပုံစံကိုတင်းကျပ်ထားတာကြောင့် ချန်ပီယံဆုကို တိတ်တဆိတ်ရည်မှန်းထားပုံရပါတယ်။

သတင်းတွေအရ ဆောက်ဂိတ်ဟာအင်္ဂလန်အသင်းရဲ့လေ့ကျင့်ရေးစင်တာက Starbucks ကော်ဖီဆိုင်မှာရှိတဲ့ အစားအသောက်တွေကို မစားဖို့ ကစားသမားတွေကိုညွှန်ကြားထားတာဖြစ်ပါတယ်။ အဲဒီဆိုင်က ဘလူးဘယ်ရီပေါင်မုန့်ဝိုင်းနဲ့ ချိစ်ပေါင်မုန့်တွေမစားဖို့ တားမြစ်ထားသလိုကော်ဖီတွေထဲမှာလည်း သကြားရည် ထည့်မသောက်ဖို့ တားမြစ်ထားပါတယ်။

ဒီလိုအချိန်မှာ ဒဏ်ရာကြောင့် ကမ္ဘာ့ဖလားနဲ့လွဲချော်ခဲ့ရတဲ့ ချိန်ဘာလိန်းက လူမှုကွန်ရက်မှာ အမဲသားချောင်းစားပြခဲ့လို့ Billy Franks က အင်္ဂလန်ကစားသမားတွေအတွက် အမဲသားချောင်းတွေ လက်ဆောင်ပေးပို့ခဲ့လို့ Starbucks က အစားအသောက်တွေ အစား အမဲသားချောင်းတွေပဲ စားနေရမယ့်ကိန်းဆိုက်နေပါတယ်။

ကစားသမားတွေအနေနဲ့ လေ့ကျင့်ခန်းပြင်းပြင်းထန်ထန်လုပ်ပြီးနောက်မှာ ကြွက်သားအတွက်လိုအပ်တဲ့ပရိုတိန်းကို ဒီအမဲသားချောင်းတွေက ပေးစွမ်းနိုင်တာဖြစ်လို့ အင်္ဂလန်ကစားသမားတွေအနေနဲ့ အမဲသားချောင်းတွေနဲ့ပဲ နှစ်ပါးသွားရဖို့ရှိနေတယ်လို့ ခန့်မှန်းနေကြပါတယ်။ ■

ကမ္ဘာ့ဖလားကို ထည့်သွင်းသိမ်းဆည်းထားမယ့် Louis Vuitton

နာမည်ကျော်ဖက်ရှင်ပစ္စည်းကုမ္ပဏီတစ်ခုဖြစ်တဲ့ Louis Vuitton ဟာ ဘောလုံးလောကရဲ့အထင်ကရပစ္စည်းတစ်ခုဖြစ်တဲ့ ကမ္ဘာ့ဖလားကို ထည့်သွင်းသိမ်းဆည်းထားမယ့် အထူးပြုလုပ်ထားတဲ့သေတ္တာကို မိတ်ဆက်ပြသခဲ့ပါတယ်။ ပြင်သစ်အခြေစိုက် ဇိမ်ခံပစ္စည်းကုမ္ပဏီဖြစ်တဲ့ Louis Vuitton ဟာ လေးနှစ်တစ်ကြိမ်ကျင်းပပြီး သမိုင်းတစ်လျှောက်မှာ ၂၁ကြိမ်မြောက်ပြုလုပ်မယ့် ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဗိုလ်စွဲတဲ့အသင်းကိုပေးအပ်မယ့် ကမ္ဘာ့ဖလားကို ထည့်သွင်းသိမ်းဆည်းထားမယ့် သေတ္တာကို ပါရီမှာပြုလုပ်တဲ့အခမ်းအနားမှာ မိတ်ဆက်ပြသခဲ့တာဖြစ်ပါတယ်။

အထူးပြုလုပ်ထားတဲ့ ဒီသေတ္တာအပြင် Louis Vuitton ဟာ Adidas အားကစားပစ္စည်းကုမ္ပဏီနဲ့ပူးပေါင်းပြီး ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ အသုံးပြုခဲ့တဲ့ဘောလုံးတွေထည့်သွင်းထားမယ့် သေတ္တာကြီးတစ်လုံးကိုလည်း တပါတည်းမိတ်ဆက်ပြသခဲ့ပါတယ်။ ဒီသေတ္တာကိုတော့ Naked Heart Foundation ရဲ့ရန်ပုံငွေပွဲမှာ လေလံတင်ရောင်းချမယ်လို့သိရပါတယ်။ ဒီသေတ္တာမှာပါဝင်မယ့် ဘောလုံး ၁၄လုံးမှာ ၁၃လုံးက အရင်ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ Adidas ကအသုံးပြုခဲ့တဲ့ဘောလုံး ၁၃လုံးကို အထူးအစီအစဉ်အနေနဲ့ ပြန်လည်ထုတ်လုပ်ထားတာဖြစ်ပါတယ်။

ကမ္ဘာ့ဖလားထည့်သွင်းထားမယ့် သေတ္တာကိုမိတ်ဆက်တဲ့အခမ်းအနားမှာ ပြင်သစ်ဘောလုံးသမားဟောင်းလီဘော့ဖ်နဲ့ ရုရှားမော်ဒယ်ဗိုဒီယာနိုဗာတို့က ပူးပေါင်းတင်ဆက်ခဲ့ကြတာဖြစ်ပြီး ဒီသေတ္တာကို ကမ္ဘာ့ဖလားပြိုင်ပွဲအဖွင့်ပွဲစဉ်နဲ့ ဗိုလ်လုပွဲတွေကျင်းပမယ့် ဇွန် ၁၄ရက်နဲ့ ဇူလိုင် ၁၅ ရက်တွေမှာ ပြသထားမှာဖြစ်ပါတယ်။ ■

ကမ္ဘာ့ဖလားရဲ့ တရားဝင်သီချင်းကို နစ်ကီဂျမ်နဲ့ပူးတွဲသီဆိုမယ့် ဟောလိဝုဒ်ရုပ်ရှင်မင်းသား ဝီလ်စမစ်

ဟောလိဝုဒ်ရုပ်ရှင်သရုပ်ဆောင်လည်းဖြစ်၊ ရက်ပ်အဆိုတော်လည်းဖြစ်တဲ့ ဝီလ်စမစ်ဟာ ၂၀၁၈ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ တရားဝင်သီချင်းကို အမေရိကန်အဆိုတော် နစ်ကီဂျမ်၊ ကိုဆိုဗိုပေါ့ပ်အဆိုတော်အီရာအစ်ထရီဖီတို့နဲ့တွဲပြီး သီဆိုသွားမှာဖြစ်ပါတယ်။

ဒီသီချင်းကို မေလ ၂၅ရက်မှာ တစ်ကမ္ဘာလုံးကိုဖြန့်ချိခဲ့ပြီး ဂျက်စတင်ဘီဘာ၊ ဘီယွန်းဆေး၊ ရှာကီရာနဲ့ တခြားနာမည်ကြီးအဆိုတော်တွေရဲ့သီချင်းတွေကို ထုတ်လုပ်ခဲ့ဖူးတဲ့ နာမည်ကြီးအမေရိကန်ဒီဂျေသမား ဒီပလိုက ထုတ်လုပ်တာဖြစ်ပါတယ်။

အခုလိုပူးပေါင်းဖြေဖျော်မှုမှာပါဝင်ခဲ့ခြင်းဟာ ဝီလ်စမစ်အတွက် ဂီတလောကထဲကို တစ်ကျော့ပြန်ဝင်ရောက်လာခြင်းဖြစ်ပါတယ်။ ဝီလ်စမစ်ဟာ ၁၉၉၀ပြည့်နှစ်တွေမှာ ပေါ့ပ်နဲ့ဟစ်ပ်ဟော့သီချင်းတွေအများကြီးသီဆိုခဲ့သူဖြစ်ပေမယ့် ၂၀၀၅မှာ Lost and Found လို့ခေါ်တဲ့အယ်လ်ဘမ်ထုတ်ခဲ့ပြီးနောက်ပိုင်း အယ်လ်ဘမ်အသစ်မထုတ်ခဲ့တာဖြစ်လို့အခုကမ္ဘာ့ဖလားသီချင်းမှာပါဝင်ခဲ့ခြင်းဟာ ဝီလ်စမစ်အနေနဲ့ ဂီတနဲ့ တစ်ကျော့ပြန်ထိတွေ့ခဲ့ခြင်းလို့ ဆိုရမှာဖြစ်ပါတယ်။

အရင်ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ လူသိများခဲ့တဲ့ တရားဝင်သီချင်းတွေအများကြီးရှိခဲ့ဖူးပြီး ရစ်ကီမာတင်ရဲ့ The Cup of Life ၊ ရှာကီရာရဲ့ Waka Waka ၊ ပစ်ဘူးလ်ရဲ့ We Are One(Ole Ola) တို့ဟာ ပရိသတ်တွေနှစ်သက်တဲ့သီချင်းတွေဖြစ်ခဲ့ကြပါတယ်။ ■

ပြိုင်ဘက်တွေကို အမှတ်တရကော်ဇော လက်ဆောင်ပေးမယ့် အီရန်

အီရန်နိုင်ငံဟာ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံမှာ သီးခြားတည်ရှိနေတဲ့နိုင်ငံတစ်ခုဖြစ်ကောင်းဖြစ်နိုင်ပေမယ့် ဘောလုံးလောကမှာတော့ ဖော်ရွေတဲ့နိုင်ငံတစ်ခုဖြစ်တယ်ဆိုတာကို အုပ်စုတွင်းပြိုင်ဘက်အသင်းတွေကို ကော်ဇောလက်ဆောင်ပေးခြင်းနဲ့ သက်သေပြဖို့ရှိနေပါတယ်။

အီရန်ဟာ ၂၀၁၈ကမ္ဘာ့ဖလားမှာ စပိန်၊ ပေါ်တူဂီ၊ မော်ရိုကိုအသင်းတွေနဲ့ တစ်အုပ်စုတည်းကျရောက်နေတာဖြစ်ပြီး ဒီပြိုင်ဘက်အသင်းတွေက အသင်းခေါင်းဆောင်တွေကို သူတို့နိုင်ငံရဲ့ရိုးရာလက်မှုအနုပညာလက်ရာတစ်ခုဖြစ်တဲ့ ကော်ဇောတွေ လက်ဆောင်ပေးဖို့ စီစဉ်နေတာပါ။

အီရန်ဟာ ၂၀၀၆ကမ္ဘာ့ဖလားပြိုင်ပွဲတုန်းက ပြင်သစ်သားဇီဒန်းကို အခုလိုလက်ဆောင်ပေးခဲ့ဖူးပြီး ဒီတစ်ကြိမ်မှာတော့ အုပ်စုတွင်းပြိုင်ဘက်အသင်းတွေအပြင် ကမ္ဘာ့ဖလားအိမ်ရှင်ရုရှားဘောလုံးအဖွဲ့ချုပ်၊ ဖီဖာပြတိုက်နဲ့ Astan Qud Razavi ပြတိုက်တွေကိုပါ လက်ဆောင်ပေးဖို့ စီစဉ်နေတာဖြစ်ပါတယ်။

အီရန်ဟာ သူတို့ရဲ့သမိုင်းမှာ ကမ္ဘာ့ဖလားအုပ်စုတွင်းပွဲစဉ်တွေမှာ နိုင်ပွဲတစ်ပွဲသာရခဲ့ဖူးပြီး နိုင်ငံရေးဇာတ်ခုံပေါ်က ခါးသီးတဲ့ပြိုင်ဘက်အမေရိကန်ကို အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒီနှစ်မှာတော့ ထိပ်သီးအသင်းတွေဖြစ်တဲ့ စပိန်၊ ပေါ်တူဂီတို့အပြင် အာဖရိကအသင်းကြီးမော်ရိုကိုပါ ပါဝင်နေတဲ့ အုပ်စုထဲမှာရောက်နေလို့ နိုင်ပွဲရမယ့်အခွင့်အလမ်း နည်းပါးနေပါတယ်။ ■

အဆင့်မြင့်အထောက်အကူပစ္စည်းတွေပါဝင်တဲ့ ဘရာဇီးရဲ့ပေါင်သုံးသန်းတန် လေ့ကျင့်ရေးစခန်း

ကမ္ဘာ့ချန်ပီယံဆုငါးကြိမ်ရ ဘရာဇီးအသင်းဟာ အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့တုန်းက မရခဲ့တဲ့ခြောက်ကြိမ်မြောက်ချန်ပီယံဆုကို ရုရှားမြေမှာ အရယူဖို့အတွက် ပွဲမဝင်ခင် အပြင်ကကျင်းပဆိုသလို ပြင်းပြင်းထန်ထန်လေ့ကျင့်ပြင်ဆင်မှုတွေပြုလုပ်နေပါတယ်။

ဒီလို အကြိုပြင်ဆင်မှုတွေပြုလုပ်ရာမှာ ဘရာဇီးအသင်းသားတွေအတွက် အထူးပြင်ဆင်ထားတဲ့ လေ့ကျင့်ရေးစခန်းလည်းအပါအဝင်ဖြစ်ပါတယ်။ ပေါင် ၃.၃၈ သန်းတန်တဲ့ ဒီလေ့ကျင့်ရေးစခန်းကို အချိန်ငါးလကြာအောင် တည်ဆောက်ခဲ့ရတာဖြစ်ပြီး အမျိုးသားအသင်းသာမက အမျိုးသမီးအသင်းနဲ့ ဘရာဇီးရဲ့ ထိပ်တန်းဒိုင်တွေပါ လေ့ကျင့်ကြတဲ့စင်တာတစ်ခုဖြစ်ပါတယ်။

ဒီလေ့ကျင့်ရေးစခန်းထဲမှာ တကယ့်အပြင်ကအရွယ်အစားအတိုင်း တည်ဆောက်ထားတဲ့ ဘောလုံးကွင်းငါးကွင်း၊ ရုံတွင်းလေ့ကျင့်ရေးစင်တာတစ်ခု၊ ဂိမ်းကစားတဲ့အခန်းတစ်ခန်း၊ ရေကူးကန်တစ်ခုတို့ကိုပါ ထည့်သွင်းတည်ဆောက်ထားပါတယ်။ တစ်ခန်းကို လူ ၆၀ ဝင်ဆံ့တဲ့ စာသင်ခန်းနှစ်ခန်းပါဝင်တဲ့အပြင် အားကစားသမားတွေရဲ့ကြံ့ခိုင်မှုအခြေအနေကို ခေတ်မီကိရိယာတွေနဲ့ စမ်းသပ်စစ်ဆေးနိုင်မယ့် ရုံတွင်းလေ့ကျင့်ရေးစင်တာတစ်ခုကိုပါ ထည့်သွင်းထားတာဖြစ်ပါတယ်။

လေ့ကျင့်ရေးအတွက်သက်သက်မဟုတ်ဘဲ ကစားသမားတွေအတွက် ဖျော်ဖြေရေးကဏ္ဍတွေကိုပါ ထည့်သွင်းထားတာဖြစ်ပြီး Pro Evolution Soccer 2018 အပါအဝင် အဆင့်မြင့်ဂိမ်းတွေထည့်သွင်းထားတဲ့ Playstation4 စက်တွေကိုလည်း ထားရှိထားမှာဖြစ်ပါတယ်။ ဒါ့အပြင် ရေကူးကန်၊ ဘောလုံးခုံ၊ ပိုကာဝိုင်း စတဲ့အပန်းဖြေစရာနေရာတွေလည်းထည့်သွင်းထားပါတယ်။ ■

အခေါ်၊ အပြော အပြင်း၊ အပျော့တွေကို သတိထား

မောင်မှန်ကန်

ကမ္ဘာ့ဖလားဆိုတဲ့ အသံကြားတာနဲ့ အားလုံး လှုပ်လှုပ်ရွရွဖြစ်လာကြပါပြီ။ အထူးသဖြင့် ဖိုက်တာတွေပေါ့လေ။ ကလပ်အသင်းပွဲတွေ ပြီးကတည်းက ခြေစမ်းပွဲတွေနဲ့ နှစ်ပါးသွားနေရတဲ့ ဖိုက်တာတော်တော်များများဟာ ကမ္ဘာ့ဖလားကို ပစ်မှတ်ထားနေကြမှာ သေချာပါတယ်။ ဒါပေမဲ့ ခက်တာက နိုင်ငံအသင်းပွဲတွေဆိုတာ ကလပ်အသင်းပွဲတွေနဲ့မတူဘဲ မှန်းဆရခက်တာမျိုးဖြစ်လို့ ပွဲတစ်ပွဲကို ချဉ်းကပ်တဲ့အခါ ခက်ခက်ခဲခဲ ချိန်ဆတွေးတောရမှာဖြစ်ပါတယ်။ အရေးကြီးဆုံးအချက်က နိုင်ငံအသင်းတွေဟာ ကလပ်အသင်းတွေလို ဆက်တိုက်ကစားခဲ့တာမဟုတ်ဘဲ အကြာကြီးနေမှ တစ်ပွဲ၊ နှစ်ပွဲလောက်ကစားတာမို့ သူတို့ခြေစွမ်းကို မှန်းဆရတဲ့ကိစ္စဟာ ငါးရှဉ့်ဖမ်းရသလို ဖြစ်နေတတ်ပါတယ်။ ကစားသမားအင်အားကြည့်ပြီး ဆုံးဖြတ်လို့လည်း မဖြစ်ပြန်ပါဘူး။ စုစည်းမှုမရှိရင် လူများလည်း ပွဲမစည်တာမျိုး ဖြစ်တတ်လို့ပါ။ ဒီတော့ ဖိုက်တာတွေအနေနဲ့ ကမ္ဘာ့ဖလားပွဲတွေကို ချဉ်းကပ်တဲ့အခါ အာရှဖွင့်လှစ်မှုအနေအထားကို အဓိကထားရလေ့ရှိပြီး ဒါကိုသိလို့လည်း အာရှဆရာသမားတွေက ဖွင့်လှစ်မှုပုံစံတွေကို လှည့်စားထားလေ့ရှိပါတယ်။ ပွဲတိုင်းကို အမှန်အကန် ဖွင့်တာမျိုးမလုပ်ဘဲ အပြင်း၊ အပျော့တွေနဲ့ အခေါ်၊ အပြောလုပ်တဲ့ သဘောသဘာဝ ရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၀နဲ့ ၂၀၁၄ ကမ္ဘာ့ဖလားနှစ်ကြိမ်မှာ ဒါမျိုးတွေ အများကြီးရှိခဲ့ပါတယ်။

မရဲတရဲအပေါ်အသင်းတွေ သားကောင်ဖြစ်ခဲ့ပြီး ၁+၅၀ တွေ မုဆိုးဖြစ်ခဲ့တဲ့ ၂၀၁၀ ကမ္ဘာ့ဖလား

တောင်အာဖရိကမြေမှာ ကျင်းပခဲ့တဲ့ ၂၀၁၀ကမ္ဘာ့ဖလားဟာ အာရှဆရာသမားတွေ ပညာခန်းပြခဲ့တဲ့ပြိုင်ပွဲလို့ဆိုရမှာဖြစ်ပြီး အာရှဖွင့်လှစ်မှုတွေ ဆန်းကြယ်ခဲ့တဲ့ပြိုင်ပွဲလို့လည်း ဆိုနိုင်ပါလိမ့်မယ်။ မရဲတရဲအကျောပေးမှုလို့ ပြောရမှာဖြစ်တဲ့ ဝင်ရိုး =၅၀ ပွဲတွေဟာ အကျအရှုံးများခဲ့ပြီး အပေါ်သမား အကြိုက်နည်းတတ်တဲ့ ဝင်ရိုး ၁+၅၀ ပွဲတွေကတော့ အောင်မြင်မှုများခဲ့ပါတယ်။

၂၀၁၀ ကမ္ဘာ့ဖလားအတွင်း စုစုပေါင်း ၆၄ ပွဲမှာ ဝင်ရိုး =၅၀ ပွဲ ၁၄ ပွဲ အထိရှိခဲ့တာတွေ့ရပြီး အဲဒီ ၁၄ပွဲမှာ အပေါ်အောင်မြင်မှုဟာ နှစ်ပွဲသာရှိကာ ၁၂ ပွဲအထိ ကျရှုံးခဲ့တာပါ။ အာရှဆရာသမားတွေအနေနဲ့ =၅၀ ဖွင့်လှစ်တဲ့နေရာမှာ အကျောမပေးသင့်ဘဲ ပေးခဲ့တဲ့ပွဲတွေပါဝင်ခဲ့ပြီး ရလဒ်အရတော့ အောက်အသင်းက နိုင်သွားတာမျိုးတွေ များခဲ့ပါတယ်။ အပေါ်အောင်ခဲ့တဲ့ နှစ်ပွဲကတော့ ချီလီ ၁-၀ ဆွစ်ဇာလန်နဲ့ အယ်လ်ဂျီးရီးယား ၀-၁ ဆလိုဗေးနီးယားပွဲဖြစ်ပါတယ်။

အပေါ်အောင်ပွဲခံမှုများခဲ့တဲ့ ဝင်ရိုး ၁+၅၀ ပွဲတွေက ရှစ်ပွဲရှိခဲ့တာတွေ့ရပြီး ၇ပွဲအထိ အပေါ်အောင်ခဲ့တာပါ။ ဂျာမနီ ၀-၁ ဆားဘီးယားပွဲတစ်ပွဲသာ ဝင်ရိုး ၁+၅၀ နဲ့ အပေါ်ကျရှုံးခဲ့တာမို့ ဖွင့်လှစ်မှုအနေအထားအရ အားလုံးခြုံငုံသုံးသပ်ရမယ်ဆိုရင် ၂၀၁၀ ကမ္ဘာ့ဖလားဟာ =၅၀ တွေအတွက် သားကောင်၊ ၁+၅၀ တွေအတွက် မုဆိုးဖြစ်ခဲ့တဲ့ပြိုင်ပွဲလို့ ဆိုရမှာပါ။

စာ 31

'ဂိုး...' ဆိုသောအသံများ ညံ၊ မညံ

ကိုသွေး

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတုန်းက စုစုပေါင်းသွင်းဂိုးအရေအတွက်ဟာ ၁၇၁ ဂိုးအထိရှိခဲ့လို့ ဒါဟာ ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက်မှာ သွင်းဂိုးအများဆုံးဖြစ်တဲ့ ၁၉၉၈ တုန်းကစံချိန်ကို လိုက်မီသွားခဲ့ပါတယ်။ အသင်းကြီးအချင်းချင်းတွေ့ဆုံတဲ့ပွဲတွေမှာတောင် ဂိုးမိုးရွာခဲ့တာတွေ့ရပြီး စပိန် ၁-၅ နယ်သာလန်၊ ဂျာမနီ ၄-၀ ပေါ်တူဂီ၊ ဘရာဇီး ၁-၇ ဂျာမနီ၊ ဘရာဇီး ၀-၃ နယ်သာလန် ပွဲတွေဟာ အံ့အားသင့်စရာဖြစ်သလို ဂိုးရသမြောက်တဲ့ပွဲတွေလည်း ဖြစ်ပါတယ်။ ဒီတော့ ၂၀၁၈ ကမ္ဘာ့ဖလားမှာလည်း အဲဒီလိုမျိုး ဂိုးရသမြောက်တဲ့ပွဲတွေကို မြင်တွေ့ရဦးမလားဆိုတာက စိတ်ဝင်စားစရာမေးခွန်းဖြစ်လာပါတယ်။

ဂိုးနဲ့ပတ်သက်တဲ့ အာရှဈေးကွက်မှာ Over နဲ့ Under ဆိုပြီး နှစ်မျိုးရှိတာမှန်ပေမယ့် ကမ္ဘာ့ဖလားလို ကြည့်ရခဲတဲ့ပြိုင်ပွဲမှာတော့ ဖိုက်တာတွေအနေနဲ့လည်း Over ကိုပဲ ပိုစိတ်ဝင်စားကြမယ်ထင်ပါတယ်။ ဘာလို့လဲဆိုတော့ Under ရွေးချယ်ထားရင် ဂိုးမသွင်းဖို့ လိုတာကြောင့် 'ဂိုး . . .' ဆိုပြီး အော်ဟစ်အားပေးခွင့် မရှိတာကြောင့်ပါပဲ။ ကျွန်တော့်မိတ်ဆွေတစ်ဦးဆိုရင် Over နဲ့ Under နှစ်မျိုးရှိပေမယ့် ဘယ်တော့မှ Under ကို မရွေးဘူးလို့ ပြောဖူးပါတယ်။ ဒီလိုဆိုရင် အခု ၂၀၁၈ ကမ္ဘာ့ဖလားမှာ ဂိုးပေါင်းအပေါ် အနေအထားတွေ ဘယ်လိုဖြစ်လာနိုင်သလဲ ဆိုတာကို ၂၀၀၆၊ ၂၀၁၀၊ ၂၀၁၄ ကမ္ဘာ့ဖလား ဖြစ်ရပ်တွေ၊ အချက်အလက်တွေနဲ့ ချိန်ဆပြီး စဉ်းစားရမှာဖြစ်ပါတယ်။

ဂိုးရသ မမြောက်ခဲ့တဲ့ ၂၀၀၆နဲ့ ၂၀၁၀ ကမ္ဘာ့ဖလား

၆၄ ပွဲစနစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ ပြီးခဲ့တဲ့ကမ္ဘာ့ဖလား ငါးကြိမ်ထဲမှာ ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလားနဲ့ ၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဟာ သွင်းဂိုးအနည်းဆုံးဖြစ်ပြီး ၂၀၀၆ မှာ ၁၄၇ ဂိုး၊ ၂၀၁၀ မှာ ၁၄၃ ဂိုးသာရှိပါတယ်။ ဒီသွင်းဂိုးပမာဏဟာ တစ်ပွဲပျမ်းမျှနဲ့ဆိုရင် ၂၀၀၆ မှာ ၂.၃ ဂိုး၊ ၂၀၁၀ မှာ ၂.၂၇ ဂိုးသာရှိတဲ့အတွက် နည်းတယ်လို့ ဆိုနိုင်ပါတယ်။ ၂၀၀၆ မှာ အာရှဈေးကွက်ဖွင့်လှစ်မှုအရ ဂိုးပေါင်းအပေါ် ဖြစ်ခဲ့ပွဲဟာ ၅၂ ပွဲသာရှိပြီး ဂိုးအောက်ပွဲကတော့ ပွဲ ၇၀ အထိရှိခဲ့တာမို့ ဂိုးအောက်အဖြစ်များတဲ့ပြိုင်ပွဲလို့ ပြောရမှာဖြစ်ပါတယ်။ ၂၀၀၆ ပြိုင်ပွဲကို ပြန်လည်ချဉ်းကပ်ကြည့်တဲ့အခါ အာရှဈေးကွက်ဖွင့်လှစ်မှုအရ ဂိုးအပေါ်အောင်မြင်မှု ၅၀ ရာခိုင်နှုန်းကျော်တဲ့အသင်းတွေထဲမှာ အသင်းကြီးအဖြစ် စပိန်တစ်သင်းတည်းသာ ပါဝင်ခဲ့တာဟာလည်း ထူးခြားမှုဖြစ်နေပြီး ဂိုးအပေါ်အအောင်ဆုံးအဖြစ် အိုင်ဗရီကို့စ်နဲ့ ကော်စတာရီကာက ရာနှုန်းပြည့်၊ စပိန်က ၇၅ ရာခိုင်နှုန်း၊ ဆားဘီးယား၊ တူနီးရှား၊ ဆော်ဒီအာရေဗျ၊ ဂျပန်၊ အမေရိကန်တို့က ၆၆.၇ ရာခိုင်နှုန်း၊ ယူကရိန်းက ၆၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဂိုးပေါင်းအပေါ် လုံးဝမအောင်ခဲ့တဲ့အသင်းတွေကတော့ ပါရာဂွေး၊ ထရီနီဒက်၊ အန်ဂိုလာနဲ့ ဆွစ် ဇာလန်တို့ဖြစ်ပြီး ဆွစ်ဇာလန်ကတော့ ပြိုင်ပွဲက ထွက်သွားရတာတောင် ဂိုးလုံးဝ မပေးခဲ့ရပါဘူး။ ၁၆ သင်းအဆင့်မှာ ယူကရိန်းကို ရှုံးခဲ့တာဟာ ပင်နယ်တီနဲ့ရှုံးခဲ့တာဖြစ်ပါတယ်။ အနိုင်ဂိုး ရပြီးတာနဲ့ ခံစစ်ကို ပိတ်ကစားဖို့ ရည်ရွယ်တဲ့ ဆွစ်ဇာလန်လိုအသင်းမျိုးဟာ သတိထားရမယ့်အမျိုးအစားထဲမှာပါ,ပါတယ်။

အလားတူပဲ ၂၀၁၀ပြိုင်ပွဲမှာဆိုရင်လည်း အာရှဈေးကွက်ဖွင့်လှစ်မှုအရ ဂိုးအပေါ်အောင်မြင်မှု ၆၀ ရာခိုင်နှုန်းကျော်တဲ့ အသင်းတွေထဲမှာ အသင်းကြီးတစ်သင်းမှ မပါဝင်ခဲ့ပါဘူး။ အများဆုံးအဖြစ် တောင်ကိုရီးယားက ၇၅ရာခိုင်နှုန်း၊ တောင်အာဖရိက၊ မြောက်ကိုရီးယား၊ ဩစတြေးလျ၊ အိုင်ဗရီကို့စ်၊ နိုင်ဂျီးရီးယား၊ ကင်မရွန်း၊ ဒိန်းမတ်တို့က ၆၆.၇ရာခိုင်နှုန်းစီ အသီးသီး အောင်မြင်ခဲ့ကြပါတယ်။ ဒီပြိုင်ပွဲမှာလည်း ဂိုးပေါင်းအပေါ် လုံးဝမအောင်ခဲ့တဲ့အသင်းစာရင်းထဲ ဆွစ်ဇာလန်နဲ့ ပါရာဂွေးတို့ပါဝင်လာခဲ့ပြန်ပြီး ဟွန်ဒူးရပ်စ်၊ နယူးဇီလန်၊ အယ်လ်ဂျီးရီးယား၊ ဆွစ်ဇာလန်တို့က ရာနှုန်းပြည့်ဂိုးအောက်၊ ပါရာဂွေးက ၄ ပွဲဂိုးအောက်၊ ၁ ပွဲပြန်ခွာမို့ ၈၀ ရာခိုင်နှုန်း ဂိုးအောက်ဖြစ်ခဲ့ပါတယ်။

အုပ်စုပွဲတွေမှာ ဂိုးပေါင်းအပေါ်တွေ မြူးခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလား

သွင်းဂိုးတွေနဲ့ဖျော်ဖြေခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲဟာ ဂိုးပေါင်းအပေါ်သမားတွေအတွက် အရသာအရှိဆုံးပြိုင်ပွဲလို့ ပြောရမယ်ထင်ပါတယ်။ ဂိုးပေါင်းအပေါ်အောင်တဲ့ပွဲဟာ ၆၉ ပွဲအထိရှိခဲ့ချိန်မှာ ဂိုးအောက်ပွဲကတော့ ၅၄ပွဲသာရှိခဲ့တာပါ။ အထူးသဖြင့် ဂိုးပေါင်းဖိုက်တာတွေ မျှော်လင့်ထားတဲ့အတိုင်း အသင်းကြီးတွေရဲ့ဂိုးသွင်းအားမြင့်တက်မှုက ဂိုးအပေါ်ပွဲ များခြင်းရဲ့ အဓိကအကြောင်းတရားဖြစ်ပါတယ်။

၂၀၁၄ ကမ္ဘာ့ဖလားဟာ အုပ်စုအဆင့်မှာကတည်းက ဂိုးအပေါ်တွေအဖြစ်များခဲ့တာဖြစ်ပြီး ပါးလျတဲ့ဂိုးပေါင်းဖွင့်လှစ်မှုနဲ့တောင် မလိုက်ဖက်ခဲ့တဲ့အထိပါပဲ။ အုပ်စုပွဲစဉ်-၁မှာ ပိုမိုသိသာခဲ့ပြီး စုစုပေါင်း ၁၆ ပွဲမှာ ဝင်ရိုး ၂= ဖွင့်တဲ့ပွဲ ရှစ်ပွဲအထိရှိခဲ့ပေမယ့် အဲဒီရှစ်ပွဲမှာ ဂိုးအောက်ဖြစ်တဲ့ပွဲ နှစ်ပွဲသာရှိခဲ့ပါတယ်။ ပုံမှန်အားဖြင့်ဆိုရင် လိဂ်ပြိုင်ပွဲတွေမှာ ဝင်ရိုး ၂= ဖွင့်လှစ်ထားရင် ဂိုးအောက်ဖြစ်ဖို့ ရာခိုင်နှုန်းများပေမယ့် ၂၀၁၄ကမ္ဘာ့ဖလားကတော့ ဝင်ရိုး ၂= ဖွင့်လှစ်မှုတွေကို ဟာသလုပ်ပစ်ခဲ့ပါတယ်။ စုစုပေါင်း ၁၆ ပွဲမှာလည်း ဂိုးအောက်ပွဲဟာ နှစ်ပွဲသာရှိခဲ့ပြီး ပြန်ခွာ တစ်ပွဲ၊ ဂိုးအပေါ် ၁၃ ပွဲအထိဖြစ်ခဲ့တာပါ။

ပွဲစဉ်-၁မှာ ဂိုးအပေါ်တွေအဖြစ်များခဲ့တဲ့နောက် ပွဲစဉ်-၂မှာတော့ ဝင်ရိုး ၂= ပွဲတွေ ရှားပါးသွားခဲ့ပြီး ၂-၅၀၊ ၂-၁၀၀၊၃+၅၀၊ ၃= ဆိုတဲ့အနေအထားတွေ ဖြစ်လာခဲ့ပါတယ်။ ပွဲစဉ်-၂ရဲ့စုစုပေါင်း ၁၆ ပွဲထဲမှာ ရှားရှားပါးပါးဆိုသလို ဝင်ရိုး ၂= တစ်ပွဲသာ ပါဝင်လာခဲ့ပြီး အဲဒီပွဲကတော့ ဂျပန် ၀-၀ ဂရိပွဲဖြစ်ပါတယ်။ ခြုံပြီးကြည့်တဲ့အခါ ပွဲစဉ်-၂ရဲ့ ၁၆ပွဲမှာ ဂိုးအပေါ်ပွဲ ကိုးပွဲဖြစ်ခဲ့တယ်ဆိုတာဟာ နည်းတော့မနည်းပါဘူး။ ဒါပေမဲ့ ပွဲစဉ်-၁တုန်းက ပါးလျလွန်းတဲ့ဖွင့်လှစ်မှုတွေနဲ့ ၁၃ ပွဲအထိ ဂိုးအပေါ်ဖြစ်ခဲ့တာနဲ့ယှဉ်ကြည့်ရင်တော့ ဝင်ရိုး ၂-၅၀၊ ၂-၁၀၀၊ ၃+၅၀၊ ၃= ဖွင့်လှစ်မှုတွေနဲ့ ဂိုးအပေါ်ကိုးပွဲဖြစ်တာဟာ မတန်သလိုဖြစ်နေပါတယ်။

ပွဲစဉ်-၃ ကတော့ ရှုံးထွက်အဆင့်အတွက် အဆုံးအဖြတ်ဖြစ်လို့ ဝင်ရိုး ၂= ဖွင့်လှစ်တဲ့ပွဲတစ်ပွဲမှ မပါခဲ့ပါဘူး။ အနိမ့်ဆုံး ဝင်ရိုး ၂-၅၀ ဖွင့်လှစ်ခဲ့တာတွေ့ရပြီး ဝင်ရိုး ၃+၅၀ ပွဲတောင် လေးပွဲအထိပါဝင်ခဲ့တာပါ။ အဲဒီပွဲစဉ် - ၃ ဟာလည်း ပွဲစဉ်-၂ တုန်းကလိုပဲ ဂိုးအပေါ်ပွဲ ကိုးပွဲရှိခဲ့တာတွေ့ရပြီး အုပ်စုအဆင့် ၄၈ ပွဲပေါင်းကြည့်ရင်တော့ ဂိုးအပေါ်ပွဲ ၃၁ ပွဲ၊ ဂိုးအောက်ပွဲ ၁၇ ပွဲဖြစ်ခဲ့ပါတယ်။ အဲဒီနောက် ရှုံးထွက်အဆင့်ကနေစပြီး ဗိုလ်လုပွဲအထိ တစ်လျှောက်လုံးမှာတော့ ဂိုးအပေါ်အရှိန်တွေ လျော့ကျသွားခဲ့တာတွေ့ရပါတယ်။

တစ်သင်းချင်းစီအနေနဲ့ကြည့်တဲ့အခါ ဂိုးပေါင်းအပေါ်အအောင်ဆုံးအဖြစ် ဟွန်ဒူးရပ်စ်၊ ခရိုအေးရှား၊ ပေါ်တူဂီ၊ ဩစတြေးလျ၊ အိုင်ဗရီကို့စ်၊ ဂါနာတို့ဟာ ရာနှုန်းပြည့်ဖြစ်ခဲ့ကြပါတယ်။ ၂၀၀၆၊ ၂၀၁၀ ကမ္ဘာ့ဖလား ပြိုင်ပွဲတွေနဲ့ လုံးဝမတူတာကတော့ ၂၀၁၄ကမ္ဘာ့ဖလားမှာ ဂိုးအပေါ်လုံးဝမအောင်တဲ့အသင်းဟာ ရုရှားတစ်သင်းတည်းသာရှိခဲ့တာဖြစ်ပြီး ဒါဟာ ၂၀၁၄ ကမ္ဘာ့ဖလား ဘယ်လောက်ဂိုးမြူးခဲ့တယ်ဆိုတာကို သက်သေပြလိုက်သလိုပါပဲ။

၂၀၁၈ ကမ္ဘာ့ဖလားမှာ 'ဂိုး . . .' ဆိုသော အသံများ ညံ၊ မညံ

တကယ်တော့ အာရှဈေးကွက်ရဲ့ Over နဲ့ Under ဖွင့်လှစ်မှုအနေအထားဟာ လက်ရှိခြေစွမ်းတွေအပြင် အနီးစပ်ဆုံးကမ္ဘာ့ဖလားပွဲစဉ်တွေနဲ့လည်း ဆက်စပ်လို့နေပါတယ်။ ၂၀၁၀ ကမ္ဘာ့ဖလားတုန်းက မျှော်လင့်ထားသလောက် သွင်းဂိုးတွေမမြင်တွေ့ခဲ့ရတဲ့အတွက် ၂၀၁၄ကမ္ဘာ့ဖလား အုပ်စုအဖွင့်ပွဲမှာ ဂိုးပေါင်းဖွင့်လှစ်မှုတွေကို ဝင်ရိုး ၂= အထိ လျှော့ချခဲ့ပြီး အဲဒီနောက် ပွဲစဉ်-၁မှာ ဂိုးတွေမြူးတော့ ပွဲစဉ်-၂နဲ့ ပွဲစဉ်-၃မှာ ဖွင့်လှစ်မှုတွေကို ချက်ချင်းပြန်လည်မြှင့်တင်ခဲ့ပါတယ်။ ၂၀၁၄ကမ္ဘာ့ဖလားပြိုင်ပွဲမှာ စံချိန်တင်အဖြစ် ၁၇၁ဂိုး(တစ်ပွဲပျမ်းမျှ ၂.၆၇ဂိုး)သွင်းယူခဲ့အတွက် အခု ၂၀၁၈ ကမ္ဘာ့ဖလားရဲ့ အုပ်စုပွဲစဉ်-၁မှာ ဂိုးပေါင်းဖွင့်လှစ်မှုတွေက ၂၀၁၄ ကမ္ဘာ့ဖလားအဖွင့်ပွဲတုန်းကလို မဟုတ်တော့ဘဲ ဝင်ရိုး ၂= တွေ ရှားပါးသွားပါတယ်။ အမှန်တော့ ဝင်ရိုး ၂-၅၀ နဲ့အထက် ဖွင့်လှစ်မှုတွေဟာ ပုံမှန်အားဖြင့် မြင့်တယ်လို့ မဆိုသာပါဘူး။ ဒါပေမဲ့ ၂၀၁၀ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်တုန်းက ဝင်ရိုး ၂= ပွဲ ရှစ်ပွဲအထိ ရှိခဲ့တာနဲ့ယှဉ်ရင်တော့ အခုကမ္ဘာ့ဖလားမှာ ဝင်ရိုး ၂= ပွဲ လေးပွဲသာရှိနေတာဟာ နည်းနည်းထူးဆန်းနေသလိုပါပဲ။ ၂၀၁၀ တုန်းကလို အဖွင့်ပွဲစဉ်မှာပဲ 'ဂိုး . . .' ဆိုတဲ့အသံတွေ ညံမယ့်လက္ခဏာတွေရှိနေတာကြောင့်များလားလို့ တွေးထင်ချင်စရာ ကောင်းပါတယ်။ ■





ကမ္ဘာ့ဖလား သို့မဟုတ် ရုရှားအတွက် အခွင့်အလမ်း

ဇွန်လ ၁၄ရက်ကနေ ဇူလိုင်လ ၁၅ရက်အတွင်း မြို့ကြီး ၁၁မြို့မှာ ကျင်းပပြုလုပ်မယ့် ၂၀၁၈ကမ္ဘာ့ဖလားပြိုင်ပွဲဟာ ဘောလုံးလောကအတွင်း နိုင်ငံအဆင့်ပြိုင်ပွဲတွေထဲမှာ အဆင့်အမြင့်ဆုံး၊ ပရိသတ်စိတ်ဝင်စားမှုအများဆုံးပြိုင်ပွဲဆိုတာ ထူးပြီးပြောစရာလိုမယ်မထင်ပါဘူး။ ကနဦးဘတ်ဂျက် အမေရိကန်ဒေါ်လာ ၁၀၃ သန်းရှိပြီး ဒီထက်ပိုပြီး ကုန်ကျဖို့ရှိနေတဲ့ ဒီကမ္ဘာ့ဖလားပြိုင်ပွဲဟာ အိမ်ရှင်ဖြစ်တဲ့ရုရှားအတွက် ၂၀၁၄မှာ ကျင်းပခဲ့တဲ့ ဆိုချီဆောင်းရာသီအိုလံပစ်အပြီးမှာ နောက်ထပ်လက်ခံကျင်းပခွင့်ရမယ့် အားကစားပြိုင်ပွဲကြီးတစ်ခုဖြစ်ပါတယ်။

မိုးဇက် (Eng;)

ကမ္ဘာ့အင်အားကြီးနိုင်ငံတွေထဲမှာ အပါအဝင်ဖြစ်ပေမယ့် လိင်ခွဲခြားမှု၊ အစွန်းရောက်အမျိုးသားရေးဝါဒ၊ ဆိုးသွမ်းပရိသတ်နဲ့ အကြမ်းဖက်အန္တရာယ်တွေကြောင့် အနောက်မီဒီယာတွေက အခြေခံလူ့အခွင့်အရေးနည်းပါးတဲ့နိုင်ငံအဖြစ် ရုရှားနိုင်ငံကို ပုံဖော်ရေးသားနေကြပါတယ်။ ဒီလိုအချိန်မှာ ကမ္ဘာ့ဖလားပြိုင်ပွဲလို အထင်ကရပြိုင်ပွဲကြီးတစ်ခုကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရခြင်းက ရုရှားအတွက် ဝေဖန်သူတွေမှားယွင်းကြောင်းသက်သေပြနိုင်မယ့်အခွင့်အရေးတစ်ခုဖြစ်တဲ့အပြင် နိုင်ငံတွင်းက ပုံရိပ်ဆိုးတွေကိုလည်း အတိုင်းအတာတစ်ခုအထိ ရှင်းလင်းသွားနိုင်မယ့် အခွင့်အလမ်းတစ်ခုဖြစ်ပါတယ်။

ပြိုင်ပွဲလက်မှတ်အရေးအတွက် နှစ်သန်းကျော်ရောင်းချထားရတဲ့ အနေအထားအရ နိုင်ငံရေးအရ အနုတ်လက္ခဏာဆောင်တဲ့သုံးသပ်ချက်တွေကို ဘယ်လိုပဲရထားသည်ဖြစ်စေ ၂၀၁၈ကမ္ဘာ့ဖလားဟာ အရင်ကမ္ဘာ့ဖလားပြိုင်ပွဲတွေလိုပဲ အောင်မြင်တဲ့ပြိုင်ပွဲတစ်ခုဖြစ်လာမယ့် လမ်းကြောင်းပေါ်မှာရှိနေပါတယ်။ ဒါပေမဲ့ ကရင်မလင်အနေနဲ့ အနောက်မီဒီယာတွေ မီးမောင်းထိုးပြနေကြတဲ့ အခက်အခဲပြဿနာတွေကို အကောင်းဆုံးကိုင်တွယ်ဖြေရှင်းသွားနိုင်ဖို့တော့ မဖြစ်မနေလိုအပ်ပါတယ်။ နိုင်ငံပေါင်း ၂၂၀ကျော်က လူပေါင်း သန်း ၂၅၀လောက်ကစားနေတဲ့ ဘောလုံးအားကစားရဲ့ အမြင့်ဆုံးပြိုင်ပွဲတစ်ခုမှာ စောင့်ကြည့်နေတဲ့မျက်လုံးတွေရှေ့တော်မှောက်ပြဿနာတွေကို အကောင်းဆုံးကိုင်တွယ်ဖြေရှင်းနိုင်ခြင်းက ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် ငွေကြေးထက်ပိုတဲ့ အကျိုးအမြတ်တွေရလာမှာဖြစ်ပါတယ်။

လိင်တူနဲ့ လိင်ပြောင်းလဲမှုတွေအပေါ် ကြောက်စိတ်လွန်ကဲမှုတွေဟာ ရုရှားနိုင်ငံတစ်ဝန်းမှာ တစ်နေ့ထက်တစ်နေ့ပျံ့နှံ့လာတဲ့ ကိစ္စကြီးတစ်ခုဖြစ်ပါတယ်။ လိင်တူဆက်ဆံခြင်းကို တရားဝင်ခွင့်ပြုထားပေမယ့် ၂၀၁၃ ခုနှစ်မှာ ပါလီမန်က ဂေးဝါဒါဖြန့်မှုတွေကို ဥပဒေချိုးဖောက်မှုအဖြစ် သတ်မှတ်တဲ့ဝေဝေဝါးဝါးဥပဒေကြမ်းတစ်ခု ခွင့်ပြုခဲ့တာကြောင့် ဥရောပသမဂ္ဂအပါအဝင် ပြင်ပအဖွဲ့အစည်းတွေရဲ့ပြင်းထန်တဲ့ဝေဖန်မှုတွေနဲ့ရင်ဆိုင်ခဲ့ရပါတယ်။ ဒါပေမဲ့ ယောကျ်ားချင်း၊ မိန်းမချင်း ဆက်ဆံရေးတွေကို တရားမဝင်သတ်မှတ်တဲ့ ဒီဥပဒေကြမ်းကို ရုရှားပြည်သူ ၉၀ရာခိုင်နှုန်းက ထောက်ခံခဲ့ကြတာကြောင့် လိင်တူအခွင့်အရေးဟာ ရုရှားမှာ ဆိုးဆိုးရွားရွား ပျောက်ဆုံးနေတယ်လို့ဆိုရမှာဖြစ်ပါတယ်။

LGBT အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Ilga Europe ရဲ့စစ်တမ်းအရ ဥရောပနဲ့ အလယ်အာရှဒေသအတွင်း နိုင်ငံပေါင်း ၄၉နိုင်ငံမှာ LGBT အခွင့်အရေးကို အကာအကွယ်အပေးနိုင်ဆုံးအဆင့်သတ်မှတ်ချက်မှာ ရုရှားနိုင်ငံဟာ အဆင့် ၄၈နေရာမှာရှိနေတာဖြစ်ပြီး ၂၀၁၀ကနေ ၂၀၁၅ ခုနှစ်အတွင်း လိင်တူခွဲခြားဆက်ဆံမှုနဲ့ပတ်သက်တဲ့ တိုက်ခိုက်မှုပေါင်း ၂၅၀ မှာ ဖြစ်စဉ်ပေါင်း ၂၀၀က လူသတ်မှုတွေအထိဖြစ်ခဲ့တယ်လို့ ရဲမှတ်တမ်းတွေကိုအခြေခံပြီး စစ်တမ်းတချို့က ဖော်ပြကြပါတယ်။ Fare အဖွဲ့ကတော့ ကမ္ဘာ့ဖလားပွဲကို ကိုယ်တိုင်သွားရောက်အားပေးကြမယ့် လိင်တူစုံတွဲပရိသတ်တွေအနေနဲ့ မော်စကိုနဲ့ စိန့်ပီတာစဘတ်မြို့တွေမှာ အနေအထိုင် ဆင်ခြင်ကြဖို့ သတိပေးထားပါတယ်။

ရုရှားမှာ နောက်ထပ်မြင့်တက်လာတာက အစွန်းရောက်အမျိုးသားရေးဝါဒ(ဝါ) သူစိမ်းကြောက်တဲ့စိတ်တွေ မြင့်တက်လာခြင်းပဲဖြစ်ပါတယ်။ ရုရှားနိုင်ငံမှာ အာဖရိကနွယ်ဖွား လူတစ်သိန်းလောက်ရှိပြီး အများစုဟာ စီးပွားရေးအရ ရွှေ့ပြောင်းနေထိုင်လာကြတဲ့ ပထမမျိုးဆက်တွေဖြစ်ပြီး တချို့ကတော့ ဆိုဗီယက်ပြည်ထောင်စုခေတ်တုန်းက အခမဲ့ပညာသင်ခွင့်ကနေ ရောက်လာသူတွေဖြစ်ပါတယ်။ ပြင်ပစစ်တမ်းတွေအရ ၂၀၀၈ ကနေ ၂၀၁၄ခုနှစ်အတွင်းမှာ အသားအရောင်ခွဲခြားမှုနဲ့ အကြမ်းဖက်မှုဖြစ်ရပ် ၁၇၇မှုအထိရှိခဲ့တယ်လို့ဆိုပါတယ်။ ၂၀၀၈နောက်ပိုင်းမှာ နာဇီလက်သစ်အကြမ်းဖက်မှုတွေကို နှိမ်နင်းခဲ့တယ်ဆိုပေမယ့် ရွှေ့ပြောင်းနေထိုင်သူတွေအပေါ် တရားရေးဝန်ထမ်းတွေကိုယ်တိုင်က နိုင်ထက်စီးနင်းလုပ်မှုတွေရှိခဲ့တယ်လို့ဆိုပါတယ်။

မော်စကိုတစ်ခုတည်းမှာတင် အလယ်အာရှက ရွှေ့ပြောင်းနေထိုင်သူ ၃ သန်းလောက်ရှိပြီး ဒီအထဲက ထက်ဝက်ကသာ မှတ်ပုံတင်ထားကြပါတယ်။ အကျိုးဆက်အားဖြင့် ၂၀၁၇ ဧပြီလက စိန့်ပီတာစဘတ်မြေအောက်ရထားတိုက်ခိုက်ခံရချိန်မှာ လုံခြုံရေးအဖွဲ့တွေဟာ အလယ်အာရှက ရွှေ့ပြောင်းနေထိုင်သူတွေရဲ့နေအိမ်တွေကို စီးနင်းရှာဖွေမှုတွေပြုလုပ်ခဲ့ကြတဲ့အပြင် အစွန်းရောက်အကြမ်းဖက်တွေအဖြစ်ပါ စွပ်စွဲမှုတွေပြုလုပ်ခဲ့ကြပါတယ်။ ဒီနောက်မှာ ရုရှားဘောလုံးပွဲတွေမှာ လူနည်းစုတွေအပေါ် လူမျိုးရေးခွဲခြားမှုနဲ့ လိင်တူ၊ လိင်ကွဲ ခွဲခြားမှုတွေပါရှိလာခဲ့ပြီး ၂၀၁၆-၁၇ ဘောလုံးရာသီမှာဆိုရင် ဒီလိုဖြစ်ရပ်ပေါင်း ၈၈ မှုအထိရှိခဲ့ပါတယ်။ ဒီလိုအစွန်းရောက်လူမျိုးကြီးဝါဒခေါင်းထောင်လာခြင်းဟာ ကမ္ဘာ့ဖလားမှာ ရုရှားကိုလာရောက်ကြမယ့် နိုင်ငံခြားသားဧည့်သည်တွေအပေါ်မှာပါ သက်ရောက်မှုရှိလာနိုင်လို့ အများပြည်သူသယ်ယူပို့ဆောင်ရေးနေရာတွေမှာ အချိန်မတော်ခရီးသွားတာမျိုးတွေမလုပ်ဖို့ သတိပေးမှုတွေလည်း ရှိနေပါတယ်။

အစွန်းရောက်လူမျိုးကြီးဝါဒနဲ့ လူမျိုးရေးခွဲခြားမှုတွေနဲ့အတူ တပါတည်းကပ်ပါလာတာက ဆိုးသွမ်းပရိသတ်တွေနဲ့ သူတို့ရဲ့ပြိုင်ဘက်တွေကြားက အားပြိုင်မှုတွေဖြစ်ပါတယ်။ ယူရို ၂၀၁၆ပြိုင်ပွဲမှာဆိုရင် အင်္ဂလန်ပရိသတ်တွေဟာ အရက်အမူးလွန်ရမ်းကားတဲ့အပြုအမူတွေကြောင့် ဝေဖန်မှုတွေနဲ့ရင်ဆိုင်ခဲ့ရပြီး မာဆေးမှာဆိုရင် အရမ်းဆိုးရွားတဲ့ပရိသတ်တွေကို လူစုခွဲဖို့ မျက်ရည်ယိုဗုံးတွေအသုံးပြုတဲ့အထိ လုပ်ဆောင်ခဲ့ရပါတယ်။ ဒါပေမဲ့ အင်္ဂလန်ပရိသတ်တွေနဲ့ ခိုက်ရန်ဖြစ်ပွားမှုတွေရှိခဲ့တဲ့ ရုရှားပရိသတ်တွေမှာလည်း အကြမ်းဖက်မှုတွေလုပ်ဆောင်ဖို့ စနစ်တကျလေ့ကျင့်ထားတဲ့ ဆိုးသွမ်းပရိသတ်တွေရှိနေပါတယ်။ ARFA လို့ခေါ်တဲ့ ရုရှားအစွန်းရောက်ပရိသတ်အဖွဲ့က ခေါင်းဆောင်ပရိသတ်ဆိုရင် ပြင်သစ်ကနေပြည်နှင်ဒဏ်ပေးပြီး မောင်းထုတ်ခဲ့ရတဲ့အထိဖြစ်ခဲ့တာပါ။

ပရိသတ်ချင်းထိပ်တိုက်တွေ့တဲ့ဖြစ်ရပ်တွေမှာ ရုရှားပရိသတ်တွေကပဲ အဓိကပြဿနာဖန်တီးသူတွေမဟုတ်ကြပေမယ့် ပြဿနာဖြစ်လာပြီဆိုရင် ပရိသတ်တွေကို လူစုခွဲနှိမ်နင်းမှုတွေပြုလုပ်တာမှာ လိုအပ်ရင် မျက်ရည်ယိုဗုံးတွေ၊ နံပါတ်တုတ်တွေ၊ မီးသတ်ပိုက်တွေ အသုံးပြုတာမျိုးတွေလည်းဖြစ်လို့ မဆိုင်တဲ့ဘေးလူတွေပါ ထိခိုက်တာမျိုးတွေလည်းရှိနိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အိမ်ရှင်ပရိသတ်တွေကြားမှာ မြင့်တက်နေတဲ့ လိင်ခွဲခြားမှုနဲ့ အစွန်းရောက်အမျိုးသားရေးဝါဒတွေကအစပြုပြီး အိမ်ရှင်ပရိသတ်တွေနဲ့ ဧည့်သည်ပရိသတ်တွေကြားမှာ ထိပ်တိုက်တွေ့မှုတွေဖြစ်လာမှာတော့ အသေအချာပဲဖြစ်ပြီး ဒါကို လုံခြုံရေးပိုင်းအရ ဘယ်လိုကိုင်တွယ်ဖြေရှင်းသွားမလဲဆိုတာ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။

အိမ်ရှင်ရုရှားအတွက် အကြီးမားဆုံးနဲ့ နောက်ဆုံးစိန်ခေါ်မှုကတော့ အစွန်းရောက်အကြမ်းဖက်မှုအန္တရာယ်ကို ဘယ်လိုကာကွယ်မလဲဆိုတာပဲဖြစ်ပါတယ်။ ဆီးရီးယားပြဿနာမှာ အလွန်အကျွံကြားဝင်ခဲ့တဲ့နောက် ရုရှားမှာ ခွဲခြားဖိနှိပ်ခံရတဲ့ ရွှေ့ပြောင်းနေထိုင်သူ အလယ်အာရှသားတွေဟာ အစွန်းရောက်ဝါဒရဲ့သားကောင်တွေဖြစ်ခဲ့ရပါတယ်။ ၂၀၁၆မှာ ဆီးရီးယားနဲ့ အီရတ်ကိုသွားပြီး IS နဲ့အတူ တိုက်ပွဲဝင်ခဲ့တဲ့ အလယ်အာရှသား ၂,၀၀၀ ကျော်ရှိပြီး IS ထိန်းချုပ်ထားတဲ့နယ်မြေကို ဆုံးရှုံးခဲ့ပြီးနောက်မှာ ဒီတိုက်ပွဲဝင်သူတွေဟာ မိခင်နိုင်ငံတွေကို ပြန်ရောက်လာခဲ့ကြပါတယ်။ ဆိုချီဆောင်းရာသီအိုလံပစ်မတိုင်ခင် အကြမ်းဖက်တိုက်ခိုက်မှုနှစ်ခုဖြစ်ခဲ့ပြီး ၂၀၁၃ အောက်တိုဘာလက ဘတ်စ်ကားဗုံးခွဲမှုဖြစ်ရပ်မှာ လူခုနစ်ဦးသေဆုံးခဲ့ပါတယ်။ နောက်နှစ်လအကြာမှာ ခွဲထွက်ရေးဝါဒီနှစ်ဦးက ဘူတာတစ်ခုနဲ့ ထရော်လီဘတ်စ်တစ်စီးကို ပစ်မှတ်ထားခဲ့ကြပြန်ပါတယ်။

နောက်ဆုံးဖြစ်ခဲ့တဲ့အကြမ်းဖက်မှုကတော့ ၂၀၁၇၊ ဧပြီလမှာဖြစ်ခဲ့တဲ့ စိန့်ပီတာစဘတ်မြေအောက်ရထားတိုက်ခိုက်မှုဖြစ်ပြီး လူပေါင်း ၁၅ ဦးသေဆုံးခဲ့ရပါတယ်။ IS အကြမ်းဖက်အဖွဲ့က ၂၀၁၈ကမ္ဘာ့ဖလားကိုလည်းတိုက်ခိုက်မှုတွေပြုလုပ်သွားမယ်လို့ သတိပေးထားပြီး မက်ဆီနဲ့ စီရော်နယ်ဒိုတို့လို နာမည်ကျော်ကစားသမားတွေရဲ့ပိုစတာတွေကိုသုံးပြီး ခြိမ်းခြောက်မှုတွေပြုလုပ်ထားပါတယ်။ အစ္စလာမ်စ်အစွန်းရောက်တွေရဲ့ အကြမ်းဖက်မှုအန္တရာယ်ကနေ ကာကွယ်ဖို့ဆိုတာ အိမ်ရှင်ရုရှားအတွက် အကြီးမားဆုံးစိန်ခေါ်မှုဖြစ်ပါတယ်။ အချုပ်ဆိုရရင်တော့ ကမ္ဘာ့ဖလားအိမ်ရှင်ဖြစ်ခွင့်ရခြင်းဟာ အနောက်မီဒီယာတွေရဲ့ရေးသားမှုတွေ မှားယွင်းတယ်ဆိုတာကို သက်သေပြဖို့အတွက် ရုရှားအတွက် ကြီးမားတဲ့အခွင့်အလမ်းတစ်ရပ်ဖြစ်လို့ ဝေဖန်မှုတွေကြားမှာ ပြိုင်ပွဲကို အောင်မြင်အောင် ဘယ်လိုကျင်းပသွားမလဲဆိုတာ စောင့်ကြည့်ကြရမှာပါ။ ■

ကမ္ဘာ့ဖလားဇာတ်ညွှန်း

မောင်တြိဂံ

ဘယ်ပြိုင်ပွဲမဆို ပြိုင်ပွဲမစတင်မီမှာ အားလုံးက အမြင့်ဆုံးကိုပဲ ရည်မှန်းကြတာပါ။ အသင်းကြီးတွေမှမဟုတ်ပါဘူး။ အသင်းငယ်လေးတွေဟာလည်း အမြင့်ဆုံးဆိုတဲ့နေရာအထိရောက်ဖို့ကို ရည်မှန်းကြတာဖြစ်ပါတယ်။ ဘာလို့လဲဆိုရင် ဘောလုံးမှာ ဘာမဆိုဖြစ်နိုင်တယ်လို့ ယုံကြည်ထားကြလို့ပါ။ ဒါပေမဲ့ အသင်းငယ်လေးတွေ၊ အဲဒီအသင်းငယ်လေးတွေရဲ့ပရိသတ်တွေ အမြင့်ဆုံးမျှော်လင့်ထားတဲ့ပြိုင်ပွဲဟာ အသင်းကြီးနှစ်သင်းအတွက် ကြိုတင်ဇာတ်ညွှန်းရေးထားပြီးသားပြိုင်ပွဲတစ်ခုဖြစ်နေတယ်ဆိုရင်၊ ဒါထက်ပိုဆိုးတာက အဲဒီပြိုင်ပွဲဟာ ကမ္ဘာ့ဖလားလိုပြိုင်ပွဲဖြစ်နေတယ်ဆိုရင် လက်ခံနိုင်ပါသလား။

မယုံမရှိပါနဲ့။ ဒါဟာ တကယ်ကိုရှိခဲ့တာပါ။ ပြင်သစ် ဗိုလ်စွဲသွားခဲ့တဲ့ ၁၉၉၈ ကမ္ဘာ့ဖလားပြိုင်ပွဲဖြစ်ပြီး ဒီပြိုင်ပွဲဟာ မစတင်မီကတည်းက ဗိုလ်လုပွဲမှာ ပြင်သစ်နဲ့ ဘရာဇီးထိပ်တိုက်တွေ့ဆုံဖို့ ဇာတ်ညွှန်းရေးထားခဲ့တာဖြစ်ပါတယ်။

ဒီအကြောင်းကို ပြန်လည်တူးဆွပြောပြခဲ့တာကတော့ ယူအီးအက်ဖ်အေဥက္ကဋ္ဌဟောင်း ပလာတီနီဖြစ်ပါတယ်။ ပြင်သစ်လက်ရွေးစင်ဟောင်းတစ်ဦးဖြစ်ပြီး ကစားသမားဘဝအတွင်းမှာ ရွှေဘောလုံးဆု သုံးကြိမ်ရရှိဖူးခဲ့တဲ့ ပလာတီနီဟာ အကျင့်ပျက်ခြစားမှုကြောင့် ဘောလုံးလောကနဲ့လုံးဝမပတ်သက်ဖို့ ရှစ်နှစ်(နောက်ပိုင်းမှာ လေးနှစ်လျှော့ချ) ပြစ်ဒဏ်ချမှတ်ခံထားရတဲ့သူပါ။ အဲဒီ ၁၉၉၈တုန်းက ပလာတီနီဟာ ယူအီးအက်ဖ်အေဥက္ကဋ္ဌမဖြစ်သေးပေမယ့် ပြိုင်ပွဲကျင်းပရေးကော်မတီရဲ့ပူးတွဲဥက္ကဋ္ဌဖြစ်နေတာကြောင့်လည်း အခြားတာဝန်ရှိသူတွေနဲ့ပူးပေါင်းပြီး သူ့နိုင်ငံအသင်းဖြစ်တဲ့ အိမ်ရှင်ပြင်သစ်အသင်း လမ်းကြောင်းသာအောင် လုပ်ဆောင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ အထူးသဖြင့် ဗိုလ်လုပွဲမတိုင်မီမှာ လက်ရှိချန်ပီယံဘရာဇီးနဲ့ ပြင်သစ်အသင်း မတွေ့ဆုံအောင် ပလာတီနီတို့က ဇာတ်ညွှန်းရေးခဲ့တာပါ။ France Bleu Sport သတင်းဌာနနဲ့အင်တာဗျူးမှာ "ပြိုင်ပွဲလမ်းကြောင်းဆွဲတဲ့အချိန်မှာ ကျွန်တော်တို့ဟာ အနည်းငယ် လိမ်ညာလှည့်ဖျားမှုလုပ်ခဲ့ပါတယ်။ အုပ်စုတွင်းမှာ ပြင်သစ်က ထိပ်ဆုံးနေရာရပြီး ဘရာဇီးကလည်း သူ့အုပ်စုမှာ ထိပ်ဆုံးနေရာရခဲ့ရင် ဗိုလ်လုပွဲမတိုင်မီမှာ ပြင်သစ်နဲ့ ဘရာဇီး မတွေ့နိုင်တော့ပါဘူး။ ကိုယ့်နိုင်ငံမှာ ကျင်းပမယ့်ပြိုင်ပွဲမှာ ကိုယ့်အသင်းကို အကောင်းဆုံးဖြစ်စေချင်ကြတာပဲလေ။ အခြားကမ္ဘာ့ဖလားအိမ်ရှင်တွေတုန်းကလည်း ဒီလို မလုပ်ခဲ့ဘူးထင်လား။ ဗိုလ်လုပွဲမှာ ပြင်သစ်နဲ့ ဘရာဇီးကို တွေ့ဆုံစေလိုတာကလည်း အားလုံးရဲ့အိပ်မက်ဖြစ်ပါတယ်"လို့ ပလာတီနီက ပြောပြသွားခဲ့တာဖြစ်ပါတယ်။

၁၉၉၈ပြိုင်ပွဲတုန်းက ပလာတီနီတို့ရေးခဲ့တဲ့ ကမ္ဘာ့ဖလားဇာတ်ညွှန်းကို အသေးစိတ်ပြန်လေ့လာကြည့်မယ်ဆိုရင် ဘရာဇီးနဲ့ ပြင်သစ်ဟာ အုပ်စုတွင်းမှာကတည်းက အင်မတန်လွယ်ကူတဲ့အုပ်စုမှာ ကျရောက်ခဲ့ကြတာဖြစ်ပြီး ပြင်သစ်က ဒိန်းမတ်၊ တောင်အာဖရိက၊ ဆော်ဒီအာရေဗျတို့နဲ့သာယှဉ်ပြိုင်ခဲ့ရတာဖြစ်သလို ဘရာဇီးဟာဆိုရင်လည်း အုပ်စုတွင်းမှာ နော်ဝေ၊ မော်ရိုကို၊ စကော့တလန်တို့နဲ့သာယှဉ်ပြိုင်ခဲ့ရတာပါ။ ပလာတီနီတို့ရဲ့ဇာတ်ညွှန်းမှာ အဓိကကျတဲ့အချက်က နှစ်သင်းစလုံးအုပ်စုဗိုလ်ဖြစ်ရမယ့်အချက်ဖြစ် လို့ အုပ်စုဗိုလ်နေရာ သေချာစေမယ့် ပြိုင်ဘက်မျိုးတွေနဲ့ တွေ့ဆုံစေတဲ့သဘောမျိုး ဖြစ်ပါတယ်။ ဒါကြောင့် အုပ်စုတွင်းမှာ ပြင်သစ်က ပွဲတိုင်းနိုင်ပြီး

အုပ်စုဗိုလ်ဖြစ်ခဲ့သလို ဘရာဇီးကလည်း နောက်ဆုံးပွဲမှာ နော်ဝေကို မထင်မှတ်ဘဲရှုံးခဲ့ပေမယ့် အုပ်စုဗိုလ်ဖြစ်ခဲ့ပါတယ်။ ပလာတီနီတို့အကွက်ချစီစဉ်ထားတဲ့အတိုင်း ကွက်တိဖြစ်ခဲ့တဲ့သဘောဖြစ်ပြီး နှစ်သင်းစလုံး အုပ်စုဗိုလ်ဖြစ်ခဲ့တဲ့အတွက် ဗိုလ်လုပွဲမတိုင်မီ မတွေ့ဆုံအောင် ရေးဆွဲခဲ့တဲ့ ပလာတီနီတို့ရဲ့ပြိုင်ပွဲလမ်းကြောင်းဇာတ်ညွှန်းဟာလည်း စတင်အသက်ဝင်လာခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ပြင်သစ်က ပါရာဂွေး၊ အီတလီ၊ ခရိုအေးရှားတို့ကိုကျော်ဖြတ်ပြီး ဗိုလ်လုပွဲတက်လာခဲ့သလို ဘရာဇီးဟာလည်း ချီလီ၊ ဒိန်းမတ်၊ နယ်သာလန်တို့ကို ကျော်ဖြတ်ကာ ဗိုလ်လုပွဲတက်လာပါတယ်။ ဗိုလ်လုပွဲမှာဆိုရင်လည်း သူ့ကစားသမားဘဝအတွင်းမှာ ပလာတီနီမရရှိခဲ့ဖူးတဲ့ ကမ္ဘာ့ဖလားချန်ပီယံဆုကို ပြင်သစ်အသင်းက ရရှိခဲ့ပါတယ်။ ပြင်သစ်ဟာ အဲဒီဗိုလ်လုပွဲမှာ ဇီဒန်း၊ ပီတစ်တို့ရဲ့သွင်းဂိုးတွေနဲ့ ဘရာဇီးကို ၃-၀နဲ့နိုင်ခဲ့တာဖြစ်လို့ အိမ်ရှင်ပရိသတ်တွေအတွက် ချိုမြိန်ဖွယ်အောင်ပွဲလည်း ဖြစ်ခဲ့ပါတယ်။

ပလာတီနီပြောခဲ့တဲ့စကားတွေထဲက 'အခြားကမ္ဘာ့ဖလားအိမ်ရှင်တွေတုန်းကလည်း ဒီလိုမလုပ်ခဲ့ဘူးထင်လား' ဆိုတဲ့ စကားဟာလည်း စိတ်ဝင်စားစရာကောင်းနေပါသေးတယ်။ အိမ်ရှင်နိုင်ငံတွေအနေနဲ့ သူတို့နိုင်ငံအသင်း အသာစီးရအောင်လုပ်တဲ့ကိစ္စဟာ ထုံးစံပဲဆိုတဲ့သဘောမျိုး ပလာတီနီပြောခဲ့တဲ့စကားကို ပြန်လေ့လာကြည့်ရင် ၁၉၆၆ကမ္ဘာ့ဖလားနဲ့ ယူရို ၉၆ပြိုင်ပွဲတုန်းက အိမ်ရှင်အင်္ဂလန်ရဲ့လုပ်ရပ်ကို သွားသတိရစေပါတယ်။ အင်္ဂလန်ဟာ အဲဒီပြိုင်ပွဲနှစ်ခုတုန်းက အိမ်ရှင်ဆိုတဲ့အားသာချက်ကို အခွင့်ကောင်းယူပြီး သူတို့ရဲ့ပွဲအားလုံးကို သူတို့နဲ့အသားကျနေပြီးသားဖြစ်တဲ့ ဝင်ဘလေကွင်းမှာကစားသွားခဲ့တာဖြစ်ပါတယ်။ ၂၀၀၂ကမ္ဘာ့ဖလားမှာဆိုရင်လည်း ပူးတွဲအိမ်ရှင်ဖြစ်တဲ့ ဂျပန်နဲ့ တောင်ကိုရီးယားဟာ ပြင်သစ်ကို ရှောင်တဲ့အုပ်စုနေရာယူမှု ရှိခဲ့ဖူးပြီး အလားတူပဲ ၂၀၀၆ကမ္ဘာ့ဖလားမှာလည်း အိမ်ရှင်ဂျာမနီဟာ ဗိုလ်လုပွဲမတိုင်မီ လက်ရှိချန်ပီယံဘရာဇီးနဲ့ မတွေ့ဆုံအောင် အုပ်စုနေရာယူတဲ့ပုံစံ ရှိခဲ့ဖူးပါတယ်။ ဒါဆိုရင်အခု ၂၀၁၈ ကမ္ဘာ့ဖလားမှာရော အိမ်ရှင်အသင်းက အသာစီးယူထားမှုတွေ၊ ပြိုင်ပွဲလမ်းကြောင်းဇာတ်ညွှန်းတွေ ရှိလာနိုင်သလားဆိုတာ စဉ်းစားချင်စရာပါ။

အုပ်စုခွဲဝေထားမှုအနေအထားအရတော့ အိမ်ရှင်ဖြစ်တဲ့ ရုရှားဟာ (A)မှာ ပါဝင်နေတဲ့အတွက် သူတို့အုပ်စုဗိုလ်ဖြစ်ခဲ့ရင် ဗိုလ်လုပွဲမတိုင်မီအထိ ပေါ်တူဂီ ဒါမှမဟုတ် စပိန်၊ အာဂျင်တီးနား၊ ဂျာမနီတို့နဲ့ တွေ့ဆုံနိုင်ခြေနည်းပါတယ်။ အဲဒီအသင်းတွေအားလုံး အုပ်စုဗိုလ်ဖြစ်ရင်ပေါ့။ ဒါပေမဲ့ ရုရှားဟာ အုပ်စု (A)မှာ ဥရုဂွေးနဲ့အတူ ကျနေတာကြောင့် အုပ်စုဗိုလ်မဖြစ်ခဲ့ရင် ၁၆သင်းအဆင့်မှာကတည်းက အုပ်စု (B)က ပေါ်တူဂီ ဒါမှမဟုတ် စပိန်နဲ့တွေ့ဆုံရမယ့်အနေအထားရှိပါတယ်။ ဒါကြောင့် အခု ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အိမ်ရှင်အသင်း အသာစီးယူထားမှုကတော့ မရှိဘူးထင်ပါတယ်။ ဒါဆိုရင် ၁၉၉၈တုန်းကလိုမျိုး အသင်းကြီးနှစ်သင်းအတွက် ပြိုင်ပွဲလမ်းကြောင်း ဇာတ်ညွှန်းရေးရှိနိုင်သလားလို့ စဉ်းစားရမှာဖြစ်ပါတယ်။ ပလာတီနီပြောသလိုမျိုး လူတိုင်းမြင်တွေ့လိုတဲ့ဗိုလ်လုပွဲ ဖြစ်ဖို့အတွက်ပေါ့။

၁၉၉၈တုန်းက ပြင်သစ်နဲ့ ဘရာဇီးအတွက်ရေးခဲ့တဲ့ ဇာတ်ညွှန်းဟာ နှစ်သင်းစလုံး အုပ်စုဗိုလ်ဖြစ်ရမယ်ဆိုတဲ့အချက်အပေါ် အခြေခံခဲ့ရတာကြောင့် အခု ၂၀၁၈မှာ ဇာတ်ညွှန်းရေးထားမယ်ဆိုရင်လည်း အုပ်စုဗိုလ်ဖြစ်ရေးက အရေးပါနေပါလိမ့်မယ်။ အုပ်စုဗိုလ်ဖြစ်ဖို့ဟာ အုပ်စုချောင်တဲ့အပေါ်မှာမူတည်နေတာကြောင့် ဘယ်အသင်းတွေ အုပ်စုဗိုလ်ဖြစ်ဖို့သေချာနေနိုင်သလဲဆိုတာကို အရင်စဉ်းစားရမယ်ထင်ပါတယ်။ မြင်မိတာတော့ ပြင်သစ်၊ အာဂျင်တီးနား၊ ဘရာဇီး၊ ဂျာမနီတို့ဟာ အုပ်စုဗိုလ်ဖြစ်ဖို့ ရာခိုင်နှုန်းများတဲ့ အုပ်စုတွေမှာကျရောက်နေပြီး ဗိုလ်လုပွဲဟာ ဒီလေးသင်းနဲ့ပတ်သက်နေမလားဆိုတာ အတွေးများစေပါတယ်။ ပြင်သစ်က အုပ်စု (A)မှာ ဩစတြေးလျ၊ ပီရူး၊ ဒိန်းမတ်၊ အာဂျင်တီးနားက အုပ်စု(D)မှာ အိုက်စလန်၊ ခရိုအေးရှား၊ နိုင်ဂျီးရီးယား၊ ဘရာဇီးက အုပ်စု (E)မှာ ဆွစ်ဇာလန်၊ ကော်စတာရီကာ၊ ဆားဘီးယား၊ ဂျာမနီက အုပ်စု(F)မှာ မက္ကဆီကို၊ ဆွီဒင်၊ တောင်ကိုရီးယားတို့နဲ့ကျရောက်နေတာဖြစ်ပြီး သူတို့လေးသင်းစလုံး အုပ်စုဗိုလ်ဖြစ်ခဲ့ရင် ဗိုလ်လုပွဲမတိုင်မီအထိ ဘရာဇီးနဲ့ ဂျာမနီတွေ့ဆုံမှာမဟုတ်သလို အာဂျင်တီးနားနဲ့ပြင်သစ်လည်း တွေ့ဆုံမှာ မဟုတ်ပါဘူး။ ဒီလိုဆိုရင် လူတိုင်းရဲ့အိပ်မက်ဖြစ်နိုင်တဲ့ ဗိုလ်လုပွဲတွဲဆိုင်းက လှပပါလိမ့်မယ်။

၂၀၁၈ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ဗိုလ်လုပွဲအဆင့်မှာ ဘရာဇီး-ဂျာမနီ ဒါမှမဟုတ် အာဂျင်တီးနား-ပြင်သစ်တွေ့ဆုံမယ်ဆိုရင် လူတိုင်းကျေနပ်ကြမှာဖြစ်ပြီး ဒါဆိုရင်တော့ လုပ်ပွဲလို့တိုက်ရိုက်အဓိပ္ပာယ် မသက်ရောက်တဲ့ ကမ္ဘာ့ဖလားဇာတ်ညွှန်းအပေါ် ဘယ်လိုသဘောရပါသလဲ...။ ■

၁၉၉၈ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ပြိုင်ပွဲလမ်းကြောင်း

Round	Date – Venue	Team	Score
Round of 16	27 June – Paris	Brazil	4
		Chile	1
Round of 16	28 June – Saint-Denis	Nigeria	1
		Denmark	4
Round of 16	29 June – Toulouse	Netherlands	2
		Yugoslavia	1
Round of 16	30 June – St. Étienne	Argentina (p)	2 (4)
		England	2 (3)
Round of 16	27 June – Marseille	Italy	1
		Norway	0
Round of 16	28 June – Lens	France (aet)	1
		Paraguay	0
Round of 16	29 June – Montpellier	Germany	2
		Mexico	1
Round of 16	30 June – Bordeaux	Romania	0
		Croatia	1
Quarter-finals	3 July – Nantes	Brazil	3
		Denmark	2
Quarter-finals	4 July – Marseille	Netherlands	2
		Argentina	1
Quarter-finals	3 July – Saint-Denis	Italy	0 (3)
		France (p)	0 (4)
Quarter-finals	4 July – Lyon	Germany	0
		Croatia	3
Semi-finals	7 July – Marseille	Brazil (p)	1 (4)
		Netherlands	1 (2)
Semi-finals	8 July – Saint-Denis	France	2
		Croatia	1
Final	12 July – Saint-Denis	Brazil	0
		France	3
Third place	11 July – Paris	Netherlands	1
		Croatia	2

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ပြိုင်ပွဲလမ်းကြောင်း

Round	Date – Venue	Team	Score
Round of 16	30 June – Sochi	Winners Group A	
		Runners-up Group B	
Round of 16	30 June – Kazan	Winners Group C	
		Runners-up Group D	
Round of 16	2 July – Samara	Winners Group E	
		Runners-up Group F	
Round of 16	2 July – Rostov-on-Don	Winners Group G	
		Runners-up Group H	
Round of 16	1 July – Moscow (Luzhniki)	Winners Group B	
		Runners-up Group A	
Round of 16	1 July – Nizhny Novgorod	Winners Group D	
		Runners-up Group C	
Round of 16	3 July – Saint Petersburg	Winners Group F	
		Runners-up Group E	
Round of 16	3 July – Moscow (Otkritie)	Winners Group H	
		Runners-up Group G	
Quarter-finals	6 July – Nizhny Novgorod	Winners Match 49	
		Winners Match 50	
Quarter-finals	6 July – Kazan	Winners Match 53	
		Winners Match 54	
Quarter-finals	7 July – Sochi	Winners Match 51	
		Winners Match 52	
Quarter-finals	7 July – Samara	Winners Match 55	
		Winners Match 56	
Semi-finals	10 July – Saint Petersburg	Winners Match 57	
		Winners Match 58	
Semi-finals	11 July – Moscow (Luzhniki)	Winners Match 59	
		Winners Match 60	
Final	15 July – Moscow (Luzhniki)	Winners Match 61	
		Winners Match 62	
Third place play-off	14 July – Saint Petersburg	Losers Match 61	
		Losers Match 62	

2018 WORLD CUP DATA

ကမ္ဘာ့ဖလားပြိုင်ပွဲကို ၁၉၃၀ ပြည့်နှစ်က စတင်ကျင်းပခဲ့ပြီး အခုတစ်ကြိမ်ဆိုရင် ပြိုင်ပွဲကျင်းပမှုက ၂၁ ကြိမ်မြောက် ရှိလာခဲ့ပြီဖြစ်ပါတယ်။ ပြိုင်ပွဲသမိုင်းကြောင်းမှာ ချန်ပီယံအသင်း ရှစ်သင်း ထွက်ပေါ်ခဲ့ဖူးပြီး အအောင်မြင်ဆုံးအသင်းအဖြစ် သမိုင်းမှတ်တိုင်စိုက်ထူထားတာက ဘရာဇီးဖြစ်ပါတယ်။ ဘရာဇီးဟာ ကမ္ဘာ့ဖလားကို ငါးကြိမ် ဆွတ်ခူးရရှိခဲ့ဖူးပြီး အခုတစ်ကြိမ်မှာလည်း ချန်ပီယံဖြစ်ဖို့ ရေပန်းစားနေပါတယ်။ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲကို ရုရှားက အိမ်ရှင်အဖြစ် ကျင်းပပြီးရင် လာမယ့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲက အာရှတိုက်ဆီ ပြန်ရောက်လာတော့မှာပါ။ အိမ်ရှင်ဖြစ်ခွင့်ကို ပိုင်ဆိုင်ရရှိထားတာက ကာတာနိုင်ငံဖြစ်ပါတယ်။ ကာတာကမ္ဘာ့ဖလားရဲ့ ထူးခြားချက်တစ်ရပ်ဖြစ်လာမှာက အဲဒီပြိုင်ပွဲဟာ ၃၂ သင်းစနစ်နဲ့ ကျင်းပတဲ့ နောက်ဆုံး ပြိုင်ပွဲဖြစ်လာဖို့ ရှိနေတာပါပဲ။ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကိုရောက်ရင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) က စနစ်သစ်တစ်ရပ်ကို ပြောင်းလဲမိတ်ဆက်တော့မှာပါ။ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို အသင်းပေါင်း ၄၈ သင်းနဲ့ ကျင်းပသွားဖို့ ဖီဖာက ဆုံးဖြတ်ထားပြီးဖြစ်ပါတယ်။ အုပ်စုအဆင့်မှာ အခုလိုမျိုး အသင်းအရေအတွက် လေးသင်းပါတဲ့ အုပ်စု ၈ စု ရှိတော့မှာ မဟုတ်ပါဘူး။ အသင်း သုံးသင်းပါတဲ့ အုပ်စု ၁၆ စု ဖြစ်သွားတော့မှာ ဖြစ်ပါတယ်။ သမုဒ္ဒရာပိုင်းဇုန်ဟာ ပြိုင်ပွဲဝင်ခွင့် တိုက်ရိုက်တစ်နေရာစာ ရရှိမှာဖြစ်လို့ တိုက်ကြီးခြောက်ခုက အသင်းစုံလင်တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲကို လာမယ့် ၂၀၂၆ ခုနှစ်ရောက်ရင် စတင်မြင်တွေ့ကြရတော့မှာပါ။

ပြိုင်ပွဲကျင်းပသည့်ခုနှစ်	အိမ်ရှင်နိုင်ငံ	ချန်ပီယံအသင်း	ဗိုလ်လုပွဲရလဒ်	ဒုတိယရသည့်အသင်း	တတိယရသည့်အသင်း	တတိယနေရာလုပွဲရလဒ်	စတုတ္ထရသည့်အသင်း	ပြိုင်ပွဲဝင်အသင်းအရေအတွက်
၁၉၃၀	ဥရုဂွေး	ဥရုဂွေး	၄ - ၂	အာဂျင်တီးနား	အမေရိကန်	မကစားပါ	ယူဂိုဆလားဗီးယား	၁၃ သင်း
၁၉၃၄	အီတလီ	အီတလီ	၁ - ၁ အချိန်ပို ၁ - ၀၊ စုစုပေါင်း ၂ - ၁ ဖြင့် အီတလီနိုင်	ချက်ကိုဆလိုဗက်ကီးယား	ဂျာမနီ	၃ - ၂	သြစတြီးယား	၁၆ သင်း
၁၉၃၈	ပြင်သစ်	အီတလီ	၄ - ၂	ဟန်ဂေရီ	ဘရာဇီး	၄ - ၂	ဆွီဒင်	၁၆ သင်း
၁၉၅၀	ဘရာဇီး	ဥရုဂွေး	၂ - ၁	ဘရာဇီး	ဆွီဒင်	မကစားပါ	စပိန်	၁၆ သင်း
၁၉၅၄	ဆွစ်ဇာလန်	အနောက်ဂျာမနီ	၃ - ၂	ဟန်ဂေရီ	သြစတြီးယား	၃ - ၁	ဥရုဂွေး	၁၆ သင်း
၁၉၅၈	ဆွီဒင်	ဘရာဇီး	၅ - ၂	ဆွီဒင်	ပြင်သစ်	၆ - ၃	အနောက်ဂျာမနီ	၁၆ သင်း
၁၉၆၂	ချီလီ	ဘရာဇီး	၃ - ၁	ချက်ကိုဆလိုဗက်ကီးယား	ချီလီ	၁ - ၀	ယူဂိုဆလားဗီးယား	၁၆ သင်း
၁၉၆၆	အင်္ဂလန်	အင်္ဂလန်	၂ - ၂ အချိန်ပို ၂ - ၀၊ စုစုပေါင်း ၄ - ၂ ဖြင့် အင်္ဂလန်နိုင်	အနောက်ဂျာမနီ	ပေါ်တူဂီ	၂ - ၁	ဆိုဗီယက်ယူနီယံ	၁၆ သင်း
၁၉၇၀	မက္ကဆီကို	ဘရာဇီး	၄ - ၁	အီတလီ	အနောက်ဂျာမနီ	၁ - ၀	ဥရုဂွေး	၁၆ သင်း
၁၉၇၄	အနောက်ဂျာမနီ	အနောက်ဂျာမနီ	၂ - ၁	နယ်သာလန်	ပိုလန်	၁ - ၀	ဘရာဇီး	၁၆ သင်း
၁၉၇၈	အာဂျင်တီးနား	အာဂျင်တီးနား	၁ - ၁ အချိန်ပို ၂ - ၀၊ စုစုပေါင်း ၃ - ၁ ဖြင့် အာဂျင်တီးနားနိုင်	နယ်သာလန်	ဘရာဇီး	၂ - ၁	အီတလီ	၁၆ သင်း
၁၉၈၂	စပိန်	အီတလီ	၃ - ၁	အနောက်ဂျာမနီ	ပိုလန်	၃ - ၂	ပြင်သစ်	၂၄ သင်း
၁၉၈၆	မက္ကဆီကို	အာဂျင်တီးနား	၃ - ၂	အနောက်ဂျာမနီ	ပြင်သစ်	၂ - ၂ အချိန်ပို ၂ - ၀၊ စုစုပေါင်း ၄ - ၂ ဖြင့် ပြင်သစ်နိုင်	ဘယ်လ်ဂျီယံ	၂၄ သင်း
၁၉၉၀	အီတလီ	အနောက်ဂျာမနီ	၁ - ၀	အာဂျင်တီးနား	အီတလီ	၂ - ၁	အင်္ဂလန်	၂၄ သင်း
၁၉၉၄	အမေရိကန်	ဘရာဇီး	၀ - ၀ အချိန်ပို ၀ - ၀၊ ပင်နယ်တီအဆုံးအဖြတ် ၃ - ၂ ဖြင့် ဘရာဇီးနိုင်	အီတလီ	ဆွီဒင်	၄ - ၀	ဘူဂေးရီးယား	၂၄ သင်း
၁၉၉၈	ပြင်သစ်	ပြင်သစ်	၃ - ၀	ဘရာဇီး	ခရိုအေးရှား	၂ - ၁	နယ်သာလန်	၃၂ သင်း
၂၀၀၂	တောင်ကိုရီးယား/ဂျပန်	ဘရာဇီး	၂ - ၀	ဂျာမနီ	တူရကီ	၃ - ၂	တောင်ကိုရီးယား	၃၂ သင်း
၂၀၀၆	ဂျာမနီ	အီတလီ	၁ - ၁ အချိန်ပို ၀ - ၀၊ ပင်နယ်တီအဆုံးအဖြတ် ၅ - ၃ ဖြင့် အီတလီနိုင်	ပြင်သစ်	ဂျာမနီ	၃ - ၁	ပေါ်တူဂီ	၃၂ သင်း
၂၀၁၀	တောင်အာဖရိက	စပိန်	၀ - ၀ အချိန်ပို ၁ - ၀၊ စုစုပေါင်း ၁ - ၀ ဖြင့် စပိန်နိုင်	နယ်သာလန်	ဂျာမနီ	၃ - ၂	ဥရုဂွေး	၃၂ သင်း
၂၀၁၄	ဘရာဇီး	ဂျာမနီ	၀ - ၀ အချိန်ပို ၁ - ၀၊ စုစုပေါင်း ၂ - ၀ ဖြင့် ဂျာမနီ	အာဂျင်တီးနား	နယ်သာလန်	၃ - ၀	ဘရာဇီး	၃၂ သင်း
၂၀၁၈	ရုရှား	-	-	-	-	-	-	၃၂ သင်း
၂၀၂၂	ကာတာ	-	-	-	-	-	-	၃၂ သင်း

ပျော်တာလည်းပျော် လေးသံလည်းနားထောင်

သက္ကရာဇ်ဦး

လေး နှစ်မှတစ်ကြိမ်ကျင်းပလေ့ရှိတဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲဆိုတာ အင်မတန်မှ ရင်ခုန်စိတ်လှုပ်ရှားရတဲ့ပြိုင်ပွဲဖြစ်ပြီး ဒီလိုပြိုင်ပွဲမျိုးကို ကွင်းထဲအထိသွားကြည့်ဖို့ ဘောလုံးပရိသတ်တိုင်း ဆန္ဒရှိပါတယ်။ ၂၀၁၈ ကမ္ဘာ့ဖလားမှာဆိုရင်လည်း အိမ်ရှင်ရုရှားကလွဲပြီး ကမ္ဘာတစ်လွှားက ၃၁ သင်းပရိသတ်တွေဟာ ကိုယ့်နိုင်ငံအသင်းကို အားပေးဖို့အတွက် ရုရှားနိုင်ငံဆီ ချီတက်ရောက်ရှိနေကြပါပြီ။ ရုရှားနိုင်ငံအနှံ့အပြားမှာ ပျော်ရွှင်စွာ လှုပ်ရှားသွားလာနေတဲ့ ရောင်စုံပရိသတ်တွေရဲ့ရင်ထဲမှာ အပျော်တွေချည်းပါပဲ။ ခရီးသွားရတဲ့ခံစားမှုအပျော်တွေ၊ ကိုယ့်နိုင်ငံအသင်းအပေါ် မျှော်လင့်ထားတဲ့ မျှော်လင့်ချက်အပျော်တွေနဲ့ တကယ့်ကို ကျေနပ်ချင်စရာ ဖြစ်နေမှာသေချာပါတယ်။ ဒါပေမဲ့ ပျော်တာလည်းပျော်၊ လေးသံလည်း နားထောင်ဖို့လိုပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲကို တိုက်ခိုက်ဖို့ အကြမ်းဖက်သမားတွေက ခြိမ်းခြောက်ထားတာကြောင့်ပါပဲ။

ဆီးရီးယားအရေးမှာ ရုရှားသမ္မတပူတင်က ဆီးရီးယားသမ္မတ အဲလ်အာဆတ်ကို ထောက်ခံပြီး ကူညီပေးမှုတွေရှိခဲ့လို့ ISIS တွေက ရုရှားအပေါ်မကျေမနပ်ဖြစ်နေတာဖြစ်ပြီး ဒါကြောင့်လည်း ပူတင်ကို လက်တုံ့ပြန်ဖို့အတွက် ၂၀၁၈ကမ္ဘာ့ဖလားပြိုင်ပွဲက သူတို့ရဲ့အဓိကပစ်မှတ်ဖြစ်နေတာပါ။ "မွတ်ဆလင်တွေကို သတ်ခဲ့တဲ့အတွက် ပူတင် ပြန်ပေးဆပ်ရမယ်' လို့ရေးသားထားတဲ့ ပိုစတာကို အတိအလင်းဖော်ပြထားပြီးဖြစ်သလို ၂၀၁၈ကမ္ဘာ့ဖလားပြိုင်ပွဲအတွက်လည်း Big Match လို့ရေးသားပြီး ISIS Vs Russia, Life or Death ဆိုပြီးခြိမ်းခြောက်ထားပါတယ်။ ပြိုင်ပွဲကျင်းပရာဘောလုံးကွင်းကို ဗုံးဖောက်ခွဲမယ့်ပုံစံပြထားတဲ့ပိုစတာတွေ၊ ပူတင်ကိုသုတ်သင်မယ့်ပုံစံပိုစတာတွေဟာ ဆက်တိုက်ထွက်ပေါ်နေခဲ့တာပါ။ ISIS တွေဟာ ပူတင်နဲ့ ရုရှားအပေါ်မကျေနပ်မှုကိုပြသဖို့အတွက် ဘာမဆိုလုပ်ဖို့ အသင့်ရှိနေပြီး ကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်မယ့် ကမ္ဘာကျော်ဘောလုံးသမားတွေကို ခြိမ်းခြောက်ထားတဲ့ပိုစတာတွေကိုလည်း အွန်လိုင်းမှာ ဆက်တိုက်ဖော်ပြခဲ့တာဖြစ်ပါတယ်။ မက်ဆီ၊ စီရော်နယ်ဒို၊ နေမာတို့ကို သုတ်သင်မယ့်ပုံစံပိုစတာတွေအပြင် လက်ရှိ ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုနဲ့ ပြင်သစ်နည်းပြဒက်စ်ချမ့်စ်ရဲ့ပုံတောင် ပါဝင်ပါသေးတယ်။ ဒီလိုမျိုးလူပုဂ္ဂိုလ်တစ်ဦးချင်းစီကိုပါ ပစ်မှတ်ထား ခြိမ်းခြောက်လာတဲ့အတွက် အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဟာ ရုရှားသံအမတ်နဲ့တွေ့ဆုံပြီး ရုရှားရဲ့လုံခြုံရေးအစီအစဉ်တွေ ဘယ်လိုရှိသလဲဆိုတာကို ဆွေးနွေးမေးမြန်းခဲ့တဲ့အထိ စိုးရိမ်မှု ပြသခဲ့ပါတယ်။

ပိုပြီးစိုးရိမ်စရာဖြစ်ရတာကတော့ ISIS တွေရဲ့ Kill them all ဆိုတဲ့ ခြိမ်းခြောက်မှုဖြစ်ပြီး ဒါဟာ ၂၀၁၈ကမ္ဘာ့ဖလားနဲ့ပတ်သက်သမျှ အားလုံးကို ရည်ရွယ်တဲ့သဘောဖြစ်ပါတယ်။ သွေးချောင်းစီးအောင် လုပ်မယ်လို့လည်း ကြွေးကြော်ထားတဲ့အတွက် ကမ္ဘာ့နိုင်ငံအသီးသီးကနေ ရုရှားကို ရောက်နေတဲ့ ဘောလုံးပရိသတ်တွေအတွက် စိုးရိမ်စရာပါပဲ။ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပမယ့်ကာလဟာ အစ္စလာမ်ဘာသာဝင်တွေရဲ့ ရာမာဒန်ဥပုသ်ကာလဖြစ်နေတယ်ဆိုပေမယ့်လည်း အကြမ်းဖက်သမားတွေကတော့ ဘယ်ကာလဖြစ်ဖြစ် ဂရုစိုက်လေ့မရှိပါဘူး။ ၂၀၁၅ တုန်းက တူနီးရှားအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကို ရာမာဒန်ကာလအတွင်းမှာ လုပ်ခဲ့တာဖြစ်ပြီး အဲဒီသေနတ်နဲ့ပစ်ခတ်သတ်ဖြတ်မှုမှာ အပြစ်မဲ့သူ ၃၈ဦး သေဆုံးခဲ့ရပါတယ်။ ဗြိတိန်နိုင်ငံသား ၃၀ဦးအထိပါဝင်ခဲ့ပြီး အိုင်ယာလန်က သုံးဦး၊ ဂျာမနီက နှစ်ဦး၊ ဘယ်လ်ဂျီယံ၊ ရုရှား၊ ပေါ်တူဂီက တစ်ဦးစီ ပါဝင်ခဲ့ပါတယ်။

ISIS တွေဟာ ကြွေးကြော်ထားတဲ့အတိုင်းလုပ်ဖို့ပြင်ဆင်နေတယ်ဆိုတာလည်း အမှန်ပါပဲ။ မကြာသေးမီတုန်းကဆိုရင် ကယ်လင်နင်ဂရက်မြို့က တိုက်ခန်းတွေအတွင်း ရုတ်တရက်ဝင်ရောက်စီးနင်းရှာဖွေရာမှာ ISIS အဖွဲ့တွေနဲ့ အဆက်အသွယ်ရှိတဲ့ လူရှစ်ဦးကို ဖမ်းဆီးရမိခဲ့ပါတယ်။ ဒါဟာ အင်္ဂလန်အသင်းအတွက် စိုးရိမ်စရာဖြစ်ပြီး ဘာဖြစ်လို့လဲဆိုရင် ကယ်လင်နင်ဂရက်မြို့ဟာ အင်္ဂလန်နဲ့ ဘယ်လ်ဂျီယံတို့ရဲ့ပွဲ ကစားမယ့်မြို့ဖြစ်နေတာကြောင့်ပါပဲ။ ၂၀၁၅ တူနီးရှားသတ်ဖြတ်မှုတုန်းကလို ဗြိတိန်တွေကို ပစ်မှတ်ထားနေသလားလို့ စဉ်းစားချင်စရာကောင်းပါတယ်။

အင်္ဂလန်ပရိသတ်ထောင်ပေါင်းများစွာဟာ ကမ္ဘာ့ဖလားကာလအတွင်း စိန့်ပီတာစဘတ်မြို့မှာ အခြေချတည်းခိုကြမှာဖြစ်ပြီး ရုရှားရဲ့ဒုတိယအကြီးဆုံးမြို့ဖြစ်တဲ့ ဒီမြို့ဟာလည်း ၂၀၁၇တုန်းက အကြမ်းဖက်အန္တရာယ်နဲ့ကြုံခဲ့ရပါတယ်။ မြေအောက်ဗုံးဖောက်ခွဲမှုကြောင့် လူ ၁၄ ဦး သေဆုံးခဲ့ရတဲ့ဖြစ်ရပ်နဲ့ကြုံထားရတာဖြစ်ပြီး ဒါကြောင့်လည်း ဗြိတိန်ရဲတပ်ဖွဲ့က အင်္ဂလန်ပရိသတ်တွေကို သတိပေးထားပါတယ်။ ISIS တွေအပြင် ရုရှားဘောလုံးဆိုးသွမ်းပရိသတ်တွေရဲ့ပစ်မှတ်ထားတိုက်ခိုက်မှုတွေကိုပါ သတိထားဖို့ ပြောထားတာဖြစ်ပါတယ်။

သွေးချောင်းစီးအောင်လုပ်မယ်လို့ ISIS တွေ ခြိမ်းခြောက်ထားတဲ့နည်းလမ်းတွေထဲမှာ ရိုးရိုးရှင်းရှင်းနဲ့အထိရောက်ဆုံး ဖြစ်သွားနိုင်တဲ့နည်းလမ်းက လူစုလူဝေးထဲကို ကားနဲ့ဝင်ဆောင့် တိုက်ခိုက်ခြင်းဖြစ်ပါတယ်။ ဒီနည်းလမ်းနဲ့လည်း တိုက်ခိုက်မယ်လို့ ပုံနဲ့တကွဖော်ပြ ခြိမ်းခြောက်ထားတဲ့အတွက် အင်မတန်သတိထားဖို့လိုပါတယ်။ ဒီနည်းလမ်းဟာ အခုနောက်ပိုင်းမှာ ISISတွေ အတော်လေး အသုံးများလာတဲ့နည်းလမ်းဖြစ်ပြီး လန်ဒန်၊ နိုက်စ်၊ ဘာစီလိုနာ၊ ဘာလင်စတဲ့မြို့တွေမှာလည်း အဲဒီပုံစံနဲ့ တိုက်ခိုက်ခဲ့ဖူးပါတယ်။ ၂၀၁၆ နိုက်စ်မြို့တိုက်ခိုက်ခံရမှုဟာ ယူရို ၂၀၁၆ ပြိုင်ပွဲကာလအတွင်းမှာ တိုက်ခိုက်ခံခဲ့ရတာဖြစ်ပြီး အပြစ်မဲ့သူ ၈၆ ဦးသေဆုံးခဲ့ရပါတယ်။

အကြမ်းဖက်သမားဟာ လူစုလူဝေးဖြစ်နိုင်တဲ့အချိန်နဲ့ လူစုလူဝေးဖြစ်နိုင်တဲ့နေရာကိုရွေးပြီး ကုန်တင်ကားနဲ့ဝင်ဆောင့်တိုက်ခိုက်ခဲ့တာဖြစ်ပြီး ပြင်သစ်နိုင်ငံရဲ့လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပွဲနေ့မှာ ဖြစ်ပျက်ခဲ့တဲ့ဒီအဖြစ်အပျက်ဟာ တစ်ကမ္ဘာလုံးကိုတုန်လှုပ်သွားစေခဲ့ပါတယ်။ ဒီဖြစ်ရပ်ဟာ အပြစ်မဲ့သူ ၁၃၀ဦးသေဆုံးခဲ့ရတဲ့ ပဲရစ်တိုက်ခိုက်ခံရမှုအပြီး ရှစ်လအကြာမှာဖြစ်ခဲ့တာမို့လည်း ပြင်သစ်နိုင်ငံအတွက် ကပ်ဆိုးသဖွယ်ဖြစ်ခဲ့ရပါတယ်။ ပဲရစ်တိုက်ခိုက်ခံရမှုအပြီးမှာ ပြင်သစ်အာဏာပိုင်တွေဘက်က လုံခြုံရေးကိုများစွာတင်းကျပ်ခဲ့တာတောင်မှ ISISတွေဟာ မရရတဲ့နည်းနဲ့ နိုက်စ်မှာ Vehicle-ramming attack လုပ်ခဲ့တာမို့ အင်မတန်သတိထားသင့်ပါတယ်။

ဒါကြောင့်လည်း အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်သမားလေ့လာသုံးသပ်ရေးအဖွဲ့ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ခရစ်ဟော့ကင်းစ်က "ပွဲသွားကြည့်မယ့်၊ အဲဒီပတ်ဝန်းကျင်မှာရှိနေမယ့် ဘောလုံးပရိသတ်တွေကို ပစ်မှတ်ထား တိုက်ခိုက်ဖွယ်ရှိတဲ့နည်းလမ်းတွေက ဓားနဲ့တိုက်ခိုက်တာ၊ ကားနဲ့ဝင်တိုက်တာတွေ ဖြစ်နိုင်ပါတယ်။ ဘောလုံးပွဲရှိတဲ့နေ့တွေကို အဓိကထားဖို့များပြီး အထူးသဖြင့်တော့ မော်စကိုနဲ့ စိန့်ပီတာစဘတ်ပါ။ မြို့ကြီးနှစ်မြို့ဖြစ်တဲ့ မော်စကိုနဲ့ စိန့်ပီတာစဘတ်ကို နိုင်ငံခြားသားပရိသတ်တွေ ပိုမိုအာရုံစိုက်မှာဖြစ်ပြီး မော်စကိုမှာဆိုရင် ကမ္ဘာ့ဖလားအဖွင့်ပွဲနဲ့ ဗိုလ်လုပွဲကို ကျင်းပမှာဖြစ်လို့ပါပဲ" လို့ သတိပေးထားပါတယ်။

၂၀၁၄ ဆိုချီအိုလံပစ်ပြိုင်ပွဲတုန်းကတော့ အကြမ်းဖက်ခြိမ်းခြောက်မှုတွေရှိနေတဲ့ကြားကပဲ အိမ်ရှင်ရုရှားဟာ ပြိုင်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။ ဒါကြောင့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် သူတို့ဘက်က ထွေထွေထူးထူး စိုးရိမ်နေမယ်တော့မထင်ပါဘူး။ သူတို့နဲ့ နိုင်ငံရေးတင်းမာမှုတွေရှိနေတဲ့ အင်္ဂလန်နိုင်ငံက ပရိသတ်တွေကိုတောင် ရုရှားမှာ လုံခြုံစေရမယ်လို့ရုရှားသံအမတ်က ပြောကြားထားတာကိုကြည့်ရင် ၂၀၁၈ ကမ္ဘာ့ဖလားအတွက် လုံခြုံရေးကို ရုရှားဘယ်လိုပြင်ဆင်ထားသလဲဆိုတာ စဉ်းစားကြည့်လို့ရပါတယ်။ ဒါပေမဲ့ ယူရို ၂၀၁၆အိမ်ရှင်ပြင်သစ်တုန်းက ပြိုင်ပွဲမတိုင်မီဖြစ်ခဲ့တဲ့ ပဲရစ်တိုက်ခိုက်ခံရမှုဖြစ်ရပ်ကြောင့် ပြိုင်ပွဲအတွင်းမှာ လုံခြုံရေးကို ပိုမိုတင်းကျပ်ခဲ့တာတောင်မှ Vehicle-ramming attack နဲ့ ထပ်ကြုံခဲ့ရဖူးတာရှိပါတယ်။ အခု အကြိမ်ကြိမ်ခြိမ်းခြောက်ထားတဲ့ ISIS တွေဆိုတာ လေးနှစ်အတွင်းမှာတင် နိုင်ငံပေါင်း ၂၀(ဆီးရီးယားနဲ့ အီရတ်မပါ)ကို အကြမ်းဖက်တိုက်ခိုက်မှုပေါင်း ၇၀ကျော်ပြုလုပ်ခဲ့သူတွေဖြစ်တဲ့အတွက် သတိဆိုတာ ပိုတယ်မရှိဆိုတဲ့စကားအတိုင်း ပရိသတ်တွေအနေနဲ့လည်း ကိုယ့်ကိုယ်ကိုယ်ဂရုစိုက်ပြီး ကိုယ့်ကိုယ်ကိုယ်လုံခြုံရေး တင်းကျပ်ထားဖို့ လိုပါလိမ့်မယ်။ အားလုံးပဲ ဘေးကင်းကြပါစေ။ ■

အင်ဖန်တီနိုရဲ့အလောင်းအစား (သို့မဟုတ်) VAR

ရဲဇော်သွေး

ဖီဖာ ဟာ ၂၀၁၄ကမ္ဘာ့ဖလားပြိုင်ပွဲမှာ Goal-line technology လို့ခေါ်တဲ့ ဂိုးလိုင်းနည်းပညာကို အသုံးပြုခဲ့ပြီး ဒါနဲ့ပတ်သက်လို့ ကြီးကြီးမားမားဆူညံဝေဖန်သံ မရှိခဲ့ပါဘူး။ ဖီဖာအနေနဲ့ ၂၀၁၈ ကမ္ဘာ့ဖလားမှာလည်း နောက်ထပ်နည်းပညာတစ်ခုဖြစ်တဲ့ VAR(Video assistant referee) ကို အသုံးပြုမှာဖြစ်ပြီး ဒီနည်းပညာနဲ့ပတ်သက်လို့တော့ တော်တော်များများက ဒွိဟဖြစ်နေကြပါတယ်။ အထူးသဖြင့် သက်တမ်း ၂နှစ်သာရှိသေးတဲ့ VAR စနစ်ကို ကမ္ဘာ့ဖလားလိုပြိုင်ပွဲမှာ အသုံးပြုဖို့ ဆုံးဖြတ်လိုက်တာဟာ စောလွန်းနေတယ်လို့ ယူဆနေကြတာပါ။

VAR ဆိုတာဘာလဲ

မြန်မာမှုပြုမယ်ဆိုရင် VAR (Video assistant referee) ဆိုတာ ဗီဒီယိုအကူဒိုင်ဖြစ်ပါတယ်။ ကွင်းလယ်ဒိုင်လူကြီးရဲ့ဆုံးဖြတ်ချက်တွေ အမှားအယွင်း ပိုနည်းသွားအောင်လို့ ဗီဒီယိုနည်းပညာနဲ့ အကူအညီပေးတဲ့ သဘောပါ။ Goal-line technology တုန်းက ဂိုးစည်းကျော်၊ မကျော်ကိုသာ ဆုံးဖြတ်တာဖြစ်ပေမယ့် VAR ကတော့ အချက်လေးချက်အဖြစ် ဂိုးဆုံးဖြတ်ချက်၊ ပင်နယ်တီအဆုံးအဖြတ်၊ တိုက်ရိုက်အနီကတ်ဆုံးဖြတ်ချက်၊ အနီ/အဝါကတ်ပြသရာမှာ ကစားသမားမှားယွင်းပြသမှုဆုံးဖြတ်ချက်တွေပါ ပါဝင်ပါတယ်။ VAR စနစ်ရဲ့လုပ်ငန်းစဉ်ကတော့ ပထမအဆင့်အနေနဲ့ ကွင်းအတွင်း မတော်တဆဖြစ်ရပ်တစ်ခုကို ကွင်းလယ်ဒိုင်က ရှင်းလင်းစွာ မမြင်လိုက်တဲ့အခါ အနေးပြကွက်နဲ့ပြန်ကြည့်ပေးဖို့ VAR ထံ လှမ်းအကြောင်းကြားရပါတယ်။ ဒုတိယအဆင့်အနေနဲ့ အနေးပြကွက်ပြန်ကြည့်ပြီးတဲ့အခါ အဲဒီဖြစ်ရပ်နဲ့ပတ်သက်လို့ VAR က ကွင်းလယ်ဒိုင်ထံ အကြံပြုပေးရပါတယ်။ တတိယအဆင့်အနေနဲ့ ကွင်းလယ်ဒိုင်က သူကိုယ်တိုင် အနေးပြကွက်ကို ကြည့်သင့်၊ မကြည့်သင့် ဆုံးဖြတ်ရပြီး ကြည့်ဖို့လိုအပ်ရင် ကွင်းဘေးမှာရှိတဲ့ Referee Review Area (RRA) မှာ သွားကြည့်နိုင်ပါတယ်။ VAR စနစ်ရဲ့ အဲဒီလုပ်ငန်းစဉ်အတွင်း တချို့ဖြစ်ရပ်တွေမှာ ကွင်းလယ်ဒိုင်က VAR ထံ လှမ်းအကြောင်းမကြားရင်တောင်မှ အနေးပြကွက်ပြန်ကြည့်သင့်ကြောင်း VAR က ကွင်းလယ်ဒိုင်ထံ အကြံပြုတာမျိုးလည်းရှိပါတယ်။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ်၊ သူကိုယ်တိုင် အနေးပြကွက် ပြန်ကြည့်သင့်၊ မကြည့်သင့်ကို ကွင်းလယ်ဒိုင်ကသာ ဆုံးဖြတ်ရတာဖြစ်ပြီး ကွင်းအတွင်းဆုံးဖြတ်ချက်အတွက်လည်း ကွင်းလယ်ဒိုင်သာ အာဏာအရှိဆုံးဖြစ်ပါတယ်။

ကမ္ဘာတစ်လွှား VAR အသုံးပြုမှုများ

တကယ်တော့ VAR စနစ်ကို စတင်စမ်းသပ်အသုံးပြုတာဟာ ၂၀၁၆ ဩဂုတ်လတုန်းကဖြစ်လို့ သူ့ရဲ့သက်တမ်းဟာ ၂ နှစ်သာရှိပါသေးတယ်။ ၂၀၁၆မှာ နိုင်ငံတကာဘောလုံးအဖွဲ့ချုပ်များ ဘုတ်အဖွဲ့က စစ်ဆေးစမ်းသပ်ပြီးနောက် မေဂျာလိဂ်အရန်အသင်း နှစ်သင်းရဲ့ပွဲစဉ်ဖြစ်တဲ့ United Soccer League ပွဲစဉ်မှာ VAR စနစ်ကို စတင်အသုံးပြုခဲ့တာပါ။ အဲဒီနောက် ၂၀၁၆ ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဆက်လက်စမ်းသပ်အသုံးပြုခဲ့ပြီး ပရော်ဖက်ရှင်နယ်လိဂ်မှာ စတင်အသုံးပြုခဲ့တာကတော့ ဩစတြေးလျရဲ့ A-League ဖြစ်ပါတယ်။ ၂၀၁၇ ဧပြီလတုန်းက ကစားခဲ့တဲ့ မဲလ်ဘုန်းနဲ့ အဒယ်လိုင်ဒီတို့ရဲ့ပွဲကနေ စတင်ခဲ့တာပါ။ ဒါပေမဲ့ အဲဒီပွဲမှာ VAR စနစ်ကို ထိထိရောက်ရောက်အသုံးချခဲ့ရတာမျိုးတော့ မရှိပါဘူး။ VAR စနစ်နဲ့ ဆုံးဖြတ်ပေးခဲ့ရတဲ့ ပထမဆုံးပရော်ဖက်ရှင်လိဂ်ပွဲကတော့ ဝယ်လင်တန်ဖီးနစ်နဲ့ ဆစ်ဒနီတို့ရဲ့ပွဲဖြစ်ပြီး အငြင်းပွားနေတဲ့ ပင်နယ်တီဧရိယာအတွင်း လက်ထိမှုကို VAR စနစ်နဲ့ဆုံးဖြတ်ကာ ဆစ်ဒနီအသင်းကို ပင်နယ်တီကန်ခွင့်ပေးခဲ့တာဖြစ်ပါတယ်။ အမေရိကန်ရဲ့ မေဂျာလိဂ်ကတော့ ၂၀၁၇ ဘောလုံးရာသီမှာ VAR စနစ်ကို စတင်မိတ်ဆက်ခဲ့တာဖြစ်ပြီး အဲဒီနောက် ၂၀၁၇ ကွန်ဖက်ဒရေးရှင်းပြိုင်ပွဲမှာလည်း အသုံးပြုခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇-၁၈ ဘောလုံးရာသီမှာတော့ စပိန်လာလီဂါနဲ့ အင်္ဂလန်ပရီးမီးယားလိဂ်ကလွဲရင် ဥရောပထိပ်တန်းလိဂ်တော်တော်များများက VAR စနစ်ကို အသုံးပြုလာခဲ့ကြပြီး လာလီဂါကတော့ လာမယ့်ရာသီမှာ အသုံးပြုမယ်လို့ ကြေညာထားပါတယ်။ အင်္ဂလန်ကတော့ ပရီးမီးယားလိဂ်မှာ အသုံးမပြုသေးပေမယ့် အက်ဖ်အေဖလားနဲ့ လိဂ်ဖလားပွဲစဉ်တွေမှာ စမ်းသပ်အသုံးပြုခဲ့တာတွေ့ရပြီး ၂၀၁၇ ယူ-၂၀ကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း VAR ပါဝင်ခဲ့တဲ့အတွက် ဒီစနစ်ဟာ လာမယ့်ရာသီမှာ တစ်ကမ္ဘာလုံးနီးပါး ပျံ့နှံ့တော့မယ့်သဘောပါပဲ။

ဒါကြောင့်လည်း အီတလီဟာ ပြီးခဲ့တဲ့ ဇန်နဝါရီတုန်းက ဘောလုံးလေ့ကျင့်ရေးကျောင်းဖြစ်တဲ့ ကိုဗာစီယာနိုမှာ ကမ္ဘာ့ပထမဆုံး VAR လေ့ကျင့်ရေးစင်တာ ဖွင့်လှစ်ခဲ့တာပါ။ မတ်လမှာတော့ နိုင်ငံတကာဘောလုံးအဖွဲ့ချုပ်များ ဘုတ်အဖွဲ့က VAR ကို The Laws of the Game မှာ ထည့်သွင်းရေးသားခဲ့ပါတယ်။ ဒါပေမဲ့ လူကြိုက်အများဆုံးဖြစ်တဲ့ ပရီးမီးယားလိဂ်နဲ့ ချန်ပီယံလိဂ်ကတော့ လာမယ့်ရာသီအထိ VAR စနစ်ကို အသုံးပြုဖွယ် မရှိသေးပါဘူး။

VAR နှင့်ထူးခြားသည့်စည်းမျဉ်းများ

VAR နဲ့ပတ်သက်ရင် လူသိနည်းတဲ့စည်းမျဉ်းတွေအကြောင်းကိုလည်း ချန်လှပ်ထားဖို့ မဖြစ်နိုင်ပါဘူး။ ကမ္ဘာ့ဖလားလိုပြိုင်ပွဲမှာ အသုံးပြုတော့မှာဖြစ်လို့လည်း ဖီဖာက စည်းမျဉ်းအသစ်တွေကို ထပ်မံရေးဆွဲလိုက်တာပါ။ ပြီးခဲ့တဲ့ရာသီတုန်းက CSKA မော်စကိုအသင်းရဲ့အိမ်ကွင်းမှာ စမ်းသပ်မှုအောင်မြင်ခဲ့ပြီးနောက် VAR ဆုံးဖြတ်ချက်နဲ့ရရှိတဲ့သွင်းဂိုးအတွက် အောင်ပွဲခံတဲ့အခါ သတ်မှတ်ပေးထားတဲ့ Celebration zone မှာသာ အောင်ပွဲခံရမယ်လို့ စည်းမျဉ်းသတ်မှတ်လိုက်တာဖြစ်ပြီး အောင် ပွဲခံရာမှာလည်း စက္ကန့် ၃၀ သာ အချိန်ပေးထားပါတယ်။ စက္ကန့် ၃၀ ကျော်သွားရင် အဝါကတ်ပြသခံရမှာဖြစ်သလို Celebration zone ပြင်ပထွက် အောင်ပွဲခံတဲ့ ကစားသမားတိုင်းကိုလည်း အဝါကတ်ပြမှာဖြစ်ပါတယ်။

Celebration zone ဆိုတာကတော့ ကွင်းဘေးက နည်းပြတွေရဲ့ နည်းစနစ်ဧရိယာလို ပုံစံဖြစ်ပြီး ကစားသမား ၁၁ ဦးစလုံး ဝင်ဆံ့ပါတယ်။ သေချာတာကတော့ ဒီစည်းမျဉ်းသုံးပြီဆိုရင် Celebration zone နေရာအတွက် ကြော်ငြာခတွေကို ဖီဖာက ရရှိမှာဖြစ်ပါတယ်။ တစ်ဆက်တည်းဆိုသလိုပဲ ဒီစည်းမျဉ်း ထွက်ပေါ်လာပြီးနောက်မှာ လောင်းကစားဒိုင်တွေက ဂိုးသွင်းပြီး Celebration zone အတွင်း ပထမဆုံး အောင်ပွဲခံမယ့်ကစားသမားကို ကြေးဖွင့်လှစ်ခဲ့ရာမှာ ပရိသတ်တစ်ဦးက ၂၅၀ - ၁ ဖွင့်လှစ်ထားတဲ့ မက်ဆီဆိုပြီး ပေါင် ၁၀၀ လောင်းခဲ့တယ်လို့လည်း သိရပါတယ်။

နောက်ထပ်စည်းမျဉ်းတစ်ခုကတော့ နောက်ကြောင်းပြန် အရေးယူနိုင်တဲ့စည်းမျဉ်းဖြစ်ပါတယ်။ အရင်စည်းမျဉ်းတုန်းက ရုန့်ရင်းဆန်ခတ်ဖြစ်ပွားမှုတွေမှာ ကွင်းလယ်ဒိုင်အနေနဲ့ ပွဲခဏရပ်၊ အဲဒီကိစ္စကိုကိုင်တွယ်ဖြေရှင်းပြီးတဲ့နောက် ပွဲပြန်ကစားပြီဆိုတာနဲ့ အဲဒီကိစ္စကို ပြန်လည်ကိုင်တွယ်ဖြေရှင်းလို့ မရတော့ပါဘူး။ ဒါပေမဲ့ အခုစည်းမျဉ်းမှာတော့ ရုန့်ရင်းဆန်ခတ်ဖြစ်ပွားမှုအတွက် အပြစ်ရှိတဲ့ကစားသမားကို အဲဒီအချိန်မှာ ပြစ်ဒဏ် မပေးမိခဲ့ဘူးဆိုရင်တောင်မှ ကွင်းလယ်ဒိုင်အနေနဲ့ အဲဒီပွဲမပြီးခင်အထိ ပြစ်ဒဏ်ချမှတ်ပိုင်ခွင့်ရှိပါတယ်။

VAR နှင့်အငြင်းပွယ်ရာဖြစ်ရပ်များ

လက်ရှိအချိန်မှာ VAR ကို တစ်ကမ္ဘာလုံးနီးပါး အသုံးပြုနေပြီဆိုပေမယ့် ယူအီးအက်ဖ်အေဥက္ကဋ္ဌ ဆီဖီရင်ကတော့ ကမ္ဘာ့ဖလားမှာ VAR ကြောင့် အငြင်းပွားဖွယ်တွေဖြစ်လာမှာကို စိုးရိမ်မိတယ်လို့ ဆိုထားပါတယ်။ VAR ကို ချန်ပီယံလိဂ်ပြိုင်ပွဲမှာ အသုံးပြုဖို့ဆိုရင် စမ်းသပ်မှုတွေလုပ်ဖို့လိုအပ်နေဆဲဖြစ်ကြောင်းလည်း ဆီဖီရင်က ထုတ်ဖော်ပြောဆိုထားပါတယ်။ တကယ်တမ်းမှာလည်း VAR ဟာ တွင်တွင်ကျယ်ကျယ် သုံးကြပေမယ့် အငြင်းပွားဖွယ်ပြဿနာတွေ ရှိနေဆဲပဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီတုန်းက ပေါ်တူဂီပရီမီယာလီဂါပွဲစဉ်ဖြစ်တဲ့ ဘိုအာဗစ္စတာနဲ့ အေဗက်စ်တို့ရဲ့ပွဲစဉ်မှာ အေဗက်စ်ရဲ့ဂိုးတစ်ဂိုးဟာ လူကျွံဖြစ်နေလို့ VAR ပြန်ကြည့်တဲ့အခါ VAR မှာ ဘာမှမမြင်ရခဲ့ပါဘူး။ အကြောင်းအရင်းရှာကြည့်တော့ ပရိသတ်တစ်ဦး ဝှေ့ယမ်းနေတဲ့ အသင်းအလံတစ်ခုက VAR ကင်မရာကို ကွယ်မိထားတာကြောင့်ဖြစ်နေပြီး နောက်တော့ အခြားအထောက်အထားမရှိတဲ့အဆုံးမှာ ကွင်းလယ်ဒိုင်က လူကျွံဘောကို ဂိုးအဖြစ်သတ်မှတ်ပေးခဲ့ရပါတယ်။ ဩစတြေးလျရဲ့ 2018 A-League Grand Final မှာဆိုရင်လည်း မဲလ်ဘုန်းရဲ့အနိုင်ဂိုးဟာ လူကျွံဘောဖြစ်နေလို့ ကွင်းလယ်ဒိုင်က VAR ပြန်ကြည့်ဖို့လုပ်တဲ့အခါ စက်ရဲ့စနစ်ချွတ်ယွင်းမှုကြောင့် ပြန်ကြည့်မရခဲ့ပါဘူး။ ဒါကြောင့် ကွင်းလယ်ဒိုင်က ဂိုးအဖြစ် သတ်မှတ်ပေးခဲ့ရပြီး ပွဲရလဒ်က ၁-၀နဲ့ မဲလ်ဘုန်းဗိုလ်စွဲသွားခဲ့လို့ ပြိုင်ဘက်နယူးကာဆယ်ဂျက်အသင်း နစ်နာခဲ့ရပါတယ်။

ဒီလို အမှားတွေရှိခဲ့ဖူးတဲ့ VAR အတွက် ကမ္ဘာ့ဖလားမှာ ရင်ဆိုင်ရမယ့် စိန်ခေါ်မှုတွေကလည်း အများကြီးရှိပါသေးတယ်။ ကမ္ဘာ့ဖလားမှာ ကိုင်တွယ်မယ့်ဒိုင်အများစု VAR အတွေ့အကြုံနည်းပါးတာက အဓိကပြဿနာဖြစ်ပြီး VAR ရဲ့လုပ်ငန်းစဉ်တွေ၊ စည်းမျဉ်းတွေအကြောင်း အသေးစိတ်ကို ပရိသတ်တိုင်း၊ ကစားသမားတိုင်း၊ နည်းပြတိုင်း မသိနိုင်တာတွေဟာလည်း စိန်ခေါ်မှုတွေ ဖြစ်နိုင်ပါတယ်။

၂၀၁၀ကမ္ဘာ့ဖလားပြိုင်ပွဲတုန်းက အင်္ဂလန်ကွင်းလယ်လူ လမ်းပတ်ရဲ့ဂိုး စည်းကျော်လျက်နဲ့ ဂိုးအဖြစ် သတ်မှတ်မခံရတာဟာ အငြင်းပွားဖွယ်ရာဖြစ်ခဲ့ပြီး အဲဒီဖြစ်ရပ်နောက်ပိုင်းမှာတော့ ဖီဖာဥက္ကဋ္ဌ ဘလတ္တာက ၂၀၁၄ ကမ္ဘာ့ဖလားမှာ ဂိုးလိုင်းနည်းပညာ သုံးမယ်လို့ကြေညာခဲ့ပါတယ်။ လက်ရှိဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုဟာလည်း ၂၀၁၆ မတ်လမှာ ဖီဖာဥက္ကဋ္ဌအဖြစ် ရွေးကောက်ခံရပြီးနောက် တစ်ပတ်အကြာမှာပဲ ၂၀၁၈ ကမ္ဘာ့ဖလားမှာ VAR သုံးမယ်လို့ ကြေညာခဲ့တာပါ။ အင်ဖန်တီနိုဟာ ဘလတ္တာရဲ့ခြေရာကိုနင်းပြီး ဘလတ္တာလိုမျိုး ကမ္ဘာ့ဖလားမှာ နည်းပညာအသစ်တစ်ခုတင်သွင်းဖို့ကြိုးစားတာဖြစ်ပါတယ်။ ဒါပေမဲ့ မတူတာကတော့ ဘလတ္တာတုန်းက ဂိုးလိုင်းနည်းပညာကို ၂၀၀၇မှာကတည်းက စမ်းသပ်ပြီး ၂၀၁၄ ကျမှ စတင်အသုံးပြုခဲ့တာဖြစ်ပြီး ၇နှစ် အချိန်ယူပြင်ဆင်ခဲ့ပါတယ်။ အင်ဖန်တီနိုကတော့ ၂ နှစ်အတွင်းမှာပဲ VAR ကို ကမ္ဘာ့ဖလားဆီ တင်သွင်းလာခဲ့တာဖြစ်လို့ ဒါဟာ သူ့အတွက် အလောင်းအစားတစ်ခုဖြစ်နေမှာ သေချာပါတယ်။■

ရုရှားရဲ့စီးပွားရေးအပေါ် ကမ္ဘာ့ဖလားပြိုင်ပွဲက ဘယ်လိုသက်ရောက်မှုရှိမလဲ

ကမ္ဘာ့ဖလားပြိုင်ပွဲဆိုတာ အားကစားပြိုင်ပွဲတစ်ခုအနေနဲ့ ဘောလုံးလောကက နိုင်ငံလက်ရွေးစင်အသင်းတွေကြားမှာ အမြင့်ဆုံးပြိုင်ပွဲဖြစ်လို့ ဒီပြိုင်ပွဲမှာ အောင်မြင်မှုရရေးဟာ အိမ်ရှင်အပါအဝင် အသင်းတိုင်းအတွက် အရေးပါတဲ့ရည်မှန်းချက်ပန်းတိုင်တစ်ခု ဖြစ်ပါတယ်။ အထူးသဖြင့် အိမ်ရှင်နိုင်ငံတွေအတွက် ကိုယ့်မြေကိုယ့်ရေမှာ ဆုဖလားအောင်မြင်မှုရဖို့အပြင် ဒီလိုပြိုင်ပွဲကြီးမျိုးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခြင်းကနေ နိုင်ငံရေး၊ စီးပွားရေးအရ အားသာချက်တွေရှာဖွေဖို့လည်း ကြိုးစားလေ့ရှိကြပါတယ်။ ကမ္ဘာ့ဖလားနဲ့ အိုလံပစ်ပြိုင်ပွဲတွေလို အထင်ကရ အားကစားပွဲတွေကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခြင်းအားဖြင့် ကုန်ကျစရိတ်ရှိတာမှန်ပေမယ့် ပြိုင်ပွဲကြောင့် တည်ဆောက်လိုက်ရတဲ့ အခြေခံအဆောက်အဦတွေ၊ ပြိုင်ပွဲကြောင့် အလည်အပတ် လာရောက်ကြမယ့် ကမ္ဘာလှည့်ခရီးသွားတွေကြောင့် အိမ်ရှင်နိုင်ငံတွေရဲ့ စီးပွားရေး အခြေအနေတွေဟာ အပေါင်းလက္ခဏာပြလာတဲ့အနေအထားတွေ အများကြီးရှိခဲ့တာကြောင့် ၂၀၁၈ ကမ္ဘာ့ဖလားအိမ်ရှင်ဖြစ်တဲ့ ရုရှားဟာလည်း ဒီပြိုင်ပွဲကြောင့် သူတို့ရဲ့စီးပွားရေးအခြေအနေအတွက် အကျိုးဖြစ်ထွန်းလာဖို့ကို အများကြီး မျှော်လင့်ထားပါတယ်။

ဝသုန်ဦး

ပြီးခဲ့တဲ့ဧပြီလထဲမှာ ရုရှားဒုတိယဝန်ကြီးချုပ်အာကာဒီဗော်ကိုဗစ်ချ်က ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ပြင်ဆင်မှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ ရင်းနှီးမြှုပ်နှံမှုတွေသာမရှိရင် ရုရှားရဲ့စီးပွားရေးအခြေအနေက တိုးတက်လာစရာအကြောင်းမရှိဘူးလို့ဆိုခဲ့ပါတယ်။ သူ့ရဲ့အဆိုအရ ဇွန်လ ၁၄ရက်ကနေ ဇူလိုင်လ ၁၅ရက်အထိ တစ်လကြာကျင်းပပြုလုပ်မယ့် ဒီပြိုင်ပွဲကြောင့် တိုင်းပြည်ရဲ့ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု GDP ဟာ ၂၀၁၃ ခုနှစ်ကနေ ၂၀၂၃ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၆ဘီလီယံကနေ ၃၀.၈ဘီလီယံအတွင်း တိုးတက်လာမယ်လို့ သိရပါတယ်။

အနောက်နိုင်ငံတွေရဲ့အရေးယူပိတ်ဆို့မှုတွေနဲ့ ရေနံဈေးကျဆင်းမှုတွေကြောင့် လွန်ခဲ့တဲ့ ၂နှစ်အတွင်းမှာ အကျဘက်ကိုရောက်သွားခဲ့တဲ့ ရုရှားရဲ့စီးပွားရေးအခြေအနေဟာ မနှစ်က ၁.၅ရာခိုင်နှုန်း ပြန်လည်တိုးတက်လာခဲ့တယ်လို့ဆိုပါတယ်။ GDP တိုးတက်မှုအခြေအနေက အစိုးရကမျှော်မှန်းထားတဲ့ နှစ်ရာခိုင်နှုန်းကိုမရောက်သေးပေမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပမယ့်ဒေသတွေမှာ စီးပွားရေးအရ သက်ရောက်မှုတွေရှိခဲ့ပြီး ရေရှည်စီးပွားရေးအခြေအနေတွေအတွက်လည်း အပေါင်းလက္ခဏာဆောင်တဲ့တိုးတက်မှုတွေရှိတယ်လို့ ဒုတိယဝန်ကြီးချုပ်အာကာဒီက ဆိုပါတယ်။ ကမ္ဘာ့ဖလားကြောင့် အလုပ်အကိုင် ၂၂၀,၀၀၀ ကိုလည်း ဖန်တီးပေးနိုင်ခဲ့တယ်လို့သိရပါတယ်။

အာကာဒီနဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပရေးကော်မတီက တာဝန်ရှိသူတွေရဲ့အဆိုအရ ပြိုင်ပွဲနဲ့သက်ဆိုင်တဲ့အခြေခံအဆောက်အဦတွေ တည်ဆောက်ရေးအတွက် သုံးစွဲခဲ့တဲ့ငွေကြေးတွေဟာ နောက်လာမယ့်ငါးနှစ်အတွင်းမှာ တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၂ဘီလီယံနဲ့ ၃ဘီလီယံကြား နိုင်ငံရဲ့GDP မှာ ထပ်ပေါင်းသွားမယ်လို့ဆိုပါတယ်။ ရုရှားနိုင်ငံဟာ အသစ်တည်ဆောက်တဲ့ အခြေခံအဆောက်အဦတွေနဲ့ အားကစားကွင်းတွေမပါဘဲ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ငွေသုံးစွဲမှုဟာ အမေရိကန်ဒေါ်လာ ၁၁ဘီလီယံရှိထားပြီး ဒါဟာ ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက်မှာ စံချိန်တင်ငွေကြေးသုံးစွဲမှုတစ်ရပ်ပဲဖြစ်ပါတယ်။

ရုရှားနိုင်ငံဟာ ၂၀၁၄ ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကိုလည်း ဆိုချီမြို့မှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သေးပြီး အဲဒီတုန်းကလည်း ပြိုင်ပွဲအတွက် လိုအပ်တဲ့ငွေကြေးသုံးစွဲမှုတွေလုပ်ဆောင်ခဲ့ရပါတယ်။ ဆိုချီအိုလံပစ်ဟာ ဆောင်းရာသီအိုလံပစ်သမိုင်းကြောင်းမှာ ကုန်ကျစရိတ်အများဆုံးပြိုင်ပွဲတစ်ခုဖြစ်ခဲ့ပြီး ရုရှားနိုင်ငံအနေနဲ့ ဒီပြိုင်ပွဲအတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀ကျော်သုံးစွဲခဲ့ရတယ်လို့ဆိုပါတယ်။ ဒီလိုငွေကြေးသုံးစွဲမှုဟာ အလဟဿဖြုန်းတီးမှုသာဖြစ်ပြီး အဂတိလိုက်စားမှုတွေကိုလည်း ဖြစ်စေခဲ့တယ်လို့ အတိုက်အခံတွေက စွပ်စွဲခဲ့ကြပေမယ့် ဆောင်းရာသီအိုလံပစ်ကြောင့် ဆိုချီမြို့ဟာ ကမ္ဘာလှည့်ခရီးသွားတွေကို ဆွဲဆောင်ရာနေရာတစ်ခုဖြစ်လာခဲ့တယ်လို့ အစိုးရတာဝန်ရှိသူတွေကဆိုပါတယ်။

တစ်ချိန်တည်းမှာ ရုရှားဗဟိုဘဏ်က ကမ္ဘာ့ဖလားကြောင့် တိုင်းပြည်ရဲ့စီးပွားရေးတိုးတက်မှုကို အနည်းငယ်အထောက်အကူပြုလာနိုင်တာမှန်ပေမယ့် ပြိုင်ပွဲကြောင့် ကုန်ဈေးနှုန်းမြင့်တက်လာနိုင်တာကို သတိပြုရမယ်လို့ သတိပေးထားပါတယ်။ ပြိုင်ပွဲကာလအတွင်းမှာ တချို့သောစားသောက်ကုန်တွေနဲ့ ဝန်ဆောင်မှုတွေအတွက် ကုန်ဈေးနှုန်းတွေ မြင့်တက်လာနိုင်ပြီး ဒါက ကုမ္ပဏီတစ်ချို့အတွက် အကျိုးအမြတ်ဖြစ်ထွန်းလာနိုင်တယ်လို့ ဗဟိုဘဏ်ကခန့်မှန်းသုံးသပ်ထားပါတယ်။ ပြိုင်ပွဲမတိုင်ခင်မှာတင် ဟိုတယ်အခန်းခတွေမြင့်တက်နေပြီဖြစ်ပြီး ညဘက်ဈေးနှုန်းတွေဆိုရင် ပုံမှန်ထက်အဆ ၅,၀၀၀ အထိမြင့်တက်နေတယ်လို့ သတင်းတွေထွက်နေပါတယ်။

ရုရှား Gaidar Institute ရဲ့တွက်ချက်ခန့်မှန်းမှုတွေအရ အခုဘဏ္ဍာရေးနှစ်ရဲ့ ဒုတိယနဲ့ တတိယအစိတ်အပိုင်းတွေမှာ ကမ္ဘာ့ဖလားကြောင့် ရုရှား GDP ဟာ ၀.၂ ရာခိုင်နှုန်း ထပ်တိုးလာနိုင်တယ်လို့ သိရပါတယ်။ ဗဟိုဘဏ်ရဲ့အဆိုအရ ရုရှားရဲ့ငွေကြေးဖောင်းပွမှုအနေအထားဟာ ၂၀၁၈ခုနှစ်မှာ သတ်မှတ်ထားတဲ့စံနှုန်းအောက်ကို လေးရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဘဏ္ဍာရေးနှစ်ရဲ့ဒုတိယအစိတ်အပိုင်းကာလမှာ နှစ်ရာခိုင်နှုန်းအထိ စံချိန်တင်ကျဆင်းသွားမယ်လို့လည်း ခန့်မှန်းထားပါတယ်။

ကမ္ဘာ့ဖလားလို ပြိုင်ပွဲကြီးတစ်ခုကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရာမှာ အားကစား၊ လမ်းပန်းဆက်သွယ်ရေးနဲ့ လူမှုအခြေခံအဆောက်အဦတွေအတွက် အသစ်တည်ဆောက်မှုတွေ၊ အဆင့်မြှင့်တင်မှုတွေဆောင်ရွက်ရတာဖြစ်လို့ မြို့ကြီး ၁၁မြို့မှာကျင်းပမယ့် ၂၀၁၈ကမ္ဘာ့ဖလားအတွက် ရုရှားနိုင်ငံဟာလည်း ထိုက်သင့်တဲ့ငွေကြေးသုံးစွဲမှုတစ်ရပ် ပြုလုပ်ရပါတယ်။ စုစုပေါင်းကုန်ကျစရိတ်ရဲ့၇၀ရာခိုင်နှုန်းကို အစိုးရဘတ်ဂျက်ထဲက ထုတ်ယူသုံးစွဲတာဖြစ်ပြီး ကျန် ၃၀ရာခိုင်နှုန်းကတော့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်တွေက စိုက်ထုတ်ကြတာဖြစ်ပါတယ်။ ဘတ်ဂျက်စုစုပေါင်းရဲ့၃၀ရာခိုင်နှုန်းကို အားကစားအခြေခံအဆောက်အဦတွေအတွက် ခွဲတမ်းချထားပြီး ၅၀ရာခိုင်နှုန်းကိုတော့ လမ်းပန်းဆက်သွယ်ရေးတွေအတွက် သုံးစွဲကာ လက်ကျန်ငွေကြေးတွေကိုတော့ တခြားအထောက်အပံ့လုပ်ရှားမှုတွေမှာ သုံးစွဲတာဖြစ်ပါတယ်။

ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ငွေကြေးသုံးစွဲမှုကို ၂၀၁၃ကနေ ၂၀၁၇ အတွင်း အချိန်ကာလအတွက် တစ်နှစ်ကို အမေရိကန်ဒေါ်လာ နှစ်ဘီလီယံဝန်းကျင်စီ သီးခြားထုတ်ယူသုံးစွဲတာဖြစ်ပါတယ်။ ပြိုင်ပွဲအတွက် ပွဲကြည့်ခွင့် လက်မှတ်ရောင်းချထားရတဲ့ အရေအတွက်ကိုကြည့်ခြင်းအားဖြင့် ပြိုင်ပွဲကာလအတွင်းမှာ ရုရှားကိုလာရောက်ကြမယ့် နိုင်ငံခြားသားခရီးသွားအရေအတွက်က ၅၀၀,၀၀၀ ဦးလောက်ရှိမယ်လို့ ယူဆရပါတယ်။ ဒီခရီးသွားတွေထဲမှာ ကမ္ဘာ့ဖလားပွဲကြောင့်ရောက်လာတာ မဟုတ်တဲ့ခရီးသွားတွေလည်း ပါနေမှာဖြစ်ပေမယ့် ပြိုင်ပွဲကျင်းပမယ့် ဇွန်လကနေ ဇူလိုင်လအတွင်း စီးပွားရေးအခြေအနေဟာ လက်လီအရောင်းအဝယ်သမားတွေ၊ စားသောက်ဆိုင်တွေနဲ့ ဟိုတယ်လုပ်ငန်းတွေအပေါ်မှာ အကျိုးသက်ရောက်မှု ရှိနေမှာဖြစ်ပါတယ်။

အရင်ကမ္ဘာ့ဖလားအိမ်ရှင်ဖြစ်ခဲ့တဲ့ နိုင်ငံတွေရဲ့ စီးပွားရေးအခြေအနေတွေကို ပြန်ကြည့်တဲ့အခါ ကမ္ဘာ့ဖလားပြိုင်ပွဲကိုလာပြီး သူတို့ရဲ့နိုင်ငံအသင်းတွေကို အသီးသီးအားပေးကြမယ့် ပရိသတ်တွေဟာ သာမန်ခရီးသွားတွေထက် ငွေနှစ်ဆသုံးနိုင်စွမ်းရှိကြတာကြောင့် နေရာထိုင်ခင်း၊ အစားအသောက်နဲ့ အမှတ်တရပစ္စည်းတွေနဲ့ ဆက်စပ်တဲ့လုပ်ငန်းတွေဟာ ကမ္ဘာ့ဖလားကြောင့် အများကြီးအကျိုးအမြတ်ရှိလာမှာဖြစ်ပါတယ်။ ကျွမ်းကျင်သူတွေရဲ့ခန့်မှန်းတွက်ချက်မှုတွေအရ ကမ္ဘာ့ဖလားပြိုင်ပွဲကာလမှာ ရုရှားကိုလာရောက်လည်ပတ်မယ့် ခရီးသွားတစ်ယောက်ဟာ အမေရိကန်ဒေါ်လာ ၅,၀၀၀ကနေ ၈,၀၀၀ ကြားသုံးစွဲမယ်လို့ ယူဆရပါတယ်။

ပြိုင်ပွဲကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ပတ်ဝန်းကျင်မထိခိုက်ရေးမူဝါဒတွေအရ သတ္တု၊ ရေနံဓာတုနဲ့ အဏုမြူစွမ်းအင်နဲ့စပ်ဆိုင်တဲ့စက်ရုံ၊ အလုပ်ရုံတွေကို တချို့ကို ခေတ္တရပ်ဆိုင်း၊ တချို့ကို အပြီးသတ်ပိတ်သိမ်းပစ်မှာဖြစ်ပါတယ်။ ဒီလိုပိတ်ပင်မှုကြောင့် အနည်းဆုံး ကုမ္ပဏီ ၂၀၀လောက်ကို ရိုက်ခတ်မှုရှိနိုင်ပြီး အမြတ်ငွေဆုံးရှုံးရခြင်းတွေ ရှိလာနိုင်ပေမယ့် ကမ္ဘာ့ဖလားက ခရီးသွားတွေကြောင့်ရလာမယ့် ငွေကြေးနဲ့ ချေပစ်နိုင်တယ်လို့ လေ့လာသူတွေက သုံးသပ်ကြပါတယ်။ အချုပ်ဆိုရရင်တော့ အရင်ကမ္ဘာ့ဖလားအိမ်ရှင်နိုင်ငံအများစုလိုပဲ ရုရှားဟာလည်း ပြိုင်ပွဲကြောင့် နိုင်ငံရဲ့စီးပွားရေးအခြေအနေကို မြှင့်တင်နိုင်မယ်လို့ မျှော်လင့်နေပါတယ်။

၂၀၁၀ ကမ္ဘာ့ဖလားကြောင့် ပြိုင်ပွဲအပြီး သုံးနှစ်အတွင်းမှာ ကမ္ဘာလှည့်ခရီးသွား တစ်နှစ်ကို ပျမ်းမျှ ၇.၄ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့တဲ့ တောင်အာဖရိကလို စီးပွားရေးတိုးတက်မှုအတွက် အခွင့်ကောင်းယူသွားနိုင်မလား၊ မလိုအပ်ဘဲ အားကစားကွင်းသစ်တွေတည်ဆောက်ပြီး ကုန်ကျစရိတ်ထောင်းခဲ့လို့ ကမ္ဘာ့ဖလားကြောင့် ရိုက်ခတ်မှုပြင်းပြင်းထန်ထန်ခံခဲ့ရတဲ့ ဘရာဇီးရဲ့ စီးပွားရေးအခြေအနေလိုဖြစ်သွားမလားဆိုတာကတော့ ၂၀၁၈ ကမ္ဘာ့ဖလားနဲ့ ပြိုင်ပွဲအပြီး အခြေအနေတွေကို ချိန်ထိုးကြည့်မှသာ အတိအကျသိနိုင်တော့မှာဖြစ်ပါတယ်။ ■

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့နောက်ကွယ်က ပြဿနာပေါင်း သောင်းခြောက်ထောင်

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲဟာ ရုရှားမြေဆီကို နည်းမှန်လမ်းမှန်နဲ့ ရောက်လာတာမျိုးတော့ မဟုတ်ပါဘူး။ ရုရှားဟာ ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရနိုင်စေဖို့အတွက် မသမာတဲ့ နည်းလမ်းတွေ အသုံးပြုပြီး ထောက်ခံမဲတွေ ဝယ်ယူခဲ့လို့ နာမည်ပျက်ခဲ့ရပါတယ်။ ဖီဖာဥက္ကဋ္ဌဟောင်း ဘလက်တာ အပါအဝင် ဖီဖာအမှုဆောင်အရာရှိအများအပြားဟာ ရုရှားနဲ့ ကာတာနိုင်ငံတို့ ကမ္ဘာ့ဖလားပြိုင်ပွဲ ကျင်းပခွင့်ရအောင် လာဘ်ငွေရယူပြီး လုပ်ဆောင်ပေးခဲ့လို့ အကျင့်ပျက်ခြစားမှုတွေနဲ့ စစ်ဆေးခံနေကြရပါပြီ။ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အိမ်ရှင်နိုင်ငံရွေးချယ်တော့ နောက်ဆုံးအဆင့်ဆီကို ရုရှား၊ အင်္ဂလန်၊ ပေါ်တူဂီ-စပိန်နဲ့ ဘယ်လ်ဂျီယံ-နယ်သာလန်တို့ ရောက်လာခဲ့ကြပါတယ်။ ပထမအဆင့်မဲပေးတော့ ရုရှားက ကိုးမဲ၊ ပေါ်တူဂီ-စပိန် ပူးတွဲအိမ်ရှင်က ခုနစ်မဲ၊ ဘယ်လ်ဂျီယံ-နယ်သာလန် ပူးတွဲအိမ်ရှင်က လေးမဲနဲ့ အင်္ဂလန်က နှစ်မဲ ရရှိခဲ့ပြီး ဒုတိယအဆင့်မဲပေးတော့ ရုရှားက ထောက်ခံမဲ ၁၃ မဲနဲ့ အိမ်ရှင်ဖြစ်ခွင့်ကို အပြတ်အသတ်ရသွားခဲ့တာပါ။ အင်္ဂလန်ကတော့ ဒုတိယအဆင့် မဲပေးမှုမှာ ထောက်ခံမဲ တစ်မဲမှကို မရခဲ့ပါဘူး။

ဖီဖာဟာ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အိမ်ရှင်နိုင်ငံ မရွေးချယ်ခင်မှာ သူတို့အနေနဲ့ နိုင်ငံနှစ်နိုင်ငံက ပူးတွဲအိမ်ရှင်လုပ်တာမျိုးကို အခွင့်အရေး မပေးလိုဘဲ နိုင်ငံတစ်နိုင်ငံတည်းက အိမ်ရှင်လုပ်တာမျိုးကိုသာ ခွင့်ပြုလိုတယ်လို့ အရိပ်အမြွက်ပြောထားခဲ့ပါတယ်။ အဲ့ဒီစကားသာမှန်ကန်ခဲ့ရင် နောက်ဆုံးအဆင့်မဲပေးမှုမှာ ထိပ်တိုက်တွေ့ရမှာက ရုရှားနဲ့ အင်္ဂလန်ပါ။ ဒါပေမဲ့ အမှန်တကယ်မဲပေးကြတော့ ပူးတွဲအိမ်ရှင်လုပ်မယ့် နိုင်ငံတွေကတောင် အင်္ဂလန်ထက် မဲပိုမိုရရှိသွားခဲ့ပါတယ်။ အင်္ဂလန်ဟာ နောက်ဆုံးအဆင့်မှာ ပါဝင်ခဲ့တဲ့ အိမ်ရှင်လောင်းလျာတွေအနက် ဘောလုံးအားကစားနည်း အဖွံ့ဖြိုးဆုံးနဲ့ ထိပ်တန်းအဆင့် ဘောလုံးကွင်းပေါင်းများစွာကို ပိုင်ဆိုင်ထားတဲ့ နိုင်ငံပါ။ သူတို့ကျော်ပြီး ရုရှားက အိမ်ရှင်ဖြစ်ခွင့်ရသွားတော့ အင်္ဂလန်ဟာ အရမ်းကို ခံပြင်းခဲ့ပါတယ်။ ဒါကြောင့်လည်း နောက်ကွယ်မှာ ဘယ်လိုမသမာမှုတွေ ရှိသလဲဆိုတာစုံစမ်းပြီး အင်္ဂလန်သတင်းမီဒီယာတွေက ဖော်ထုတ်ဖွင့်ချလိုက်တာပါ။

သတင်းရင်းမြစ်တွေရဲ့အဆိုအရ ဖီဖာဥက္ကဋ္ဌဘလက်တာဟာ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အိမ်ရှင်နိုင်ငံရွေးချယ်ဖို့ မဲပေးကတည်းက ရုရှားကို ထောက်ခံမဲပေးဖို့အတွက် အမာခံအင်အားစုတစ်ရပ်ကို စုစည်းထားပြီးသားလို့ သိရပါတယ်။ ကာရစ်ဘီယံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဂျက်ခ်ဝါနာအပါအဝင် တောင်အမေရိကတိုက်ရဲ့ အချို့သောဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌတွေကို ဘလက်တာ စည်းရုံးနားချနိုင်ခဲ့တာက အဆုံးသတ်မှာ ရုရှားနိုင်ငံဆီကို ကမ္ဘာ့ဖလားပြိုင်ပွဲကြီး ရောက်ရှိသွားစေခဲ့တာပါ။ ဒါပေမဲ့ အကျိုးဆက်ရိုက်ခတ်မှုကတော့ ပြင်းထန်လှပါတယ်။ ဖီဖာဥက္ကဋ္ဌရာထူးကနေ ဘလက်တာနုတ်ထွက်ပေးလိုက်ရပြီး အချို့သောဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌတွေက အကျင့်ပျက်ခြစားမှုစွဲချက်နဲ့ အမှုရင်ဆိုင်ရကာ ထောင်နန်းစံနေရပါပြီ။ ■

ထူးခြားဆန်းပြား ခြေစစ်ပွဲအဆင့် အမှတ်တရများ

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ခြေစစ်ပွဲအဆင့်ကို ဖီဖာအဖွဲ့နိုင်ငံပေါင်း ၂၀၉ နိုင်ငံလုံး ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ ဒါဟာ ကမ္ဘာ့ဖလားပြိုင်ပွဲ သမိုင်းကြောင်းတစ်လျှောက် ဖီဖာအဖွဲ့ဝင်နိုင်ငံအားလုံး ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့ဖလားခြေစစ်ပွဲကို အစုံအလင်ပါဝင်ယှဉ်ပြိုင်ခြင်းပါပဲ။ ၂၀၁၆ ခုနှစ် မေလ ၁၃ ရက်နေ့ကမှ ဖီဖာအဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုခံရတဲ့ ကိုဆိုဗိုနဲ့ ဂျီဘရော်လ်တာတို့လို နိုင်ငံတွေကိုတောင် ဖီဖာက ခြေစစ်ပွဲပါဝင်ယှဉ်ပြိုင်ခွင့်ပေးခဲ့ပါတယ်။

(၁) ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ခွင့်ရထားတဲ့ နိုင်ငံပေါင်း ၃၂ နိုင်ငံအနက် အိုက်စလန်နဲ့ ပနားမားတို့ဟာ သူတို့လက်ရွေးစင်အသင်း သမိုင်းကြောင်းတစ်လျှောက် ကမ္ဘာ့ဖလားခြေစစ်ပွဲကို ပထမဆုံးအကြိမ်အဖြစ် အောင်မြင်လာခဲ့ခြင်းပဲ ဖြစ်ပါတယ်။

(၂) အိုက်စလန်ဟာ ကမ္ဘာ့ဖလားပြိုင်ပွဲ ပါဝင်ကစားခွင့်ရတဲ့ နိုင်ငံတွေထဲမှာ အသေးငယ်ဆုံးသော နိုင်ငံအဖြစ် မှတ်တမ်းဝင်သွားခဲ့ပါတယ်။ အိုက်စလန်နိုင်ငံရဲ့အကျယ်ဟာ ၃၉,၆၈၂ စတုရန်းမိုင်သာရှိပြီး နိုင်ငံရဲ့လူဦးရေက သုံးသိန်းခွဲကျော်ပဲ ရှိပါတယ်။

(၃) ကမ္ဘာ့ဖလားပြိုင်ပွဲနဲ့ နှစ်အတန်ကြာ ဝေးကွာနေခဲ့တဲ့အသင်းတွေ ခြေစစ်ပွဲပြန်လည်အောင်မြင်လာတာဟာလည်း ထူးခြားချက်တစ်ရပ်ပါပဲ။ ကမ္ဘာ့ဖလားပြိုင်ပွဲနဲ့ နှစ်ပေါင်း ၂၈ နှစ်ကြာ ဝေးကွာနေတဲ့ အီဂျစ်၊ နှစ်ပေါင်း ၂၀ ကြာဝေးကွာနေတဲ့ မော်ရိုကိုနဲ့ နှစ်ပေါင်း ၃၆ နှစ်ကြာ ဝေးကွာနေတဲ့ ပီရူးတို့ဟာ ဒီတစ်ကြိမ်မှာတော့ ခြေစစ်ပွဲ အောင်မြင်လာခဲ့ကြပြီဖြစ်ပါတယ်။

(၄) ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲကို နော်ဒစ်ဒေသက နိုင်ငံသုံးနိုင်ငံ(ဒိန်းမတ်၊ အိုက်စလန်၊ ဆွီဒင်)နဲ့ အာရပ်နိုင်ငံ လေးနိုင်ငံ(အီဂျစ်၊ မော်ရိုကို၊ ဆော်ဒီအာရေဗျ၊ တူနီးရှား) ခြေစစ်ပွဲ အောင်မြင်လာခဲ့တာကလည်း ထူးခြားမှုပါပဲ။ ဒါဟာ ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းကြောင်းတစ်လျှောက် နော်ဒစ်ဒေသနိုင်ငံ သုံးနိုင်ငံနဲ့ အာရပ်နိုင်ငံ လေးနိုင်ငံ ပထမဆုံးအကြိမ်အဖြစ် ပြိုင်ပွဲဝင်ခွင့်ရတာပဲ ဖြစ်ပါတယ်။

(၅) အထင်ကရ အသင်းကြီးတွေ ခြေစစ်ပွဲ မအောင်မြင်ခဲ့တာလည်း ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ထူးခြားချက်ပါပဲ။ အီတလီဟာ ၁၉၅၈ ခုနှစ်နောက်ပိုင်း ကမ္ဘာ့ဖလားခြေစစ်ပွဲ ပထမဆုံးအကြိမ် ကျရှုံးခဲ့သလို ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းမှာ ဒုတိယဆု သုံးကြိမ်အထိ ရယူနိုင်ခဲ့တဲ့ နယ်သာလန်ဟာလည်း ခြေစစ်ပွဲ မအောင်မြင်ခဲ့ပါဘူး။

(၆) တိုက်ကြီးများအလိုက် ချန်ပီယံအသင်းအချို့ ကမ္ဘာ့ဖလားခြေစစ်ပွဲ မအောင်မြင်ခဲ့တာဟာလည်း အံ့ဩသင့်ဖွယ်ရာ ကောင်းလွန်းလှပါတယ်။ ၂၀၁၇ အာဖရိကဖလားချန်ပီယံ ကင်မရွန်း၊ ကိုပါအမေရိကဖလား နှစ်ကြိမ်ဆက် ချန်ပီယံ ချီလီ၊ ၂၀၁၇ ကွန်ကာကပ်ဖ်ရွှေဖလားချန်ပီယံ အမေရိကန်နဲ့ ၂၀၁၆ သမုဒ္ဒရာဇုန်နိုင်ငံများဖလားချန်ပီယံ နယူးဇီလန်တို့ဟာ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ခြေစစ်ပွဲပါဝင်ယှဉ်ပြိုင်ရာမှာ ကျရှုံးမှုတွေနဲ့ပဲ ရင်ဆိုင်လိုက်ကြရပါတယ်။

(၇) ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲ သုံးကြိမ်ဆက်တိုက် ပါဝင်ကစားခွင့်ရခဲ့ပြီး ပရိသတ်အသိအမှတ်ပြုလောက်ဖွယ်ရာ စွမ်းဆောင်ရည်တွေကို ထုတ်ဖော်ပြသနိုင်ခဲ့တဲ့ ဂါနာနဲ့ အိုင်ဗရီကို့စ်တို့ဟာလည်း ဒီတစ်ကြိမ်မှာတော့ ခြေစစ်ပွဲ မအောင်ခဲ့ကြပါဘူး။ ■

အုပ်စုအဆင့်မှာ ရမှတ်တူ၊ ဂိုးကွာခြားချက်တူတဲ့အသင်းတွေ ထွက်ပေါ်လာခဲ့ရင် ဘယ်လို ဆုံးဖြတ်မလဲ

အုပ်စုရပ်တည်မှုအခြေအနေကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ထုတ်ပြန်ထားတဲ့ စည်းမျဉ်းအမှတ် ၃၂ ဒသမ ၅ နဲ့ အောက်ပါအတိုင်း အစဉ်အလိုက် ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။

၁။ စုစုပေါင်း အမှတ်ရရှိမှု
၂။ ဂိုးကွာခြားချက်ပမာဏ
၃။ စုစုပေါင်းသွင်းဂိုးရရှိမှုပမာဏ

(အထက်ပါ အချက်သုံးခုနဲ့ ဆုံးဖြတ်ပြီးချိန်မှာ ရမှတ်တူ၊ ဂိုးကွာခြားချက်တူတဲ့ အသင်းအရေအတွက် နှစ်သင်းသို့မဟုတ် နှစ်သင်းနဲ့အထက် ထွက်ပေါ်လာခဲ့ရင်တော့ အောက်ပါအတိုင်း ဆက်လက်ဆုံးဖြတ်သွားမှာဖြစ်ပါတယ်)

၄။ ရမှတ်တူ၊ ဂိုးကွာခြားချက်တူနေတဲ့ အသင်းတွေ အချင်းချင်း ထိပ်တိုက်တွေ့ခဲ့တဲ့ပွဲတွေမှာ အမှတ် ရရှိခဲ့မှုပမာဏ
၅။ ရမှတ်တူ၊ ဂိုးကွာခြားချက်တူနေတဲ့ အသင်းတွေ အချင်းချင်းထိပ်တိုက်တွေ့ခဲ့တဲ့ပွဲတွေမှာ ထွက်ပေါ်ခဲ့တဲ့ ဂိုးကွာခြားချက်ပမာဏ
၆။ ရမှတ်တူ၊ ဂိုးကွာခြားချက်တူနေတဲ့ အသင်းတွေ အချင်းချင်းထိပ်တိုက်တွေ့ခဲ့တဲ့ပွဲတွေမှာ သွင်းယူနိုင်ခဲ့တဲ့ သွင်းဂိုးအရေအတွက်
၇။ Fair Play (သန့်ရှင်းမှုရှိစွာဖြင့် ကစားနိုင်ခဲ့ခြင်း ရမှတ်)

(က) ပွဲစဉ်တစ်ပွဲတွင် ပထမဆုံးအဝါကတ်ပြသခြင်းခံရသောအသင်းဖြစ်ပါက တစ်မှတ်နုတ်ခံရမည်။

(ခ) ပွဲစဉ်တစ်ပွဲတွင် နှစ်ဝါတစ်နီ တစ်ကြိမ်ထိခဲ့သောအသင်းဖြစ်ပါက သုံးမှတ်နုတ်ခံရမည်။

(ဂ) ပွဲစဉ်တစ်ပွဲတွင် တိုက်ရိုက်အနီကတ် တစ်ကြိမ်ထိခဲ့သော အသင်းဖြစ်ပါက လေးမှတ်နုတ်ခံရမည်။

(ဃ) အဝါကတ်တစ်ကြိမ်နှင့် တိုက်ရိုက်အနီတစ်ကြိမ်ထိခဲ့သောအသင်းဖြစ်ပါက ငါးမှတ်နုတ်ခံရမည်။

၈။ အထက်ပါအချက်များအားလုံးဖြင့် တိုက်ဆိုင်စစ်ဆေးပြီးသည့်တိုင် တူညီနေပါက ဖီဖာပြိုင်ပွဲကျင်းပရေးကော်မတီက နောက်တစ်ဆင့်တက်ခွင့်ရမည့်အသင်းကို မဲနှိုက်ကာ ရွေးချယ်ပေးလိမ့်မည်ဖြစ်သည်။ ■

ရုရှားမြေက ကမ္ဘာ့ဖလားပြိုင်ပွဲကြီးအတွက် မြန်မာ့ဘောလုံးအသိုင်းအဝိုင်းက ရင်ခုန်သံများ

စည်သူအောင်မျိုးကျော်

ကမ္ဘာ့ ဘောလုံးပရိသတ်တွေစိတ်ဝင်တစား စောင့်ကြည့်အားပေးကြတဲ့ လေးနှစ်တစ်ကြိမ်ကျင်းပမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲကြီးဟာ မကြာခင်မှာ စတင်တော့မှာဖြစ်ပါတယ်။ ဒါဟာ ရုရှားနိုင်ငံအတွက် ကမ္ဘာ့ဖလားပြိုင်ပွဲကို ပထမဆုံးအကြိမ်အဖြစ် လက်ခံကျင်းပခွင့်ရရှိခြင်းလည်းဖြစ်ပါတယ်။ ဇွန်လ ၁၄ ရက်နေ့မှာ စတင်တော့မယ့် ကမ္ဘာ့ဖလားပြိုင်ပွဲကြီးနဲ့ပတ်သက်ပြီး မြန်မာ့ဘောလုံးလောကရဲ့ အထင်ကရပုဂ္ဂိုလ်တွေ ဘယ်လိုသုံးသပ် ယူဆထားတယ်ဆိုတာကို စုစည်းတင်ဆက်ပေးလိုက်ပါတယ်။

"ဂျာမနီကို ပိုကြိုက်တယ်"

ဦးမျိုးလှိုင်ဝင်း

(မြန်မာ့လက်ရွေးစင်ယူ-၁၉ အသင်းနည်းပြချုပ်)

တကယ်တမ်းကျ အသင်းတွေက ခြေစွမ်းပိုင်းတွေ သိပ်မကွာဟကြပါဘူး။ ကစားသမားအင်အားတွေလည်း မျှတတဲ့အနေအထားမှာ ရှိနေကြတယ်။ အသင်းကြီးတွေထဲကပဲ ရဖို့များတာပေါ့။ အဲ့ဒီအထဲမှာတော့ ဂျာမနီကို ပိုကြိုက်တယ်။ တခြားအသင်းတွေထဲမှာဆို စပိန်နဲ့ အာဂျင်တီးနားပေါ့။ စီရော်နယ်ဒို ဦးဆောင်လာမယ့် ပေါ်တူဂီကိုလည်း ကြိုက်ပါတယ်။ ပြိုင်ပွဲကလည်း ပွဲကြီးဖြစ်လို့ ခက်ခက်ခဲခဲကစားကြရမှာပါ။ အကောင်းဆုံးကစားသမားဆုအတွက်ကတော့ အသင်းတိုင်းလိုလိုမှာ ထင်ရှားတဲ့ကစားသမားတွေ ပါဝင်ကြတဲ့အတွက် ကြည့်ကောင်းမှာပါ။ ဒါပေမဲ့ မက်ဆီ၊ စီရော်နယ်ဒိုနဲ့ နေမာတို့လို ကစားသမားတွေက အခွင့်အလမ်း ပိုများတယ်။

"ဂျာမနီပဲ ပိုကြိုက်တယ်"

ဦးဇော်မင်းထိုက်

(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မီဒီယာဒါရိုက်တာ)

ဒီနှစ်တော့ ရုရှားက ပထမဆုံးကျင်းပတာဖြစ်တဲ့အတွက် သူတို့က သေချာပြင်ဆင်ထားတာတွေ့ရတယ်။ နောက်ပြီး ရုရှားကလပ်တွေကလည်း အိမ်ကွင်းမာတဲ့အတွက် သူတို့က ဒီအခွင့်အရေးကို အသုံးချနိုင်မယ်ထင်တယ်။ အုပ်စုကလည်းမကျပ်တဲ့အတွက် အခြေအနေကောင်းနိုင်မယ်မြင်တယ်။ ဗိုလ်စွဲမယ့်အသင်းကိုတော့ မှန်းရခက်တယ်။ ဂျာမနီ၊ ဘရာဇီး၊ ဘယ်လ်ဂျီယံအသင်းတွေက ကစားသမားပိုင်းတောင့်တင်းကြတယ်။ ဂျာမနီပဲ ပိုကြိုက်တယ်။ ဒုတိယတော့ ဘရာဇီးကို သဘောကျတယ်။ အကောင်းဆုံးကစားသမားဆုအတွက်ကတော့ စီရော်နယ်ဒို၊ နေမာနဲ့မက်ဆီတို့ပဲ ရနိုင်မယ်ထင်တယ်။ အဲ့ဒီအထဲမှာမှဆိုရင် စီရော်နယ်ဒိုပဲရမယ်ထင်တယ်။

"ဘရာဇီး တစ်ကျော့ပြန်ရမယ်"

ဦးဇော်လင်းထွန်း

(စစ်ကိုင်းယူနိုက်တက်အသင်းနည်းပြချုပ်)

ကျွန်တော့်အနေနဲ့တော့ ဘရာဇီးတစ်ကျော့ပြန်ရမယ်ထင်တယ်။ နောက်တစ်သင်းဆို အာဂျင်တီးနားပါ။ သူတို့က ကစားသမားတွေရဲ့ အသက်အရွယ်ပိုင်းကလည်း လူငယ်၊ လူလတ်ပိုင်းမျှတဲ့အပြင် ကလပ်အသင်းတွေမှာလည်း သူတို့ကစားသမားတွေက ခြေစွမ်းပြနေကြတဲ့အတွက်ပါ။ နောက်တစ်ခုကတော့ ဂျာမနီပေါ့။ သူတို့က နှုန်းတစ်ခုနဲ့ မှန်မှန်ပဲ သွားနေတဲ့အသင်းပါ။ ဒါပေမဲ့ လတ်တလောအနေအထားအရ အသင်းမှာ ထူးခြားထိုးထွက်နေတဲ့ ကစားသမားကတော့ မရှိနေဘူး။ နောက်ပြီး လေ့ကျင့်ရေးကွင်းမှာလည်း ပြဿနာတွေဖြစ်ခဲ့တယ်လို့ ကြားရတော့ စည်းလုံးမှုပိုင်းကို ထိခိုက်နိုင်တဲ့အခြေအနေဖြစ်နေတဲ့အတွက် အရမ်း မမျှော်မှန်းထားဘူး။ အကောင်းဆုံးကစားသမားဆုအတွက်တော့ မက်ဆီ၊ နေမာနဲ့ ဂါဘရီရယ်လ်ဂျီးဆပ်စ်တို့ ရသွားနိုင်မယ်ထင်တယ်။ သူတို့အသင်းတွေက အနိမ့်ဆုံး အကြိုဗိုလ်လုပွဲတက်ဖို့ သေချာတာ များတဲ့အတွက်ပါ။

"ကျွန်တော်ကတော့ စပိန်ကြိုက်တယ်"

ဦးအေးဆန်း

(မြန်မာ့လက်ရွေးစင်ကစားသမားဟောင်း)

ကျွန်တော်ကတော့ စပိန်ကြိုက်တယ်။ သူက အသင်းလိုက် ကစားအား ကောင်းတယ်။ ကစားရင်လည်း အသင်းလိုက်ကစားအားနဲ့ ကစားတာ။ သူ့စတိုင်နဲ့ သူလည်းရှိတယ်။ ကစားကွက်ကလည်း ရှိပြီးသား။ ကစားသမားစုဖွဲ့မှုမှာဆိုရင်လည်း နေရာအလိုက် ကောင်းကြတယ်။ အဓိက ကတော့ အုပ်စုဖွဲ့ပြီး ကစားတာကို ကြိုက်တယ်။ ပြောရမယ်ဆိုရင် စပိန်အသင်းက ကစားသမားတွေက Rhythm မိနေပြီဆိုပါတော့။ အဲဒါကြောင့် ကြိုက်တာ။ ဘရာဇီးတို့ ဘာတို့ကျတော့ တစ်ဦးချင်းအသားပေး ကစားတာ များတယ်။ နောက်ထပ် ဗိုလ်စွဲနိုင်တဲ့အသင်းတွေမှာဆိုရင်တော့ ဂျာမနီနဲ့ အာဂျင်တီးနားတို့ကို ထင်မိတယ်။ ဘာလို့ဆို သူတို့အသင်းတွေကလည်း အသင်းလိုက် ကစားအားကောင်းကြတယ်။ ကစားသမားစုဖွဲ့မှုကလည်း ပြောစရာမလိုဘူး။ အကောင်းဆုံးကစားသမားဆုကတော့ ကျွန်တော့်အနေနဲ့ မှန်းရခက်နေတယ်။ ဂိုးအများဆုံးသွင်းနိုင်တဲ့ ကစားသမားတွေကတော့ မက်ဆီနဲ့ ဒီယေဂိုကော်စတာတို့ ဖြစ်နိုင်ပါတယ်။

"ဘရာဇီးကို ကြိုက်တယ်"

ဦးပိုင်စိုး

(မြန်မာ့လက်ရွေးစင်ကစားသမားဟောင်း)

ကျွန်တော်ကတော့ ဘရာဇီးကို ကြိုက်တယ်။ အခုပြိုင်ပွဲမှာ ဗိုလ်စွဲဖို့ သူက အလားအလာအကောင်းဆုံးလို့ မြင်ပါတယ်။ ဘာလို့လဲဆို သူတို့က အသင်းလိုက်စုဖွဲ့မှု ညီတယ်။ ဂိုးသမားကစလို့ နောက်တန်း၊ အလယ်တန်း၊ ရှေ့တန်းပြောစရာမလိုအောင် ပြည့်စုံတယ်။ ဘရာဇီးကလွဲပြီး တခြားအသင်းဆိုရင်တော့ စပိန်နဲ့ အာဂျင်တီးနား တစ်သင်းသင်း ဗိုလ်စွဲနိုင်ခြေရှိတယ်။ သူတို့ကလည်း အသင်းလိုက် စုဖွဲ့မှုညီကြတဲ့အသင်းတွေပဲလေ။ ဘရာဇီး အပါအဝင် ဒီအသင်းတွေက ကစားသမားတွေက Great A(ပထမတန်းစား) ကစားသမားတွေနဲ့ ဖွဲ့စည်းထားကြတာလေ။ တချို့အသင်းတွေဆို Great A နဲ့ B ရောနေကြတယ်။ ပေါ်တူဂီအသင်းဆိုရင်လည်း စီရော်နယ်ဒို တစ်ယောက်လောက်ပဲ ရှန်းနေရတယ်။ သိပ်မကြိုက်ဘူး။ အကောင်းဆုံးကစားသမားဆုတွေကတော့ အနည်းဆုံး ဆီမီးဖိုင်နယ်ရောက်တဲ့ အသင်းတွေရဲ့အသင်းသားတွေနဲ့ ဖိုင်နယ်ရောက်တဲ့သူတွေပဲ ရကြတာဆိုတော့ မက်ဆီနဲ့ ဘရာဇီးကဆိုရင် နေမာ ဒါမှမဟုတ် ဂါဘရီရယ်လ်ဂျီးဆပ်စ် ဖြစ်နိုင်ပါတယ်။

“ဂျာမနီကိုတော့ အကြိုက်ဆုံးပဲ”

ဦးခင်မောင်ထွန်း

(ရှမ်းယူနိုက်တက်အသင်း မန်နေဂျာ)

ကျွန်တော်ကတော့ စပိန်အသင်းကို ကြိုက်တယ်။ ဂျာမနီကိုတော့ အကြိုက်ဆုံးပဲ။ သူတို့နှစ်သင်းက ကစားပုံလည်း မတူကြဘူး။ ဘွန်ဒက်စ်လီဂါကလူတွေကို အခြေခံထားတဲ့ဂျာမနီက ခြေငြိမ်တယ်။ သူတို့ကစားပုံကိုကလည်း သဘောကျစရာကောင်းတယ်။ နောက်ပြီး နည်းပြနဲ့ကလည်း အသားကျနေပြီဖြစ်လို့ ပိုအားသာချက်ရှိတယ်လို့မြင်မိတယ်။ ချန်ပီယံဆုကို ကာကွယ်ဖို့က ခက်ခက်ခဲခဲ ဖြစ်နိုင်ပေမယ့် ဂျာမနီကိုကြိုက်တယ်။ အမြင့်ဆုံးပြိုင်ပွဲလည်းဖြစ်တော့ ကြိုးစားကြမှာပဲလေ။ လူငယ်ကစားသမားတွေလည်း ပေါ်ထွက်လာနိုင်တယ်။ အကောင်းဆုံး ကစားသမားဆုအတွက်ကိုတော့ မက်ဆီ၊ စီရော်နယ်ဒို၊ နေမာနဲ့ ဟားဇတ်တို့ ရှိနေပါတယ်။ သူတို့တွေထဲကနေပဲ ရသွားမယ်ထင်ပါတယ်။

“စပိန်အသင်းပါ”

စိုးမင်းဦး

(ရှမ်းယူနိုက်တက်အသင်း ကစားသမား)

ကျွန်တော်ကတော့ ဘရာဇီးတို့၊ ဂျာမနီတို့လို အစဉ်အလာရှိတဲ့အသင်းတွေကို သဘောကျတယ်။ စပိန်ကိုလည်း ထင်မိတယ်။ ဘာလို့လဲဆိုတော့ သူတို့က ချန်ပီယံလိဂ်မှာလည်း စိုးမိုးထားတယ်။ သူတို့ ကစားသမားတွေကလည်း အဆင့်မြင့်တဲ့အနေအထားမှာ ရှိနေတုန်းပဲ။ အဓိကကြိုက်တာကတော့ စပိန်အသင်းပါ။ အကောင်းဆုံးကစားသမားဆုကိုတော့ နေမာလို့ထင်တယ်။ ဒီလေးက ကစားအားကောင်းပေမယ့် အသက်အရွယ်အရ အနည်းငယ်စိုးရိမ်ရတယ်။ မက်ဆီရဲ့အာဂျင်တီးနားအသင်းက ရလဒ်ကောင်းတွေရမယ်ဆိုရင် မက်ဆီအနေနဲ့ အကောင်းဆုံးကစားသမားဆုကို မျှော်လင့်နိုင်မယ့်အနေအထားမှာရှိပါတယ်။

World Cup & Zones

ဇုန်အလိုက် ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်ခဲ့သော အသင်းများ

ဥရောပဇုန်(၁၄ သင်း)

- ရုရှား(အိမ်ရှင်)၊ ဂျာမနီ(လက်ရှိချန်ပီယံ)၊ ဘယ်လ်ဂျီယံ၊ ခရိုအေးရှား၊ ဒိန်းမတ်၊ အင်္ဂလန်၊ ပြင်သစ်၊ အိုက်စလန်၊ ပိုလန်၊ ပေါ်တူဂီ၊ ဆားဘီးယား၊ စပိန်၊ ဆွီဒင်၊ အင်္ဂလန်

အာရှဇုန်(၅ သင်း)

- ဩစတြေးလျ၊ အီရန်၊ ဂျပန်၊ ဆော်ဒီအာရေဗျ၊ တောင်ကိုရီးယား

အာဖရိကဇုန်(၅ သင်း)

- အီဂျစ်၊ မော်ရိုကို၊ နိုင်ဂျီးရီးယား၊ ဆီနီဂေါ၊ တူနီးရှား

တောင်အမေရိကဇုန်(၅ သင်း)

- အာဂျင်တီးနား၊ ဘရာဇီး၊ ကိုလံဘီယာ၊ ပီရူး၊ ဥရုဂွေး

ကွန်ကာကပ်ဖ်ဇုန်(၃ သင်း)

ကော်စတာရီကာ၊ မက္ကဆီကို၊ ပနားမား

သမုဒ္ဒရာပိုင်းဇုန်

- ခြေစစ်ပွဲအောင်မြင်သောအသင်း မရှိပါ

စာ - 14 “ ခြေစွမ်းညီတဲ့အသင်းသုံးသင်းရဲ့အားပြိုင်မှုနဲ့ စီးမျောကြရမယ့် အုပ်စု (ဇ) ညများ” မှ အဆက်

ပိုလန်

ပိုလန်အတွက် ဒါဟာ ကမ္ဘာ့ဖလားပြိုင်ပွဲကို ရှစ်ကြိမ်မြောက်အဖြစ် ပါဝင်ကစားခွင့်ရရှိခြင်းပါပဲ။ ၁၂ နှစ် ကြာမြင့်ပြီးတဲ့နောက်မှ ကမ္ဘာ့ဖလားပြိုင်ပွဲစင်မြင့်ထက်ဆီ တစ်ကျော့ပြန်လည်ရောက်ရှိလို့လာတဲ့ ပိုလန်ဟာ ဘယ်လိုအံ့သြသင့်ဖွယ်ရာတွေကို ပရိသတ်တွေအတွက် ဆောင်ယူလာလေမလဲဆိုတာက စိတ်လှုပ်ရှားစရာကောင်းလှပါတယ်။ ၁၉၈၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကစလို့ အုပ်စုအဆင့်ကို ကျော်နိုင်ခြင်း မရှိတော့တဲ့ ပိုလန်အနေနဲ့ လက်ရှိကမ္ဘာ့ဖလားပြိုင်ပွဲမှာ တစ်စုံတစ်ခုသော စွမ်းဆောင်ရည်ကို ထုတ်ဖော်ပြသနိုင်ဖို့ ဆန္ဒပြင်းပြနေမှာ မြေကြီးလက်ခတ် မလွဲပါပဲ။ ပိုလန်ရဲ့လက်ရှိကစားသမားအစုအဖွဲ့ဟာ သူတို့ရဲ့လက်ရွေးစင်အသင်းသမိုင်းကြောင်းတစ်လျှောက် အတော်ဆုံးဖြစ်ပါတယ်။ လီဝန်ဒေါ်စကီး၊ မီလစ်ခ်၊ ဘလက်ဇီကောစကီး၊ ပစ်ဇက်နဲ့ ဆက်ဇနီတို့ဟာ ပိုလန်အတွက် အရေးပါသူတွေချည်းပါပဲ။ ပိုလန်ဟာ ဥရောပဇုန်ခြေစစ်ပွဲ ၁၀ ပွဲမှာ ရှစ်ပွဲအနိုင်ယူပြီး ခြေစစ်ပွဲ အောင်မြင်လာခဲ့တာပါ။ အဲ့ဒီ ၁၀ ပွဲမှာ ပိုလန်သွင်းယူနိုင်ခဲ့တဲ့ သွင်းဂိုးအရေအတွက်က ၂၈ ဂိုး ရှိခဲ့ပါတယ်။ ပိုလန်ကို သဘောမကျတဲ့အချက်တစ်ခုက ဂိုးရဖို့အတွက် လီဝန်ဒေါ်စကီးအပေါ် အရမ်းအားပြုလွန်းတာပါပဲ။ ခြေစစ်ပွဲအဆင့်မှာရရှိခဲ့တဲ့ သွင်းဂိုး ၂၈ ဂိုး အနက် ၁၆ ဂိုးကို လီဝန်ဒေါ်စကီးက တစ်ဦးတည်းဒိုင်ခံ သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ပိုလန်ဟာ ခြေစစ်ပွဲအောင်မြင်ပြီးတဲ့နောက် ကမ္ဘာ့ဖလားအကြိုကာလမှာ နိုင်ဂျီးရီးယား၊ တောင်ကိုရီးယား၊ ချီလီ၊ လစ်သူယေးနီးယားတို့နဲ့ ခြေစမ်းထားတဲ့အတွက် ပြင်ဆင်မှုအားကတော့ သိပ်မဆိုးလှပါဘူး။ လီဝန်ဒေါ်စကီးကို ပြိုင်ဘက်အသင်းတွေက အသေလူကပ်ထိန်းချုပ်လာခဲ့ရင် ဘယ်လိုဖောက်ထွက်မလဲဆိုတာ အဖြေရှာထားနိုင်ရင် ပိုလန် နောက်တစ်ဆင့် တက်နိုင်ပါလိမ့်မယ်။

ကိုလံဘီယာ

ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ကိုလံဘီယာဆိုတဲ့နာမည်ကို ကြားလိုက်ပြီဆိုရင် အက်စ်ကိုဘာကို လွမ်းဆွတ်သတိရမိပါတယ်။ အက်စ်ကိုဘာရဲ့ ဇာတ်လမ်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့နာကျင်ကြေကွဲဖွယ်ရာအကြောင်းတရားတစ်ခုအဖြစ် ကမ္ဘာတည်သရွေ့ထာဝရတည်ရှိသွားမှာပါပဲ။ ၁၉၉၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ကိုလံဘီယာနောက်ခံလူ အက်စ်ကိုဘာဟာ ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိခဲ့ပါတယ်။ အဲ့ဒီဂိုးအတွက် အက်စ်ကိုဘာ ပေးဆပ်လိုက်ရတာကတော့ အသက်ပါပဲ။ စိတ်ဝေဒနာရှင်တစ်ဦးက သေနတ်နဲ့ပစ်ခတ်လုပ်ကြံခဲ့လို့ အက်စ်ကိုဘာဟာ ပြိုင်ပွဲကာလအတွင်းမှာတင် သေဆုံးသွားခဲ့ရပါတယ်။ ကိုလံဘီယာဟာ အသင်းသမိုင်းကြောင်းတစ်လျှောက်မှာ ကမ္ဘာ့ဖလားပြိုင်ပွဲကို ခြောက်ကြိမ်မြောက်အဖြစ် ပါဝင်ကစားခွင့်ရရှိခြင်းပါ။ ဘရာဇီးနိုင်ငံမှာကျင်းပခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတုန်းကတော့ ကိုလံဘီယာဟာ ကွာတားဖိုင်နယ်အဆင့်ထိတိုင် တက်လှမ်းရောက်ရှိခဲ့ပါတယ်။ ကိုလံဘီယာရဲ့လူစာရင်းဟာ ဒီအုပ်စုမှာ အင်အားအတောင့်တင်းဆုံးပါပဲ။ ဇာပါတာ၊ ကွာဒရာဒို၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ ကားလို့စ်ဆန်းချက်ဇ်၊ မူရီရယ်လ်၊ ဘက်ကာနဲ့ ဖယ်လ်ကာအိုတို့ဟာ အသင်းကို နောက်တစ်ဆင့်တက်နိုင်အောင် လွယ်လင့်တကူ ဆောင်ရွက်ပေးနိုင်စွမ်းရှိကြပါတယ်။ ဆီနီဂေါနဲ့ ပိုလန်တို့ဟာ ကိုလံဘီယာအတွက် ခက်ခဲတဲ့ပြိုင်ဘက်တွေအသွင် ရှိနေကြပေမယ့် ဂရုတစိုက်နဲ့သာ ကစားမယ်ဆိုရင် ဒီနှစ်သင်းအနက် အနိမ့်ဆုံးအဖြစ် တစ်သင်းကို သရေ၊ တစ်သင်းကို အနိုင်ကစားဖို့က ကိုလံဘီယာအတွက် မခက်လောက်ပါဘူး။ ကိုလံဘီယာဟာ ပြိုင်ပွဲအကြိုကာလမှာတော့ ပြင်သစ်၊ ဩစတြေးလျ၊ အီဂျစ်တို့နဲ့ ခြေစမ်းပွဲတွေ ယှဉ်ပြိုင်ပြီး ပြင်ဆင်ထားပါတယ်။

ဂျပန်

ကမ္ဘာ့ဖလားပြိုင်ပွဲစတင်ဖို့ နှစ်လသာ လိုတော့တဲ့အချိန်မှာ နည်းပြနုတ်ထွက်မှုကို ဂျပန်ရင်ဆိုင်ခဲ့ရပါတယ်။ အသင်းကို လက်ရှိဦးဆောင်လို့နေတဲ့ နည်းပြ အေကီရာ နီရှိနိုဟာ ဂျပန်အသင်းကို ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်အောင် ဦးဆောင်ဦးရွက်ပြုခဲ့သူ မဟုတ်ပါဘူး။ ဂျပန်ကို ကမ္ဘာ့ဖလားပြိုင်ပွဲ ပါဝင်ကစားခွင့်ရအောင် စွမ်းဆောင်ပေးခဲ့သူ နည်းပြကြီးဟာလီဟော့ဒ်ဇစ်ဟာ ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူတွေနဲ့ သဘောထားချင်း မတိုင်ဆိုင်မှုတွေရှိလာခဲ့အပြီးမှာ ရာထူးနုတ်ထွက်သွားခဲ့တာပါ။ ထူးခြားချက်တစ်ရပ်လို့ဆိုရမှာက နည်းပြ ဟာလီဟော့ဒ်ဇစ် ရာထူးနုတ်ထွက်သွားပြီးချိန်ကစလို့ ဂျပန်အသင်းရဲ့စွမ်းဆောင်ရည်တွေဟာ ဆက်တိုက်ကျဆင်းသွားခဲ့တာပါပဲ။ ကီရင်ဖိတ်ခေါ်ဖလားပြိုင်ပွဲမှာဆိုရင် ဂျပန်က ယူကရိန်းနဲ့ ဂါနာ နှစ်သင်းလုံးကို ရှုံးနိမ့်တဲ့အထိ ဖြစ်သွားခဲ့ပါတယ်။ ဂျပန်ဟာ ကမ္ဘာ့ဖလားပြိုင်ပွဲကို ၁၉၉၈ ခုနှစ်ကစလို့ လက်ရှိ ၂၀၁၈ ခုနှစ်အထိ ခြောက်ကြိမ်ဆက်တိုက် ပါဝင်ကစားခွင့်ရရှိခဲ့တာပါ။ ၂၀၀၂ ခုနှစ်နဲ့ ၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ ၁၆ သင်းရှုံးထွက်အဆင့်ဆီ တက်လှမ်းနိုင်ခဲ့တာတွေက ကမ္ဘာ့ဖလားနဲ့ပတ်သက်လို့ ဂျပန်ရဲ့အမြင့်ဆုံးအောင်မြင်မှုတွေပါပဲ။ ဂျပန်ဟာ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ ပါဝင်ကစားခွင့်ရဖို့အတွက် ခြေစစ်ပွဲအောင်မြင်အောင် ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရတာပါ။ ဆော်ဒီအာရေဗျ၊ ဩစတြေးလျစတဲ့ အနီးကပ်ပြိုင်ဘက်တွေထက် ရမှတ်တစ်မှတ်သာ အသာစီးရတဲ့အနေအထားနဲ့ ဂျပန်က ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်ခွင့်ကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဂျပန်ဟာ ခြေစစ်ပွဲကာလတစ်လျှောက်လုံး ခံစစ်အားပြုတဲ့ ကစားဟန်ကို လက်ကိုင်ပြုခဲ့ပြီး နောက်ဆုံးအဆင့်ခြေစစ်ပွဲ ၁၀ ပွဲမှာ ပြိုင်ဘက်တွေကို ခုနစ်ဂိုးသာ ပေးခဲ့ရပါတယ်။ အဲ့ဒီပွဲစဉ် ၁၀ ပွဲမှာ လေးပွဲကို ပေးဂိုးမဲ့အောင် စွမ်းဆောင်နိုင်ခဲ့ခြင်းကလည်း ဂျပန်ကို ချီးကျူးရမယ့်အချက်ပါပဲ။ ဂျပန်ရဲ့အဓိကကစားသမားတွေက အိုကာဇာကီ၊ ကာဂါဝါ၊ အေဆာနို၊ ဟာရာဂူချီနဲ့ ဂိုးသမား ကာဝါရှီးမားတို့ပါပဲ။ အင်တာမီလန်နောက်ခံလူ နာဂါတိုမိုနဲ့ ဆောက်သမ်တန်နောက်ခံလူ ယိုရှီဒါတို့ကလည်း ဂျပန်အသင်း နောက်တစ်ဆင့်တက်နိုင်ရေးမှာ အရေးပါသူတွေဖြစ်လာပါလိမ့်မယ်။ ဂျပန်ဟာ ပြိုင်ပွဲအကြိုကာလမှာတော့ ဆွစ်ဇာလန်၊ ပါရာဂွေးတို့နဲ့ ခြေစမ်းပွဲတွေ ယှဉ်ပြိုင်ပြီး စစ်ရေးပြင်ဆင်ထားပါတယ်။ ■

သုံးသပ်ချက်

ဒီအုပ်စုမှာ ဂျပန်က အင်အားအနည်းပါးဆုံးဖြစ်နေပါတယ်။ ဂျပန်ရဲ့ကစားသမားအများစုဟာ အသက်အရွယ်အရ စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ အကျဘက်ဆီ ဦးတည်လို့နေပါပြီ။ ဆီနီဂေါ၊ ပိုလန်နဲ့ ကိုလံဘီယာတို့သုံးသင်းသာ နောက်တစ်ဆင့်တက်နိုင်ရေးအတွက် အားပြိုင်ရပါလိမ့်မယ်။ အုပ်စုဗိုလ်အဖြစ် အောင်ပွဲရယူသွားမှာက ကိုလံဘီယာဖြစ်နိုင်ပြီး အုပ်စုဒုတိယဖြစ်နိုင်ဖို့ အလားအလာကောင်းနေတာက ဆီနီဂေါပါပဲ။

ကမ္ဘာ့ဖလား ပွဲကြည့်ပရိသတ်တွေရဲ့ စက္ခုအာရုံကို ရူပဒါနနဲ့ ဖမ်းစားမယ့် WAGs အလှပဂေးများ

၁၉၆၄ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးကို သတိရနေမိပါတယ်။ ဘဝမှာ ပထမဆုံးသော စတင်ထိတွေ့မိတဲ့ နိုင်ငံတကာပွဲစဉ်ဟာ ထင်မှတ်မထားဘဲ ကမ္ဘာ့ဖလားပြိုင်ပွဲ ဖြစ်နေလို့ပါပဲ။ အဲ့ဒီတုန်းက စာရေးသူဟာ လေးတန်းကျောင်းသားအရွယ်ပဲရှိပါသေးတယ်။ ပြိုင်ပွဲထုတ်လွှင့်ပြသဖို့ စပွန်ဆာပေးတာက အမှတ်မမှားဘူးဆိုရင် ငါးသုံးလုံးစီးကရက်ပါပဲ(ဘာလို့လဲဆိုတော့ ပွဲမစခင်နဲ့ ပထမပိုင်းပြီးဆုံးချိန်မှာ ငါးသုံးလုံးစီးကရက်ကြော်ငြာပြသတာကို မှတ်မိနေပါသေးတယ်)။ ညနေသုံးနာရီခွဲမှာ မြန်မာ့အသံနဲ့ရုပ်မြင်သံကြားက အမေရိကန်ပြည်ထောင်စု ကမ္ဘာ့ဖလားရဲ့ဖွင့်ပွဲအခမ်းအနားကိုပြသပြီး အဲ့ဒီနောက်မှာ ဂျာမနီက ဘိုလီဗီးယားကို တစ်ဂိုး ဂိုးမရှိနဲ့နိုင်တဲ့ပြိုင်ပွဲအဖွင့်ပွဲကို ရှုစားခဲ့ကြရပါတယ်။ ဘောလုံးပွဲသတင်းတွေသိချင်လို့ မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာတွေရဲ့နောက်ကျောဖုံးနဲ့ စာမျက်နှာ ၂ ကို စောင့်ဖတ်ခဲ့ရတာဟာလည်း လွမ်းစရာပါပဲ။ စာရေးသူ ဒုတိယမြောက်ကြည့်ရှုခွင့်ရခဲ့တဲ့ နိုင်ငံတကာပြိုင်ပွဲကြီးကတော့ ယူရို ၉၆ ပါပဲ။ အန်ကယ်ဦးညွန့်ဝင်းကြီးက အစီအစဉ်တင်ဆက်သူ......Philips က စပွန်ဆာ အုပ်စုကနေ ကွာတားဖိုင်နယ်အဆင့်ရောက်တဲ့အထိ Highlights ဆီမီးဖိုင်နယ်ပွဲစဉ်တွေနဲ့ ဖိုင်နယ်ကို မြန်မာ့အသံနဲ့ရုပ်မြင်သံကြားကနေပဲ တိုက်ရိုက်ကြည့်ခွင့်ရခဲ့တဲ့ပြိုင်ပွဲကြီးပေါ့။ အဲ့ဒီနောက်မှာတော့ ရှစ်တန်းကျောင်းသားဘဝမှာ ပြင်သစ်မြေဆီက ၁၉၉၈ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးက ဆိုက်ရောက်လို့လာပါတော့တယ်။ ပြိုင်ပွဲကို မြန်မာ့အသံနဲ့ရုပ်မြင်သံကြားကနေ တိုက်ရိုက်ထုတ်လွှင့်ပြသနိုင်အောင် ပံ့ပိုးကူညီခဲ့တာကတော့ လန်ဒန်စီးကရက်ပေါ့။ This Programme is proudly brought to you by London King Size ဆိုတဲ့ကြော်ငြာတဲ့အသံလေးတွေ နားထဲစွဲနေပါသေးတယ်။ လန်ဒန်စီးကရက်ဘူးမှာပါတဲ့ ကူပွန်လေးတွေကိုရှာပြီး ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်စွဲမယ့်အသင်းခန့်မှန်းရတာဟာလည်း အဲ့ဒီကာလက အရမ်းကို ခေတ်စားခဲ့တာပေါ့။ ရစ်ကီမာတင်ရဲ့ "ဂိုး..ဂိုး..ဂို...ဟာလေဟာ လေးဟာလေး" ဆိုတဲ့ သီချင်းသံဟာလည်း လူတိုင်းရဲ့ပါးစပ်ဖျားမှာ ပျံ့လွင့်လို့။ အဲ့ဒီ ၁၉၉၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာပဲ ယဉ်ကျေးမှုအသစ်တစ်ခု စတင်ပါတယ်။ ဘရာဇီးအသင်းကစားတဲ့ပွဲတွေကို ကြည့်ခဲ့ဖူးသူဆိုရင် အဲ့ဒီအကြောင်းကို စွဲနေအောင် မှတ်မိနေဦးမှာပါပဲ။ ပွဲကြည့်စင်ထက်က ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒိုရဲ့ကောင်မလေးကို ရိုက်မပြဘူးဆိုရင် ဘရာဇီးပွဲမပြည့်ဘူးလို့ ဆိုရလောက်အောင်အထိ အဲ့ဒီအချိန်က အဲ့ဒီမိန်းမချောလေးဟာ အရှိန်အဝါကြီးခဲ့ပါတယ်။ ပြောရမယ်ဆိုရင် WAGs ဆိုတဲ့စကားလုံးဟာ အဲ့ဒီကနေစပြီး ပရိသတ်တွေနဲ့ စတင်ရင်းနှီးလာတော့တာပါပဲ။ နောက်ပိုင်းမှာ အင်္ဂလန်လက်ရွေးစင်အသင်းနဲ့ယှဉ်တွဲလို့ WAGs အသုံးအနှုန်းက အရှိန်အဝါကြီးသထက် ကြီးလာခဲ့ပါတယ်။ WAGs ဆိုတဲ့စကားလုံးရဲ့ဆိုလိုရင်းက Wives and Girlfriends ပါ။ ဘောလုံးသမားတွေရဲ့ဇနီးသည်တွေနဲ့ ချစ်သူမိန်းကလေးတွေကို ရည်ညွှန်းတဲ့ အသုံးအနှုန်းဖြစ်ပါတယ်။ ဒီကနေ့ခေတ်မှာတော့ မီဒီယာတွေရဲ့အခန်းကဏ္ဍကျယ်ပြန့်လာခြင်းနဲ့အတူ နိုင်ငံတကာပြိုင်ပွဲကြီးတစ်ခု စတင်တော့မယ်ဆိုရင် WAGs တွေရဲ့အကြောင်းကလည်း မပြောမဖြစ် ထည့်ပြောကြရတဲ့ အကြောင်းအရာတစ်ခုဖြစ်လာခဲ့ပါပြီ။ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပရိသတ်တွေကို အာရုံဖမ်းစားနိုင်မယ့် WAGs တွေက ဘယ်ဘောလုံးစူပါစတားတွေနဲ့ ပတ်သက်နေသူတွေဖြစ်တယ်ဆိုတာကို လေ့လာကြည့်ကြရအောင်လား။

ဘရူနာ မာကွီဇိုင်း

ဘရာဇီးလက်ရွေးစင်တိုက်စစ်မှူး နေမာရဲ့ချစ်သူပါ။ သူတို့နှစ်ဦးဟာ ဘရာဇီး နိုင်ငံရဲ့စူပါစတားစုံတွဲတွေအနက် တစ်တွဲအပါအဝင်ဖြစ်ပါတယ်။ ရန်ဖြစ်လိုက် ပြန်ချစ်လိုက်ဆိုတာဟာ သူတို့စုံတွဲပါပဲ။ နီးတကျက်ကျက် ဝေးတသက်သက်နဲ့ သူတို့နှစ်ဦး လက်တွဲလာခဲ့တဲ့ ချစ်သူသက်တမ်းဟာ သုံးနှစ်ထက်မနည်း ကြာမြင့်လို့လာခဲ့ပါပြီ။ ဘရူနာ မာကွီဇိုင်းဟာ ကိုယ်ဟန်ပြမယ်တစ်ဦးအဖြစ်သာမက သရုပ်ဆောင်မင်းသမီးတစ်လက်အဖြစ်လည်း နာမည်ရရှိနေသူပါ။

အန်ဒရီယာ ဒူရို

ဘယ်သူ့ရဲ့ချစ်သူလို့ ထင်မိပါသလဲ။ မက္ကဆီကိုလက်ရွေးစင်တိုက်စစ်မှူး ဟာနန်ဒက်ဇ်ရဲ့ချစ်သူပါ။ ဟာနန်ဒက်ဇ်ဟာ ရီးရဲလ်မက်ဒရစ်ဆီကို အငှားသွားရောက်ကစားခဲ့စဉ်အခိုက်မှာ ဒူရိုနဲ့တွေ့ဆုံပြီး မေတ္တာမျှခဲ့တာဖြစ်ပါတယ်။ စပိန်ရုပ်သံ မင်းသမီးတစ်လက်ဖြစ်တဲ့ ဒူရိုဟာလည်း ပဲနီလေးလို့ အမည်ပြောင်ပေးအပ်ခြင်းခံထားရတဲ့ ဟာနန်ဒက်ဇ်အပေါ်မှာ လွှမ်းမိုးနိုင်စွမ်းမြင့်မားလှပါတယ်။ ဒူရိုဟာ စပိန်နိုင်ငံသူဖြစ်ပေမယ့် မက္ကဆီကိုနှယ်ဖွားပါ။ ဝက်စ်ဟမ်းကို စွန့်ခွာဖြစ်ခဲ့ရင် စပိန်ကလပ်အသင်းတစ်သင်းဆီ ဟာနန်ဒက်ဇ် ပြောင်းရွှေ့ချင်နေတာက ဒူရိုနဲ့ အနီးကပ်နေထိုင်ချင်လို့ပါပဲ။

ဂျီအော်ဂျီနာ ရိုဒရီဂွက်ဇ်

ပေါ်တူဂီတိုက်စစ်မှူး စီရော်နယ်ဒိုရဲ့ ချစ်သူပါပဲ။ စီရော်နယ်ဟာ သူ့ရဲ့ဘဝဖြတ်သန်းမှုတစ်လျှောက် မိန်းကလေးပေါင်းများစွာနဲ့ပတ်သက်ခဲ့ဖူးပြီး ဂျီအော်ဂျီနာနဲ့ဆုံမှပဲ ဂဏန်းငြိမ်သလိုဖြစ်သွားတာပါ။ အခုဆိုရင် သူတို့နှစ်ဦးရဲ့ပေါင်းစည်းမှုက သမီးငယ်လေးတစ်ဦး ရရှိပိုင်ဆိုင်တဲ့အထိ တိုးတက်လို့သွားခဲ့ပါပြီ။ စီရော်နယ်ဒိုဟာ ရုရှားမော်ဒယ်လ် အိုင်ရီနာရက်ခ်နဲ့လမ်းခွဲလိုက်အပြီး သိပ်မကြာခင်မှာ ဂျီအော်ဂျီနာနဲ့ဆုံစည်းခဲ့တာပါ။ သူတို့နှစ်ဦးက သိပ်မကြာခင်မှာပဲ တရားဝင်လက်ထပ်ဖို့ရှိနေပြီလို့လည်း သတင်းတွေ ထွက်နေပါတယ်။

အန်နီကေးလ်နာ

အင်္ဂလန်နောက်ခံလူ ကိုင်လီဝေါ်ကာရဲ့ဇနီးသည်ဖြစ်ပါတယ်။ ကိုင်လီဝေါ်ကာနဲ့ အန်နီကေးလ်နာတို့ဟာ ကိုင်လီဝေါ်ကာတစ်ယောက် စပါးဆီမှာ ကစားသမားဘဝဖြတ်သန်းခဲ့စဉ်ကတည်းက ချစ်ကြိုက်ရည်ငံခဲ့ကြတာပါ။ အင်္ဂလန်လက်ရွေးစင်အသင်းကို အားပေးဖို့ လိုက်ပါလာမယ့် WAGs တွေထဲမှာ ညို့အားအပြင်းဆုံးအမျိုးသမီးရယ်လို့ အန်နီကေးလ်နာက တင်စားခံထားရပါတယ်။

ရူဘီမေး

သွယ်လျတဲ့ခြေတံတွေကြောင့်နာမည်ကျော်ကြားလာခဲ့သူ ရူဘီမေးကတော့ အင်္ဂလန်ကွင်းလယ်လူ ဒယ်လ်လီ အယ်လ်လီရဲ့ချစ်သူဖြစ်ပါတယ်။ သူတို့နှစ်ယောက်ဟာ ၂၀၁၆ ခုနှစ်ကနေစလို့ ချစ်သူတွေအဖြစ် လက်တွဲခဲ့ကြတာပါ။ ကိုယ်ဟန်ပြမယ်တစ်ဦးဖြစ်တဲ့ ရူဘီမေးဟာ Boss Models Management စီးပွားရေးလုပ်ငန်းစုကို ကိုယ်စားပြုပြီး အလုပ်လုပ်နေသူဖြစ်ပါတယ်။ ရူဘီမေးဟာ ခွေး ချစ်တတ်သူတစ်ယောက်ပါ။ လက်ရှိမှာ အယ်လ်လီရဲ့အရေးကိစ္စအဝဝကို နောက်ကွယ်ကနေ စီမံခန့်ခွဲပေးနေသူက ရူဘီမေးဖြစ်တယ်လို့ သတင်းတွေထွက်ပေါ်နေပါတယ်။

အန်နာ လီဝန်ဒေါစကကာ

ပိုလန်တိုက်စစ်မှူး လီဝန်ဒေါစကီးရဲ့ဇနီးသည်ဖြစ်ပါတယ်။ ကိုယ်ကာယက ကြံ့ခိုင်ရေးဘာသာရပ်နဲ့ ဘွဲ့ရရှိခဲ့တဲ့ အန်နာဟာ လီဝန်ဒေါစကီးလိုပဲ အားကစားသမားတစ်ယောက်ပါ။ အန်နာဟာ ပိုလန်နိုင်ငံကို ကိုယ်စားပြုပြီး နိုင်ငံတကာပြိုင်ပွဲပေါင်းများစွာ ကစားခွင့်ရခဲ့တဲ့ ကရာတေးမယ်တစ်ဦးဖြစ်ပါတယ်။ ကရာတေးအားကစားနည်းနဲ့ပတ်သက်လို့ သက်တမ်းအလိုက် ကမ္ဘာ့အဆင့်ဆုတံဆိပ် သုံးခု၊ ဥရောပအဆင့်ဆုတံဆိပ် ခြောက်ခုနဲ့ ပိုလန်ပြည်တွင်းဆုတံဆိပ် ၂၉ ခု ရရှိထားပါတယ်။ လီဝန်ဒေါစကီးနဲ့ ၂၀၁၃ ခုနှစ် ဇွန်လ ၂၂ ရက်နေ့မှာ လက်ထပ်ခဲ့ပြီး အခုဆိုရင် သူတို့မှာ ကလာရာအမည်ရတဲ့ သမီးငယ်လေးတစ်ဦးတောင် ထွန်းကားလို့နေပါပြီ။



အေမယ်လ် ဘယ်လ်ဟန်ဒါ

မော်ရိုကိုကွင်းလယ်ကစားသမား ယူးနပ်စ်ဘယ်လ်ဟန်ဒါရဲ့ဇနီးသည်ဖြစ်ပါတယ်။ ယူးနပ်စ်ဟာ ပြင်သစ်နိုင်ငံမှာ မွေးဖွားခဲ့ပေမယ့် မိဘမျိုးရိုးက မော်ရိုကိုဇာတိဖွားတွေဖြစ်လို့ မော်ရိုကိုလက်ရွေးစင်အသင်းကို ကိုယ်စားပြုပြီး ကစားပေးဖို့ဆုံးဖြတ်ခဲ့တာပါ။ ယူးနပ်စ်နဲ့ အေမယ်လ်တို့ဟာ ငယ်ချစ်တွေပါ။ ငယ်စဉ်တောင်ကျေး ကစားဘဝကတည်းကစပြီး ရင်းနှီးခဲ့ကြသူတွေဖြစ်ပါတယ်။ အခုဆိုရင် သူတို့မှာ ရင်သွေးနှစ်ဦးတောင် ပိုင်ဆိုင်ထားပါပြီ။

ယူးဆိုယောင်း

တောင်ကိုရီးယားတိုက်စစ်မှူး ဆွန်ဟောင်မင်းရဲ့ချစ်သူပါ။ K-pop လို့ အတိုကောက်ခေါ်တဲ့ ကိုရီးယားအနုပညာလောက ရဲ့ကြယ်တစ်ပွင့်ဖြစ်ပါတယ်။ တေးသံရှင်တစ်ဦးအဖြစ်သာမကဘဲ သရုပ်ဆောင်ဘက်မှာလည်း ပါရမီထူးသူတစ်ယောက်ပါ။ လက်ရှိမှာ Star Story Entertainment ကို ကိုယ်စားပြုပြီး အလုပ်လုပ်နေသူပါ။ ဆွန်ဟောင်မင်းနဲ့ ယူးဆိုယောင်းတို့ဟာ သူတို့နှစ်ဦးရဲ့ ပတ်သက်မှုကို ကာလအတန်ကြာ လျှို့ဝှက်ထားခဲ့ပြီး လွန်ခဲ့တဲ့ လအနည်းငယ်လောက်ကမှ တရားဝင်အသိပေးခဲ့ကြတာပါ။

စာ 19 အခေါ် အပြော အပြင်၊ အပျော့တွေကို သတိထား မှအဆက်

ဖိုက်တာတွေအတွက် အကျိုးပြုနိုင်မှုအရကြည့်ရင် ဖွင့်လှစ်မှုအနေအထားအရ ရာနှုန်းပြည့်အောင်မြင်ခဲ့တာဟာ ဂျပန်၊ နယူးဇီလန်နဲ့ ဆလိုဗေးနီးယားတို့ဖြစ်ပါတယ်။ အဲဒီနောက်မှာ အာဂျင်တီးနား ၈၀ရာခိုင်နှုန်း၊ နယ်သာလန်နဲ့ ဂျာမနီက ၇၁.၄ရာခိုင်နှုန်း အသီးအသီးအောင်မြင်မှုရခဲ့ပါတယ်။ ဒါပေမဲ့ အခြားအသင်းကြီးတွေ၊ နာမည်ကြီးအသင်းတွေထဲက အင်္ဂလန်၊ ပြင်သစ်၊ အီတလီတို့ကတော့ ဖိုက်တာတွေကို ဒုက္ခအပေးဆုံးအသင်းတွေဖြစ်ခဲ့ပြီး ဖွင့်လှစ်မှုအနေအထားအရ ရာနှုန်းပြည့် ကျရှုံးခဲ့ကြပါတယ်။ ဒီသုံးသင်းနဲ့အတူတွဲပြီး ရာနှုန်းပြည့်ကျရှုံးခဲ့တဲ့ နောက်ထပ် နှစ်သင်းကတော့ နိုင်ဂျီးရီးယားနဲ့ ကင်မရွန်းဖြစ်ပါတယ်။

၂၀၁၄ ကမ္ဘာ့ဖလားနဲ့ ၁-၅၀၊ ၁-၁၀၀ ကျရှုံးခန်း

၂၀၁၄ ကမ္ဘာ့ဖလားမှာတော့ ဖျက်မြင်းအသင်းတွေကြောင့် ခရိအေးရှား၊ စပိန်၊ အင်္ဂလန်၊ အီတလီ၊ ပေါ်တူဂီတို့လို လူကြိုက်များတဲ့အသင်းတွေ အုပ်စုကနေ လှည့်ပြန်ခဲ့ရတယ်ဆိုပေမယ့် ဖျက်မြင်းအသင်းတွေဟာ ဆီမီးဖိုင်နယ်အထိတော့ ပါမလာခဲ့ပါဘူး။ ဂျာမနီက ဗိုလ်စွဲပြီး အာဂျင်တီးနားက ဒုတိယ၊ နယ်သာလန်က တတိယ၊ ဘရာဇီးက စတုတ္ထဖြစ်ခဲ့တာကြောင့် အသင်းကြီးတွေသာ လွှမ်းမိုးခဲ့တဲ့သဘောပါ။ ဒါပေမဲ့ ဖိုက်တာတွေဘက်ကကြည့်ရင်တော့ ဂျာမနီ၊ အာဂျင်တီးနား၊ နယ်သာလန်၊ ဘရာဇီးတို့ဟာ အကျိုးပြုအသင်းတွေမဟုတ်ခဲ့ပါဘူး။ အာရှဈေးကွက်မှာ ချန်ပီယံဂျာမနီက ၄၂.၉ရာခိုင်နှုန်း၊ အာဂျင်တီးနားက ၂၈.၆ ရာခိုင်နှုန်း၊ နယ်သာလန်က ၅၇.၁ရာခိုင်နှုန်း၊ ဘရာဇီးက ၄၂.၉ရာခိုင်နှုန်းသာအောင်ခဲ့တာဖြစ်လို့ နယ်သာလန်ကလွဲရင် ကျန်သုံးသင်းစလုံးဟာ သူနိုင်၊ ကိုယ်ရှုံး ဖြစ်ခဲ့တဲ့သဘောပါ။

နောက်ထပ်အမျိုးအစားကတော့ ပေါ်ပြူလာအသင်းတွေပေးတဲ့ ဒဏ်ရာဖြစ်ပါတယ်။ အာရှဖွင့်လှစ်မှုအရ အင်္ဂလန်ဆိုရင် အုပ်စုတွင်း သုံးပွဲစလုံး ရာနှုန်းပြည့်ကျရှုံးခဲ့ပြီး အာဂျင်တီးနားက ၇ပွဲမှာ နှစ်ပွဲသာအောင်၊ စပိန်၊ အီတလီ၊ ခရိအေးရှား၊ ပေါ်တူဂီတို့က သုံးပွဲမှာ နှစ်ပွဲစီရှုံးခဲ့တာတွေ့ရပါတယ်။ အမှန်တော့ ကမ္ဘာ့ဖလားကို အာရှဖွင့်လှစ်မှုနဲ့ချိန်ဆပြီး အားပေးမယ်ဆိုရင် ပေါ်ပြူလာအသင်းတွေထက် မထင်ရှားတဲ့အသင်းတွေက ပိုမိုသင့်တော်ပါတယ်။ ၂၀၁၄ကမ္ဘာ့ဖလားအတွင်း အာရှဈေးကွက်မှာ အောင်မြင်မှု အများဆုံးအသင်းတွေကိုကြည့်မယ်ဆိုရင် အမေရိကန်၊ အယ်လ်ဂျီးရီးယား၊ ကော်စတာရီကာ၊ ကိုလံဘီယာ၊ ဆွစ်ဇာလန်၊ မက္ကဆီကို၊ ချီလီတို့ကိုမြင်တွေ့ရမှာဖြစ်ပြီး အမေရိကန်နဲ့ အယ်လ်ဂျီးရီးယားဆိုရင် ၄ ပွဲစလုံး ရာနှုန်းပြည့် အောင်ခဲ့တာဖြစ်ပါတယ်။ ပုံမှန်ရလဒ်မှာ အမေရိကန်နဲ့ အယ်လ်ဂျီးရီးယားတို့ဟာ တစ်ပွဲစီသာနိုင်ခဲ့တာဖြစ်ပေမယ့် ဖိုက်တာတွေအတွက်တော့ အကျိုးပြုအသင်းတွေဖြစ်ခဲ့ပြီး သူတို့ကိုကျတော့ သူရှုံး၊ ကိုယ်နိုင်အသင်းအဖြစ် သတ်မှတ်လို့ရပါတယ်။

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲနဲ့ပတ်သက်လို့ ထူးခြားချက်တစ်ခုသွားတွေ့တာကတော့ ဝင်ရိုး ၁-၅၀ ဖွင့်လှစ်မှုနဲ့ ၁-၁၀၀ ဖွင့်လှစ်မှုတွေ အကြီးအကျယ် ကျရှုံးခဲ့တဲ့အချက်ဖြစ်ပါတယ်။ အထူးသဖြင့် ဝင်ရိုး ၁-၅၀ ပွဲတွေဟာ ၂၀၁၄ ကမ္ဘာ့ဖလားမှာ လုံးဝမအောင်ခဲ့ဘဲ ငါးပွဲစလုံး အောက်အသင်းအောင်ပွဲခံခဲ့တာ ထူးခြားပါတယ်။ ဒီပွဲစဉ်ငါးပွဲဟာ အုပ်စုအဆင့်ပွဲတွေဖြစ်ပြီး ဥရုဂွေး ၁-၃ ကော်စတာရီကာ၊ အာဂျင်တီးနား ၂-၁ ဘော့စနီးယား၊ ဘယ်လ်ဂျီယံ ၂-၁ အယ်လ်ဂျီးရီးယား၊ ကော်စတာရီကာ ၀-၀ အင်္ဂလန်၊ အမေရိကန် ၀-၁ ဂျာမနီပွဲစဉ်တွေဖြစ်ပါတယ်။ ဝင်ရိုး ၁-၁၀၀ ကတော့ အုပ်စုပွဲစဉ်-၁မှာ ဘရာဇီး ၃-၁ ခရိအေးရှား၊ ပြင်သစ် ၃-၀ ဟွန်ဒူးရပ်စ် နှစ်ပွဲဆက် အောင်ခဲ့ပေမယ့် နောက်ပိုင်းငါးပွဲမှာ အားလုံးကျရှုံးခဲ့တာတွေ့ရပါတယ်။ ၁-၁၀၀ ဟာ အဖွင့်မှာ နှစ်ပွဲဆက်အောင်ပြပြီးနောက် ဩစတြေးလျ ၂-၃နယ်သာလန်၊ အီတလီ ၀-၁ ကော်စတာရီကာ၊ ဂျာမနီ ၂-၂ နယ်သာလန်၊ နိုင်ဂျီးရီးယား ၂-၃ အာဂျင်တီးနား၊ ဂျာမနီ ၁-၁ အယ်လ်ဂျီးရီးယား ငါးပွဲဆက်တိုက် အောက်အသင်းတွေ အောင်ပွဲခံခဲ့ပါတယ်။

၂၀၁၈ ကမ္ဘာ့ဖလားမှာ ဘယ်အသင်းတွေကို ဆောင်ပြီး ဘယ်အသင်းတွေကို ရှောင်သင့်သလဲ

အခု ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ရှောင်ရန်၊ ဆောင်ရန်တွေကို တွက်ဆတဲ့အခါ ပြီးခဲ့တဲ့ ၂၀၁၀နဲ့ ၂၀၁၄ကမ္ဘာ့ဖလားဖြစ်ရပ်တွေက များစွာ အထောက်အကူပြုပါတယ်။ ဥပမာအားဖြင့် ၂၀၁၄ကမ္ဘာ့ဖလားမှာ ပြင်းရတယ်လို့သတ်မှတ်နိုင်တဲ့ ဝင်ရိုး ၁-၅၀ နဲ့ ၁-၁၀၀ တွေ ကျရှုံးမှုများခဲ့တာ၊ ၂၀၁၀ ကမ္ဘာ့ဖလားမှာ ဝင်ရိုး =၅၀ တွေ ကျရှုံးပြီး ဝင်ရိုး ၁+၅၀ တွေ အောင်ပွဲခံခဲ့တာတွေဟာ မှတ်သားထားရမယ့် အပြင်း၊ အပျော့တွေဖြစ်ပါတယ်။ ဒီလိုမျိုးဖြစ်ရပ်တွေ မြင်တွေ့ထားပြီးချိန် အခုကမ္ဘာ့ဖလားရဲ့ အဖွင့်ပွဲဖြစ်တဲ့ ရုရှား-ဆော်ဒီအာရေဗျပွဲမှာ အိမ်ရှင်ရုရှားရဲ့အကျောပေးမှုဟာ ဝင်ရိုး ၁-၅၀ ဖြစ်နေတာက စောင့်ကြည့်ချင်စရာဖြစ်နေပြီး အုပ်စုပွဲစဉ်-၁ မှာ အာဂျင်တီးနား-အိုက်စလန်၊ ဘရာဇီး-ဆွစ်ဇာလန်၊ တူနီးရှား-အင်္ဂလန်ပွဲတွေဟာ ဝင်ရိုး ၁-၅၀ ဖြစ်နေလို့ သတိထားရမယ့်သဘောဖြစ်နေပါတယ်။ ထူးခြားတာကတော့ ၂၀၁၄ကမ္ဘာ့ဖလားတုန်းက ၇ပွဲမှာ ငါးပွဲကျရှုံးခဲ့တဲ့ ဝင်ရိုး ၁-၁၀၀ ဟာ အခုကမ္ဘာ့ဖလားရဲ့ပွဲစဉ်-၁ မှာ တစ်ပွဲမှမပါဝင်ပါဘူး။

တစ်သင်းချင်းအနေနဲ့ ပထမဆုံးပြောစရာရှိတာကတော့ နာမည်ကြီး အင်္ဂလန်ဖြစ်ပါတယ်။ ၂၀၁၀တုန်းက ၁၆ သင်းအဆင့်၊ ၂၀၁၄ တုန်းက အုပ်စုအဆင့်ကနေထွက်ခဲ့ရတဲ့အင်္ဂလန်ဟာ အဲဒီပြိုင်ပွဲနှစ်ခုပေါင်း ၇ ပွဲမှာ ၇ ပွဲစလုံး ရာနှုန်းပြည့်ကျရှုံးထားတာကြောင့် ဖိုက်တာတွေ သတိထားသင့်တဲ့အသင်းဖြစ်ပါတယ်။ နောက်ပြီး ၂၀၁၄ ကမ္ဘာ့ဖလားတုန်းက သူတို့ကျတော့ ဗိုလ်လုပွဲရောက်အောင်ကစားပြီး အာရှဈေးကွက်မှာကျတော့ နှစ်ပွဲသာ အောင်ခဲ့တဲ့ အာဂျင်တီးနားကိုလည်း သတိထားရမယ့်အသင်းအဖြစ် သတ်မှတ်ရမှာပါ။ တကယ်တမ်းမှာတော့ ပြီးခဲ့တဲ့ကမ္ဘာ့ဖလားနှစ်ကြိမ်ရဲ့အချက်အလက်တွေအရ ဆောင်ထားသင့်တဲ့အသင်းတွေဟာ အလယ်အလတ်အသင်းတွေဖြစ်ပြီး ဥပမာအားဖြင့် ပြီးခဲ့တဲ့ကမ္ဘာ့ဖလား နှစ်ကြိမ်တုန်းက အကျိုးပြုမှုအများဆုံးစာရင်းဝင်ကာ အခုပြိုင်ပွဲမှာလည်း ပါဝင်လာတဲ့ ဂျပန်၊ ကော်စတာရီကာ၊ ကိုလံဘီယာ၊ ဆွစ်ဇာလန်၊ မက္ကဆီကိုတို့ဖြစ်ပါကြောင်း . . .။

■

ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် အနုပညာရှင်တို့၏ ရင်ခုန်သံများ

သန့်ဇင်ဦး

သူထူးစံ

ကမ္ဘာ့ဖလားပွဲလာရင်တော့ ကြည့်မှာပါ။ ဘောလုံးက ကျွန်တော်ဝါသနာပါတဲ့ အားကစားလည်းဖြစ်တယ်။ ကျွန်တော် ပြီးခဲ့တဲ့နှစ်ကတော့ ဂျာမနီကို အားပေးခဲ့တာပါ။ ဒီနှစ်က မကြည့်ရသေးတော့ ပွဲစမှပဲ အားပေးဖို့ရှိမယ်။ ဖလားကတော့ မရသေးတဲ့အသင်းရတာ ကောင်းတာပေါ့။

မိုးယံဇွန်

ကျွန်တော်က ငယ်ငယ်ကတည်းက ဘောလုံးဝါသနာပါတယ်။ ၁၉၉၈ ကတည်းက ကမ္ဘာဖလားကို စပြီးတော့ အားပေးဖူးတာပေါ့နော်။ ဘောလုံးကတော့ အရူးအမူးပေါ့။ ကမ္ဘာ့ဖလားဆိုတော့ ပိုဆိုးတာပေါ့။ ၂၀၁၄ ဘရာဇီးမှာ ကျင်းပတဲ့ပွဲမှာ အိမ်ရှင်ဘရာဇီးက ကံဆိုးတာလေးတွေ ဖြစ်သွားတယ်။ ငယ်ငယ်ကတည်းက ဘရာဇီးကစားသမားတွေကို ကြိုက်ခဲ့ရတော့ ဘရာဇီးပဲ အားပေးဖြစ်မှာပါ။ World Cup နဲ့ ပတ်သက်ရင် မေ့ဖျောက်လို့မရတာက ဂျာမနီအသင်းပေါ့။ ဒီနှစ်က အင်္ဂလန်၊ ဂျာမနီ၊ ဘရာဇီး တစ်သင်းသင်း ဖိုလ်စွဲနိုင်မယ်လို့ထင်တယ်။ ဘရာဇီးက ပိုတာပေါ့။

ရန်ရန်ချမ်း

ကျွန်တော်က ဘောလုံးအရမ်းတော့ မကျွမ်းကျင်ဘူး။ ဒါပေမဲ့ World Cup တော့ အမြဲကြည့်တယ်။ ငယ်ငယ်ကတည်းက အားပေးတာကတော့ ဘရာဇီးပဲ။ နောက်ထပ်ဆိုရင် အာဂျင်တီးနားကြိုက်တယ်။ သူတို့ခြေစွမ်းတွေ ဘယ်လိုလာမလဲတော့ မသိသေးဘူး။ World Cup ကို စောင့်ကြည့်မယ်။ ဖလား ဘယ်သူရမလဲ မသိသေးဘူး။ ရှင်းရှင်းပြောရရင် ဘောလုံးနဲ့စစ်တိုက်သလိုပဲ။

စမိုင်းလ်

စမိုင်းလ်ကတော့ အင်္ဂလန်အသင်းကို အားပေးမယ်။ အင်္ဂလန်အသင်းကို နိုင်စေချင်တယ်။ အင်္ဂလန်အသင်းကို နဂိုကတည်းကလည်း ချစ်တယ်။ ကိုယ်ကလည်း ဆယ်နှစ်အင်္ဂလန်မှာနေခဲ့တာဆိုတော့လေ။ ဘောလုံးအားကစားကို ငယ်ငယ်ကတည်းက ဝါသနာပါတယ်။ အကြိုက်ဆုံးကစားသမားဆိုရင် ဒေးဗစ်ဘက်ခမ်းပေါ့။ သူက တော်လည်းတော်တယ်။ အစ်မက အင်္ဂလန်အသင်းကို ကြိုက်တော့ နိုင်စေချင်တယ်။

ကျော်ကျော်

ကမ္ဘာ့ဖလားမှာ အမှတ်တရရှိခဲ့တာက ပြီးခဲ့တဲ့ ၂၀၁၄ တုန်းက ဘရာဇီးက ဆီးမီးဖိုင်နယ်ရောက်တယ်ပေါ့။ အဲ့တုန်းက အဖေတို့သူငယ်ချင်းတွေနဲ့ ဘောလုံးပွဲစုကြည့်ကြတယ်။ အားလုံးက ဘရာဇီးပဲ။ ကျွန်တော်တစ်ယောက်တည်း ဂျာမနီ။ နောက်ဆုံး ကျွန်တော်အားပေးတဲ့ ဂျာမနီက နိုင်သွားတယ်။ ဒါကတော့ အမှတ်တရလေးပေါ့။ ကမ္ဘာ့ဖလားက လေးနှစ်တကြိမ်ဆိုတော့ စိတ်လှုပ်ရှားစရာ ကောင်းပါတယ်။ ကျွန်တော်တို့လည်း ကြိုက်နှစ်သက်တဲ့အသင်းကို ကြည့်ပြီးတော့ အားပေးမယ်။ ကျွန်တော်က ဂျာမနီကို အားပေးမယ်။ ပြိုင်ပွဲအတွက်လည်း ရင်ခုန်နေပါတယ်။